www.burmeseclassic.com

# မမသဒ္ဒါပေါင်

မကြာမီကော်ဝါ



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၄၊ ဇူလိုင်၊

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၀၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မမသဒ္ဒါမောင်

မပြာမိတ ဝါ / မမသဒ္ဒါမောင်။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၄ ။

၂၁၉ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) မပြာမိတ ဝါ

# မမသဒ္ဒါမောင်

## မပြာမိတ ဝါ

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားပျတယ်ဆိုတာ တစ်ပါးသူကိုမှီခို အားကိုးချင်တဲ့ ပျော့မတ်မတ်မိန်းမတွေရဲ့ ခပ်ညံ့ညံ့စိတ်ဓာတ်ကြောင့်ပါ။ လောကမှာ ယောက်ျားရယ်၊ မိန်းမရယ်ဆိုပြီး ဘာများ ပိုင်းခြားခွဲပြစရာလိုပါသလဲ...

လူဆိုတာ ခေါင်းတစ်လုံး ကိုယ်တစ်ခု၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက် ပါကြတာမဟုတ်လား။ အတူတူပါပဲ၊ ဒီခေတ်မှာ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းပြီး စီးပွားရှာနေတာ၊ အလုပ်လုပ်နေတာ မိန်းမတွေပါလေ...

ခွန်အားအရာမှာ သူတို့ယောက်ျားတွေက မိန်းမတွေထက် သာကောင်းသာနိုင်ပေမယ့် ဉာဏ်စွမ်းမှာတော့ ကျွန်မတို့မိန်းမတွေထက် ဘယ်လိုမှမသာနိုင်ပါဘူး...

လူမှန်ရင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ်မှာပဲ မတ်မတ်ရပ်တည်နိုင်ရမှာပါ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုမှမဟုတ်ဘဲ သူတစ်ပါးကို မှီခိုအားကိုးမိလိုက်တာနဲ့ ကိုယ့်မှာရှိတဲ့ ညာဏ်စွမ်း ညာဏ်စတွေ ယုတ်လျော့ကုန်ပြီး ဘာမှသုံးမရတော့တဲ့ မီးဖိုချောင်က ခပ်တုံးတုံးဓားလို လူလည်း ခပ်တုံးတုံး ခပ်နုံနုံဖြစ်သွားတော့မှာ အသေအချာလေ...

ဝင်းမန့်မန့်ဝါ

Don't say the love!

အချစ်အကြောင်း မပြောပါနဲ့။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

တစ်ဖက်ကိုစောင်းအိပ်လိုက်ရာမှ မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်မိပါတော့။ ထုံးစံအတိုင်း မနက်ငါးနာရီတိတိပါပဲ။ 'ဝါ'က ကျောင်းနေစဉ်အရွယ်ကတည်းက စာကျက်ဖို့ အိပ်ရာကထတိုင်း နှိုးစက်ပေးဖို့မလိုဘဲ အလိုလိုနိုးတတ်ကျင့် ရှိတာပါလေ။ တစ်ကိုယ်လုံးကို လက်မြှောက်ကာ ခြေဆန့်လျက် အကြောဆန့်လိုက်မိပါတော့။ ပြီးနောက် Bathroom ထဲသို့ဝင်ကာ ရေချိုးလိုက်ပါသည်။

ဝါ့နာမည်က 'ဝင်းဖန့်ဖန့်ဝါ' ပါ။ ဝါ့မှာ မိဘနှစ်ပါးအပြင် ဖေဖေ့ရဲ့ အစ်မကြီးဖြစ်တဲ့ ဝါ့ရဲ့ကြီးကြီးလည်းရှိပါတော့။ ဖေဖေ့နာမည်က 'ဦးဝင်းလက်(ထက် မဟုတ်ပါ) ဝင်းလက်တောက်ပသည့်စကားလုံးကို ယူထားခြင်းဖြစ်ပါသည်။ မေမေကတော့ ဒေါ်မြရွှေဝါဖြစ်ပြီး ကြီးကြီးနာမည်က ဒေါ်ထားထားနွယ်ပါ။

အမှန်က ဝါက မိဘတွေထက် ဖေဖေ့အစ်မဖြစ်တဲ့ ကြီးကြီးနဲ့ပိုတူ



www.burmeseclassic.com

www.burmeseclassic.com



နေပါ၏။ တွေတယ်ဆိုတာ ရုပ်ဝတ္ထုကိုပြောခြင်းမဟုတ်ပါ။ ဝါ နေပုံထိုင်ပုံ ပြောပုံဆိုပုံ စိတ်နေစိတ်ထားတို့ကအစ တမင်သင်ယူတာမျိုး မဟုတ်ပါဘဲ (တကယ်လည်း အတူတူမနေပါဘဲ) ကြီးကြီးနဲ့ပိုတူနေရတာပါ။

ကြီးကြီးဟာ ဝါ လေးစားအားကျရသည့်ပုဂ္ဂိုလ်တွေထဲမှ တစ်ယောက်အပါအဝင်ဖြစ်ပါ၏။ ဘိုးဘွားအစဉ်အဆက်က အမွေတွေကို သိမ်းဆည်းထိုင်စားနေတာမျိုးမရှိဘဲ မိန်းမသားတန်မဲ့ အားနဲ့မာန်နဲ့ စီးပွားထလုပ်အောင်မြင်ခဲ့တာပါလေ။ ဝါ့တစ်သက် ဖေဖေ့ကို မောင်ဆိုပြီး 'ဘာလုပ်ပါ ညာလုပ်ပါ'လို့ အမိန့်ပေးတာမျိုးမရှိခဲ့။ 'ငါဘာလုပ်နေသလဲ' 'ဘယ်လိုလုပ်နေသလဲ'ဆိုတာကို ရှေ့က ဦးဆောင်လုပ်ပြသွားတာမျိုးသာ ရှိခဲ့လေ၏။

ဖေဖေက ခပ်အေးအေး၊ မေမေကရော ဘာထူးသလဲ။ အသွင်တူလို့ အိမ်သူဖြစ်ခဲ့တာမို့ ဝါတို့အိမ်ဟာ ဝါ့အသံကလွဲပြီး တခြားလှုပ်ရှားမှုမရှိသည့် နှယ် တိတ်ဆိတ်ငြိမ်သက်နေခဲ့တာလေ။ အမှန်က ဝါယူထားတာ နည်းပညာဘာသာရပ်၊ လက်တွေ့အလုပ်မှာ မိန်းမသားဖြစ်တဲ့အတွက် ဒီလောကကို တိုးမပေါက်နိုင်ခဲ့ပါချေ။

ဒီတော့ 'ငါဘာလုပ်သင့်သလဲ'ဆိုတဲ့မေးခွန်းမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပြီး ဆုံးဖြတ်ချက်ချကာ စီးပွားရေးနယ်ပယ်ထဲကို ခြေစုံပစ်ဝင်ခဲ့တာပါလေ။ ကြီးကြီးက ဖေဖေ့ကိုချုပ်ကိုင် လမ်းညွှန်တာမျိုး မလုပ်သော်ငြား၊ တူမဖြစ်တဲ့ဝါ့အပေါ်မှာတော့ ဖေးဖေးမမရှိတတ်ပါ၏။

ပြီးတော့ ဝါ လေးစားအားကျမိသည့်အချက်များထဲမှ တစ်ချက်ကဒေါ်ထားထားနွယ်ဟာ အသက် (၄၅)နှစ်ဟု မထင်ရလောက်အောင်ကို ထက်မြက် သွက်လက် အရွယ်တင် ချောမောပါသည့် အပျိုကြီးဖြစ်နေခြင်း



ပါပဲ။ သူစိမ်းယောကျ်ားတစ်ယောက်ယောက်ကို မှီခိုခြင်းကင်းသည့် ဒီကြီးကြီးကို ဝါမှအားမကျရင် ဘယ်သူအားကျမလဲလေ။ မဟုတ်ဘူးလား။

ခေါင်းကို Towel ဖြင့်သုတ်ရင်း Bathroom ထဲမှထွက်လိုက်စဉ် ဝါ့မှန်တင်ခုံ (အမှန်က ဝါက အလှကြိုက်သည့်မိန်းမ မဟုတ်ပါချေ) အပေါ် ဘက်မှစာတန်းကို စိတ်ဖြင့်ဖတ်လိုက်မိ၏။ ဒါက ဝါ နေ့စဉ်လုပ်သည့်အလုပ် တစ်ခုပါပဲ။

**လေကို ချွေတာသုံးပါ၊ အလုပ်ကို ဗိုဗိုသာသာလုပ်ပါ။**

ဟုတ်ပါတယ်။ ဝါတို့မိန်းမဆိုတဲ့အမျိုးက အတော် ပစိပစပ်များ၊ အပေါက်အစပ်များပြီး စကားများလွန်းသည့်အမျိုးမဟုတ်ပါလား။ ဝါကိုယ်တိုင် ကိုယ့်ကို ဘေးကနေ နားမှုအောင် ဗျစ်တောက်ဗျစ်တောက် ဆူပူတာမျိုးကို သိပ်မုန်းပါ၏။ ဒီတော့ 'ဝင်းဖန့်ဖန့်ဝါ'ဆိုတာ စကားကို နားဝင်ချိုအောင် ဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောတတ်ပါဘဲ တုံးတိ တိုပြတ်ပြတ်၊ လိုရင်းအတိုင်း ထိထိမိမိပြောကျင့်ရှိသည့် ခပ်မာမာမိန်းမတစ်ယောက် ဖြစ်ခဲ့ရလေသည်။

"မမဖို့ နွားနို့ပြင်ပေးထားပါတယ်"

အိပ်ခန်းထဲမှထွက်လိုက်စဉ် မေမေ့အသည်းကျော် (မေမေ့ကိုပြုစုနိုင်နယ်ဖို့ အဓိကခေါ်ထားပါသည့်) ကောင်မလေးမိနီက ဘုရားခန်းမှာ ဆွမ်းတော်ပြင် သောက်တော်ရေလဲပေးပြီး ပြန်ထွက်လာရင်း ဝါ့ကိုပြောလေ၏။ ဒီအချိန် မေမေ ဘုရားရှိခိုး ပုတီးစိတ်ပြီမဟုတ်ပါလား။

ခေါင်းကိုသာ ညိတ်ပြလိုက်၏။ ကောင်မလေးက ဝါ့အခန်းသန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးရန် ဝင်ပြီမို့ အခန်းကို Lock မချတော့ဘဲ breakfast စားရန်သာ အောက်ထပ်သို့ဆင်းလာခဲ့ပါသည်။ အခုမှ မနက် (၆)နာရီရှိသေးတာဖြစ်ပေမယ့် ဝါက ဝီရိယစိုက်လွန်းအားကြီးပြီး (၈)နာရီထိုးသည်နှင့် ဝါ့ကုမ္ပဏီ (အမှန်က ခပ်သေးသေးလေး)ကို ရောက်နှင့်တာပါ။ Boss တစ်ယောက်လုံးက အချိန်ကိုဂရုစိုက်တန်ဖိုးထားသူမို့ ဝါ့အလုပ်သမားတွေဟာ သူများအလုပ်သမားတွေလို အချိန်ဆွဲပြီး လုပ်တာမျိုးမရှိ၊ မလုပ်ရဲကြဘဲ သာမန်ကုမ္ပဏီ (၉)နာရီဝင်ချိန်ထက် တစ်နာရီပိုစောပြီး အလုပ်လာကြရလေ၏။ (ဝါ့ကိုကြောက်တာမျိုးလည်း ဖြစ်နိုင်ပါသည်။)

"Morning... သမီး"

"Morning... ပါ ဖေဖေ"

ထမင်းစားခန်းမှာ ဖေဖေက Today news ဂျာနယ်ကိုဖတ်ရင်း ကော်ဖီသောက်နေပါ၏။ ဝါက ထိုင်နေကျခုံမှာ ခုံကိုဆွဲယူလျက် ထိုင်ချလိုက်ပါသည်။ ဖေဖေက မေမေဆင်းမလာမချင်း ဒီကော်ဖီအိုးကို ကိုင်မှာမဟုတ်ပါချေ။ ဝါကတော့ (အလိုက်မသိတာထက်) အချိန်ပိုမရှိတာမို့ ရောက်သည်နှင့် ကိုယ့်ဗိုက်ကိုအရင်ဖြည့်ဖို့သာ အဓိကလုပ်တတ်လေ့ရှိပါ၏။

ပြီးရင် ဒီနေ့တစ်နေ့တာ လုပ်ဆောင်ရမည့် Plan တွေကို Note Book ထဲမှာ ကြည့်ရဦးမှာကိုး။ ဝါ့ Secretary 'မို့မို့သန့်'က ဝါ့အရိပ်အကဲကိုကြည့်ပြီး အင်မတန်အလိုကအသိ လာဘ်မြင်တဲ့မိန်းကလေးပါ။ သူမကို ဝါအလုပ်ရွေးခန့်စဉ်အချိန်က CV form နဲ့ Certificate တွေကို မဖတ်ကြည့်ဖြစ်သေးဘဲ မျက်လုံးကိုဖတ်မိခဲ့တာလေ။

အဲဒီမျက်လုံးတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့





မာန်တွေ ပါနေတာ၊ အလုပ်ရမှရပါ့မလားဆိုတဲ့ စိုးရိမ်ကြောက်ရွံ့မှုမျိုး အလျဉ်းရှိမနေဘဲ ဝါမေးတဲ့မေးခွန်း (အမှန်က အလုပ်နဲ့မသက်ဆိုင်တဲ့မေးခွန်း)တွေကို မတုံ့မဆိုင်းဘဲ မှန်ကန်အောင်ဖြေနိုင်သည့်အတွက် ဝါ သဘောကျ နှစ်ခြိုက်မိခဲ့ရတာပါလေ။

ဝါ လေ့လာအကဲခတ်မိသလောက် မို့မို့ဟာ စာပေလေ့လာလိုက်စားမှုများပြီး ဉာဏ်ပညာမြင့်မားတဲ့သူပါ။ ဒါကြောင့်လည်း ဝါက ဘာကိစ္စပဲရှိရှိ အကြံပြုရန်သဘောမျိုး သက်ရောက်တဲ့မေးခွန်းမျိုး မေးလိုက်တိုင်း စဉ်းစားဟန်ပင်မပြု၊ မဆိုင်းမတွဖြင့် ဝါ့ကိုအဆင်ပြေအောင် တင်ပြနိုင်တာပင်။ ဒီတော့ ဒီလိုထက်ထက်မြက်မြက် အတွင်းရေးမှူးမလေးကို ဝါ ရလိုက်တာ ကံကောင်းတာပဲ မဟုတ်ပါလား။

"လုပ်ငန်းအခြေအနေ ဘယ်လိုလဲ သမီး"

ပေါင်မုန့်ချပ်ကို Jam အနည်းငယ်သုတ်နေစဉ် ဖေဖေက မေးခွန်းမေးလာပါ၏။ ဝါက ပေါင်မုန့်မီးကင်ကိုမကြိုက်ပါ။ အမှန်က မီးကင်စားမှ ပိုပြီးရောဂါပိုးမရှိ ကင်းစင်မှန်း ဝါသိပါ၏။ ဒီတိုင်း ရှိုးရှိုးပျော့ပျော့ နူးနူးညံ့ညံ့လေးကို Jam ပါးပါးလေး သုတ်စားတာကို နှစ်သက်ပါသည်။ သူများကိုနိုင်းရင် စေတနာပလယ်ဖြင့် Jam များသွားမှာစိုးတာမို့ ဝါက ကိုယ်တိုင်လုပ်ရတာကိုပဲ အကျင့်ဖြစ်နေလေ၏။

"အစ်ကိုသမီးက အစ်ကိုကို ဘယ်နှခါများ လုပ်ငန်းကိစ္စ တိုင်ပင်ဖူးလို့လဲ"

မေမေ ရောက်လာချေပြီ။ ပြီးရင် ဖေဖေ့ကို ကော်ဖီငှဲ့ပေးဖို့ မုန့်ပန်းကန်တွေ အနီးသို့ရွှေ့ပေးဖို့ကို လုပ်ပေးပေလိမ့်မည်။ စားသောက်ပြီးရင် ဖေဖေပါးစပ်သုတ်ဖို့ သေချာလျှော်ဖွပ် မီးပူထိုးထားသည့်လက်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ပဝါလေးကို တရိုတသေ ကမ်းပေးပေလိမ့်မည်။ ဝါ့မေမေဟာ ဖေဖေ့ကို ချစ်တာထက် ရှိသေလွန်းတာက ပိုနေတာပါလေ။ ဘာမဟုတ်တဲ့အလုပ် (ဝါ့အတွက်ပါ) ပိစိလေးတွေကို ဂရုတစိုက်လိုက်လုပ်ပေးနေဘာကို ဝါ နားမလည်ပါ။

ဘာတဲ့ . . . 'ခြေသုတ်ပုဆိုး မြေစွယ်ကျိုး'ကဲ့သို့ဆိုလား။ 'လင်ကို ဘုရား၊ သားကိုသခင်'ဆိုတာလည်း ပါသေးရဲ့။ အဲဒီလိုသာ ကိုယ့်ကိုယ်ကိုယ် အနစ်နာခံပြီး သူများအတွက် လိုက်လုပ်ပေးနေရမှာဖြင့် ဘာလို့ အိမ်ထောင်ပြုပါတော့မလဲ။ နမြောဖို့အကောင်းဆုံးက ဝါ့မေမေဟာ တစ်ချိန်က လူသိများခဲ့တဲ့ လှယဉ်ကျေးမယ် ဖြစ်ခဲ့ခြင်းပါလေ။

ဒီတော့ ဝါ့ကို မေမေ့သမီးမို့ မေမေ့ပုံစံအတိုင်း လှမည်ဟု ထင်ပါသလား။ မထင်ပါနှင့်။ ဝါက မေမေနဲ့နည်းနည်းလေးမှ မတူဘဲ ဖေဖေ့ဘက်ကိုသာ အမျိုးနွယ်ပြီး ခန္ဓာကိုယ်ခပ်ပါးပါး အရပ်မြင့်မြင့် လေသံမချိုဘဲ ခပ်ဩဩအသံမျိုးနဲ့ လူဖြစ်လာရတဲ့မိန်းမတစ်ယောက် ဖြစ်ခဲ့ခြင်းပါပဲ။

"ကောင်းပါတယ် ဖေဖေ"

"လိုအပ်တာရှိရင် ပြောဦးနော်"

"ဟုတ်"

"အစ်ကို့ကိုပြောမယ့်အစား မမထားကိုပဲ သွားပြောပေမပေါ့"

မေမေက ကြိုသိနေသည့်အတိုင်း ပြောပြန်လေ၏။ ဟုတ်ပါတယ်၊ ဝါဟာ အလုပ်နဲ့ပတ်သက်ပြီး တစ်ခါတလေ မျက်ကလဲဆန်ပြာဖြစ်ရတိုင်း ခေါင်းထဲ ထူပူပြီး ဖြေရှင်းမရနိုင်ခဲ့။ အဲဒီအခါမျိုးမှာ ဖေဖေ့ကိုတိုင်ပင်တာထက် ကြီးကြီးဆီကိုသာ အပြေးရောက်သွားပြီး အကျိုးအကြောင်း တင်ပြ





ဖြစ်တာလေ။ အဲဒီအခါ ကြီးကြီးက "လွယ်ပါသော်ကော သမီးရယ်"လို့ ရင်အေးအောင်ပြောပြီး ဘာကိုလွှတ်၊ ဘာကိုချုပ်၊ ဘာကိုယယ်၊ ဘာကို ဝယ်နဲ့ ဒိုးဒိုးဒေါက်ဒေါက် ရှင်းပြလိုက်တာလေ။

အဲဒီအခါမျိုးမှာ "ဖြစ်မှဖြစ်ပါ့မလား"ဆိုတဲ့သံသယမျိုး နည်းနည်းမှမရှိဘဲ ကြီးကြီးပြောသလို လုပ်လိုက်တိုင်း အဆင်ပြေသွားတာချည်းပဲ ကိုး။ ဒီတော့ ဝါ့ရဲ့အားကိုးရာပုဂ္ဂိုလ်က ဖေဖေ့ထက် ကြီးကြီးက ရှေ့ဆုံးမှာ ရှိနေတာ ဘာများဆန်းကြယ်ပါတော့မလဲ။

"ငွေရှာတာကို ဖေဖေအပြစ်မပြောပါဘူး၊ ဒါပေမဲ့ သမီးရဲ့ကျန်းမာရေးကိုတော့ သေချာဂရုစိုက်စေချင်တယ်"

"ဝါက ကလေးမှမဟုတ်တော့တာ၊ ဒီလောက်တော့ ဝါသိပါတယ် ဖေဖေ။ သတိပေးတဲ့အတွက် ကျေးဇူးပါ"

မေမေက ဖေဖေနှင့်အကြည့်ချင်းဆုံကာ မျက်လုံးချင်း စကားပြောလိုက်ဟန်တူပါ၏။ ဒီမနက် စကားဝိုင်းမှာ ဝါ့စိတ်ထင် မေမေ့လေသံက ဝါ့အပေါ် တစ်ခုခုမကျေလည်သလိုမျိုးဖြစ်နေသလိုပါပဲ။ ဘယ်လောက်ပဲ စကားကိုထိန်းပြီး ပြောနေပါစေ၊ ဝါက လေသံကိုကောက်ပြီး သာသာပြန်ထတ်တာကိုး။

"ဝါ့အပေါ်မှာ ဘာမကျေညက်တာမျိုး ရှိလို့ပါလဲ မေမေ"

"ဒါတော့ သိသားပါလား"

"ဝါက ပွင့်ပွင့်လင်းလင်းပြောတာမျိုးကြိုက်မှန်း မေမေလည်း သိပါ"

"သိပါတယ်၊ သိလို့လည်း ပြောရတာပေါ့"

"အကြောင်းက"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကိုပေးထားတဲ့ကတိ၊ ဘာလို့ သမီးဘက်က မတည်တာလဲ"

"ကတိ"

"ဟုတ်တယ်လေ"

ဝါ မျက်မှောင်ကြုတ်လျက် စဉ်းစားလိုက်ပါ၏။ ကတိတဲ့လား။ ဝါက အဲဒီလိုကတိမျိုးကို လွယ်လွယ်နဲ့ မစဉ်းစားဘဲ မပေးတတ်တဲ့ မိန်းကလေး မဟုတ်ပါလား။ ဘာကတိများလဲ။ စဉ်းစားလို့မရပါလားနော်။ အလုပ်တွေရှုပ်နေတဲ့ ဦးနှောက်က ပူနေတာကိုသိရဲ့သားနဲ့ မေမေက ဘာကြောင့်များ ထပ်ပြီးလာထည့်ပြန်ရတာပါလိမ့်။

"သတိမရဘူး မဟုတ်လား"

"ဟုတ်"

"မိဘတွေရဲ့စကားကို အလေးအနက်မထားတဲ့ သားသမီးတွေထဲမှာ မေမေတို့သမီးကို မပါဝင်စေချင်တာ အမှန်ပဲ"

"ဝါတောင်းပန်ပါတယ် မေမေ၊ ခုတလော အလုပ်တွေ အရမ်းရှုပ်နေလို့ပါ။ ခေါင်းထဲမှာ ထွေပွနေလို့ မေမေပြောထားတာကို ရုတ်တရက် သတိမရတာမျိုးပါ။ အလေးအနက်မထားတာ မဟုတ်ရပါဘူး"

မောပါ့နော်။ စကားကို ရှည်ရှည်ဝေးဝေးပြောလေ့မရှိတဲ့ ဒီသမီးကို ဘာလို့များ ပြောစေချင်ရတာပါလဲ။ မေမေကတော့ တာဝန်ယူထား... မရတာမို့ ဝါနဲ့မေမေပြောနေတာကို ဝင်မပြောပါချေ။

"သမီးအသက် အခု ဘယ်နှနှစ်လဲ"

"(၂၃). . . ပါ"

"မိန်းမတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့အကောင်းဆုံးအချိန်တာ (၂၅)နှစ်ထက် မကျော်သင့်ဘူးလို့ သမီးကို မေမေပြောဖူးပါတယ်"





စိတ်ပျက်ရပါ၏။ ဒီလိုအိမ်ထောင်ရေးအကြောင်းတွေပြောတိုင်း ထိုင်နေရာကနေ ဝါ ထပြေးချင်စိတ်ပေါက်ရတာလေ။ 'အချစ်'တဲ့၊ ဘာ 'အချစ်'လဲ အဲဒါကို ဖြူသလား မည်းသလား ဝါမှ မသိနားမလည်တာ။ အဲဒီအချစ်ကြောင့် သူစိမ်းနှစ်ဦး ပေါင်းဖက်ကြပြီး လူဦးရေတိုးပွားလာတာကိုတော့ ယေဘုယျသဘောမျိုး ဝါနားလည်ထားပါ၏။ သို့သော် ဝါက အဲဒီအချစ်ဆိုတာကြီးကို မခံစားတတ်သလို အိမ်ထောင်ဆိုတဲ့သင်ခန်းစာ စာအုပ်ကိုလည်း လှန်မဖတ်ချင်တာ အမှန်ပါလေ။

"ဝါမှ စိတ်မဝင်စားတာ"

"မဝင်စားလို့ မရဘူးသမီး၊ မေမေတို့မျိုးဆက်က ဒီသမီးလေးတစ်ဆက်ကိုပဲ ရခဲ့တာ။ သမီးကမှ အိမ်ထောင်မပြုဘဲ တစ်သက်လုံး ဒီအတိုင်းနေသွားရင် ဘယ်လိုလုပ်မလဲ"

"ကြီးကြီးလည်း. . ."

"မမထားက တစ်ကိုယ်တည်းအပျိုကြီးဆိုတာ မှန်တယ်။ ဒါပေမဲ့ သူ့မှာလည်း မျိုးဆက်ဆိုလို့ ဒီတူမလေးပဲရှိမှန်း သူသိတယ် ဝင်းဖန့်ဖန့်၊ တဆိတ်ရှိ ကြီးဒေါ်ကို Cover... မယူချင်နဲ့။ သမီးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တတ်အောင် သင်ပေးထားတာ အလကားမဟုတ်ဘူး"

မေမေ့နှုတ်မှ ဝါ့နာမည်ကို အပြည့်အစုံခေါ်လိုက်သည်မို့ ဝါ့အပေါ် တော်တော်လေး စိတ်ခုနေပြီမှန်း သိလိုက်ပါ၏။ ခက်တာပဲ၊ ဘာမဆို စိတ်ခိုင်ခိုင်နဲ့ ရင်ဆိုင်ဖြေရှင်းတတ်ပါလျက် မေမေနှင့်ထိပ်တိုက် ရင်ဆိုင်ရတာ မဟုတ်သေးပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဝါ ဘာလုပ်ရမှာလဲ"

"အေး! သမီးဘာသာ စိတ်ဝင်စားတဲ့သူမရှိရင် မေမေတို့ သ... တူမယ့်သူကို တွေ့ရမယ်"

"မေမေ"

"သိပ်လောဘမကြီးပါနဲ့ မြရယ်၊ သမီးလည်း စိတ်ပူမသွား... ဒီကိစ္စ ဖေဖေတို့တိုင်ပင်ကြသေးတာပေါ့။ အရေးတကြီးမှမဟုတ်တာ"

ကျေးဇူးပါ ဖေဖေ။ ဝါနဲ့မေမေ့အခြေအနေတင်းမာမှုကို ကြ... က ရလပြည်လေးနဲ့ ဝင်ရှင်းသွားတာမဟုတ်လား။ အဲဒါတွေပေါ့။ ဝါ ... သက်သဘောကျတဲ့ဖေဖေနဲ့ ကြီးကြီးရဲ့ Charactor တွေလေ။ ဘာ... ခေါင်းအေးအေးနဲ့ အလွယ်တကူဖြေရှင်းပေးနိုင်တဲ့အရည်အချင်းမျိုး မ... ပါလား။



## အခန်း ( ၂ )

ကားကို Parking မှာ ထိုးရပ်ကာ စက်သတ်လိုက်ပါ၏။ ကားပေါ် ...တာ Remote ဖြင့် တံခါးကို Lock ချလိုက်ပါသည်။ ဝါ စီးသည့် ...ာ OPTIMA ကားခဲရောင်ပါ။ ခပ်ပြားပြားလေးမို့ ပုံစံက ကြွားသလို ...ဲ မောင်းရတာ ပေ့ါပါးပါ၏။

ဝါ့အကြိုက်ဆုံး Favourite Colour က Lead (ခဲရောင်)ပါ။ ...မိန်းကလေးဖြစ်ပေမယ့် တခြားသူတွေလို အရောင်ဖျော့ဖျော့ တောက် ...တ်စိုစိုလေးတွေ မကြိုက်ဘဲ ဒီခဲရောင်နှင့် အနက်ကိုသာ နှစ်သက် ...။

လူကြားထဲသွားရင် ထင်းနေတာမျိုးကို မနှစ်မြို့က်ဘဲ မထင်မရှား ...န်းကလေးဖြစ်နေတာကိုသာ ကြိုက်ပါ၏။ ပြီးတော့ ဝါက လုံချည် ...် ဝတ်ရတာကို လုံးဝမနှစ်သက်ပါ။ ဝါအများဆုံးဝတ်သည်က Style ...s တွေပါပဲ။ အပေါ်က Shirt ဆန်ဆန် Blouse (ကော်လံပါ) ...လေးတွေသာ အဝတ်များပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို ခပ်တိုတို တစ်လတစ်ခါညှပ်တတ်ကာ မျက်နှာကို
နှာသစ်ဆေးဖြင့် စင်ကြယ်အောင်ဆေးပြီး အမြင်တွက်တိုင်း Mist
ထုတ်သည့်မျက်နှာလိမ်း Cream ဖြစ်သည့် Bio Proskin Vital F
cial Cream ကို ခပ်ပါးပါးလေး လူးလိုက်ရုံပါ။ မျက်ခုံးကိုမခြယ်၊
ခမ်းမဆိုး။ ဒီအတိုင်း ပြောင်သလင်းခါနေသည့်မျက်နှာကို ဘယ်သူ
သတိထားမိပြီး ကြည့်မှာမဟုတ်ပါချေ။

ပြီးတော့ ဝါ့အရပ်က (၅)ပေ (၆)လက်မ မြင့်တာမို့ သာမန်
ကလေးတွေထက် မသိမသာမြင့်နေတတ်ပါ၏။ ဝါက တခြားသူတွေ
ဒေါက်မြင့်တွေ စီးလေ့မရှိပါ။ ခြေထောက်အရမ်းနေသည့်အတွက် ခုံခပ်
ပျော့နှင့် စီးရပေါ့ပါးသည့် သောင်းကျော်တန် Slipper အပါးမြူးမြူး
တွေသာ စီးလေ့ရှိပါ၏။

ဤကဲ့သို့သော ရိုးစင်းပါသည့် ဝင်းဖန့်ဖန့်ဝါကို မည်ကဲ့သို့
ပုရိသတွေက စိတ်ဝင်စားပါမည်နည်း။ အများစုသော ယောကျ်ား
စံထဲမှာ မိန်းမဆိုတာ လှဖို့က အဓိကပါ။ ပြီးရင် သိမ်မွေ့ပြီး မီးဖိုချော
နိုင်နင်းတတ်မြောက်ရမှာမဟုတ်လား။ အတွေးကြောင့် ဝါ ကျိတ်ပြုံး
မိလေ၏။ ဝါက ထမင်းကို ပေါင်းအိုးထဲထည့်ချက်တာကိုတောင်မှ မ
တာကို။

"Morning.... မမ"

"Morning.... ပါ မို့"

ဒီနေ့တော့ ရုံးခန်းဝင်ချိန်က မဆိုစလောက်လေး နောက်ကျ
ရပါ၏။ မေမေစကားပြောနေတာကို ထထွက်လာလို့မှ မဖြစ်တာကိုး။
ထိုင်လိုက်သည်နှင့် စစ်ဆေးစရာ လက်မှတ်ထိုးစရာ File တွေက





ပ်ကြီးပါလေ။ ဒီနေ့မှဖြတ်မှုဖြတ်ပုံမလားဟု ဖဝေဖဝါပင် ဖြစ်သွားရပါ၏။

"မမ"

"ပြော"

"ဝေဖယန္တာလမ်းက တိုက်လေ"

"အင်း. . ."

"မို့တို့ပို့တဲ့ဆေး Colour... ကိုမကြိုက်ဘူးတဲ့၊ ဒီမနက်ပဲ မို့ဆီ
one ဝင်လာတယ်"

"အဲဒါပို့ထားတာ တစ်လလောက်ရှိပြီမဟုတ်လား"

"ဟုတ်ပါတယ်"

"အစကတည်းက ပုံးဖွင့်ဖွင့်ချင်းပြောပါလား။ အခုမှ ဘာလို့ပြော
တာလဲ"

"ပိုင်ရှင်က ဆေးသုတ်ပြီးမှ ရောက်လာလို့ သိတာတဲ့"

"ဒါဖြင့် ဝါတို့က ထပ်ပို့ရမှာလား။ မဆိုင်ဘူးနော်"

"လျော်နိုင်းတာ မဟုတ်ဘူးမမ၊ အောက်ခံဆေးကိုမဖျက်တဲ့ အပေါ်
ထပ်တင်ရင် သူလိုချင်တဲ့ Colour ဖြန်ရမရ လာစစ်ကြည့်ဖို့ ပြောလို့
ဆေးလည်း ငွေထပ်ချေမှာပါတဲ့"

"ကျစ် ! အလုပ်ရှုပ်လိုက်တာကွာ၊ တော်တော်အရစ်ရှည်တဲ့ မှုလီ

"ဟုတ်ပါရဲ့ မမရယ်၊ ယူကတည်းကလည်း Colour ကို ရောစပ်
သေးတာ"

အဟုတ်ပါ။ အမှန်က ဝါလုပ်တဲ့လုပ်ငန်းပိစိလေးက အမြင်ကျဉ်း
ယ့် လုပ်ရတဲ့လုပ်ငန်းက ကျယ်ပြန့်ပါ၏။ Construction လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ကြီး မလုပ်ဖြစ်ပေမယ့် အဲဒီဆောက်လုပ်ရေးနဲ့ပတ်သက်တ ပစ္စည်းသေးသေးမွှားမွှားလေးတွေကို Quality သန့်ပြီး ကောင်းတဲ့ပစ္စည်း တွေ မှာပို့ပေးတာပင်။

များသောအားဖြင့် အကြမ်းထည်တိုက်ကိုက ဘယ် Construc tion မဆို ဆောက်နိုင်ပေမယ့် အတွင်းအပြင် Decoration ဆင်ရင်တေ ပစ္စည်းက လိုအပ်မှာမဟုတ်လား။ တစ်အိမ်လုံး ကြွေပြားတပ်ရင်တေ တစ်မျိုးပေါ့လေ။ ဝါတို့ကုမ္ပဏီက ဆေးနှင့် တခြားအတွင်းပစ္စည်းတွေ ပြည်တွင်းကရော ပြည်ပကပါ မှာပြီး အချိန်မီပို့ပေးနိုင်တာကြောင့် 'ရော ခြည်ဦး'ဟာ ထိုက်သင့်တဲ့နာမည်နဲ့ ဒီလောကမှာ ရပ်တည်နိုင်တာ မဟုတ် ပါလား။

"ဘယ်သူ့ အားလဲ"

"အဲဒီကိုလွှတ်ဖို့လား မမ"

"အင်း"

"ကိုတိုးတို့အဖွဲ့က မန္တလေးတက်သွားတာ နောက်တစ်ပတ်မှလ မှာလေ"

"ကိုအေးဆောင်တို့ရော"

"ကိုအေးဆောင်က လှိုင်သာယာက အိမ်ရာမှာ သွားလုပ်ပေး ရတာ နောက်လမှအပြီးသတ်မယ်"

"ကျွတ်! လူကုန်ပြီပေါ့"

"ဟုတ်ကဲ့"

အတော်စိတ်ပျက်သွားရပါ၏။ ကိုယ်လုပ်နိုင်သလောက် တစ်နိ လေးကို နိုင်နိုင်နင်းနင်းလုပ်နိုင်ခဲ့ပါလျက် ကြားဖောက်ပြသနာက ရှ





ရက်ဝင်လာရတယ်လို့။ မိုမိုကိုက ဒါမျိုးခိုင်းလို့မရပါ။ ရှုံးလုပ်ငန်းသာ မွမ်းကျင်တဲ့သူကို။

"ဘယ်တော့ လိုချင်တာလဲ"

"ဒီနေ့ပဲတဲ့"

"ကျစ်! လူတွေက သိပ်ခက်တာပဲ၊ အခုရေတွင်းတူး အခုပဲ ရေ ည်သောက်ချင်နေတယ်"

"ဟော. . . ဦးမင်းခန့်သာပဲ"

မိုမိုသန့်က Phone ဝင်လာတာမို့ ဝါ့ကိုပြောနေရင်းမှ ခပ်လှမ်း မ်းမှာ Phone သွားပြောလေ၏။ နာမည်ကိုက တင်စီးလိုက်တာနော်။ က အသက်ဘယ်လောက်ကြီးနေပြီမို့ ကျိုကျောင်များရတာပါလိမ့်။ ကိုယ် ိုင်လည်း မနေပါဘဲ ပြန်ရောင်းမယ့်တိုက်ကိုများ ဒီလောက်အထိ ဇီဇာ ကြောင်ရတယ်လို့။

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မတို့ကုမ္ပဏီက ဆက်ဆက် လူလွှတ်လိုက် ယ် လူကြီးမင်းရှင့်။ ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါရှင်"

ကြည့်စမ်း! ဒီမှာ ဆေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေ လော ာဆယ်မရှိတာကို မရွှေချောက တစ်ဖက်ကို ကတိပေးနေပါရောလား။ ယ်လိုချာတိတ်မပါလိမ့်နော်။ အမြဲချီးမွမ်းနေမိသည့်စိတ်က ဒီနေ့မှ မိုး ီး အမြင်မကြည်တော့ပါလား။

"ဟဲ့! ဘယ်သူရှိလို့ လွှတ်မှာတုန်း"

"မမရှိတယ်လေ"

"ဘာ!"

"မမက ဒီလောက်တော့ ကြည့်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါသွားရမှာ"

"ဟုတ်တယ်လေ၊ ဒါဆို မှိုပဲ သွားလိုက်ရမလား"

"ညည်းက ဘာကြည့်တတ်လို့တုန်း"

"အဲဒါကြောင့် မမကိုသွားစေချင်တာပေါ့။ ခဏလေးပဲဟာ၊ ပစ္စည်းလိုရင် ဒီကို Phone ဆက်ရုံပဲလေ"

"ငါ့ကို ပြန်နိုင်းစားနေတယ်ပေါ့လေ"

"မမရဲ့ B.E ဘွဲ့လေးကို ပြန်သတိရစေချင်လို့ပါရှင်"

"အပြောကတော့ ရွှေမန်းပါလား"

"မှိုပါ လိုက်ပေးမယ်လေ"

"မလိုက်ပါနဲ့၊ ဒီမှာ ငါမရှိရင် နင်ရှိမှဖြစ်မှာ။ နေခဲ့"

ဟုတ်ပါတယ်။ ဝါက ကုမ္ပဏီ Boss ဖြစ်ပေမယ့် ကိုယ်ခွဲမရှိတာကို လွှဲလို့ရတာမှန်သမျှ မှိုကိုသာ ပေးထားရတာပါ။ တော်ရုံသေးသေးမွှားမွှားကိစ္စတွေကို မှိုသာ ရှင်းပေးလေ့ရှိပြီး အားလုံးပြီးမှ ဝါ့ကို တင်ပြတတ်တာမဟုတ်လား။ အခုတော့ ဝါ့ကုမ္ပဏီက အများဆုံး မှာလေ့ရှိသည့် Construction မှ ဦးစားပေးပြီး သွားလုပ်ပေးရတော့မှာလေ။ အလုပ်ရှုပ်လိုက်တာနော်။

"Lunch စားပြီးမှ သွားမှာမဟုတ်လား"

"နင့်ဘကြီးက Phone တွေ တဂွမ်ဂွမ် ဒီလောက်ဆက်နေတာ ငါ ထမင်းမြိုကျပါ့မလား"

"ဟင်းဟင်း. . . ဘကြီးအရွယ်မဟုတ်ပါဘူး မမရယ်။ ဦးမင်းခန့်သာက ခပ်ငယ်ငယ်ပါပဲ"

"မြင်ဖူးလို့လား"





"ကြားဖူးတာ"

"ဒါနဲ့များ ပြောရတယ်ရှိသေး"

"မှိုက ဦးခန့်သာနဲ့ ဆုံဖူးတာကိုးလို့"

"သူ့အဖေလား"

"ဟုတ်တယ်၊ လေးလေးက အင်မတန် စိတ်သဘောထား ပြည့်တာ။ အလုပ်သမားတွေအပေါ်မှာလည်း အလေးထား ဂရုစိုက်တယ်။ ဦးမင်းခန့်သာလက်ထက်ကျမှ အရမ်းထက်လွန်းပြီး နာမည်ထွက်လာတာ"

"အဖေထက် သားက လက်စောင်းပိုထက်တယ်ပေါ့လေ"

"မမလည်း အတူတူပဲကို"

မှိုမှိုကို မျက်စောင်းခဲလိုက်မိပါ၏။ ဟုတ်တော့လည်း ဟုတ်နေတာပါပဲ။ ဝါတို့ကုမ္ပဏီက နေရာတကာ မပါမဖြစ် ပါတတ်ပြီး တော်ရုံအသိအမှတ်မပြုဘဲ မနေနိုင်ပါလေ။ အချို့ကုမ္ပဏီတွေက ဝါတို့ 'ရောင်ခြည်ဦး' ကို တမင်လျစ်လျူရှုပြီး လုပ်ကြပေမယ့် တကယ်အရေးကြုံတော့မှ ပစ္စည်းမှာမရတော့ရင် Phone တောင်မဟုတ်ဘဲ လူကိုယ်တိုင် အပြေးရောက်လာတတ်ကြတာပါလေ။

မနက်ပိုင်းအလုပ်ကိုတော့ ပြီးသလောက် ဖြစ်သွားမှာပါပဲ။ ဝါက တံဆိပ်တုံးလက်မှတ် လုပ်မထားတာမို့ လက်မှတ်ထိုးရတိုင်း လက်ညောင်းရတာလေ။ လက်မှတ်ဆိုတာ နေရာတကာမှာ သုံးရတဲ့အမှတ်အသားမှ မဟုတ်ဘဲ။ လက်ရော မျက်လုံးပါ ညောင်းပြီမို့ လက်ကိုအပေါ်သို့မြှောက်လိုက်ပြီး မှိုမှိုကိုလှမ်းကြည့်လိုက်မိ၏။

မိန်းကလေးပီသလိုက်တာနော်၊ ဆံပင်စင်းစင်းလေး ကျောလယ်လောက်ကို မြင့်မြင့်လေးစည်းပြီး ဖဲပြားနှင့် စည်းထားတာမို့ ကဒေလီးဆန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်စရာလေးပါ။ စကားပြောတိုင်း မပြုံးပေမယ့် လေသံချိုကာ မျက်နှာက အလိုလိုချိုသွားတတ်တာ မဟုတ်ပါလား။ ဝါကမှ အမြဲ မျက်နှာတည်ရင်တည် ဒါမှမဟုတ်ရင် မှုန်ကုပ် သုန်မှုန်နေတတ်တာလေ။ ဒီဆန့်ကျင်ဘက် မျက်နှာနှစ်ခုကို ဘယ်လိုယှဉ်လို့ရပါ့မလဲ။

"မမ"

". . ."

"မမ"

"ဟင်! ဘာလဲ"

"လန့်လိုက်တာ မမရယ်၊ မို့ကို တွေတွေကြီးကြည့်နေလိုက်တာများ အသက်မရှူတော့ဘူးထင်ရတယ်"

"မေးစရာရှိလို့ တွေးနေတာ"

"ဘာများလဲဟင်"

ခဏမျှ တွေဝေသွားရပါ၏။ မေးလိုက်လို့ဖြစ်ပါ့မလား။ ဝါက ဒီလို အခြေအမြစ်မရှိသည့် စကားမျိုးကို လက်လွှတ်စပယ် တစ်ကြိမ်တစ်ခါမှ မပြောဖူးတာကိုး။ တော်ကြာ အထက်လူကြီးကို မရိုမသေနဲ့ အထင်သေးသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ခက်ပါရဲ့နော်။ ဝါက မို့မို့နဲ့ ဒီလောက်အထိ အတွင်းရေးတွေ ဆွေးနွေးတာမျိုး မရှိခဲ့တာလေ။

"ဘာမေးချင်လို့လဲ မမရယ်"

"ကျစ်! ဟိုလေ၊ ဒီလိုမေးလိုက်လို့ ငါ့ကိုတစ်မျိုးမထင်နဲ့နော်၊ ကြို ပြောထားတာ"

"ရပါတယ် မမရဲ့"

"မို့မှာလေ"





"ဟုတ်"

"ချစ်သူရှိလား"

"ဟင်! ဘာများလဲလို့"

မို့မို့က ဝါ့ရဲ့ အဆက်အစပ်မရှိ မေးချလိုက်သည့်မေးခွန်းကြောင့် ရယ်ချလိုက်လေ၏။ လူကို လှောင်ရယ်လေသလား။ အရမ်းအကျယ်ကြီး အသံထွက်အောင် မရယ်တာမို့ တော်ပါသေးရဲ့။ ဝါတော့ အတော်ကလေး ကလားဆန်တဲ့လုပ်ရပ်တွေ လုပ်မိပြီထင်ပါရဲ့။ ကိုယ့်ကိုယ်ကိုယ် အနည်းငယ်ရှက်သွားမိရသလိုပါလေ။

"ဒါလေး မေးမိတာ ရယ်ရလား"

"မဟုတ်ပါဘူး မမရဲ့၊ ထင်မထားတဲ့မေးခွန်းမို့လို့ အံ့ဩပြီး ရယ်လိုက်မိတာပါ။ မမကို ရယ်တာမဟုတ်ဘူးနော်"

"မေးတာ ဖြေဦးလေ"

"မရှိပါဘူး မမရဲ့၊ ဘာဖြစ်လို့ မေးရတာလဲ"

"အင်း. . . ဘာရယ်မဟုတ်ပါဘူး ဒီလိုပါပဲ"

"မို့ပြန်မေးရင် မမစိတ်ဆိုးမှာလား"

"ဘာကိုလဲ"

"မို့ ဒီမှာလုပ်တဲ့သက်တမ်းတစ်လျှောက် မမနှုတ်ကနေ အပိုစကားမျိုး တစ်ခါမှမပြောဖူးတာကိုး။ အတော်ထူးဆန်းတာပဲ၊ မမ ဘာကိုတွေးမိပြီး မို့ကိုမေးလိုက်တာလဲ"

အကျဉ်းအကျပ်ထဲမှာပါလား။ ဒါကြောင့် ပြောတာပေါ့။ ဝါခန့်ထားတဲ့ကောင်မလေးက 'ချက်' ဆိုတာနဲ့ နားခွက်က မီးထတောက်ပြီး ပြတ်ထိုးဉာဏ် တအားကောင်းတာပါလေ။ အခုပဲကြည့်. . . ဝါမေးလိုက်တဲ့ မေး



www.burmeseclassic.com

www.burmeseclassic.com



ခွန်းနောက်မှာ ဘာတွေရှိနေမလဲဆိုတာကို လှမ်းမြင်နေပြီ မဟုတ်ပါလား။

ဝါတော့ အစဆွဲမိချေပြီ။ ကိုယ့်ဘာသာနေရင် ရရဲ့သားနဲ့ ဘယ်လိုဖြစ်ပြီး နှုတ်က ဆတ်ဆော့မိလိုက်တာပါလိမ့်။ တကယ်ဆို မေမေပြောတဲ့ ကိစ္စကို တိုင်ပင်ချင်လို့ဆိုပြီး ပွင့်ပွင့်လင်းလင်းပြောရင် ရရဲ့သားနဲ့ မဆီမဆိုင်မေးမိတာပါလေ။

"မမမှာ ချစ်သူရှိနေပြီမို့လို့လား"

"ဟယ်! ကြံကြံဖန်ဖန် ပေါက်ကရ၊ မဟုတ်ပါဘူး"

"ဒါဖြင့် အိမ်ကလူကြီးတွေက မမနဲ့စေ့စပ်ပေးဖို့ စကားကြောင်းတာမျိုးကြောင့်လား"

"သိလိုက်ပြန်ပြီ"

"မြင်ဖူးပြီးပြီလား"

"ဟင့်အင်း. . . နှင့်အပြုံးကို ငါသိနေတယ်နော်။ ဒါလေး မေးမိတာနဲ့ အရှည်ကြီးဆွဲတွေးမနေနဲ့။ ဘာရယ်မဟုတ် လွှတ်ခနဲထွက်သွားမိတာကို"

"မဟုတ်ပါဘူး မမရယ်၊ မို့နဲ့ ဒီလိုမျိုးအတွင်းရေးကိစ္စလည်း တိုင်ပင်လို့ရပါတယ် ပြောချင်လို့ပါ။ မမမှာ မိန်းကလေးအဖော်မရှိတာ မို့ သိပါတယ်။ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပြောချင်လို့ ရပါတယ်နော်"

အလိုလေး! အတွင်းရေးတိုင်ပင်ပါ၊ ပွင့်ပွင့်လင်းလင်းတဲ့လား။ ဘယ်ဖြစ်ပါ့မလဲ။ ဝါ့ကိုယ်ဝါ ဓာလှုပြီဆိုပြီး မာန်လေးတင်းထားနိုင်တာကို။ ဒီလို နှလုံးသားရေးရာကိစ္စတွေ ဖွင့်ဟပြောရမှာ ရှက်စရာကြီး။ မဖြစ်သေးပါဘူးလေ။



## အခန်း ( ၃ )

ကားကို လမ်းသွယ်ထဲ မောင်းဝင်လာခဲ့ပါ၏။ ဆောက်လို့ပြီးနေပြီ ဖြစ်သည့်တိုက်ရှေ့ကိုရောက်စဉ် ခြံတံခါးဖွင့်ထားတာမို့ ဟွန်းသံတစ်ချက်ပေးကာ မောင်းဝင်လိုက်ပါသည်။ ကားတံခါးကိုဖွင့်၍ဆင်းလိုက်စဉ် ဝါ ပါးစပ်အဟောင်းသားဖြစ်သွားရလေ၏။ အဟုတ်ကို ဇွက်တိကွက်ကြား ဖြစ်နေသည့်တိုက်လှလှလေးက အရုပ်ဆိုး အကျည်းတန်နေတာပါလေ။

"ဘယ်သူများပါလဲ ခင်ဗျာ"

"ဩော် . . . ရောင်ခြည်ဦးကပါ"

"Boss စောင့်နေပါတယ် အစ်မ။ ဟိုဘက်မှာပါ"

နေပူနေပြီမို့ ဟိုဘက်ခြမ်းအရိပ်မှာ ရှိနေတာထင်ပါရဲ့။ အလုပ်သမားကောင်လေးနောက်မှ လိုက်ခဲ့ရပါ၏။ နည်းနည်းတော့ ပွဲတာပါလား။ ဝါ့တစ်သက် ရုံးခန်းမှာသာထိုင်ပြီး လူတွေနဲ့တွေ့ဆုံစကားပြောခဲ့ပြုခဲ့တာပါ။ အခုတော့ ကိုယ်က သူများကို လာစတွေ့ရတဲ့အဖြစ်နဲ့ ကြုံရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့။ ခြံထဲမှာ ဂျပန်မြက်ခင်းတွေ သေချာစိုက်ထားပြီးဖြစ်နေပြီ။ တိုက်ကို လက်စသတ်ဖို့ပဲ ကျန်တော့တာကိုး။ မြက်ခင်းစပ်မှာ Steel ထိုင်ခုံနှစ်လုံးနှင့် စားပွဲတစ်လုံးရှိနေပြီး ဝါ့ကိုကျောပေးထားသည့်ပုံစံဖြင့် လူတစ်ယောက် ထိုင်နေလေ၏။ ဒါ ဦးမင်းခန့်သာလား။

"ရောင်ခြည်ဦးကုမ္ပဏီက ရောက်လာပါပြီ သူဌေးမင်း"

"ထိုင်ပါ"

အကြည့်က စားပွဲထက်တင်ထားသည့် တိုက်ပုံစံ Drawing Plan ကိုသာ စူးစိုက်ကြည့်နေပြီး ဝါ့ကိုငဲ့မကြည့်ဘဲ အမိန့်ပေးလိုက်တာပါလား။ စိတ်ထဲမှာ အတော့်ကို အောင့်သက်သွားရတာ အမှန်ပါ။ ဝါက စကားပြောရင် ဘယ်သူနဲ့မဆို မျက်နှာချင်းဆိုင်ထိုင်ပြီး မျက်လုံးချင်းဆုံမှ စကားပြောလေ့ရှိတာပါလေ။ လူတွေရဲ့စိတ်တံခါးဆိုတာ မျက်လုံးပဲမို့ အဲဒီမျက်လုံးကိုကြည့်ရုံနဲ့ အဲဒီလူရဲ့အတွင်းစိတ်ကို ဖတ်နိုင်တာကိုး။

"မင်းတို့ကုမ္ပဏီကို ပို့လိုက်တဲ့ Paint တွေ Quality Detail မဖြစ်တာ လက်တွေ့မြင်တယ်နော်။ တခြားနေရာကမှာရင် ဒီလိုဖြစ်မှာစိုးလို့ ရောင်ခြည်ဦးက မှာတာ၊ ယုံကြည်မှုတွေ အလွဲသုံးစားအလုပ်ခံရတာပဲ"

ကြည့်စမ်း! တကယ်ဆို လက်ကျန်ဆေးကို စစ်ခိုင်းပြီးမှ ဒီလိုပြောသင့်တာပါ။ အခုတော့ လူကိုတစ်ချက်မကြည့်ဘဲ ပြောချင်တာကို ပြောနေတာလေ။ ခုံမှာ ဝင်ထိုင်ချလိုက်တာမို့ သူ့မျက်နှာကို ဝါမြင်လိုက်ရပါ၏။ အလိုလေး! ဆိုခဲ့စေ မြဲစေမျက်နှာမျိုးပါပဲလား။ ယောကျ်ားပီသလွန်းပြီး တည်ငြိမ်လွန်းသည့်ဟန်က သူ့မျက်နှာမှာ အထင်းသားပေါ်နေတာပါလေ။





"ဒီတော့ မင်းတို့ဘက်က ဘာများလုပ်ပေးနိုင်မလဲ ပြောပါ"

မျက်လွှာကိုပင့်ကြည့်လိုက်စဉ် ထိုင်ခုံမှာ လက်ပိုက်ထိုင်နေသည့် ဝါ့ကို မြင်သွားလေ၏။ သူ့မျက်နှာထက် အနည်းငယ် အံ့ဩရိပ် ထင်သွားပြီး ဟန်မပျက်နေလိုက်ပုံပါလေ။ ကြည့်ရတာ ဝါတို့ကုမ္ပဏီက အမျိုးသား ဝန်ထမ်းကိုပဲ လွှတ်မယ်လို့ ယူဆထားသည့်နှယ်ပါ။

"ကျွန်မဆီကို Phone ဆက်တုန်းက ဆေးအသစ် ထပ်မှာချင်တယ်လို့ ပြောတာပါ"

"ဘယ်လို. . . ဒါဖြင့် အခုဖြစ်နေတာတွေကို ဘယ်သူက ပြန်လျော်ပေးမှာလဲ။ နစ်နာဆုံးရှုံးမှုဖြစ်တာက ငါတို့ဘက်ကပါ။ မင်း Boss က ဒီလိုပဲ လက်လွှတ်စပယ် လွှတ်လိုက်တာလား"

ဝါ့မျက်နှာ အနည်းငယ်နွေးသွားရပါ၏။ သွားပါပြီ၊ ဟုတ်သားပဲ။ ဒီလိုနေရာမျိုးကို ဘယ်လိုသူဌေးကိုယ်တိုင်က လာကြည့်ပါ့မလဲ။ ချွင်းချက်အနေနဲ့က ဝါက ဘယ်တော့မဆို ကိုယ်တိုင်ကြည့်ပြီးမှ ဆုံးဖြတ်ချက်ချတတ်လေ့ရှိတဲ့သူလေ။ ဟုတ်တာပေါ့။ ဝါ့ဆီကို Phone ဆက်တယ်လို့ ပြောမိတာကိုး။ သူ Phone ဆက်ထားတာ မို့မို့ဆီကိုလေ။

"ဒါ ကျွန်မတို့ကုမ္ပဏီအမှားမှမဟုတ်တာ၊ ဆေးသုတ်ခါနီး သေချာစိစစ်ပြီးမှသုတ်ရင် ဒီလိုအမှားမျိုး မှားစရာမှမရှိဘဲ"

"ဘာရယ် . . . ဒါ ခေါင်းရှောင်တာလား မမို့မို့သန့်။ မင်းပြောတော့ အဆင်ပြေရပါစေ့မယ်ဆို။ အခုပြောနေပုံက အဆင်ပြေစရာလား"

"ကျွန်မပြောပြီးပြီလေ"

"အဲဒီလိုရမလား။ ဘယ်အလုပ်ကိုမဆို ယုံကြည်မှုနဲ့ အပြန်အလှန်လုပ်နေကြပတာမျိုးကွ။ မျက်နှာလွှဲခဲပစ်လုပ်ရပ်မျိုး မင်းမို့လုပ်ချင်နေတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ရှင်ပြောတဲ့လေသံအတိုင်း ကျွန်မလည်း ပြောတာလေ။ ရှင့်မှာသာ စဉ်းစားချင့်ချိန်တတ်တဲ့ဦးနှောက်ရှိရင် ဒီလိုတွေဖြစ်လာစရာ မှမလိုတာ။ ဆေးကိုမသုတ်ခင် အရင်စစ်ဆေးပြီးမှ ယုပ်ရင်"

"ငါမရှိဘဲလုပ်လို့ ဖြစ်သွားတာ"

"အဲဒါ ဘယ်သူ့အမှားလဲ၊ ရှင်သိပေါ့"

"မင်း! "

"သူ့ဘက်ကိုယ့်ဘက် မျှတတွေးတတ်ရင် ရှင့်နှုတ်ကနေ ဒီလို တစ်ဖက်သားကို လက်ညှိုးညွှန်တဲ့လုပ်ရပ်မျိုး လုပ်စရာမှမရှိတာ။ ဆေးပျက် ရင် နောက်ထပ်ပြန်သုတ်လို့ရတယ်"

"ဘာ! အဲဒါတော့ မင်းပြောမှလား၊ ဒါ ငါနေဖို့ဆောက်တဲ့တိုက်ကွ။ ငါ့စိတ်ကြိုက်ဆောက်ပြီးမှ မင်းကမွဲဏီကဆေးကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာ မြင်ရဲ့သားနဲ့။ အခုလိုပြောရလား"

"ကျွန်မ ပြောပြီးပြီလေ"

"ကျစ် ! မင်းအတော်လက်ပေါက်ကပ်တဲ့မိန်းမပါလား"

"ဘာရှင့်"

"ဆေးထပ်ဝယ်ရတဲ့ငွေထက် သုံးရမယ့် ကုန်ရမယ့် လူအင်အားနဲ့ အချိန်ကို ဘယ်လိုမှပြန်မရဘူးကွ။ အလုပ်လုပ်တယ်ဆိုတာ အချိန်လု လုပ်နေရတာမျိုး။ မင်းလို အချိန်အလဟဿဖြုန်းနေတဲ့လူ မဟုတ်ဘူး"

"ဘာ! "

ဝါ တော်တော်ဒေါသဖြစ်မိတာပါလေ။ သူ့ကိုစူးစူးရဲရဲကြည့်မိစဉ် သူကလည်း မလျှော့တဲ့အားမျိုးနဲ့ ဝါ့ကိုပြန်စိုက်ကြည့်တာပါ။

အာဂယောက်ျားပါလား။ မိန်းမတစ်ယောက်နဲ့ဖက်ပြိုင်ပြောဖို့တော့





သူ့မှာ အချိန်ရှိတယ်ပေါ့။ လက်ပေါက်ကပ်တာက ဘယ်သူလဲ။ လေကုန် မှာစိုးသည့်ဝါ့ကို စကားတွေ အများကြီးပြောဖြစ်အောင် ဒင်းမို့ လုပ်ရတယ် လို့။ ကောင်းပြီလေ၊ ဆေးလက်ကျန်ကိုစစ်ပြီးရင်တော့ ဒီကိစ္စကို ပြေလည် အောင် ညှိနှိုင်းကောင်းပါရဲ့။ ဝါ ဖျတ်ခနဲ ထရပ်လိုက်ပါ၏။

"ဒါက ဘယ်လဲ၊ ငါတို့ကိစ္စ မပြတ်သေးဘူးကွ"

"Paint Check လုပ်မလို့လေ၊ ရှင့်ကိုခွင့်တောင်းရဦးမှာလား"

"တောင်းရမှာပေါ့။ လူကြီးကို ဘယ်လို ပြောဆို ဆက်ဆံရမလဲဆို တာ မင်း Boss သင်မပေးထားဘူးလား"

ဟင်းနော်. . . လူကို ဝန်ထမ်းလို့မြင်နေပြီ။ တဆိတ်ရှိ တ Boss Boss နဲ့ ကိုင်ကိုင်ပေါက်နေတာ မြင်ပြင်းကပ်မိပါရဲ့။ တကယ်ပါ၊ ဝါ့တစ် သက် လူတစ်ယောက်ကို အမြင်ကပ်တာ၊ မုန်းတီးချင်စိတ်ဖြစ်တာမျိုး တစ်ခါမှမရှိခဲ့ပါ။ သူနဲ့ကျမှပဲ ဒီလိုစိတ် ဖြစ်တည်ရပြီး ဒေါသတွေဖြစ်ကုန် ရတာပါလိမ့်နော်။

"လက်ကျန်ဆေးကို ကျွန်မ စစ်ဆေးကြည့်လို့ရပါသလား လူကြီး မင်းရှင့်"

"ဒါတော့ ရပါတယ်၊ မိုးကျော်ရေ"

"ဗျာ. . . သူဌေးမင်း"

"ဆေးပုံးအကျန်ရှိရင် ဒီကိုယူလာခဲ့ပါ"

"ဟုတ်ကဲ့ခင်ဗျ"

သူက စားပွဲထက်မှ စာရွက်စာတမ်းတို့ကို တရိုတသေ လိပ်တန် လိပ်၊ ခေါက်တန်ခေါက်ပြီး သိမ်းဆည်းလိုက်လေ၏။ အင်ဂျင်နီယာပေါ့ လေ။



www.burmeseclassic.com

www.burmeseclassic.com



ဝါလည်း ဒီဘွဲ့ကိုရခဲ့ပါလျက် မိန်းကလေးဖြစ်နေတာမို့ ဒီလောက ထဲဝင်ဖို့ အားနည်းခဲ့ရပြီ။ တခြားဘက်ကိုရွေးခဲ့ရတာ မဟုတ်လား။ ပထမ ဦးဆုံးအကြိမ်အဖြစ် ဒီလူ့အပေါ် မနာလိုစိတ် အနည်းငယ်ဖြစ်မိသွား ပါ၏။

လူကို ဝန်ထမ်းဆိုပြီး အထင်တသေးနဲ့ ဖိဟောက်နေတာကို။ ဝါ က ကိုယ်တိုင်လူကြီးဆိုပြီး ကိုယ့်လက်အောက်ဝန်ထမ်းတွေကို နှိမ်ပြီး မပြောပါလေ။ မြန်မာနှစ်ကူးနဲ့ ဒီဇင်ဘာနှစ်ကူးတိုင်း ဝန်ထမ်းအားလုံးကို Bonus မျိုးတွေ ပေးတတ်မှန်း ကုမ္ပဏီဝန်ထမ်းအားလုံး အသိဆုံးပါပဲ။

Boss မို့ ချစ်ကြောက်ရိုသေကြပေမယ့် ကွယ်ရာမှာ မကောင်းပြော ကြတာ အနည်းအပါးတော့ ရှိမှာပါ။ သို့သော် 'ရောင်ခြည်ဦး'နဲ့ 'ဝင်းဖန့် ဖန့်ဝါ' ဆိုသည့်နာမည်က ဒီလောကမှာ ပြိုင်တူပေါ်ပြီး လူတိုင်းအသိအမှတ် ပြုကြတဲ့သတင်းက မွှေးပျံ့နေတာ မဟုတ်လား။ ဒါကို ဒီလူက ဘာမှမသိ သလိုမျိုးနဲ့ အထင်သေးရတယ်လို့။

"ရပါပြီ ခင်ဗျာ"

"ဒီမှာတင်လိုက်"

"ဟုတ်ကဲ့"

ကောင်လေးက ဆေးပုံးအဖြူလေးကို စားပွဲထက် တင်လိုက်ပါ၏။ သူက ထိုင်ခုံကို ကျောမှီလျက် ခပ်အေးအေးပုံစံဖြင့် ဝါ့ကိုကြည့်နေသေး သည်။ ပုံစံကိုက သူမှန်တယ်ဆိုတဲ့သဘောနဲ့ပေါ့လေ။ ဆေးပုံးအဖုံးကို ဖွင့်ကာ ကြည့်လိုက်ပါ၏။ ဆေးက ပျစ်မနေဘဲ ကျဲတောက်နေတာမို့ ထင်တ ခုခုရောထားမှန်း ဝါ သိလိုက်ပါသည်။ ဘယ်ဆေးမျိုးကိုမဆို ဝါကိုယ်တိုင် စိစစ်ပြီးမှ ဖြန့်ဖြူးတတ်တာ မဟုတ်ပါလား။





"ဆေးမသုတ်ခင် ဘာထပ်ရောထားလဲ"

"ဘာမှမရောပါဘူး။ မင်းတို့ဆီက စပ်ပေးလိုက်တဲ့အတိုင်း သုံးတာ"

"ကျွစ်! မဟုတ်သေးဘူး။ ဒါ တစ်ခုခုရောထားတာမျိုး။ ရှင့် Painter ခေါင်းဆောင်ရှိလား"

"ဦးမျိုးအောင် ရောက်ပြီလား မိုးကျော်"

"ရောက်ပါပြီ သူဌေး"

"သွားခေါ်ချည်"

ကောင်လေးက အနီးမှထွက်သွားလေ၏။ ဒီက ဆေးသုတ်သမား တွေ မရောဘူးဆိုတာ သေချာရင်တော့ ဝါတို့ဆီက အပိုင်မှာ ပြဿနာရှိ နေတာလေ။ တစ်ခါမှ အမှားအယွင်းမဖြစ်ဖူးတာမို့ ဒီတစ်ကြိမ်က အတော် အရှုပ်ဆိုးစေသည်ပဲ။ ဝါက လူတစ်ဖက်သားကို စော်ကားမော်ကားပြော တာမျိုး မလုပ်တတ်သလို တောင်းပန်ရမှာကိုလည်း အင်မတန် ဝန်လေး တတ်သည့်မိန်းမပါလေ။

အခုတော့ အလုပ်နဲ့ပတ်သက်ပြီး မှားယွင်းရပြီမဟုတ်ပါလား။ ကိုယ့် ထက်သိက္ခာထက် ထူထောင်ထားတဲ့ကုမ္ပဏီနာမည် ထိခိုက်မှာက ပိုပြီး အရေးကြီးတာလေ။ ပြဿနာက မသေးပါလား ဝင်းဖန့်ဖန့်ဝါ။

"ကျွန်တော်ရောက်ပါပြီ သူဌေးမင်း"

အနားမှာ လာရပ်သည့်လူကြီးကို ဝါ ငဲ့ကြည့်လိုက်မိ၏။ မျက်လုံး အကြည့်ရုံနှင့် အဘယ်မျှရိုးသားကြောင်း၊ အလုပ်ကို အလေးထားသည့် သူဖြစ်ကြောင်း အကဲခတ်နိုင်ပါသည်။ ကောင်းပြီ၊ ဒါဖြစ်ရင် ပထမဦးဆုံး မေးနှင့်ရမှာနဲ့ ဒီကိစ္စကို ဝါ ဖြေရှင်းပေးရတော့မှာပါပဲ။

"ဦးမျိုးအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဆေးပုံးတွေ ရောက်လာတုန်းက သေချာစစ်ခဲ့ရဲ့လား"

"စစ်ပါတယ် ခင်ဗျာ၊ ဘာမှမထူးခြားတာနဲ့ ကလေးတွေကိုသုံ နိုင်းရင်းမှ အခုလိုဖြစ်ကုန်တာပါ။ အဲဒါကြောင့် ရပ်လိုက်ရတာပါပဲ"

"ဘာမှထပ်မရောတာ သေချာပါတယ်နော်"

"ဟုတ်ကဲ့. . . အခုထက်ထိ ပါကင်ပိတ်ထားတဲ့ဆေးပုံး ခုနစ်ပုံ လောက် ဒီအတိုင်းရှိပါသေးတယ်။ မယုံရင် စစ်ကြည့်ပါ"

ဝါက ဆေးကို လက်ညှိုးဖြင့်တို့ကာ လက်မဖြင့်ပွတ်ကြည့်လိုက် ၏။ အဟုတ်ကို Chemical တစ်ခုခုဖြင့် ရောထားပုံပါပဲ။ အနံ့ခံကြည့် တော့လည်း ခာတ်ဆီလို ဒီဇယ်လို ဆီနံ့မျိုးမရတာမို့ ဒီမှာမရောမှန်း သ သာနေတာပါလေ။ အကောင်းအဘိုင်းပုံးတွေကိုစစ်ကြည့်ရင် အဖြေ တန်းခနဲထွက်လာမှာ အမှန်ပဲကိုး။

"ကောင်းပြီလေ၊ ကျန်တဲ့ပုံးတွေကို ကျွန်မကားပေါ် တင်ပေးလိုက် ပါ၊ ကျေးဇူးပြု၍"

"ဟုတ်ကဲ့"

ဦးမျိုးအောင်က ဝါပြောသည့်အတိုင်း လုပ်ပေးရန် ထွက်သွားလေ ၏။ သူက ဝါ့ကိုကြည့်နေရင်း မဲ့ပြုံးပြုံးလိုက်လေသည်။ အင်းပေါ့လေ နိုင်ကွက်ရသွားတဲ့လူရဲ့ အောင်နိုင်ပြုံးကို ဝါ သည်းခံနိုင်ရမှာပေါ့။ ကို ဘက်က လွန်မိပြီကိုး။

"ဘာပြောစရာမှ မရှိဘူးလား မမိုမိုသန့်"

"ဒီကိစ္စပြေလည်အောင် ကျွန်မ လုပ်ပေးပါ့မယ်"

"ဒါပဲလား။ မင်းတို့ဘက်က လွန်တာ ... တောင်းပန်ဖို့ စိတ်မ





ဘူးပေါ့လေ"

ကြည့်စမ်း! အတော်သဘောထားသေးသိမ်တဲ့လူပါလား။ တကယ် မ်း နစ်နာတာက ဝါတို့ဘက်ပဲလေ။ ဆေးကို တခြားတစ်ခုနဲ့လဲလှယ် ပို့ခဲ့တာမှန်း ဝါသိနေပြီမဟုတ်လား။ ကိုယ့်ပစ္စည်းအစစ်မဟုတ်တာကို နေပါလျက် ပြောမထွက်တဲ့အခြေအနေ ဖြစ်နေတာပါလေ။

"ကာယကံရှင် ဘယ်သူဘယ်ဝါမှန်း အတိအကျမသိရသေးပါဘူး မင်းခန့်သာ"

"အဲဒီတော့"

"ရှင်တို့ဘက်ကို ပြေလည်အောင် ညှိပေးနိုင်ဖို့ ကျွန်မလုပ်ပေးမှာ သိပါတယ်"

"လူမှန်ရင် လူ့ဘောင် လူ့ပည်းကမ်းနဲ့ လူမှုရေးဆိုတာကို နား ည်တတ်ရတယ် မမိုမိုသန့်။ မင်းကို မင်း Boss က ဘာမှသင်မပေး ဘူးလား"

ကြည့်စမ်း ! အတော်ရှင့်သီးတဲ့ လေသံပါပဲ။ လူကို မယဉ်ကျေးဘူး ဒဲ့ကိုစော်နေတော့တာလေ။ ကောင်းပြီ. . . အလှည့်ကျရင် မနွဲ့စတမ်း ဦးမင်းခန့်သာ။ ပေဖြစ်နေတဲ့ကာလမို့ ကျွန်မဘက်က ငြိမ်ပေးရမှာ

"လူကြီးမင်းရဲ့လုပ်ငန်းအဆင်ပြေအောင် ကျွန်မဘက် လုပ်ပေး ဆိုရင် ကျေနပ်ပါ"

"ကုမ္ပဏီနာမည်ပျက်မှာကို ဂရုမစိုက်ဘူးဆိုတဲ့သဘောပေါ့လေ"

"နစ်နာရတာ ရှင့်တစ်ဖက်တည်းမဟုတ်မှန်း ရှင်လည်း တွေးမိ ။ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်လိုမျက်စိနဲ့ကြည့်ပြီး Staff အဖြစ် မင်း Boss ခန့်လိုက်မှန်း တွေးလို့ကိုမရဘူး"

ရင်ထဲ ကျဉ့်ခနဲဖြစ်သွားရပါ၏။ ရှင်နဲ့ထပ်တွေ့ပါဦးမယ် ဦးမင်းခန့်သာ။

❀❀❀



## အခန်း ( ၄ )

"ဘယ်လို ! ဖေဖေ ဘာပြောလိုက်တာလဲ"

ဖေဖေက ပန်းသီးစိတ်လေးကို ခက်ရင်းသေးသေးလေးဖြင့် ထိုးကာ ကိုက်စားနေပါ၏။ အေးအေးဆေးဆေးပါပဲလား။ ဝါ့မှာဖြင့် တစ်နေကုန်အောင် ခေါင်းပူမတတ် စဉ်းစားပြီး ကိစ္စအကြီးကြီးကိုရှင်းပေးခဲ့ရတာလေ။ ဒါကို ဖေဖေက အေးအေးဆေးဆေးနဲ့ ရှင်းပေးနိုင်သတဲ့။ ထူးဆန်းလေစွ။

"ဝါ့ဆေးတွေကို ကားပေါ်တင်ပေးလိုက်ပြီးမှ အလဲခံခဲ့ရတာပါ"

"မှန်တယ်လေ၊ အဲဒီ Staff ကို အလုပ်ဖြုတ်လိုက်ရုံပေါ့ သမီးရဲ့"

"ဒီလောက်မလွယ်ဘူး ဖေဖေရဲ့၊ တစ်ဖက်က ဝါ့ကိုအချိန်မရွေးနာမည်ဖျက်လို့ရသွားမှာ။ ဒင်းကို တောင်းပန်ဖို့တာဝန်က ရှိသေးတယ်"

"အေးလေ၊ အဲဒါကို ဖေဖေရှင်းပေးနိုင်တယ်လို့ သမီးကို အခုပြောနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ဘယ်လိုရှင်းပေးမှာမို့လို့လဲ"

"မိဘကို တစ်ခါတလေတော့ ယုံကြည်အားကိုးစိတ်လေး ထားပေးပါလား ဝင်းဖန့်ဖန့်ဝါ"

ကော်ဖီလင်ဗန်းဖြင့် မေမေ ရောက်လာပြီမို့ ညည်ခန်းရှိ သားအဖ Meeting က ခဏမျှရပ်သွားရပါ၏။ ဝါ့မျက်နှာ သုန်မှုန်နေလို့ အမေးခံရရင်း ဒီကိစ္စပေါ်လာတာကိုး။ အခုတော့ ဝါ ခေါင်းခြောက်နေတဲ့ကိစ္စကို ဖေဖေက အလွယ်တကူလေး ဖြေရှင်းပေးမတဲ့လေ။

"ဝါက အလုပ်ကိစ္စမို့လို့ ဖေဖေ့ကို အပူကပ်တာမျိုး မလုပ်ချင်တာပါ မေမေ"

"ခေတ်လူငယ်တွေရဲ့စိတ်ကို မေမေတို့ မိဘတွေ နားလည်ပါတယ်ဝါ။ ဒါပေမဲ့ လူကြီးဆိုတာ လူငယ်ဘဝကိုဖြတ်သန်းခဲ့ပြီးမှ ဒီအရွယ်ကို ရောက်လာမှန်း သမီးမမေ့ပါနဲ့"

"ဝါ သိပါတယ်"

"ဦးခန့်သာနဲ့ ဖေဖေ အတော်လေး ရင်းနှီးပါတယ် သမီး"

"ရှင်!"

"အထူးသဖြင့် မောင်မင်းခန့်သာနဲ့ဆို ပိုပြီးတော့တောင်မှ တရင်းတနှီး စကားပြောဖြစ်တာပါ"

"ဖေဖေ ပြောချင်တာ"

"ဟုတ်တယ်၊ သမီးနဲ့မြန်းပေးချင်တဲ့လူငယ်ဆိုတာ မောင်မင်းခန့်သာပဲ"

ဝါ့မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ ဘုရားရေ! ဘာတွေဖြစ်ကုန်တာပါလိမ့်။ ဒီလူနဲ့ဒီလူ နှစ်ယောက်ဆုံဖို့က ဒီလိုပြဿနာမျိုးနဲ့ ကြုံရလား





အလို! ဒါဖြင့် သိသိကြီးနဲ့ ဒီလိုဖြစ်ရလေအောင် တမင်ပဲ သူဖန်တီးလေသလား။ မဖြစ်နိုင်တာ။ လူမှုရေးနဲ့ စီးပွားရေးက ရောထွေးလို့မရတာလေ။

"တော်ပါပြီ ဖေဖေ၊ ဝါ့ကိုကူညီဖို့ မလိုတော့ပါဘူး"

"ဘာဖြစ်ပြန်ပြီလဲ"

"ဝါ့ကိစ္စ ဝါပဲ ကြည့်ရှင်းလိုက်ပါ့မယ်"

"သမီးရယ်၊ ဖေဖေကိုယ်တိုင် Phone လေးတစ်ချက် ဆက်လိုက်ရုံနဲ့ OK မှာကို သိရဲ့သားနဲ့။ ဘာလို့ဖျက်ချင်ရတာလဲ"

"ဝါ့စီးပွားရေးကိစ္စကို ဝါပဲ ရှင်းချင်လို့ပါ၊ မိဘတွေကို Cover ချပြီး Weight နဲ့ဖိတာကို သူသိရင် ဝါ အရှက်ကွဲရုံပဲ ရှိတော့မှာပေါ့ ဖေဖေ"

"သိနေတယ်လေ၊ ဖေဖေပြောရင် သမီး ဒီလိုပြန်ပြောမယ်ဆိုတာ ကြိုတွက်ပြီးသား"

"အဲဒါဆို ဘာလို့ပြောနေသေးလဲ ဖေဖေရဲ့"

"သမီးစိတ်ရှုပ်နေတာကို မမြင်ရက်လို့ပေါ့"

စိတ်ရှုပ်တာက ကိစ္စမရှိပါ။ ရင်မရှုပ်မိဖို့သာ အရေးကြီးတာ မဟုတ်လား။ ဝါနဲ့မြန်းပေးချင်တဲ့သူတဲ့။ အမယ်လေးနော်. . . စီးပွားရေးနဲ့ ဆက်နွယ်ပြီး ပြဿနာဖြစ်ပြီးမှ လူချင်း ဒီလိုဆုံရမှာလား။ မျက်နှာပူစရာကြီး၊ ဖြစ်သေးပါဘူး။ ဝါ့ကိစ္စကို မြန်မြန်ပြီးပြတ်အောင် ဖြတ်ရမှာပါလေ။

"သမီးကြီးကြီးနဲ့ရော၊ ပြောပြီးပြီလား"

"ဟုတ်"

"ဘာတဲ့လဲ"

"ဒီကိစ္စသေးသေးလေးကို ဝါရှင်းနိုင်ပါတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရော မေမေပါ ပြုံးတူပြုံးလိုက်ကြလေ၏။ အလို! ဒါဖြင့် ဝါ ဒီလိုတွေဖြစ်အောင် လူကြီးတွေအားလုံး ပေါင်းစီစဉ်ကြတာများလား။ 'သွား တွေ့'ဆိုပြီးလွှတ်ရင် 'ဝင်းဖန့်ဖန့်ဝါ'က ခေါင်းမာမာနဲ့ ပေကပ်နေမှာကို သိနေလို့ တမင်ဖန်တီးကြလေသလား။ လူကြီးငါးယောက်ရဲ့ဦးနှောက်ကို ဝါမှ မယှဉ်သာတာကိုး။

"ဖေဖေ"

"ပြော"

"ဖေဖေတို့ တမင်လုပ်ကြတာလား"

"ဟောဗျာ! ကြံကြံဖန်ဖန်တွေးရလား သမီးရာ၊ ဦးနှောက်ကောင်း သေးရဲ့လား။ ဘယ်သူက အရှုံးထပြီး ဒီလိုလုပ်ပါ့မလဲ"

"အေးလေ၊ ဟိုကလေးက အလုပ်ကို စနစ်တကျ သေသေသပ် သပ်လုပ်တတ်တာကို။ ဘယ်သူက ကိုယ့်ဘက်အနာခံပြီး လုပ်ပါ့မလဲ။ အရှုံးမှမဟုတ်တာ"

ဝါ မကျေမနပ်ဖြစ်သွားရပါ၏။ တကယ်တမ်းမှာ ဝါ့ဘက် ဘယ်သူ မှ မရှိပါလား။ မဖြစ်ပါဘူး၊ အတွင်းရေးတွေ တိုင်ပင်ဖို့လူက ကြီးကြီးကို မြင်ထားပေမယ့် မဖြစ်တော့ဘူးလေ။ ဟုတ်တယ်၊ ဝါ့မှာ တီးတိုးတိုင်ပင် ဖို့ မို့မို့ကို လျာထားရတော့မှာပါပဲ။

"မပြောနိုင်ဘူးလေ၊ ဝါသွားမတွေ့လို့ဆိုပြီး မေမေ လုပ်လိုက်တာ လားမှ မသိတာ"

"ရှင်တို့ စီးပွားရေးကိစ္စတွေ နားမလည်ပေါင်။ သမီး သွားမတွေ့ နိုင်ရင်လည်း ဟိုကလေးကို အိမ်ခေါ်ပြီး ထမင်းဖိတ်ကျွေးရုံနဲ့ ဆုံအောင် လုပ်ပေးလို့ရပါတယ် သမီးရယ်။ ရွှေဥဒေါင်းတော် မစူးရောက်စမ်းပါနဲ့"





ကဲ ! အပြောတော့ ခံရချေပြီ။ ဟုတ်တော့ဟုတ်သားပါပဲ။ ဝါတို့ကို ဆုံစေချင်ရင် နှစ်ဖက်အိမ်ကိုခေါ်ပြီး တွေ့စေလို့ရတာလေ။ သေစမ်း! ဝါ၊ ရှုံးပြီ။ ဘယ်လိုဖြစ်ပြီး ကလေးအတွေးမျိုး တွေးမိသွားရတာပါလိမ့်။ ကိုယ့် ကိုယ်ကိုယ် ရင့်ကျက်လှပြီလို့ ယူဆထားတဲ့စိတ်ကို ရှက်ရပြီး ဒေါသဖြစ် ရချေလေပြီ။

"ကဲ! ပြောပါဦး"

"ဘာကိုလဲ ဖေဖေ"

"လူချင်းဆုံဖူးသွားပြီမဟုတ်လား"

"ဘယ်သူ. . . ဪ. . . ဦးမင်းခန့်သာလား"

"ဟယ်! ဘယ့်နှယ် ဦးတပ်ပြီးခေါ်ရတာလဲ၊ သမီးနဲ့ကွာလှ လေးငါး နှစ်လေးကို"

မေမေ ဝင်ဟန့်လိုက်တာမို့ ငြိမ်လိုက်မိပါ၏။ တကယ်တမ်းမှာ သူ့ ကို 'လူကြီးမင်း'ဆိုပြီး လေသံမာမာနဲ့ ပြောခဲ့မှန်းသာသိရင် မျက်လုံးပြူး ကုန်ကြမှာကိုး။ စိတ်ထိန်း. . . ဝါ၊ မိဘတွေရှေ့မှာ စကားများသွားလို့ မဖြစ် ဘူးလေ။

အစကတည်းက မြန်းဖို့ရည်စူးထားရင် ရှေ့ဆက် အဆင်ပြေဖို့က Free ပါပဲ။ ခက်တာက ဝါကိုယ်တိုင် သူ့ကိုမြင်မြင်ချင်း ကြည့်မရဘဲ၊ မျက်စိထဲ ထောင့်မကျိုးသလို ဖြစ်ရတာကိုး။ ဟုတ်တယ်. . . ကြည့်လို့ကို မရဘူး။ ယောကျ်ားဖြစ်ပြီး မိန်းကလေးတွေအပေါ် ငဲ့ညှာစိတ်မရှိ၊ တစ် ဖက်သားအပေါ် စာနာစိတ်မထားတတ်၊ သူ့ဘက်ကိုယ့်ဘက် မစဉ်းစား တတ်၊ ကိုယ့်ဖို့သာ ကိုယ်သိပြီး အတော်အတ္တကြီးတဲ့လူမဟုတ်ပါလား။

"အမှန်အတိုင်း ပြောရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"ကြည့်လို့ကို မရဘူး"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဝါ့ကို တစ်ဖက်ကမူ့ဇာတိကဝန်ထမ်းဆိုပြီး အထင်သေးဆက်ဆံတာ၊ သူ့ဘက်ကိုယ့်ဘက် မျှတမတွေးတတ်တာ၊ ကိုယ်မှန်တယ်ဆိုပြီး တစ်ယူသန်စိတ်ရှိတာ၊ တစ်ဖက်သားကို ငဲ့ညှာစိတ်နည်းနည်းလေးမှမထားဘဲ တစ်ဖက်သတ် ဖိပြောတတ်တာ။ လူ့ကို လက်အောက်ခံဝန်ထမ်းပဲဆိုပြီး နှိမ်ကြည့်ပြောဆိုတာ။ အား. . . အကုန်လုံး တစ်စက်မှ ကြည့်လို့ကို မရဘူး။ အထူးသဖြင့် အဲဒီခပ်နှိမ်နှိမ်ကြည့်တတ်တဲ့မျက်လုံးတွေကို မကြိုက်တာဘဲ"

ဖေဖေရော မေမေပါ ရယ်ကြလေပြီ။ ဘာကိုလဲ။ ဝါပြောတာ မှားနေလို့လား။ ဝါ့မျက်စိနဲ့တွေ့လာခဲ့လို့ ပြောရတာလေ။ ဟုတ်တယ်၊ ကြည့်လို့ကိုမရမှတော့ ဝါတို့ကိစ္စကို ရှေ့ဆက်လို့ ဘယ်ရပ့ါမလဲ။ စောစောစီးစီးကတည်းက ချောင်းပေတော့ မင်းခန့်သာရေ။

"ပွဲက လှတယ်ဟေ့"

"သမီးပြောတဲ့အတိုင်း သူ့ဘက်ကလည်း သမီးကို အဲဒီလိုမြင်နေရင်ကော"

"ဟင်!"

ဝါ အတော်လေး လန့်သွားရပါ၏။ အလိုလေး! ဝါ့ကိုလည်း အဲဒီလိုမြင်ရတာပါလား။ ဘုရားရေ! ဘယ်လိုဖြစ်ပြီး ဝါနဲ့စိတ်ဓာတ်တိုက်ဆိုင်တဲ့လူနဲ့ ဒီလိုကြီးထိပ်တိုက်တိုးရတယ်လို့။ ကိုယ့်ကိုယ်ကိုယ် မာနကြီးမှန်းသိပေမယ့် လူမတူတဲ့ ဆန့်ကျင်ဘက်သူစိမ်းတစ်ယောက်နဲ့ ဆုံဖို့က အဝေး





ကြီးမဟုတ်ပါလား။

"ဝါ့ကို သူသိလို့လား"

"ဘယ်သိပ့ါမလဲ၊ ဖေဖေ့သမီးကို နာမည်ပဲကြားဖူးမှာပေါ့။ သမီးကို ဘယ်သူဘယ်ဝါမှန်း သူမသိလို့ အခုလိုဖြစ်ကြတာမဟုတ်လား"

"အို. . . ဘာပဲဖြစ်ဖြစ် ဝါ ကြည့်မရပါဘူး"

"သိပ်မရေရွတ်နဲ့ သမီးရေ၊ အဲဒီလိုကြည့်မရရာကနေ နီးစပ်ဖို့ဝကြတာပဲ"

"အာ. . . မေမေကလည်း"

"စကားတော့ ကြာကြာပြောဖြစ်ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်"

"ဘယ်လိုလဲ၊ သဘောမကျဘူးလား။ ဖေဖေလည်း အဲဒီလူငယ်နဲ့စဆုံကတည်းက သမီးနဲ့စိတ်ဓာတ် အတော်လေးတူမှန်းသိခဲ့ရတာ။ စကားလည်း နည်းတယ်၊ အလုပ်ကို တိကျပြတ်သားစွာလုပ်တယ်။ မဆုတ်မနစ်ဇွဲရှိတယ်။ သူမှန်တယ်လို့ယူဆရင် ဘယ်သူ့ကိုမှ အလျှော့မပေးဘူး။ အထူးသဖြင့် မိန်းကလေးတွေမြင်တိုင်း အရောမဝင်တတ်တဲ့ မာနလေးကို ဖေဖေ သဘောအကျဆုံးပဲ"

ကောင်းရော။ ဖေဖေရေရွတ်ပြသွားတဲ့ သူ့စရိုက်တွေက အကောင်းတွေချည်းပဲကိုး။ ထားပါတော့လေ။ အကုန်မှန်တယ်ဆိုရင်တောင်မှ ဝါ့အပေါ်မှာ ဤသို့သောအကြည့်မျိုး အပြောမျိုးဖြင့် ခပ်နှိမ်နှိမ်ဆက်ဆံခဲ့တာကို ဘယ်လိုမှမမေ့။ 'ဝင်းဖန့်ဖန့်ဝါ'ဆိုတာ ဘာကိုမှလွယ်လင့်တကူ အလျှော့မပေးတတ်တာကို သူလည်း သိစေရပေမည်။

"ဘာပဲဖြစ်ဖြစ် ဝါ့ဘက်ကတော့ No . . . ပဲ"



www.burmeseclassic.com

"ဆုံးဖြတ်ချက်က မြန်ပဲ့"

"သူ့ဘက်က ဘာပြောဦးမလဲမှ မသိတာ"

"မသိလက်စနဲ့ မသိပါစေနဲ့တော့ ဖေဖေ"

"ဘာလဲ၊ သမီးက ဖုံးထားချင်လို့လား"

"တမင်တကာ မဟုတ်ရပါဘူး၊ အလုပ်ကိစ္စနဲ့ မရောထွေးချင်လို့ပါ"

"အပြင်မှာ သီးသန့်ဆုံမယ်ပေ့ါလေ၊ ဟုတ်လား"

"အဲဒီလိုမှပေ့ါ သမီးရဲ့"

အတိုင်အဖောက်ညီနေကြသည့် မိဘတွေကြောင့် သက်ပြင်းကို နိုးရှိုက်လိုက်မိပါ၏။ ဘယ်လိုလဲ မင်းခန့်သာ၊ ရှင်နဲ့စဆုံစဉ်ကတည်းက စိတ်တွေကို မွှန်းကြပ် ရှုပ်ထွေးလာစေတာ ဘာကြောင့်များပါလဲ။

"ဆုံတော့ ဆုံရမှာပဲ၊ နောက်မှပါ"

"ဒါဆို ဦးခန့်သာနဲ့ ဒေါ်အေးအေးချိုကို မေမေတို့ ဘယ်လိုပြောထားရမလဲ။ လူငယ်ချင်း မဆုံပေးဘဲနဲ့တော့ မေမေတို့ငြင်းလိုက်လို့ မဖြစ်ဘူးနော်. . . ဝါ"

"မယုတ်မလွန်ပဲ ပြောထားပါ မေမေ"

"OK . . . ဖေဖေကြိုက်တယ်၊ ဖေဖေတို့ဘက်ကို ထွေးပေးတဲ့အတွက် Thanks ပါ သမီး"

"ဝါ့ဘက်က ခေါင်းညိတ်တာမျိုးမဟုတ်ဘူးနော်"

"အေးပါ၊ မေမေတို့သိပါတယ်"

စကားဝိုင်းက ဤတွင်အဆုံးသတ်လေ၏။ ညစာစားပြီး တအောင့်နားပြီးပြီးမှ အပေါ်ထပ်ကိုတက်ခဲ့ပါသည်။ ရင်ထဲ တအုံ့နွေးနွေးဖြင့် ဖိ





သိပ်ထားတာမို့ ရင်ပူလိုက်တာ မပြောပါနှင့်။ ဘယ်လိုလုပ်ရမလဲ။ လူချင်း မသိခင် ဒီလိုအဖုအထစ်တွေနဲ့ ပြဿနာအခံရှိပြီမို့ သူနဲ့ ရှေ့ဆက်ရမယ့် လမ်းက ပိတ်ပြီလေ။

ကောင်းပါ့။ လောလောဆယ်မှာ ရှင့်ကိုစဉ်းစားဖို့ထက် ဝါတို့ပြဿနာကို ပြေလည်အောင် စဉ်းစားဖို့ပဲရှိပါတယ် မင်းခန့်သာ။ ဒီထက် ဘာမှ မပိုပါဘူး။ လူကြီးတွေ ဘယ်လိုသဘောထားပါစေ၊ ဝါ့ဘက်ကတော့ အရှင်းကြီးပါပဲ။

"ဟဲလို"

"မမ. . . မွှိပါ"

"အေး. . . ပြော"

Phone မြည်သံကြောင့် ကိုင်ရင်း ဝရံတာဘက် ထွက်လာခဲ့ပါ၏။ အလုပ်ကိစ္စခွေးနွေးအပြီးမှာ ဝါ့အကြောင်းပြောမိစဉ် မွှိရဲ့ရယ်သံက အတော သတ်တော့ပါချေ။ ဒီချာတိတ်မ အခုတလော ဝါနဲ့ပတ်သက်ပြီး အတော့်ကို ရယ်တာ များနေပြီလေ။

"ဟဲ့! ရယ်မနေနဲ့လေ"

"မမက မွှိမဟုတ်ဘူးလို့ မပြောလိုက်ဘူးလား"

"ပြောစရာလား၊ ပြောမိမှ ပိုဆိုးသွားမှာပေ့ါ"

"သူက ခန့်ပါတယ် မမရယ်"

"ခန့်တာဘာလုပ်ရမှာလဲ၊ ပြုတ်စားလို့မှမရတာ"

"မမ သဘောမကျဘူးလား"

"လာပြန်ပြီ တစ်ယောက်"

"ဒါဖြင့် မနက်ဖြန်ကို မွှိပဲ ကိုတိုးတို့အဖွဲ့နဲ့သွားလိုက်ပါ့မယ်။ မွှိပဲ

www.burmeseclassic.com



သူကျေနပ်အောင် တောင်းပန်လိုက်ပါ့မယ်နော်"

"အေး"

"ယောက်ျားဆို ခန့်မှုဆို၊ မို့ ကြားဖူးတာပဲ"

စိတ်ထဲမှ မိုမိုကိုရေရွတ်ရင်း Phone ကိုပိတ်လိုက်တော့၏။ သူများ အကြောင်း ကွယ်ရာမှာပြောရင် 'အတင်း' တဲ့။ ဝါတော့ အတင်းအုပ်မိပြီ ထင်ပါရဲ့။ ရင်ဖွင့်နိုင်တယ်ဆိုလို့ ပြောမိတာပါနော်။ မကောင်းချည်းပြော တာ မဟုတ်ရပါဘူး။

မိုမိုတော့ ဝါ့အကြောင်းတွေ အကုန်သိကုန်ပါပြီ။ ဘယ်တတ်နိုင်ပါ့ မလဲ။ ဝါ့မှာလည်း တိုးတိုးတိတ်တိတ်ရင်ဖွင့်ရမယ့်လူက ရှိမှမရှိတာကိုး ဒီလိုအချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် Boss ဆိုတာထက် မမနဲ့ညီမလေး ဆိုပြီး သဘောထားမှန်း မိုလည်း သိနေမှာပါလေ။

⁂



# အခန်း ( ၅ )

ရုံးခန်းထဲထိုင်ရုံရှိသေး၊ Hand set မြည်လာသံကြောင့် လန့်သွား ရပါ၏။ အလုပ်ကိစ္စမှန်သမျှ ရုံး Phone ပဲသုံးကြတာ မဟုတ်ပါလား။ ဒီ Phone ကိုဆက်တာ ကြီးကြီးနဲ့မေမေတို့အပြင် မိုမိုသာ ရှိတာပါလေ။

"ဟဲလို"

"ဒီမှာ၊ မင်း မနေ့ကပြောတော့ တစ်မျိုး၊ လုပ်တော့ တစ်မျိုးပါလား ကွ။ ဘယ်လိုလဲ"

ကြည့်စမ်း! အခုမှ မနက် (၈)နာရီကျော်ရုံလေးပဲ ရှိသေးတာကို ခင်းအသံကြားရပါပေါ့လား။ ဘယ်တာဝရေစက်ကြောင့်များ ချင်းစိမ်းနဲ့ မိတ် ဆလင်လို ကြည့်မရဖြစ်ရတာပါလိမ့်နော်။ ပြေလည်အောင် ညှိပေးတာ တောင်မှ ပြဿနာက မပြီးသေးပါလား။

"ရှင်ပဲ အချိန်ရောလူပါ ထပ်မကုန်ချင်ဘူးဆိုလို့ စီစဉ်ပေးလိုက် တာလေ။ ဘာထပ်ဖြစ်ရပြန်ပြီလဲ။ အဲဒီမှာ ဆေးနမူနာတွေ ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက်ရွေးပါလေ့။ ရှင်ကြိုက်တဲ့ Colour ကို Phone ဆက်တာ ဒီကနေ အဖွဲ့လိုက်နဲ့ ဆေးပါ ပို့ပေးမှာ"

"မလိုဘူး၊ ငါ့တိုက်ကို ငါ့စိတ်ကြိုက်လူရင်းနဲ့ပဲ ဆေးသုတ်မှာ"

"ကျစ်! ရှင်ပဲ"

"မင်းလူတွေက စေတနာမပါဘဲ ဖြစ်သလိုလုပ်သွားရင် ဘယ့်နှယ် လုပ်မလဲ။ နှစ်ပြားတစ်ပဲတန်ပစ္စည်းမဟုတ်ဘူးကွ"

"ဒီမယ် လူကြီးမင်းရှင့်"

"လူကြီးမင်းမနေနဲ့၊ အခုချက်ချင်းလာခဲ့။ မင်းရဲ့ ဘာမဟုတ် တောက်တိုမယ်ရကောင်မလေးကို ဒီအတိုင်းလွှတ်လိုက်ရသလား။ ဒီ ယောက်ျားတွေချည်းရှိတာ သိရဲ့သားနဲ့"

"ဘာ!"

"မြန်မြန်လာ၊ ဒါပဲ"

တောက်! ဒေါသထွက်လာပြီနော်။ လူကို ဘာများမှတ်နေသလဲမ မြန်မြန်လာဆိုပဲ။ အမိန့်ကလည်း ပေးတတ်ပါ့။ အဲဒီမှိုမှိုကလည်း တာ ယူမယ်ဆိုပြီး ဘာမှဖြစ်ဖြစ်မြောက်မြောက်မရှိပါလားနော်။ နေပါဦး။ Secretary ကိုများ တောက်တိုမယ်ရကောင်မလေးတဲ့။ တောက်! ငါနေ ဒင်းကိုတော့ အမှုန့်ကြိတ်ချင်တော့တာပဲ။ သူများဝန်ထမ်းကို ချိုးချိုး နဲ့။ တကယ်ပါပဲ။

"ဟဲလို. . . မမ"

"နင့်လူကြီးကို သေချာမပြောဘူးလား"

"ပြောတာပဲ မမရဲ့၊ ရမှမရတာ။ မှိုကိုမြင်တာနဲ့ ဘာလာလုပ် လဲ။ မနေ့က တစ်ယောက်ရောဆိုပြီး ဆီးဟောက်တော့တာ"





"ဒါနဲ့ပဲ ရှင်နဲ့ဆုံဖူးတယ်ဆို"

"ဩော်. . . ဆုံဖူးတာက မှိုအရင်အလုပ်မှာတုန်းက မန်နေဂျာနဲ့ အတူ Dinner သွားစားရင်း ဆုံဖူးတာ။ မိတ်ဆက်ပြီး သိကြတာမျိုးမှ မဟုတ်တာ"

"ဟော့! လေများမနေနဲ့လေ၊ ဟိုတစ်ယောက် အခုထိ မလာသေး ဘူးလား။ ဒီပုံစံနဲ့ အလုပ်ကို ဘယ်လိုလုပ်နေလဲမသိ။ တိုးတက်ကြီးပွား ဦးမယ်"

"မမ လာတော့နော်"

"ဟဲ့! ဆေးရွေးခိုင်းထားတာကို အရင်"

"မမလူကြီးက မမလာမှ ရွေးမယ်တဲ့။ ဖွတ်ပြောနေတာ၊ ဘယ်လို လုပ်ရမှာလဲ"

"ကျစ်!"

သေတော့မှာပဲ။ ဒင်းကို နင့်လူကြီးလို့ပြောကာမှ မမလူကြီးဆိုပြီး ပြန်ပို့တော့တာလေ။ ဒီကိစ္စက ဝါကိုယ်တိုင်ဖြတ်မှ ပြတ်မှာမို့၊ မှိုမှိုကို ဒီ ပြန်လာခိုင်းရုံသာ ရှိတော့၏။ ဝန်ထမ်းတွေကို မှာသင့်တာမှာပြီး ကားဖြင့် ထွက်ခဲ့ရလေသည်။ ဒင်းတော့ လူကိုမမြင်ရရင် မနေနိုင်ပုံနဲ့ လုပ်နေပါ ရောလား။

ဝါထွက်ပြီး မကြာခင် မှိုမှို ကုမ္ပဏီပြန်ရောက်လာလေ၏။ ရုံးချိန် နို ကားလမ်းက တော်တော်နှင့်မချောင်ဘဲ ကိုးနာရီကျော်မှ သူ့ခြံသို့ရောက် လေသည်။ ဘသားချောကတော့ ခြံဝမှာ ခါးကြီးထောက်ပြီး ဝါ့ကိုစောင့် နေပုံပါလေ။

"လာပါ. . . လာပါ၊ မနေ့ကတော့ ဟိတ်ဟန်တစ်ခွဲသားနဲ့စိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အခုလို မျက်နှာလွှဲခဲပစ်လုပ်လိုက်တာ ကောင်းလား''

''ကျွန်မမှာ အလုပ်တွေရှိတယ်ရှင့်''

''အလုပ်ရှိတယ်ဆိုပြီး Reason မပြပါနဲ့။ ငါလည်း အလုပ်
တဲ့လူပဲဟာ။ Colour တောင် ဘာမှန်းမပြောနိုင်တဲ့ကောင်မလေးကို
အတိုင်းလွှတ်လိုက်ရအောင် အလုပ်ကို အလေးအနက်မထားတတ်
လား မမို့မို့သန့်''

ကျွတ်! ခက်တာပဲ၊ ဝါ့ကိုက Secretary ပုံစံပေါက်နေတာ ထ
ရဲ့။ မို့မို့လည်း ကိုယ်တိုင်မိတ်ဆက်ခွင့်မရဘဲ သူ ဆီးဟောက်တာနဲ့ တ
တိုးရတာပဲဖြစ်မှာလေ။ သွားပါပြီ၊ ဝါ့ကိုယ်ဝါ ဘယ်သူဆိုပြီး မိတ်ဆက်
ကိုယ့်ကိုယ်ကိုယ် မထ္ထာပ်တှင်တက်ပြသလိုဖြစ်မှာလဲစိုး၊ ပြီးတော့ ဖေ
တို့ကိုယည်း ပြောပြီးသားမို့ အကျဉ်းအကျပ်ထဲ ရောက်နေရပါရော
'ဝင်းဖန့်ဖန့်ဝါ'။ ခက်များခက်ပါရဲ့။

''ရွေးပြီးပြီလား''

''မရွေးပါဘူး၊ မင်းမှ ရောက်မလာသေးတာ''

တွေ့လား. . . ဘယ်လောက်ကပ်သပ်တဲ့လူပါလဲ၊ ဝါ့ကို စိတ်
တိုအောင် ဆွနေတော့တာလေ။ ဘာစကားမှ မများချင်တဲ့လူကို အ
ပြောရတယ်လို့။ မို့မို့က ဒီလိုဆေးရောင်တွေကို သိပ်မပြောတတ်ဘဲ C
number နဲ့သာ ပြောပြီး မှာတတ်တဲ့လူပါ။ ဘာပဲဖြစ်ဖြစ် ဝါ့ဝန်ထမ်
နိမ်တာလည်း မကျေနပ်ချင်ပါဘူးလေ။

''ကဲ! မြန်မြန်ရွေး''

''ဘာလဲ၊ ရွေးတာပြီးရင် ပြန်တော့မှာလား''

''ဒါပေါ့''





''ရမလားကွ၊ မင်းဟာလေ. . . တစ်ခါမှာပြီးတဲ့ကိစ္စကို သင်ခန်း
မယူတတ်ဘူး။ ပြီးပြီးရော သိပ်လုပ်တာပဲ''

''ဒီမှာ! ရှင် လူတစ်ဖက်သားကို နှိမ်ပြီးမပြောပါနဲ့။ ဆေးပုံးတွေကို
ပြီး ကလိမ်ကကျစ်လုပ်တဲ့ဝန်ထမ်းကို အလုပ်ဖြုတ်လိုက်ပြီးပြီ၊ ရှင့်ကိစ္စ
သင်ပြေရင် ပြီးရောပေါ့''

''မပြီးဘူး၊ ဒီတိုက်ဆေးသုတ်လို့မပြီးမချင်း မင်းတာဝန်မပြီးဘူး
''

''ဘာရှင့်''

''တွေ့တယ်မဟုတ်လား၊ မင်း Boss က ဘယ်လောက် တိကျ
တ်သားလိုက်သလဲ။ အလုပ်ဆိုတာ အဲဒီလိုမြန်ဆန်ပြီး ပြတ်သားမှဖြစ်
မှန်း! ဘာရောင်တွေလဲ၊ အခု Colour မျိုးပဲလိုချင်တာ''

မျက်စောင်းခဲလိုက်မိပါ၏။ လူကို ရှေ့တည့်တည့်မှာထားပြီး ချီးမွမ်း
ားလည်း ဆိုရဲ့တာပါလား။ ဝါ့ကို တကယ်ပဲ 'ရောင်ခြည်ဦး'ရဲ့ အတွင်း
မှူးလို့ပဲ သူထင်နေတာပါလေ။ ကောင်းရော. . . ဒီအခြေအနေကို
ယ်လိုမှ ရှင်းလို့မရတော့ပါချေ။

ပြောစရာရှိတာကို အားမနာစတမ်း မျက်နှာမထောက်ထားဘဲ ပြော
တတ်ပေမယ့် သူ့ သဘောကျတဲ့အချက်ရှိရင်လည်း ချက်ချင်းထုတ်ပြော
င့်ရှိတာကိုတော့ ဝါလည်း နှစ်သက်ပါ၏။ ခက်တာက ဝါ့အခြေအနေ
လူကြီးတွေက ဝါနဲ့သူ့ကို နီးစပ်စေချင်ကြတာမို့ ဝါက ကြိုသိနှင့်ပြီး၊
အပေါ် မျက်နှာပူကာ ရင်ထဲစိုးထိတ်နေရတာလေ။

သိသွားရင် သူ့ကိုဖုံးဖိမျိုသိပ်ထားလို့ဆိုပြီး စိတ်ခုလေမလား၊ အရေး
ဘူးပါဘူးဆိုပြီး ပေါ့ပေါ့လေးသဘောထားရင် ကောင်းမှာပဲ၊ ဝါက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ နှစ်ယောက်တည်းတစ်ဘဝ တည်ဆောက်ဖို့ စိတ်ကူးမှ မရှိတာကို

"ဟောကြည့်! တွေ့လား. . . စိတ်က လူနဲ့မကပ်ပြန်ဘူး"

"ဘာ"

"ဒီ Colour ယူမယ်၊ ဆေးပုံးတွေ လာပို့နိုင်းပြီး ဆေးသုတ်တ...

ကို စောင့်ကြည့်ပေးပါ"

"ဒီမှာ"

"ဒီမှာတွေ ဟိုမှာတွေ Complain တက်မနေစမ်းပါနဲ့။ ငါသ...

နှုတ်မစောင့်ဘဲ မင်း Boss ကိုပြန်ပြောရင် အခုလောက်ဆို CV For...

တစ်ထပ်ကိုင်ပြီး မင်း အလုပ်လိုက်လျှောက်နေရပြီမှတ်။ စေတနာထ...

ပြီး အလုပ်ကိုလုပ်စမ်းပါ"

ကြည့်စမ်း! လူကို နှိမ့်ချပြီး ပြောနေပြန်ပြီ။ ဒင်းတော့ သေချ...

ထင်ပါရဲ့။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဝါ့စိတ်ကို ထိ...

နေရပါ၏။ ဝင့်လည်တာပဲလား။ မဟုတ်သေးပါဘူး၊ ဝါက ကိုယ့်ဝန်ထ...

တွေကို စည်းကမ်းတကျအုပ်ချုပ်ပြီး စကားပြောရင် လေသံမာမာနဲ့ ခ...

ပြတ်ပြတ်ပြောတတ်တာကလွဲလို့ အဆင့်အတန်းခွဲခြားတတ်တဲ့လူမှမဟု...

တာလေ။

ဝါ့တစ်သက်မှာ ဒီလိုမျိုး လူကို မိန်းမနဲ့ယောကျ်ား မခွဲခြားဘဲ ...

ဟောက်ပြောဆိုတတ်တဲ့လူကို ဒီတစ်ခါပဲ တွေ့ဖူးတာပါ။ နေပါဦး၊ ဝါကို...

တိုင်လည်း အလုပ်ကို ဒီလိုမျိုး ယောကျ်ားမိန်းမ ပိုင်းခြားတတ်တဲ့လူ...

မဟုတ်တာ။ ဘုရားရေ! ဝါတော့ တကယ်ပဲ ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြ...

လာသလိုဖြစ်နေပြီလား။

"ဟော့!"





"အ!"

နဖူးကို လာပုတ်လိုက်တာမို့ လန့်သွားရပါ၏။ ဘယ်လိုလဲ၊ လူကို

...ရင်းတနှီးပုံစံမျိုးနဲ့ ပြုမူရတယ်လို့။ နားမလည်ဟန်ဖြင့် ကြည့်မိစဉ် သူ

...ာ မျက်လုံးပြူးပြူးကြာ ဝါ့ Phone ကို မျက်စိဖြင့် ပြလိုက်လေသည်။ ငါ

...တော့နော်. . . အလုပ်ထဲ စိတ်မနှစ်မိဘဲ သူ့ကိုဒေါသတွေဖြစ်နေတာနဲ့ပဲ

...တုန် ကမောက်ကမဖြစ်ကုန်ပါပြီ။

"ဟဲလို . . . မမ"

"ဆေးလာပို့လို့ရပြီ၊ Code နံပါတ် သေသေချာချာမှတ်"

"ဟုတ်"

" 00528, 00530, အားလုံး ပုံး (၅၀)နော်၊ 28 က နှစ်

...ယ်၊ 30 က သုံးဆယ်"

"အရင်က များနေပြီ မမ"

"လျှာမရှည်ပါနဲ့၊ ငါသိတယ်။ မြန်မြန်သာပို့ချေ"

"ဟိုလေ၊ ကိုတိုးတို့အဖွဲ့"

"မလွှတ်နဲ့တော့၊ မလိုတော့ဘူး။ ဒါပဲ"

ဝါက Phone ပြောပြီးသည်နှင့် ပိတ်လိုက်တာမို့ သူက မယုံသင်္ကာ

...နဲ့ဖြင့် ပုံးသေးသေးလေးတွေ ရွေးထားတာကို နောက်တစ်ကြိမ် ပြန်

...ကြည့်လိုက်လေ၏။ လူကို သံသယဝင်နေတာပေါ့လေ။ ဝါက ကိုယ်လုပ်

...တဲ့အလုပ်ကို အမြဲစိတ်ဝင်တစားဖြင့် ကိုယ်တိုင် ဆင်းလုပ်လေ့ရှိတဲ့

...း အထူးသဖြင့် ဒီလို ဂဂျီကျောင်ကျသည့် Customer တွေကို

...lour ရောပေးရတိုင်း ကိုယ်တိုင် နမူနာရောစပ်ပြီးမှ ပို့လေ့ရှိတာမို့

...de နံပါတ်တွေကို အလွတ်ရနေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မှားနေပြီနော်၊ ငါမှာတာ အဲဒီနံပါတ်မှမဟုတ်တာ"

"ရှင်ပဲ ဒီ Colour ဆို"

"ဟုတ်တယ်လေ၊ ဒါပေမဲ့"

"ဒီ Colour က တစ်ခါတည်း Original Colour လိုရမယ်လို့ ထင်နေလား။ နှစ်မျိုးရောထားတာရှင့်။ သိရဲ့လား"

"ဘယ်လို"

"ပစ္စည်းလည်းမှာသေး၊ ဈေးကလည်း များသေး၊ စိတ်ကိုရှုပ်တယ် ရှင်လိုချင်တာရရင် ပြီးရောမဟုတ်လား"

"ဟ! Customer ကို မင်း ဒီလိုပဲဆက်ဆံရလား"

"Newton's Law ကို ရှင်သိတယ်မဟုတ်လား။ အဲဒီလိုပဲ"

"မင်း. . ."

ဝါက သူ့ကိုပြောပြီးသည်နှင့် ကုမ္ပဏီကားလာတာကိုစောင့်ရန် ဖြ[illegible] ဘက် လျှောက်လိုက်ပါ၏။ ဒီတစ်ခါ ဒေါပွသွားသည့်လူက သူဖြစ်သွ[illegible] လေသည်။ တိုက်ရှေ့မှာရပ်နေရာမှ ဝါ့နောက်သို့ တကောက်ကောက်လိ[illegible] ပါလာလေသည်။ ရော်! ဒီလူနဲ့တော့ ခက်တာပဲ။

"ဒီမှာ"

"ဘာလဲ"

"မင်းနော်. . . ငါ့ကိုအော်ပြန်ပြီ"

"မအော်စေချင်ရင် ရှင်လည်း ကျွန်မကို လေပြည်လေးနဲ့ ပြေ[illegible] လည်လည်ပြောမှပေါ့"

"ဘာလို့ပြောရမှာလဲ၊ မင်းတို့ဘက်ကလည်း Foul သေးတယ် ငါကပဲ ပြန်တောင်းပန်ရမလိုအချိုးမျိုး မလုပ်ပါနဲ့။ အလုပ်လုပ်တယ်ဆို[illegible]





သူ့ဘက်ကိုယ့်ဘက် မျှမျှတတနဲ့"

"သိတယ်. . . သိတယ်၊ ရှင် ဆရာလုပ်စရာမလိုပါဘူး။ ဒီလောက ထဲရောက်တာ အတော်ကြာနေပြီ။ ရှင့်လိုလက်ပေါက်ကပ်တဲ့လူမျိုး ဒီတစ် ခါပဲ ကြုံဖူးတယ်။ အဟုတ်ပဲ"

"ဘာ! မင်း. . . မင်း"

"ဘာလဲ. . . တိုင်ချင်ရင် တိုင်လိုက်လေ၊ မိန်းမလိုမိန်းမရစိတ်မျိုး နဲ့ ကုမ္ပဏီကိုတိုင်လို့ ရမယ်များ ထင်နေလား။ ရှင့်စကားကို ဘယ်သူက ယုံမှာလဲ။ ရောင်ခြည်ဦးဆိုတာ ဒီလောကမှာ နာမည်တစ်လုံးနဲ့ ရပ်တည် နေတာရှင့်"

"ဟာ. . . မင်း အတော်စွာပါလား"

"အခုမှသိလား"

"တီ! တီ!"

ကားဝင်လာပြီမို့ သူနှင့်ဝါရန်ပွဲက ရပ်သွားရပါ၏။ ဟုတ်တယ်၊ တကယ်ပါပဲ။ ဝါက စကားများများ မပြောချင်ကဲ့လူလေ။ အခုမှ သူနဲ့ဆုံ ပြီး တစ်ခွန်းမခံပြောရတာမို့ စိတ်ရောလူပါ မောလိုက်တာ မပြောပါနဲ့တော့။

ပုံးတွေကို Colour အရင့်နှင့်အနု ခွဲစီထားကာ၊ ဝါက ဝန်ထမ်း တွေနှင့် ယူလာသည့်လက်အိတ်ကိုစွပ်ကာ ဆေးရောပေးရန် ပြင်လိုက်ပါ သည်။ သူက ဝါ့ကို ဤမျှထိ မလုပ်တတ်သလိုထင်ထားတာမို့ တအံ့တသြ ဖြစ်နေလေ၏။ မျက်နှာစာမှာ ဘာမှမသုတ်ရသေးတာမို့ ဝါက ဆေးကို အနေတော်သာ တစ်ပုံးစပ်ပေးလိုက်ပါသည်။

ကွက်တိကွက်ကြားဖြစ်နေသည့် ဘေးဘက်နေရာတွေကို ဖုံးနိုင်[illegible] အရောင်ကို ရင့်ပေးရမှာလေ။ ကိုယ်တိုင်က ခဲရောင်လို အနက်လို Colour



www.burmeseclassic.com

www.burmeseclassic.com



မျိုးသာ နှစ်သက်ပေမယ့် Colour စပ်တိုင်း Computer ဖြင့်အရင်ရှာပြီးမှ ဖော်စပ်တာမို့ ဒီအရောင်တွေကို ဝှါအနေနဲ့ သိပ်စိမ်းမနေပါလေ။

ဒီနေ့တစ်နေ့စာသုံးလို့ကုန်မည့် ဆေးပုံးကိုသာ ပြင်ဆင်ပေးလိုက်ပါ၏။ ဆေးသုတ်တော့လည်း တိုက်ပိုင်ရှင်ဖြစ်သည့်သူက မကြီးကြပ်ရပါဘဲ ဝါကသာ 'ဟိုနေရာ ထပ်သုတ်ဦး'၊ 'ဒီကြားနေရာလေး ကျန်ခဲ့ပြီ' စသဖြင့် လက်ညှိုးထိုးကာ ပြောနေမိလေသည်။

အလုပ်ထဲ ရှာန့်ဝင်နေတာမို့ သူ့ကိုမေ့နေမိပါ၏။ နေရောင်ခြည် အပူဒဏ်ကြောင့် မျက်မှောင်ကြုတ်ကာ အရိပ်ဘက် ဆုတ်လိုက်စဉ် ဝှါ အနောက်မှာ ရပ်နေသည့်သူနှင့် တိုက်မိလေသည်။ အလို! ဘယ်လိုဖြစ်ပြီး ဒီလူက ဝှါကို လက်ပိုက်ပြီး ငေးကြည့်နေတာပါလိမ့်နော်။ စိတ်ရှုပ်ရပဲ့။

❦❦❦



## အခန်း ( ၆ )

ဗိုက်အရမ်းဆာလွန်းနေတာမို့ မေမေထည့်ပေးသည့်ထမင်းကို အားရပါးရ စားနေမိပါ၏။ စိတ်ထဲမှာလည်း ဒင်းကို မေတ္တာတွေ အတုံးလိုက်အတစ်လိုက် ပို့နေမိလေသည်။ လူကို ငွေမပေးရတိုင်း နင်းကန် ခိုင်းစားတာကိုး။

''ဖြည်းဖြည်းစားပါ သမီးရယ်၊ နင်နေပါဦးမယ်''

''မနက်ကတည်းက ထမင်းငတ်ခဲ့ရတာ မေမေရဲ့၊ ဒင်းကြောင့်''

''ဩော်. . . ဆာရင်လည်း ဆာတယ်ပြောပြီး တစ်ခုခုထွက်စားမှပေါ့။ ဘယ်လိုဖြစ်ပြီး တစ်နေကုန် ဆိုက်ထဲ ဆင်းရတာလဲ''

''အဲဒါ ရွှဲတာလို့ခေါ်တယ် မြရေ။ သူဘယ်လောက်လုပ်နိုင်တယ်ဆိုတာ ပြချင်လို့ တစ်နေကုန် ပေကပ်ပြီး လုပ်ပြတာ''

''ဖေဖေ''

''မဟုတ်လို့လား''

ဖေဖေက စာကြည့်ခန်းထဲမှထွက်လာရင်း ဝါတို့သားအမိရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲသို့ရောက်လာလေသည်။ ရွှဲတာတဲ့။ ဟုတ်များဟုတ်နေမလား။ ဝါကိုယ်တိုင် အားကြိုးမာန်တက်လုပ်နေတာမို့ သူလည်း ဘာတစ်ခုမှမစားဖြစ်ဘဲ ဝါ့အနီးမှာသာ ရှိနေတာပါ။

အလုပ်သမားတွေက အလှည့်နဲ့နားပြီး နေ့လယ်စာစားကြတာမို့ သူတို့နားချိန်မှာ ဝါက ညနေသုတ်ရန်ဆေးကို စပ်ပေးနေခဲ့တာလေ။ ရွှဲပြစရာလား။ သူ့ကိုရွှဲပြီး လုပ်ပြလို့ ဝါ့အတွက် ဘာများအကျိုးရှိမှာမို့လို့လဲ။ ဝါက အလုပ်လုပ်ရင် ကိုယ့်အတွက် အကျိုးရှိလား၊ ဒါမှမဟုတ် သူတစ်ပါးအတွက် အကျိုးရှိလား။ ဒီလိုမှမဟုတ်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိပါ့မလားဆိုပြီးစဉ်းစားပြီးမှ လုပ်တတ်တာလေ။

အဲဒီသုံးချက်မှာ မရှိတဲ့အလုပ်မျိုးကို ဘယ်တော့မှမလုပ်ခဲ့ပါ။ လူတိုင်းမှာ ဦးနှောက်ရှိတာမို့ ဒီဦးနှောက်မှာ တွက်ချက်ပြီးမှ လုပ်ဆောင်ရင် အမှားဆိုတာ ဘယ်တော့မှမရှိတာပါလေ။ ဒါတောင်မှ သူနဲ့ပတ်သက်ပြီး ဝါ့ဦးနှောက်က အသုံးမကျတော့ဘူးလား။ ခက်ပါရဲ့။

"ဘာဖြစ်လို့လဲ ဖေဖေ၊ ဝါက ဘာများမှားနေလို့လဲ"

"သမီးကိုမှားနေတယ်လို့ ဖေဖေ မပြောပါဘူး။ မောင်မင်းခန့်သာနဲ့သမီးက ရေစက်ရှိနေလို့ ထင်တာပဲလား"

"အာ. . . မဟုတ်တာဘဲ"

"မဟုတ်ဘူးလား၊ သမီးကို ဘယ်သူဘယ်ဝါမှန်းမသိဘဲ တရင်းတနှီးနဲ့ဆက်ဆံချင်တာလေ။ သာမန်မဟုတ်တဲနဲ့တော့ သူ့အနီးအနားမှာ သမီးကို တစ်နေကုန်ခေါ်ထားမလား၊ စဉ်းစားကြည့်ပါဦး"

"မဟုတ်ပါဘူး ဖေဖေရယ်၊ သူက သူ့ဘက်ကို တစ်ဖက်တည်းကြည့်တတ်တဲ့လူပဲဟာ။ သူ့ကိစ္စအဆင်ပြေဖို့အတွက် ဝါ့ကိုခေါ်ထားတာ





ဝါအသိဆုံးပါ။ ဝါ့ကုမ္ပဏီနာမည်မပျက်ချင်တာမို့ သူ့ဆန္ဒအတိုင်း ဝါလုပ်ပေးခဲ့တာပါ။ ဒီ့ထက်မပိုပါဘူး"

"ဒါက သမီးဘက်ကလေ၊ သူ့ဘက်က အဲဒီလိုမဟုတ်တဲ့အနေအထားမျိုးဖြစ်နေရင် ဘယ့်နှယ်လုပ်မှာလဲ"

ဝါ မျက်မှောင်ကြုတ်သွားရပါ၏။ ဘယ်လိုဖြစ်ပြီး ဖေဖေက လိုရာကိုဆွဲပြီး တွေးနေတာပါလိမ့်။ ဝါကဖြင့် သူ့တိုက်ပြီးရင် သူနဲ့ဝါက နောက်ထပ်မှာ ဘယ်လိုမှတွေ့စရာမရှိတော့မှန်း စိတ်ထဲမှာ တွေးထားပြီးတာပါလေ။ ဒါနဲ့များ ဝါ့ကို သူနဲ့ရေစက်ရှိတယ်လို့ ပြောရတာပါလဲ။

"ဖေဖေ ဘာကိုဆိုလိုချင်တာပါလဲ"

"ဒါတော့ သမီးလည်း ဆက်စပ်တွေးတတ်တာပဲဟာ"

"သူ့တိုက်က ဆေးသုတ်တာပြီးရင် ပြီးပြီပဲဖေဖေရယ်၊ ဝါနဲ့ ဘယ်လိုမှ ထပ်တွေ့စရာမှမရှိတော့တာ"

"ထင်နေလို့လား"

"ဟင်! "

"ထပ်ပြီးတွေ့အောင် သူဖန်တီးလာမယ်ဆိုရင်ကော သမီး ဘာဆက်လုပ်မှာလဲ"

တွေဝေသွားရပါ၏။ ထပ်တွေ့စရာတဲ့လား။ ဘယ်လိုလဲ၊ ဝါက တွေးထားတာ ဘာမှမရှိပါဘဲ ထပ်တွေ့စရာမှမရှိတာလေ။ ဘာဖြစ်လို့များ ဝါ့ထက် ဖေဖေက ပိုပြီးကြိုတွေးတတ်နေရတာပါလိမ့်၊ လူငယ်တွေရဲ့ဦးနှောက်ထက် ပိုပြီးများ ဖေဖေက ပိုထက်မြက်နေလို့ပဲလား။

"သူနဲ့သမီးကိစ္စကို ဆွေးနွေးပြီးပြီလား ဖေဖေ"

"ဒါတော့ ဖေဖေမပြောတတ်ဘူးလေ၊ သူ့မိဘတွေပြောရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သမီးနာမည်ကို သူရင်းနှီးပြီးသားဖြစ်မှာပေါ့''

မဖြစ်နိုင်ပါလေ။ ဝါ့နာမည်ကိုသာ သူရင်းနှီးနေရင် ဝါ့ကို တခြား နည်းလမ်းမျိုးနဲ့ ဆက်သွယ်လာမှာပေါ့။ ဒီလိုမျိုးပြဿနာရှာပြီး တွေ့စရာ မှ မလိုတာပါလေ။ ဟုတ်ပါ့မလား. . . လူဆိုတာ လူတိုင်းနဲ့စိတ်တူတတ် တာမှမဟုတ်ဘဲ။ သူ့အတွေးထဲကို ဝါက ဝင်ပြီးရှာတွေ့ဖို့မှမရှိတာလေ။ ရှုပ်ပါ့ ဝါရယ်။

''ဘာပဲဖြစ်ဖြစ် ဝါကတော့ သူနဲ့ပတ်သက်စရာ ဘာမှမရှိဘူးလို့ ထင်တာပဲ''

''ကြီးကြီးဆီက Phone လာပါတယ် အန်တီ''

''အေးအေး. . . လာပြီ''

မိန္နီ လာပြောတာမို့ မေမေက ဝါ့အနားမှထွက်သွားလေ၏။ ကြီး ကြီးတဲ့၊ ဝါ့ကိစ္စကို ကြီးကြီးနဲ့တိုင်ပင်လို့ရပါ့မလား။ မေမေတို့ပြောသလို ပဲ ဝါ့ကို ဒီဘဝမှာ တစ်ကိုယ်တည်း အပျိုကြီးနဲ့ တစ်သက်လုံးနေဖို့မပြော ရင် ဘယ့်နှယ်လုပ်ရမှာလဲ။ အဲဒါဆိုရင်တော့ တကယ့်ပြဿနာအကြီးကြီး ပါပဲ 'ဝင်းဖန့်ဖန့်ဝါ'ရယ်။

''ဖေဖေကတော့ သမီးဆီကို သူ တစ်ရက်ရက်တော့ ရောက်လာ လိမ့်မယ်လို့ ထင်ကိုထင်နေတယ်''

''ဘယ်လိုနည်းမျိုးနဲ့လဲ''

''မသိဘူးလေ၊ တစ်ခုခုပေါ့''

ဝါ ခေါင်းခါလိုက်မိပါ၏။ မဖြစ်နိုင်ပါဘူး။ ဘာကိစ္စရှိရမှာလဲ။ အ လို စိတ်ခုပြီး ပြဿနာရှိတဲ့ကုမ္ပဏီမှန်း သူသိတာလေ။ ဝါ့ဘက်က ဝန် ထမ်းနဲ့ငွေကြေးက ရှုံးတာမို့ စိတ်ဆိုးရတာအမှန်ပါ။ စီးပွားရေးဆိုတာ





အမြတ်၊ အရှုံးနဲ့အရင်းဆိုတဲ့ အခြေခံအချက်သုံးချက်ပဲ ရှိတာမို့ တစ်ခုခု ပဲ ရမှာကိုး။

ဒီတစ်ကြိမ်ရှုံးရတဲ့ငွေထက် သူပြောသလိုဘဝအတွက် သင်ခန်းစာ ငါးခု ရခဲ့တာလည်း မှန်ပါတယ်။ မိသားစုစီးပွားရေး အဆင်မပြေရင် ကုမ္ပဏီမှာ ဝန်ထမ်းချေးငွေ ထုတ်ပေးတတ်မှန်းသိနေပေမယ့် ကိုယ့်ကုမ္ပဏီ ပစ္စည်းကို မှောင်ခိုဈေးနဲ့ ခိုးရောင်းတဲ့ဝန်ထမ်းက အကျင့်စာရိတ္တပျက်တဲ့ အချက်နဲ့ ထုတ်ပယ်ခဲ့ရတာပါ။ ဝါကိုယ်တိုင်ခေါ်ပြီး အဲဒီကောင်လေးကို ဘာချေပခွင့်မှမရှိဘဲ တစ်သံတစ်မိန့်နဲ့ 'ထွက်'ဆိုပြီး နှင်ထုတ်ခဲ့ရတာ ရင်ထဲမှာ ခုချိန်ထိ မကောင်းသေးမှန်း ဝါ့ကိုယ်ဝါ အသိဆုံးပါလေ။

မှန်ရဲ့လား။ ငါဘာများလိုအပ်နေသေးလဲ။ ဘာပြစ်ချက်တွေများ ရှိနေသေးလဲ။ ဝန်ထမ်းတွေအပေါ် အုပ်ချုပ်မှုပေါ့နေသေးလို့လား။ နွေး ထွေးစည်းလုံးမှုမျိုးရှိမနေရင် ဒီကုမ္ပဏီကို ဆက်အုပ်ချုပ်ဖို့ အရည်အချင်း မျိုး ဝါ့မှာ ပြည့်စုံရဲ့လားဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ခဲ့ရတာ ည တိုင်းပါပဲ။

ဒီအသက်ဒီအရွယ်လေးနဲ့ ဦးစီးနေတဲ့ MD ကို ငယ်လွန်းတယ်ဆို တဲ့အမြင်နဲ့ မလေးစားကြတာများလား။ သူ့ကိုပဲကြည့်လေ၊ ဝါ့ကိုရော ကုမ္ပဏီကိုပါ အထင်သေးပြီး အခုလို လျော်ကြေး(တစ်နည်းအားဖြင့်ပေါ့) မျိုး ပြန်ယူခဲ့တာလေ။ ဒီလိုမျိုး ဘယ် MD က ကိုယ်တိုင်လုပ်ပေးမှာတဲ့ လဲ။ ဝါကသာ အရှုံးထပြီး ကိုယ်တိုင်မနေတတ်မထိုင်တတ်နဲ့ သူ့နားကို ရောက်သွားခဲ့တာလေ။ သေစမ်း! ဝါ၊ အသွားမတော် တစ်လှမ်းဖြစ်ခဲ့ပြီ လား။

''မမ လာမယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့လဲ"

"သမီးနဲ့လာတွေ့မှာဆိုတော့ ဒီညပဲဖြစ်မှာပေါ့"

"မမဆီ သမီးမရောက်ဘူးလား"

"ဟုတ်"

"မရောက်တာ ဘယ်လောက်ရှိနေပြီလဲ"

"ကြာပြီ"

"ဒါကြောင့် လာတာဖြစ်မှာပေါ့"

အပြစ်က ထပ်ကျပြန်ခဲ့ပြီ။ ခါတိုင်း လူချင်းသွားမတွေ့ရင်တော Phone နဲ့ Contact လုပ်ဖြစ်သေးတာလေ။ ဟုတ်ပါတယ်၊ ခုတလော သူ့ကြောင့် ငါစိတ်ရှုပ်ရပြီး အလုပ်တွေနဲ့ ရှုပ်ယှက်ခတ်နေရတာကို။ မေ့ မောရပ်။

"တော်ပြီလား"

"ဟုတ်"

"ပြောတော့ ဆာတယ်ဆိုပြီး စားတော့လည်း နည်းနည်းလေး"

"ဗိုက်မှမဆာ့တာ မေမေရ"

"သွားနှင့်လေ၊ မေမေ သစ်သီးခွဲလာပေးမယ်"

ဝါ့ကိုလာတွေ့မှာတဲ့။ ကြီးကြီးက အကြောင်းမရှိဘဲ ဝါတို့အိမ်ကို မလာတတ်တာလေ။ လုပ်ငန်းရှင်ကိုတွေ့ဖို့ ခက်ခဲပေမယ့် ဝါကတော့ ချက်ပါပဲ။ ဘယ်အချိန်ဆို မရွေးဘဲ ကြီးကြီးကိုသွားတွေ့တိုင်း ဝင်ခွင့်ရတဲ့ တစ်ဦးတည်းသောတူမပေကို။ ဘာကိစ္စများရှိလို့ပါလဲ. . . ဦးနှောက်ခြောက်ချင်လာရပေပြီ။

"ဟော! ပြောရင်းနဲ့ မြန်လိုက်တာ"





တိုက်ရှေ့မှာ ရပ်သွားသည့် မာစီးဒီးကားနက်ကြီးကြောင့် ဝါနှင့် မေမေ ထွက်ကြိုလိုက်ရပါ၏။ ကားပေါ်မှ ဖျတ်လတ်သွက်လက်စွာ ဆင်း လာသည်က ကြီးကြီး ဒေါ်ထားထားနွယ်ပါလေ၊

"တော်သေးတာပေါ့၊ ပြန်ရောက်နေလို့"

"ညစာစားပြီးပြီလား မမ"

"စားပြီးပြီ၊ သမီးနဲ့ပြောစရာရှိလို့ တမင်ထွက်လာခဲ့တာ"

"စာကြည့်ခန်းထဲမှာ ပြောမလား မမ"

"မလိုပါဘူး၊ လျှို့ဝှက်ကိစ္စမှမဟုတ်တာကို၊ မြလေးရော"

"ရှိပါတယ် မမ၊ သမီးဖို့ သစ်သီးခွဲနေလို့ပါ"

ကြီးကြီးက ဝါ့ကိုမေးဆတ်ပြကာ ဆက်တီမှာ ဝင်ထိုင်လိုက်လေ ၏။ ကြီးကြီးပုံစံကိုမြင်သည်နှင့် တော်ရုံလူတွေ လန့်ရှိန်သွားကြပေမယ့် ဝါကတော့ ကိုယ့်ကြီးဒေါ်မို့ အဲဒီစိတ်မျိုးမဖြစ်ပါလေ။ ကြီးကြီးရဲ့ရှေ့တည့် တည့်ခုံမှာ အသာဝင်ထိုင်လိုက်ရပါ၏။

"ကဲ! ပြော၊ ပြဿနာကို ပြေလည်အောင်ဖြေရှင်းပြီးပြီလား"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"ကောင်လေးနဲ့ရော တော်တော်ကြီးရင်းနှီးမှုရှိနေပြီလား"

"အဲ. . ."

ဝါ တွန့်ခနဲဖြစ်သွားရပါ၏။ ကောင်လေးတဲ့။ ဒါဖြင့် သူ့ကိစ္စကို ကြီးကြီးလည်း ကြားသိထားတဲ့သဘောပေါ့လေ။ ဘယ်လိုလဲ. . . ကာယကံ ရှင်နှစ်ဦးကဖြင့် ခုထိနာမည်ပြောပြီး မိတ်ဆက်တာမျိုးမှ မရှိသေးတာလေ။

"မမတူမကို ဘယ်သူဘယ်ဝါမှန်း မင်းမင်းက မသိဘူး"

"ဟုတ်လား. . . ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ Secretary လို့ အထင်မှားနေတာတဲ့"

"သမီးက ရှင်းမပြဘူးလား"

"ဟင့်အင်း. . . ရှင်းစရာလည်းမလိုပါဘူး၊ လူကိုမြင်တာနဲ့ အလုပ်သမားလို့ ဖိပေါက်နေတာကို။ အမြင်ကပ်စရာကြီး"

ကြီးကြီး ပြုံးလိုက်လေ၏။ စကားအများကြီးမပြောတဲ့လူရဲ့အ မှာ အဓိပ္ပာယ်တွေ အများကြီးရှိနေမှန်း ဝါအသိဆုံးပါလေ။ ဘယ်လို ဝါ့ကို အိမ်ထောင်ပြုစေချင်တဲ့လူတွေထဲမှာ ကြီးကြီးပါ ပါဝင်နေပြီလ ကျောထောက်နောက်ခံမရှိတော့ပါလားနော်။

"သမီးမပြောလည်း တစ်ရက် သူသိသွားမှာပဲ။ ကိစ္စမရှိဘူး"

"ကြီးကြီးက သူ့ကို ဘယ်လိုသိနေတာလဲ"

"သိတာပေါ့ မိဝါရယ်၊ သမီးကိုချဉ်းကပ်ချင်ရင် ကြီးကြီးကို ဦး ပြီးမှ သမီးနဲ့ဆုံရမယ်မှန်း ဘယ်သူမဆို သိကြတာပဲကို"

"ဟင်! ဒါဖြင့်"

"ဟုတ်တယ်၊ ကြီးကြီးကိုလာတွေ့ပြီးမှ သမီးအဖေတို့ကိုပြော တာ"

သေစမ်း! ဝါကဖြင့် ဖေဖေတို့နဲ့ရင်းနှီးတဲ့မိတ်ဆွေဆိုပြီး လျော့ ထားမိတာလေ။ အခုတော့ ဝါနဲ့ဆုံစည်းဖို့လမ်းက ရှေ့မှာ ကာဆီးထေ ကြီးကြီး ဒေါ်ထားထားနွယ်ကိုမှ အိတ်ထဲထည့်ထားတယ်လို့၊ လည်ပါ့ ခန့်သာ'။

"ဝါအစောကြီးကတည်းက ပြောထားပြီးသားနော်။ ဝါ ဘယ် မှ အိမ်ထောင်ပြုဖို့ စိတ်မကူးဘူး"

"ညည်းကို ဘယ်သူပိုင်လဲ"





"ကြီးကြီး"

"အခုထိ မိဘအုပ်ထိန်းမှုအောက်ကနေ ရုန်းမထွက်နိုင်သေးဘဲ နဲ့များ ကားကြီးစကားကျယ်တွေ ပြောထွက်နေသေး"

"ဝါမှ. . ."

"ကြီးကြီးတို့မျိုးဆက်က သမီးတစ်ဦးတည်းရှိမှန်း သိတယ်မဟုတ် လား 'ဝင်းဖန့်ဖန့်ဝါ' "

ဝါ ငြိမ်နေလိုက်ရပါ၏။ အိမ်မှာ ဝါ့နာမည်ကိုအရှည်ခေါ်ရင် သတိ ဆိုပြီး ငြိမ်သက်ရတာ ငယ်စဉ်ကတည်းကပါလေ။ အခုလည်း မေမေပြော သားဖူးတဲ့အတိုင်း ကြီးကြီးထံမှ ဒီစကားမျိုးကြားနေရပြီကို။ နင်တော့ ရှောင်မရတဲ့ပိုက်ကွန်ထဲ မိတဲ့ယုန်ဖြစ်နေပြီ. . . ဝါ။

"လူ့ဘဝ လူ့သမိုင်းမှတ်တမ်းမှာ ဆက်ရေးရမယ့်တာဝန်က သမီး အပေါ်မှာပဲ မူတည်တယ် ဝါ။ ဒါကိုသိထားရင် မဖြစ်မနေ အိမ်ထောင်ပြု ပြီး မျိုးဆက်ထားရှိဖို့ကို သမီးတာဝန်ယူရမှာပဲ။ ကြီးကြီးတို့က ဒီလူကိုပဲ ယူဆိုပြီး တစ်သွေးတစ်သံတစ်မိန့်ပေးတာမျိုး မလုပ်ဘူး ဝါ၊ တွေ့ကြည့် လိုက်ပါ၊ ပြီးမှ ဆုံးဖြတ်ပါ။ ဒါပဲ. . . ဘာမှခက်ခဲတာမှမဟုတ်တာကို။ မင်း ခန့်သာက ပထမဆုံး သမီးတွေ့ရမယ့်လူပဲ"

မျက်နှာတည်နေမည်မှန်း ဝါ့ကိုယ်ဝါ သိနေပါ၏။ ဘယ်တတ်နိုင် ဦးမလဲ။ တွေ့ဆိုတော့လည်း တွေ့လိုက်ရုံပေါ့။ Yes or No ကိစ္စက ဝါ့ အပေါ်မှာပဲ မူတည်နေတာပါလေ။ ပထမဆုံးတွေ့ရမယ့်လူတဲ့ 'မင်းခန့် သာ'။ ရှင့်နောက်မှာ တန်းစီရပ်နေမယ့်လူတွေ ရှိတာကိုသိရင် ပြီးတာပဲ ပေါ့။ မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ကားမောင်းနေရင်း ညာဘက်မျက်ခုံးလှုပ်နေတာမို့ လန့်သွား... ၏။ ဘာကြောင့်များလဲ၊ အခုတလော အလုပ်ကိစ္စတွေ အဆင်ပြေ ... မွေ့နေတာပဲကို။ ဘာပြဿနာများ ထပ်ဖြစ်ဦးမှာပါလိမ့်။ ကိစ္စမရှိပါ။... နဲ့ထပ်ပြီး ပတ်သက်မှုမရှိရင် ပြီးတာပဲကိုး။

"ဟော..."

ဘယ်လိုဖြစ်ပြီး ဒီနေ့မှ စောစောစီးစီးလမ်းပိတ်နေရပါသလဲ။ ... ကို မကြာခဏရပ်နေရတာမို့ စိတ်က သိပ်မရှည်ချင်တော့ပါ။ ခါတိုင်း... ချိန်မျိုးမှာပဲ ဒီလိုကိစ္စမျိုးရှိတတ်တာလေ။ ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ... အနှောင့်အယှက်ဖြစ်ရတာပါလိမ့်။

"တီ! တီ! . . ."

ရှေ့မှကားကို မြန်မြန်သွားရန် ဟွန်းသံပြုမိလိုက်ပါ၏။ ကား... မြင့်နေပြီး ဝါ့ကားက ခပ်ပြားပြားမို့ ပိုနိမ့်နေသည်နှယ်။ မဖြစ်တော့ပါ...





...အတိုင်းသာဆို ကုမ္ပဏီကို ကိုးနာရီကျော်မှရောက်တော့မှာပဲ။ ကျော်... ...က်ပြီး လမ်းသွယ်တွေက ဖြတ်ထွက်မှဖြစ်တော့မှာကိုး။

"တီ! တီ!"

"Just patient... "

နောက်မှကပ်ပြီး ထွက်စဉ် ရှေ့ကားခေါင်းထဲမှ အသံလှမ်းပြုသံ... ...က်လာလေ၏။ ဘုရား! ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ကားကိုရပ်လိုက်စဉ် ...းချင်းပွတ်မိသံ ထွက်လာတော့သည်။ သေပြီ. . . ဝါ။ ကျားမြီးကိုမှ ...ဆွဲမိချေပြီကော။

"ဟော့! တောထဲမှာ ထော်လာကီမောင်းနေတယ်လို့များ ထင်နေလား"

"Sorry "

"ဘာ Sorry လဲ၊ မင်းအပြစ် မင်းမြင်တယ်နော်"

"နောက်မှ ရှင်းပေးမယ်ရှင်"

"ရမလားကွ၊ နောက်မှဆိုတာ အခုလောက် မသေချာမှန်း မင်းသိ...ယ်။ ဩော. . . ဘယ်သူများလည်းမှတ်တယ်၊ မင်းကိုး"

သူက ဝါ့ကိုပြုံးကြည့်ကာ မြင်သွားလေ၏။ ရော်! မျက်ခုံးလှုပ်ပါတယ် ...အခုလိုဖြစ်ရတယ်လို့။ ကားလမ်းကြောပိတ်နေတာမို့ ဝါ ရှောင်ပြေး...ရပါလေ။ သူက ဝါ့ကားမှန်ကို လာခေါက်တာမို့ မှန်တစ်ဝက်ဖြစ်နေ...ကို ထပ်ချလိုက်ရပါသည်။

"အချိန်မရဘူးရှင့်"

"ဘာလဲ၊ ဒါဖြင့် ကုမ္ပဏီကို လာစေချင်တဲ့သဘောပေါ့လေ"

"ရှင်အချိန်ရရင် လာပေါ့"

"ရုံးချိန်မှာမရှိရင် အိမ်ကိုလာရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ! "

ကြည့်စမ်း! အတင့်ရဲလိုက်တာ။ ကိုယ့်စကားက ဘယ်အစိပ္ပာယ် ရောက်သွားမှန်း ဒင်းမတွေးမိဘူးတဲ့လား။ စောစောစီးစီး စိတ်တိုလာရ လားနော်။ သူက ဝါ့ကို စနောက်ဟန်မရှိဘဲ မျက်နှာခပ်တည်တည်နှ မို့ ခန့်မှန်းရခက်ပါဘိ။

"ဟုတ်တယ်လေ၊ မင်းလျှောက်လိမ့်နေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်မှမသွားဘူး၊ ကုမ္ပဏီမှာပဲရှိတယ်"

"ဒီနေ့ တစ်နေကုန်လား"

"ဟုတ်တယ်"

"OK! လေ၊ တစ်လစာထုတ်ထားတဲ့ လခလေး ပြုတ်မပြုတ် ကြ ကြတာပေါ့"

သူ့ကို မျက်စောင်းခဲလိုက်မိ၏။ လာပြန်ပြီ၊ လူကို လခစားဝန်ထ လို့ပဲ တစ်သမတ်တည်းထင်နေတာလေ။ စီးလာတဲ့ကားကိုတော့ မမြင် လား။ မျက်စိက ရှုန်းလိုက်တာ မင်းခန့်သာရယ်။ တကယ်ပါပဲ၊ ဝါက ကို မေးဆတ်ပြလိုက်ပြီး လမ်းကြောရှင်းသွားပြီမို့ ကားကိုဆက်မော ပါ၏။

ကားကို ကုမ္ပဏီဝင်းထဲမှာရပ်ပြီး အပေါ်ကို Lift ဖြင့် တက် သည်။ ဝန်ထမ်းတွေက မတ်တပ်ရပ်အသိအမှတ်ပြုကြပေမယ့် ထို လက်ဖြင့်ပြန်ပြကာ ရုံးခန်းရှိရာဆီ ခပ်သွက်သွက်လှမ်းခဲ့ရပါ၏။ ရုံး ထဲဝင်လိုက်စဉ် မို့မို့က ဝါ့အတွက် သောက်ရေဘူးဖွင့်ကာ ဖန်ခွက် အဆင်သင့်ထည့်ပေးထားလေသည်။

"Good morning... မမ"





"မ good morning... ဘူး မို့ရေ"

"ဟင်! ဘာဖြစ်လာပြန်ပြီလဲ"

"ဘာဖြစ်မလဲ၊ ဒင်းနဲ့မှ ထပ်တိုးရတယ်လို့"

"ဘယ်လို"

"လမ်းကြောလုထွက်မိတာနဲ့ ကားချင်းပွတ်မိတာ။ သွားပါပြီ"

"မမကား တော်တော်ထိသွားလား"

"ဆေးတော့ ပွန်းကုန်တာပေါ့၊ ဟိုရှေ့ပန်းကန်က ငါ့ကို ကက်ကက် ရန်တွေ့တော့တာပဲ"

မို့မို့ ရယ်ချေပြီ။ ကိုယ်ဝန်ထမ်းတွေကတော့ ဒီအချိန် ဘယ်လိုများ က်အောင်လာကြသလဲမသိ။ ကိုယ်ပိုင်ကားဖြင့် ငြိမ့်ငြိမ့်လေး လာရ ည်ဝါ့မှာဖြင့် တစ်နေ့ကိုတစ်မျိုး ပြဿနာကြုံနေရတာလေ။ ရေဖန်ခွက် ၍ မျှောချရင်း ခုံမှာဝင်ထိုင်လိုက်ပါ၏။

"အဲဒီတော့ ဘယ်လိုဖြေရှင်းခဲ့သလဲ"

"ဘယ်လိုမှဖြေရှင်းလို့ မရဘူးလေ"

"ဒါဖြင့်"

"အေး. . . ကုမ္ပဏီကိုပဲ သူလာလိမ့်မယ်၊ လာရင်သာ ဘယ်လောက် ရမလဲမေးပြီး Check မှာ ငွေဖြည့်ပေးလိုက် မို့ရယ်၊ ဒင်းကြောင့် ပ်ပါ့"

"မမလူကြီးက Check မယူဘူးဆိုရင် ဘယ့်နှယ်လုပ်မှာလဲ"

"ဘာ ငါ့လူကြီးလဲ၊ နင့်လူကြီး"

"ဟမ်! မို့နဲ့မှ ဘာမှမပတ်သက်တာ။ မမကမှ အိမ်ကလူကြီးတွေ ဘာတူထားတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး. . . ဒီစကား ဒီမှာတင်ရပ်ပါ။ သူတို့သဘောတူကြပေမယ့် ခေါင်းညိတ်ခေါင်းခါမယ့်လူက ငါပါဟဲ့။ လူကိုများ လက်ညှိုးထောင် ခေါင်းညိတ်မယ်လို့ပဲ ထင်နေလား"

မို့မို့က ဇက်ပုသွားလေ၏။ ဟုတ်သားပဲ။ ဒင်း ကျိုကျောင်ကျတာကို ငါလည်းသိတာပဲ။ ငွေလိုချင်လို့မဟုတ်ဘဲ ဝါ့ကိုတွေ့ချင်လို့ လာတာမျိုးဖြစ်နေရင် သေပါရော။ သူ့မိဘတွေက ဝါ့ကိုဖြင့် မမြင်ဖူးသေးပါဘဲ ဘယ်လိုဖြစ်ပြီး ကြိုးကြိုးနဲ့သွားတွေ့ရပါသလဲ။ ခေါင်းခဲရပါဘီ။

"မမ"

"ပြော"

"သူ ဒီကိုလာတော့ မမကို ဘယ်သူမှန်းသိတော့မှာပေါ့"

"အဲ. . ."

ဟုတ်ပါရဲ့။ ဝါ့ကို သူက မို့မို့လို့ပဲ ထင်နေတာမဟုတ်ပါလား။ အို လေ. . . သိတော့ကော ဘာအရေးလဲ။ ကြည့်မရတဲ့လူနှစ်ယောက်ဖြစ်မှန်းသိရင် စောစောစီးစီး Go! Went! Gone! ဆိုပြီး ကိစ္စပြတ်ရောပေါ့။ ဟုတ်တယ်. . . ဘာများစဉ်းစားစရာလိုလို့လဲ။ စိတ်တိုလိုက်တာနော်။ အရေးတကြီးအချိန်မို့ သူ့ကားနောက်ကနေ ကျော်တက်မိကာမှ မဟာ့မဟာအမှားကြီးဖြစ်ရတယ်လို့။ စိတ်ညစ်ရပါလားနော်။

"မမ"

"ဟာ. . . ဘာလဲ"

"Decoration ဆင်မယ့်ပစ္စည်းတွေ ဒီနေ့ Container ချမယ်တဲ့"

"ဘယ်အချိန်လဲ"





"နေ့လယ် တစ်နာရီ"

"ကျွစ်! . . ."

"ဘာဖြစ်လို့လဲ မမရဲ့၊ မို့ပဲ သွားနေကျကို"

မရည်ရွယ်ပါဘဲ မို့မို့ကို မျက်စောင်းခဲလိုက်မိပါ၏။ ဒင်းကိုမတွေ့ချင်ပါဘူးဆိုမှ မို့မို့နဲ့လွဲပြီးရှောင်မယ်လို့ စိတ်ကူးမိကာမှ တိုက်ဆိုင်လိုက်တာနော်။ ဘယ်လိုများလုပ်ရပါ့မလဲ။ အခုမှ ကလေးတုန်းကလို တူတူပုန်းတမ်း ကစားသလိုဖြစ်တော့မှာပါပဲ။ စိတ်ညစ်ရပြန်ပါရောလား။

"နင်သွားတော့ ရုံးခန်းထဲ ငါပဲကျန်တော့မှာပေါ့"

"ဘာဖြစ်လဲ မမရယ်၊ ခါတိုင်းလည်း ဒီလိုပဲနေနေကျကို၊ အဆန်းလုပ်လို့"

"ဒင်းကိုမတွေ့ချင်လို့ပေါ့၊ ကျက်သရေတုံးကို ထပ်မဆုံချင်ပါဘူး ဆိုနေမှ"

"အဲဒါ မမပဲ ဇာတ်လမ်းသွားဆက်တာလေ"

"ဘာ! "

"မို့ပြောသားပဲ၊ မမတို့ ရေစက်မကုန်ပါဘူးလို့"

"နင်နော်"

"ဗိုက်ဆာလာပြီ၊ မို့ ထမင်းစောစောသွားစားနှင့်မယ်နော်"

"ကြွ. . . ကြွ"

ဆိပ်ကမ်းသွားရမှာမို့ ထမင်းလွတ်တတ်မှန်း ဝါအသိဆုံးပါ။ နာရီလည်း နေ့လယ် (၁၁)နာရီကျော်နေပြီမို့ စားချိန်တန်ပြီပဲ။ စိတ်တိုတိုင်း နှင့်လွှတ်မိကာမှ Phone တွေ တရစပ် ဝင်လာတာမို့ တစ်ယောက်တည်း အလုပ်ရှုပ်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ!"

"မမ. . . ညည္သည္တဲ့"

"လွတ်လိုက်. . . ဇာရေ"

Intercon မှ အချက်ပေးသံမြည်လာတာမို့ ပြန်ဖြေရင်း Phone ပြောလက်စကို ဆက်ပြောနေမိပါသည်။ စာရင်းတွေ မှာနေတာမို့ စာရွက်ပေါ်မှတ်နေရင်း လက်ထဲမှဘောပင်က စားပွဲအောက် ချော်ကျသွားလေ၏။ ဒီဘောပင်ကို ကြီးကြီးလက်ဆောင်ပေးထားတာမို့ ဝါ အရမ်းတန်ဖိုးထားတာပါ။ လက်မှတ်ထိုးမှသုံးပေမယ့် အရေးတကြီးမို့ သုံးမိကာမှပဲ။

"ဒေါက်! ဒေါက်!"

"Come in . . ."

Phone ကို စားပွဲထက်ချလိုက်ရင်း ခုံကိုနောက်သို့ဆုတ်ကာ ဘောပင်ကို ကောက်နေစဉ် ရုံးခန်းထဲသို့ ညည္သည္ဝင်လာလေ၏။ ပစ္စည်းလာမှာနေကျ လူတွေပဲမို့ ပြဿနာမရှိပါချေ။ ဝါက ကိုယ့်အလုပ်ကိုပဲ စိတ်ထဲရှိတာမို့ အာရုံမထားဘဲ ဘောပင်လိမ့်သွားတာကိုသာ ပြူးပြဲရှာနေမိပါသည်။ ဘယ်ပျောက်သွားတာပါလိမ့်။

"လာမယ်မှန်းသိလို့ ပုန်းနေပြန်တာလား"

"အ! . . ."

ဆတ်ခနဲ ခါးပြန်မတ်လိုက်စဉ် ခေါင်းက စားပွဲစောင်းနှင့် တိုက်မိလေ၏။ ကံဆိုးပြန်ပါရောလားနော်။ ဒင်းနဲ့ဆုံရတိုင်း ဝါ တစ်ခုခုဖြစ်နေတာမကြာခဏပါပဲ။ ဘောပင်ကို Pan stand ထဲ ပြန်ထည့်ရင်း သူ့ကို စူးခနဲကြည့်လိုက်မိ၏။ သူက ဝါ့စားပွဲထက်ရှိ နာမည်ဖန်တုံးကို ကိုင်ကြည့်ကာ ပြုံးမြမြလေးဖြစ်နေလေသည်။ သေပါရောလား 'ဝင်းဖန့်ဖန့်ဝါ' ရယ်။





"ဘာလို့မပြောတာလဲ"

"ရှင့်ကားအတွက် ဘယ်လောက်လျော်ရမလဲပဲပြောပါ။ ကျွန်မမှာ အချိန်မရှိဘူး"

"အလျော်တောင်းချင်လို့ လာတာမှမဟုတ်တာ"

"ဒါဖြင့် ဘာကိစ္စလဲ"

"ဒီလောက် နာမည်မှားခေါ်နေတာတောင် သိသိကြီးနဲ့ မပြင်းဘူးနော်။ ဘာဖြစ်လို့လဲ"

"ဒီမယ် ဦးမင်းခန့်သာ"

"ခင်ဗျာ"

ကြည့်စမ်း! လူကို တရိုတသေနဲ့ ပြန်တောင်မှ ထူးနေသေးတာလေ။ ဩနော်. . . ရှေ့က စက္ကူဖိတဲ့ဖန်တုံးနဲ့ ထထုလိုက်ရ။ မကောင်းပါဘူး။ တော်ကြာ ကုမ္ပဏီလာတဲ့ညည္သည္ကို ဒီလိုနည်းနဲ့ ကြိုဆိုရသလားဆိုပြီး နာမည်က ထပ်ကြီးဦးမှာကိုး။

"ရှင့်ရဲ့ အရည်မရအဖတ်မရစကားတွေကို နားထောင်ဖို့ မအားဘူးရှင့်။ လိုရင်းတိုရှင်း မြန်မြန်ပြော"

"ဖြည်းဖြည်းပေါ့ ဝါရယ်၊ ဝါ့အတွက် အကျိုးမရှိဘဲ ကိုယ်က ဒီကို လာပါ့မလား"

"ဘာပြောတယ်၊ ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဝါလို့လေ၊ မဟုတ်လို့လား"

"ကျွန်မနာမည်ကို ဘာကိစ္စ အဖျားဆွတ်ခေါ်ရတာလဲ။ မခေါ်နဲ့၊ မကြိုက်ဘူး"

"ကိုယ်ခေါ်တာ အဖျားမှမဟုတ်တာ ဝါရဲ့။ အရင်းကို"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမင်းခန့်သာ"

"ဟိုး. . . ဟိုး. . . စိတ်ကိုလျှော့ပါ၊ Relax... ဝါ. . . Relax"

စားပွဲခုံကို ဖြန်းခနဲရိုက်လိုက်မိတာမို့ သူက လက်ဝါးနှစ်ဖက်ဖြင့် ကာခါ တားလေ၏။ လူကို ဒေါသမဖြစ်ဖြစ်အောင် တမင်လာဆွနေလေသလား။ ခင်းတော့ ငါ့လက်နဲ့ အတော်ကိုနီးနေပြီနော်။

"ရှင့်အိမ် ပြီးပြီမဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါဆို ကျွန်မကုမ္ပဏီနဲ့ ဘာပတ်သက်စရာလိုတော့မှာလဲ၊ လျော်ကြေးဘယ်လောက်ဆိုပြီး တောင်းပြီးရင် ပြန်ပါတော့"

"ဝါကလည်းနော်"

"လာပြန်ပြီလား"

"ကိုယ့်အိမ် ပြီးသွားတာ မှန်ပေမယ့် အိမ်တွင်းမှာ ဘာမှမပြင်ရသေးတာ။ အဲဒါ Decoration ဆင်ဖို့ပစ္စည်း. . ."

"မရောင်းဘူး"

"ဟောဗျာ! မှာတောင်မမှာရသေးဘူး။ အပြတ်ပြောရတယ်လို့"

တွေ့လား. . . ဉာဏ်နီ ဉာဏ်နက်တွေ ထုတ်သုံးနေပြန်တာလေ။ နာမည် နဲ့လူကို တွဲမြင်သွားတာနဲ့ အလျော်လာတောင်းတာ မဟုတ်တော့ဘူးဆိုပဲ။ ကြည့်ကြသေးတာပေါ့ ဦးမင်းခန့်သာရယ်။

"ရှင်မှာလည်း ကျွန်မ မရောင်းနိုင်ဘူး"

"ဘာလို့လဲ"

"ဘာဖြစ်ရမလဲ၊ ရှင်က အမြဲပြဿနာရှာတတ်တဲ့လူပဲဟာ။ အဲဒီလို နှစ်ခါပြန်လျော်နေရရင် ကျွန်မရဲ့ကုမ္ပဏီက ဒေဝါလီခံရဖို့ပဲ ရှိတော့





မှာပေါ့။ မရောင်းဘူးဆို လုံးဝပဲ၊ သေးသေးပိစိလေးကအစ ဘာမှမရဘူး မှတ်"

"ကိုယ် အန်ကယ်ကတစ်ဆင့် မှာရမှာလား"

"ဘာ!"

"အန်တီထားကိုပဲပြောရင် ပိုအဆင်ပြေမယ်ထင်တာပဲလေ"

ကြည့်စမ်း! နိုင်ရာလူ့ဆီကတစ်ဆင့် ပစ္စည်းမှာမယ်တဲ့၊ ဘယ်လောက်လည်တဲ့လူပါလဲ။ ဖေဖေတို့ ကြီးကြီးတို့က ဝါ့ရဲ့အညှာမှန်း ခင်းက သိနေတာကိုး။ ရှင်တော့ ကျွန်မလက်နဲ့ သတ်မိတော့မှာပါလား ဦးမင်းခန့်သာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းပြောရရင် အဲဒီ "အချစ်" ဆိုတာကို သူ ယုံလည်းမယုံ၊ ကြုံလည်းမကြုံဖူးပါချေ။ သူ့ဘဝတစ်လျှောက် တနုံ့ပဲ နပန်းလုံးခဲ့ရတာ၊ လုပ်ငန်းခွင်ဝင်တော့လည်း အလုပ်နဲ့ နစ်ပါးသွားနေရတာမို့ အဲဒီ "အချစ်" ဆိုတာနဲ့ ရင်ခုန်သံ မထူး ခြားခဲ့ရတာပါ။ သို့သော်...သူမနဲ့စဆုံစဉ် ထူးခြားမှုတစ်ခု ရှိခဲ့ ရသလို ရင်ထဲမှာတစ်မျိုးကြီးဖြစ်ခဲ့တာ အမှန်ပါပဲ။ အဲဒီနောက် မှာမှ သူနဲ့ တရင်းတနီးစကားပြောဖူးသည့် လူကြီးတစ်ဦးနှင့် ဆက်နွယ်ပြီး သူမကို မည်သူ မည်ဝါမှန်း သိခွင့်ရခဲ့တာပါ။

"ဝင်းမန့်မန့်ဝါ"၊ နာမည်မှာကတည်းက အရှိန်အဝါ တွေ လင်းလက် တောက်ပနေသလို မျက်ဝန်းတွေမှာကအစ တစ်မက်လှူရဲ့ ရင်ထဲအထိ ထွင်းဖောက်မြင်နိုင်စွမ်းရှိသည့် အကြည့်ရှူးတွေ ရှိနေတာမဟုတ်လား။ တည်တံ့သည့် မျက်နှာ လေးကိုလည်း ချစ်တယ်၊ မာကျောတဲ့စိတ်ကိုလည်း ကြိုက် တယ်၊ မလျှော့တဲ့ဂွနဲ့ တင်းထားတတ်တဲ့မာနလေးကိုလည်း နှစ် သက်မိပါတယ်...

"မြင်မြင်ချင်း ချစ်မိတယ်" ဆိုတဲ့စကားက ကိုယ့် အတွက် သိပ်ကိုမှန်ကန်ခဲ့တာပါ "ဝါ"၊ "မင်းခန့်သာ" ရဲ့ဘဝ မှာ ရောင်ခြည်လေးလို ချစ်ခြင်းရဲ့အလင်းတွေ နွေးထွေးစွာ ဖြာစေခဲ့တာ မင်းကြောင့်ပါလေ....

မင်းခန့်သာ

## အခန်း ( ၁ )

"ဒေါက်! ဒေါက်!"

"မမ. . . မို့ ပြန်ရောက်. . . အဲ"

ရုံးခန်းထဲဝင်လာသည့်မို့မို့က ဝါ့စားပွဲရှေ့မှာ အေးအေးဆေးဆေး ထိုင်နေသည့်သူ့ကိုမြင်ပြီး အံ့သြသွားလေ၏။ Container ချလို့ ပစ္စည်း သွားထုတ်သည့်လူတောင် ရောက်လာပြီ။ ဒင်းက ပြန်မို့ဝေးစွ၊ တုပ်တုပ် မျှ မလှုပ်ပါလားနော်။

"မင်္ဂလာပါရှင်"

"မင်္ဂလာပါ မမို့မို့သန့်"

မို့မို့မျက်နှာ ပြုံးစိစိဖြစ်နေလေပြီ။ အခုမှ လူမှန်နေရာမှန် နာမည် မှန် သိနေပြီမှန်း သေချာနေပြီကို။ ဗိုက်ထဲကလည်း ဆာလှပြီ။ ဒင်းမထွက် သေးတာနဲ့ ထမင်းစားဆင်းဖို့စိတ်ကူးကို အကောင်အထည်မဖော်ရဲတော့ ပါလေ။ အခုမှပဲ သူများမျက်နှာရိပ်မျက်နှာကဲကြည့်ပြီး ထမင်းထွက်စား ရမယ့်ပုံပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ပြေပါတယ်ရှင့်။ ပစ္စည်းအကုန်ရလာပါတယ် မမ။ ထိ... အပ်တာရှိရင် ထပ်မှာလို့ရပါတယ်တဲ့။ သူတို့ဆီမှာ Spare ရှိပါတယ်တဲ့"

သေတော့မှာပဲ၊ သူမေးတာကိုဖြေရင်း ခင်းရှေ့မှာမှ ပစ္စည်းရလာ... တဲ့အကြောင်းနဲ့ Simple.Catalogue စာအုပ်ကိုပါ လာပေးနေပြီ... မျက်လုံးပြူးပြူးပြပေမယ့် နားမလည်ဘဲ ဝါ့စားပွဲပေါ် အထပ်လိုက် လာတ... တော့တာပါလေ။ ဖြတ်ထိုးဉာဏ်ကောင်းပါတယ်ဆိုတဲ့မမက ဒီတစ်ခါ အ... တွေ လုပ်ပြနေပါရောလား။

"ကိုယ့်ကို ခဏလောက်ပြပါလား။ အဲဒီပစ္စည်းတွေပဲ လာမှာတာ"

"ဩော်. . . ဟုတ်ကဲ့ ရပါတယ်ရှင်"

စေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး စာအုပ်အထပ်လိုက်က သူ... လက်ထဲ ရောက်သွားလေ၏။ အချိန်တန်ပိုးထားပါတယ်ဆိုတဲ့လူက ဒီမှ... တစ်နာရီကျော်ကြာအောင် အချိန်လာဖြုန်းနေတာပါလားနော်။ စိတ်ဘို... ပါလား။ ကဲ! မိုမိုရောက်လာပြီဆိုတော့ ဝါ လစ်လို့ရပြီပဲ။ အလုပ်ကိစ္စ... ခင်းတို့နှစ်ယောက် ဆွေးနွေးလို့ရတာလေ။

"ဒါက ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ် ရှင့်အပူလား"

"စကားကောင်းကို မပြောဘူး"

"ဟုတ်သားပဲ မမရယ်၊ ညှော်သည်ရှိနေတာကို ဘယ်သွားမလို့လဲ"

"ဦးဗိုက်ထဲမှာ အီရန်နဲ့ အီရတ် စစ်ဖြစ်နေပြီဟဲ့၊ ကိုယ်ချင်းစာ... ပေါ့"

"ဟယ်! မမ ခုထိ Lanch မစားရသေးဘူးလား"





"ဒါဆို ကိုယ်လိုက်ကျွေးပါ့မယ်. . . ဝါ၊ အတူတူသွားကြတာပေါ့"

"မလိုပါဘူး၊ ရှင်ကျွေးမှစားရအောင် လူကို အငတ်များထင်နေ... လား။ လိုက်မလာနဲ့"

"ကိုယ့်ဆီလာတဲ့ညှော်သည်ကို ဘာမှညှော်မခံဘဲ ဒီအတိုင်း ဝတ်တုပ်... ...နိုင်းထားတာ ကောင်းသလား"

"ဘာ"

"လာပါ ဝါရယ်. . . ကိုယ်လည်း အခုထိ ဘာမှမစားရသေးဘူး။ ...တော်ပဲ"

"ကြည့်စမ်း! ဒါဘာလုပ်တာလဲ၊ ရှင်နော်"

"Sorry! Sorry!... အမှတ်တမဲ့မို့ပါ ဝါရယ်၊ စိတ်မဆိုးပါနဲ့"

ဝါ့လက်ကောက်ဝတ်ကို ဆွဲခေါ်လိုက်တာမို့ စိတ်တိုတိုဖြင့် ရန်းလိုက်... ပါ၏။ ခင်းတော့ ဝါတောင် အသိအမှတ်မပြုခင် ပိုင်စိုးပိုင်နင်းအပြုအမူ... လုပ်လာပါရောလား။ ဘယ်လိုလူလဲ. . . ဣန္ဒြေရှိပြီး လေးစားစရာရှိ... Gentleman Style နဲ့တွေ့ပြီး အမှတ်တောင် ပေးမိခဲ့တာလေ။

"ရှင့်ကို အပြတ်ပြောပြီးသားနော်၊ ကျွန်မဆီက ဘာပစ္စည်းကိုမှ ...ဆီမရောင်းဘူး။ လာမပတ်သက်ချင်နဲ့။ တခြားကုမ္ပဏီက ရှာဝယ်။ ...ပဲ"

"ကိုယ်က ဝါ့ဆီကပဲ လိုချင်တော့ ဘယ်လိုလုပ်ရမလဲ"

"လာပြန်ပြီလား ဒီစကား"

Phone သံမြည်လာတာမို့ သူ့ကိုရန်တွေ့နေတဲ့စကားက ပြတ်သွား... ...၏။ Lift ရှိရာဆီသို့ ဝါ့နောက်မှ ကပ်ပါလာသည့်သူ့ကြောင့် စိတ်ရှုပ်... ...း Phone ကို အိတ်ထဲမှထုတ်ကိုင်လိုက်စဉ် သူနှင့်တိုက်မိကာ ဖုန်းချော



www.burmeseclassic.com

www.burmeseclassic.com



ခနဲ လက်ထဲမှပြုတ်ကျသွားလေသည်။

"ဟယ်!"

"ဟာ!"

လျှပ်တစ်ပြက်ပါပဲ။ ဝါ့တံတောင်ဆစ်ကို သူဝင်တိုက်လိုက်တာ [illegible] Phone က လက်ထဲမှပြုတ်အကျ၊ ခြေလှမ်းလိုက်သည့် သူ့ Sho[illegible] အောက်မှာ Phone က ကြေမွသံပင် ထွက်ပြီး ကွဲချေပြီ။ ဝါပြောတ[illegible] မဟုတ်လား။ ဒင်းသာ အနားမှာရှိနေရင် ဝါ့အတွက် တစ်ခုခုတော့ ပြဿ[illegible] ဖြစ်ပါတယ်လို့။

"သွားပါပြီ. . . သွားပါပြီ"

"မှန်ပဲကွဲတာပါ ဝါရယ်၊ ပြန်လဲလို့ရပါတယ်"

"ဒါတော့ ရှင်ပြောမှလား၊ ကျွန်မ Phone က တစ်ခုမရ[illegible] တစ်ခုဆက်လို့ရအောင် ကတ်နှစ်ကတ် ထည့်သုံးထားတာရှင့်။ အ[illegible] တ့ကြီး Phone နံပါတ်တွေ ပျက်ကုန်တော့မှာပဲ"

"မကောက်နဲ့လေ၊ လက်ရှလိမ့်မယ်။ ကိုယ်ကောက်ပေးပါ့မယ် [illegible] ရယ်"

"ဒါ ရှင်တမင်သက်သက်လုပ်တာ မဟုတ်လား"

"ဘယ်လို. . . မဟုတ်တာ ဝါရယ်၊ မတော်တဆ မထင်မှတ်[illegible] ဖြစ်သွားရတာပါ"

"ဘာမတော်တဆလဲ၊ မနက်က ရှင့်ကားကို ကျွန်မလုပ်မိတာ[illegible] ရှင် တမင်လက်စားချေတာ ကျွန်မသိတယ်"

"ရော်! ခက်တာပဲ"

"လိုက်မလာနဲ့၊ ရှင် ကျွန်မအနားမှာရှိနေရင် ကံက အလိုလို[illegible]





[illegible]ရော"

"ဟောကြည့်! ဖြစ်ရပြန်ပြီ၊ ဒီ Phone ကိုပြန်လဲပေးဖို့ ရှိသေးတယ် [illegible] ဝါ့နောက် ကိုယ်မလိုက်လို့ရမလား"

"ရတယ်၊ ကျွန်မဖာသာ ကြည့်လုပ်မယ်. . . ပေး"

ဝါက သူ့လက်ထဲမှ Phone ကို ဖျတ်ခနဲယူလိုက်စဉ် သူက လက် [illegible]နောက်ဘက်သို့ ပို့လိုက်လေ၏။ Lift ထဲမှာမို့ လူက ခြေရွှေ့စဉ် မိုက် [illegible]ဖြစ်သွားရလေသည်။ (ဝါက ဓာတ်လှေကားစီးတိုင်း အတက်နှင့်အဆင်း [illegible]နဲ့ဖြစ်တိုင်း ခေါင်းမူးတတ်လေ့ရှိပါ၏။)

"ဝါ"

သူက ဝါ့လက်မောင်းနှစ်ဖက်ကို ဖမ်းအထိန်း၊ Lift တံခါးကအပွင့် [illegible] တစ်ပြိုင်တည်းပါပဲ။ အပြင်ဘက်မှာစောင့်နေသည့် လူအုပ်ထံမှ အာ [illegible]ဗိုဒ်သံတွေ ပြိုင်တူထွက်လာလေ၏။ ဝါတို့ပုံစံက လှမြင်ရင် သံသယ [illegible]ရာပုံစံဖြစ်နေတာကိုး။

"မိဝါ"

"ဟင်!"

Lift ထဲမှထွက်လိုက်စဉ် ဝါတို့ကုမ္ပဏီအောက်တစ်ထပ်မှာ Cos-[illegible]tic ဖြန့်ဖြူးနေသည့် (ငယ်သူငယ်ချင်းဖြစ်၊ စီးပွားပြိုင်ဘက်လည်းဖြစ် [illegible]ည်) နှင်းစပယ်က ရုတ်တရက်လှမ်းခေါ်လိုက်တာဖြစ်ပါ၏။ ပြဿနာပဲ၊ [illegible]နဲ့အတူဆင်းလာမိကာမှ ဒင်းနဲ့တန်းတိုးရတယ်လို့။

"သြော်. . . နှင်း"

"ဘယ်လိုလဲ၊ နှင်က မထားစဖူး Body guard တွေဘာတွေ [illegible]လို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်. . ."

"ငါနဲ့မိတ်ဆက်ပေးဦးလေဟယ်"

ဝါ့မျက်နှာ နွေးခနဲဖြစ်သွားရပါ၏။ နှင်းစံပယ်ဆိုတာ ဝါနဲ့တစ်လမ်းတည်းနေသူဖြစ်ပြီး ဝါ Y.I.T ဝင်ခွင့်ရစဉ်က မနာလိုစိတ်ဖြင့် ချုံးပွဲချငိုခဲ့တဲ့တစ်ယောက်ပါလေ။ စာပြိုင်ဘက်မှသည် စီးပွားရေးလုပ်ပြန်တော့လည်း ရောင်းကုန်မတူသော်ငြား လစဉ်ဝင်ငွေအကျိုးအမြတ်ကို မေမေတို့နားရောက်အောင် နှင်းမိဘတွေက မကြာခဏ ပို့ကြတာမဟုတ်လား။

ခက်တာပဲ။ ဝါ့ဘေးမှာ ဘယ်သူစိမ်းယောက်ျားမျိုးကိုမှ တွဲမတွေ့ဖူးတာမို့ အကွက်ရတာနဲ့ နှိပ်ကွပ်ဖို့ပြင်ဆင်ချေပြီ။ ဘယ်လိုလုပ်ရပါ့မလဲ။ ဝါက သူနှင့်ရင်းနှီးဖို့စိတ်ကူးမျိုး လုံးဝမရှိတာကို။

"ဝါ့သူငယ်ချင်းထင်တယ်"

"ဟုတ်ပါတယ်၊ နှင်းစံပယ်ပါရှင်၊ Snow Crown Company က MD ပါ"

"ဪ. . . ကျွန်တော်က မင်းခန့်သာပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"မင်းခန့်သာဆိုတော့ နေဝန်းနီနီကုမ္ပဏီက"

"ဟုတ်ပါတယ်"

လက်ဆွဲနှုတ်ဆက်နေစဉ် နှင်းစံပယ်မျက်နှာမှာ အတော်လေး အံ့ဩရိပ် ထင်ဟပ်သွားလေ၏။ ဝါတို့များ မိတ်ဆက်ကြတိုင်း နာမည်ကလွဲပြီး ကိုယ့်ကုမ္ပဏီနာမည်ကို ရွတ်မပြတတ်ပါ။ ဒါက ကြွားစရာဖြစ်နေတာမဟုတ်ပါလား။ ဒီမိန်းမကဖြင့် ကိုယ့်ဂုဏ်ပုဒ်ကို အတော်ဂုဏ်ဖော်ချင်နေပုံပါပဲ။ ပြီးတော့ နှင်းက ဝါ့ထက်အရင် ဒီစီးပွားရေးလောကကို အခြေ





တာ စောသည့် Senior တစ်ဦးဖြစ်နေတာပါလေ။

"ဒါနဲ့ ကိုမင်းခန့်သာနဲ့ မိဝါနဲ့. . ."

"ဝါက ကျွန်တော့်ရဲ့ Fiancee ပါ"

"ဪ"

ဝါမျက်လုံးကျယ်သွားရပါ၏။ ဘယ်လိုဖြစ်ပြီး သူမရှေ့မှာ ဝါ့ကို 'လက်ထပ်ဖို့ စေ့စပ်ထားသည့်သူ'ဟု ပြောလိုက်ပါသလဲ။ ဒီတစ်ခါ အံ့ဩရသူက ဝါကိုယ်တိုင်ဖြစ်သွားရတာပါလေ။ ပြုံးနေရာမှ မသိမသာမဲ့သလိုဖြစ်သွားသည့်နှင်းကို ကြည့်နေစဉ် သူက ဝါ့လက်မောင်းကို ဆုပ်ကိုင်လိုက်လေ၏။

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ဪ. . . ဟုတ်ကဲ့"

"သွားကြစို့. . . ဝါ"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ ကိုယ့်ပြိုင်ဘက်ရှေ့မှာမို့ သူဆွဲခေါ်ရာနောက်ကို အသာတကြည်လေးဖြင့် လိုက်ခဲ့ရလေ၏။ ကုမ္ပဏီဝင်းထဲက ကားပါကင်မှာ ကိုယ့်ကား သူ့ကားစီးဖို့ စကားများရဦးမှာလေ၊ ဝါနဲ့သူက ဘယ်ဘဝကတည်းက ကြည့်မရတဲ့ ကြောင်နဲ့ကြွက်လိုပဲ ရန်စကရှိနေသေးတာကိုး။

"ကဲ. . . လွှတ်တော့လေ"

"ကိုယ့်ကားနဲ့ပဲ သွားမယ်လေ ဝါရဲ့"

"မလိုပါဘူး။ ရှင် ဒီနေ့ ကျွန်မကိုနှောင့်ယှက်တာ တော်သင့်ပြီနော်"

"ရော်! ကိုယ်က ဘာများနှောင့်ယှက်နေလို့လဲ ဝါရယ်၊ အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ဝါ့ကိုလာတွေ့တာကို သိရဲ့သားနဲ့။ ကိုယ်နဲ့ဝါက အကျိုးမရှိဘဲ ဘာအလုပ်မျိုးကိုမှ မလုပ်တတ်မှန်း ဝါလည်းသိမှာပါ"

ကြည့်စမ်း! သိလိုက်ပြန်ပြီ နောက်တစ်ခု။ ဝါတော့ ပြဿဒါးရ တွေကို နေ့စဉ်ကြုံရတော့မယ်ထင်ပါရဲ့။ ဝါ့ကိုဝါမှန်း ဒင်းသိသွားတာ အနှောင့်အယှက်က စတင်ပြီလေ။ သူက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချ အပြည့်ရှိသည့် စစ်သူကြီးတစ်ဦးနှယ် မျက်နှာပေါ်မှာ မာန်အပြည့်ရှိ လေ၏။ ဝါတော့ ဒီတောက်တဲ့ကြီးကို ဘယ်လိုနည်းလမ်းမျိုးနဲ့ ခွာချ ရမလဲဆိုတာကို အမြန်ဆုံးစဉ်းစားသင့်ပြီထင်ပါရဲ့။

"ရှင်နှောင့်ယှက်လို့ ကျွန်မ နစ်နာရတာတွေ များနေပြီဆိုတာ သိရဲ့လား"

"အဲဒါတွေအားလုံးကို အကုန်ပြန်လျော်ပေးပါ့မယ်"

"ဘာရယ်"

"တစ်ဘဝလုံးနဲ့ လျော်ရလျော်ရပါ"

"ဦးမင်းခန့်သာ!"

"ခင်ဗျာ"

ကဲ! ကလေးကလားပြောတယ်ထင်ရအောင်လည်း သူ့မျက်နှာ ပြောင်စပ်စပ်မဟုတ်လေတော့ ခက်တာပဲ။ ဝါ့မှာသာ ဒေါသတွေဖြင့် ပွက်ပြီး လူတစ်ကိုယ်လုံး ထူပူနေတာပါလေ။ ဒင်းကို ဘယ်လိုနားလည် ရမှာပါလိမ့်။

"ကိုယ် Phone အသစ် ဝယ်ပေးပါ့မယ်"

"မလိုဘူးလို့ ဘယ်နှခါ ပြောရမလဲ"

သူက ဝါပြောတာကို စိတ်ဆိုးပုံမရဘဲ ပြုံးသလိုတောင် ဖြစ်သွာ





တာပါ။ တစ်ယောက်တစ်ခွန်းစကားများနေစဉ် ဝါ့ကားရှေ့မှာ ဝင်းထဲဝင် လာသည့်ကားကြီးတစ်စီးက လာရပ်လိုက်လေ၏။ သေတော့မှာပဲ၊ ဒီကား ကြီး လာပိတ်ရပ်မှတော့ ဝါက ကားကိုဘယ်လိုထုတ်ရပါ့မလဲ။ ကားရွှေ့ ရပ်စေရန်ပြောဖို့ ပြင်လိုက်စဉ် ဘယ်ကားကမှန်းမသိ ဓာတ်ဆီယိုထားသည့် နေရာကို နင်းမိရင်း Slip ဖြစ်ရပြန်လေသည်။

"အမေ့!"

ဝါတော့ ကံဆိုးမိုးမှောင်ကျတာ ဖြစ်ပြီထင်ပါရဲ့။ ခြေလွတ်လက် လွတ် လန်ကျတာဖြစ်ပေမယ့် နောက်ကျောဘက်မှ ဖမ်းလိုက်တာမို့ လူ ဘိုင်းခနဲ လဲကျမသွားတာပါ။ ခေါင်းထဲမှာ ဒုတိယအကြိမ် မိုက်ခနဲ မူးသွားတာတော့ တကယ်ပါပဲ။

"ဝါ. . . လန့်သွားသလား"

"ဖယ်ပါ"

"ကိုယ့်ကားနဲ့ပဲ သွားပါ့မယ်ဆိုတာ စိတ်က အရမ်းမြန်တာပဲ။ လာ ပါ"

ဒီတစ်ခါတော့ လက်မောင်းကိုဆွဲခေါ်ရာနောက် ပါလာရလေ၏။ စိတ်ပျက်မိပေမယ့် သက်ပြင်းကိုတော့ ကျိတ်ချမိတာပါလေ။ သူသာ ဒီ လိုမျိုး ရှေ့ဆက်ပြီးရှိနေရင်တော့ ဝါနဲ့သူ့ကိစ္စကို ဆက်ပြီးဖြေရှင်းနေရတော့ မှာပါပဲ။

အချစ်ဆိုတာကို မတွေ့ချင် မကြုံချင် မလိုချင်တဲ့ဝါ့လိုမိန်းကလေး ကိုမှ အဘယ်ကြောင့် သူ မေတ္တာသက်ဝင်ချင်ရပါသလဲ။ အဲဒီအချစ်ဆို တာကြီးကို ဝါမှ စိတ်မဝင်စားတာလေ။ ရင်ခုန်သံတွေမြန်ရင်၊ သူစိမ်းတစ် ယောက်အကြောင်းကို အမြဲလိုလိုတွေးမိပြောမိနေရင်၊ နေ့နေ့ညညသတိ



www.burmeseclassic.com

www.burmeseclassic.com



ရပြီး မကြာခဏမြင်ယောင်မိရင်၊ ရင်ထဲမှာ ချစ်ခြင်းတွေ ကိန်းအော
နေပြီတဲ့။

ထိုသို့မဖြစ်စေချင်ပါ။ ဘဝကို ရင်အေးချမ်းစွာနဲ့ ငြိမ်းချမ်းစွာ ဖြ
သန်းချင်တာလေ။ စိတ်ဆင်းရဲရတာ၊ မပျော်ရွှင်ရတာ၊ စိတ်ပင်ပန်းရတ
စိတ်မောရတာ၊ ကိုယ့်စိတ်နဲ့ကိုယ် မဟုတ်ပါဘဲ သူများစိတ်နဲ့ ကိုယ့်
မျိုး မဖြစ်စေချင်တာကို ဝါ့အပြင် ဘယ်သူတွေများ သိနိုင်ပါ့မလဲ။



## အခန်း ( ၉ )

စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းနေတာမို့ OFF ရက် Sunday ကို Rest ဆိုပြီး မျက်စိမှိတ် နားနေမိပါ၏။ ခါတိုင်းမနိုးရပါဘဲ အလိုလို နိုးနေကျဖြစ်ပါလျက် ဒီတစ်ရက်တော့ ပေတေပြီး အိပ်နေမိတာပါလေ။ မိုးလင်းနေပြီမှန်းသိသော်ငြား မျက်လုံးကို နည်းနည်းလေးမှ မဖွင့်သေးပါချေ။

"ဒေါက်! ဒေါက်!"

"မမ"

တောက်! မိနီကတော့ စောစောစီးစီး ရန်ရှာချင်နေပြန်ပါပြီ။ နားချင်လို့ တမင်တကာ မထတာပါဆိုနေမှ။ ဝါ့အကျင့်ကိုလည်း သိရဲ့သားနဲ့ ဘယ်သူက နှိုးခိုင်းလိုက်တာပါလဲ။ ဖေဖေတော့ မဖြစ်နိုင်ပါ။ ညတုန်းက ဝါ တော်တော်ညဉ့်နက်မှ အိပ်ဖြစ်မှန်း သိနေတာကိုး။ (ဝါ့ဖေဖေ ညဆယ်နာရီမှအိပ်လည်း သန်းခေါင်တစ်ချက်တီး တစ်ရေးနိုးတတ်လေ့ရှိပါ၏) ဒါဖြင့် ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမရေ. . . အန်တီက ထတော့တဲ့"

တွေ့လား. . . ထင်တဲ့အပိုင်း မေမေဖြစ်နေတာပဲကိုး။ မျက်စိမှိတ်ထားလျက် အိပ်ရာထက်မှာ ဟိုဒီတစ်ချက် လူးလိမ့်လိုက်မိသည်။ မပျင်းစရာ အပျင်းထူမိတာ များပြီထင်ပါရဲ့။ အချိန်ဖြုန်းချင်တာမျိုးမဟုတ်ပါဘဲ သက်သက်မဲ့ ဇိမ်ခံနေမိတာပါလေ။

"ဒေါက်! ဒေါက်! "

"မမ"

"ဘာလဲဟာ"

"မမ၊ အန်တီက ထတော့တဲ့"

"ကျစ်! ရှုပ်လိုက်တာ၊ ဘာအလုပ်ရှိလို့ ထရမှာလဲ။ ငါ့အလုပ်တွေ ပြီးပြတ်လို့ နားမယ်လုပ်ထားတာကို"

"မမပဲ အန်တီ့ကို ဒီမနက် ဘုရားပို့ပေးမယ်ဆို"

"ဟင်! ပြောမိလို့လား"

"ပြောထားတယ်လေ၊ ဟိုတစ်နေ့ညကပဲ"

သေစမ်း! ဘယ်တုန်းက ပေးလိုက်မိတဲ့ကတိပါလိမ့်။ အခုတလော စိတ်တွေရှုပ်ပြီး ဝါ ခဏခဏမေ့လျော့တတ်ကျင့် ရှိနေပါရောလား။ အိမ်မှာလည်း ဟိုဟာကျန်ခဲ့ ဒီဟာကျန်လို့ကျန်ခဲ့။ ကုမ္ပဏီမှာလည်း ဒီအတိုင်း နောက်ကနေ မှိုင်းလိုက်ပေးနေရတာလေ။ ဝါတော့ အာရုံကြော အားနည်းနေတာများလား။ အလုပ်အရမ်းများပြီး Stress ဝင်နေလို့ ဦးနှောက်ကို အနားပေးရမယ်ထင်ပါရဲ့။

"ဟဲ့! ခုထိ မထသေးတာလား။ မအေက အဆင်သင့်ဖြစ်နေပြီ ဝင်းဖန့်ဖန့်ဝါ"





"ထပြီ မေမေရေ. . . ထပြီ"

"ဘုရားသွားမယ်ဆိုပြီး စောစောစီးစီး မထချင်ဘူး၊ တကယ်ပါပဲ"

မေမေ ပွစိပွစိရေရွတ်နေပြီမို့ ရေချိုးခန်းထဲ အမြန်ပြေးဝင်ကာ ရေချိုးလိုက်ရ၏။ ထွက်လာရင် ဒါကြီးဝတ်ပြန်ပြီလားဆိုပြီး ဆူဦးမှာလေ။ ဒါကလည်း လုံချည်ဝတ်ဖို့ကို ဘယ်တုန်းကမှ စိတ်မကူးခဲ့တာမို့ ဒါဝတ်ဘိုင်ပဲ ဝတ်မိနေတာကိုး။

"ဟဲ့! ဒီပုံစံနဲ့သွားမှာ"

"အင်းလေ. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီဘောင်းဘီကားယားကားယားနဲ့ ရင်ပြင်တော်ပေါ်တက်မှတော့ ဘုရားလုံခြုံရေးတွေ ညည်းကိုဆွဲချတော့မပေါ့"

"အဲဒီတော့လည်း ကားပေါ်ကစောင့်ရုံပေါ့ မေမေရယ်၊ ဘာခက်တာလိုက်လို့"

"ပြောလိုက်ရင် ဒီအတိုင်းပဲ၊ ညည်းတို့အမျိုးတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ကို ပြင်းလွန်းတယ်။ ငါသိပ်မပြောချင်ဘူး"

"ဝါက မေမေ့သမီးပါ မေမေရာ"

"ငါနဲ့ ဘယ်နေရာတူတာများ ပါလို့လဲ၊ သမီးဖြစ်သူကိုကြည့်ရတာ ခေါင်းပူလွန်းလို့ ဘုရားမှာ တရားလေး လိုက်ထိုင်နိုင်းပါတယ်၊ နကတည်းက ငါစိတ်ရှုပ်နေရပြီ။ တကယ်ပါပဲ"

ဝါမျက်လုံးကျယ်သွားရပါ၏။ ဘုရားရေ! ဝါ့ကို တရားထိုင်ခိုင်းမလို့ဆိုပဲ။ ဘယ်တုန်းကများ ဒီလိုစိတ်ကူးမိပါလိမ့်။ ဝါဖြင့် တစ်နေ့တစ်နေ့ စာရွက်စာတမ်းတွေနဲ့ Notebook, Computer တွေနဲ့ လုံးလည်လိုက်နေတာ တရားထိုင်ဖို့ကို ယောင်လို့တောင် မစဉ်းစားမိပါလေ။ ခုနေရင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း ကုသိုလ်ရဖို့ခေါ်တဲ့မေမေ့ကို စိတ်တိုမိရင်း ငရဲတော့ ကြီးတော့မှာပါပဲလား။

"ဝါ တရားထိုင်မယ်လို့ ပြောဖူးလို့လား"

"မပြောလည်း မအေက ဒီလိုလုပ်ဆို လုပ်မှပေါ့။ မွေးသမိခင် စကား နာခံကောင်းပါတယ် ခေါ်ဝင်းဖန့်ဖန့်ဝါ။ ဘယ်မိခင်ကမှ သားသမီးကို ငရဲထဲ တွန်းမချပါဘူးရှင့်"

ကဲ! စကားတတ်တဲ့ မေမေ့ခနဲ့ဟန်ကြောင့် ဇက်ပုသွားရပါ၏။ ကော ပါလေ့၊ လျှာရှည်မိတဲ့အကျိုးကြောင့်ပေကိုး။ အစောကြီးမို့ ဘာမှပင်မ ဖြစ်ဘဲ ကားဖြင့် ရွှေတိဂုံစေတီကို ဦးတည်မောင်းလာခဲ့ပါသည်။

"Phone က လဲလိုက်ပြန်ပြီလား"

"အင်း"

Dashboard ပေါ်တင်ထားသည့် Phone ကိုမြင်ပြီး မေးလေ တော်ပါသေးရဲ့၊ ဘယ်သူပေးတာလဲ မမေးပေလို့။ ခင်းအမှားကြောင့် ပျ သွားရတဲ့ Handset ကို ခင်းပဲ အစားပြန်ဝယ်ပေးခဲ့တာပါလေ။ အလ များနေကုန်း သတိမရပေမယ့် Phone ဆက်စရာပေါ်လာတိုင်း ဒီ Pho ကိုကိုင်မိရင်တော့ ဖျတ်ခနဲ သတိရမိတာပါ။ ဒီထက်တော့ မပိုပါလေ။

"မင်းမင်းနဲ့တွေ့သေးလား"

"ဟင်"

"ဟဲ့! ခြော်. . . တိုက်မိကုန်တော့မှာပဲ၊ ဒါလေးမေးတာနဲ့ လန့် လား"

"မဟုတ်ပါဘူး၊ ဒါနဲ့"

"ဘာလဲ"





"ဘုရားမှာဆုံဖို့ မေမေချိန်းထားတာ မဟုတ်ပါဘူးနော်"

"ဘယ်သူနဲ့လဲ"

"မင်းခန့်သာနဲ့"

"ကြွကြီးစီရာ. . . ဘုရားမှာ ကလေးကလားလုပ်စရာလား"

"မပြောနိုင်ဘူးလေ"

"ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးဆိုတာ ညည်းတို့အရွယ်တွေပဲ လုပ်ကြတာ"

"ဝါ မလုပ်ပါဘူး"

ခပ်မြန်မြန်ငြင်းလိုက်မိပါ၏။ အမယ်လေး! ခဏလေး သတိရမိသွား တာနဲ့ မေမေ မေးလိုက်တာနဲ့ကြုံပြီး လန့်သွားရတာပါလေ။ ခင်းကတော့ ဓါတ်ပုံမိသားစုကြားမှာ တကယ့် Prince ဖြစ်နေရတာကိုး။ အမြင်ကပ်ပါ့ နော်။

"ဝါ အောက်မှာပဲ စောင့်ရမလားဟင်"

"အဲဒါမှတော့ ညည်းကို တပင်တပန်းခေါ်ပါ့မလား၊ ငါ့ဘာသာငါ Taxi စီးပြီး လာတော့မပေါ့"

မေမေ့မျက်စောင်းက ဒိုင်းခနဲရောက်လာတာမို့ ငြိမ်နေလိုက်ရပါ ၏။ ကားကို ဘေးကပ်ရပ်ထားခဲ့ပြီး Lift ဖြင့် ရင်ပြင်ပေါ်သို့ တက်ခဲ့ပါ သည်။ စေတီကို လက်ယာရစ်သုံးပတ် ပတ်ချိန်အထိ ဘာမှထူးထူးခြား ခြားမရှိပါလေ။ အရှေ့ဘက်မှ ရင်ပြင်တော်ထက် အတော်လေး လူရှင်း နေပါသည်။ မေမေက ပုတီးစိပ်မှာမို့ ဘုရားဆီမီးပူဇော် ပန်းကပ်တာတို့ ကိုအရင်လုပ်ပြီး ဖရပ်နေရာမှာ နေရာယူလိုက်လေ၏။

"ဘုရားရှိခိုးပြီး (၁၅)မိနစ်ပဲရရ နာရီဝက်ပဲရရ တရားမှတ်နေ"



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့လိုက်မိပါ၏။ တရားတော့ ရမရ မသေချာပါလေ။ အိပ်ရေးမဝခဲ့တာမို့ ငိုက်ဖို့ကတော့ အသေအချာပါပဲ။ မေမေမမြင်အောင် နိုးပြီး သန်းမိတာကိုတောင် မနည်းကြီးထိန်းထားရတာမဟုတ်လား။ ဝါတော့ ကလေးမဟုတ်ပါဘဲ ကလေးဆန်လွန်းနေတာပါလေ။

မေမေ ဘုရားကို ဦးချနေပြီမို့ မေမေ့ဘေးမှာ ဝင်ထိုင်လျက် ဘုရားရှိခိုးလိုက်ရပါသည်။ ရသမျှဘုရားစာတွေအကုန်ရွတ်ကာ ဦးချပြီးချိန်အထိ မေမေက ဘုရားရှိခိုးတာ မပြီးသေးပါချေ။ (၁၅)မိနစ်ပဲရရတဲ့။ လုပ်ကြည့်တာပေါ့လေ။

မျက်စိစုံမှိတ်ကာ ဝင်လေထွက်လေကို မှတ်ကြည့်လိုက်ပါ၏။ အဆင်မပြေပါလေ။ အိပ်ရေးမဝလို့ပဲ ငိုက်တာလား၊ ဒါမှမဟုတ် ဝါဝတ်နေကျ Style Pants ကြောင့်ပဲ သက်တောင့်သက်သာမရှိတာလား မသိတော့ပါလေ။

မျက်စိမှိတ်ထားတာကို ဖွင့်လိုက်စဉ် မေမေက စိပ်ပုတီး စစိပ်ပြီမို့ ကြာဦးမည်မှန်းသိလိုက်ပါ၏။ ဒီအတိုင်း ထိုင်နေရမှာလား။ ပျင်းစရာကြီး။ ဟိုဟိုဒီဒီလျှောက်ကြည့်ရင် အိပ်ချင်စိတ်ပြေတန်ကောင်းပါရဲ့။ စိတ်[illegible] ကူးထက် လက်တွေ့က ပိုအကောင်အထည်ပေါ်တာမို့ ဇရပ်မှ အုတ်လှေကားကိုနင်း၍ ဆင်းလိုက်ပါ၏။

စေတီသေးသေးလေးများထံမှ လေအဝှေ့ဆည်းလည်းသံကို ငြိမ့်ငြိမ့်လေး ကြားနေရပါသည်။ နေရောင်က စေတီကြီးကို မီးမောင်းထိုးပြ[illegible] နေသည့်နှယ်မို့ ရွှေရောင်တွေ ဝင်းလက်နေလေ၏။ ဘုရားဖူးသည့်သည်တွေလည်း ဖြည်းဖြည်းချင်း ရောက်လာနေလေသည်။

နေရောင်က ခပ်နွေးနွေး၊ လေပြည်က ခပ်အေးအေးမို့ အရသာ[illegible]





နှစ်မျိုးကိုခံယူရင်း ရင်ပြင်တော်ထက် ဖြည်းဖြည်းချင်း တရွေ့ရွေ့ ဆက်လျှောက်လာခဲ့မိလေသည်။ မိသားစုလိုက် လာကြသည့်အုပ်စုတွေမှ ကလေးတွေက နေပူခံ ကျောက်ပြားအဖြူလေးတွေထက် ရယ်မော ပြေးလွှား[illegible]နေကြလေ၏။ အပူအပင်ကင်းတဲ့အရွယ်လေးတွေကိုး။

လက်ညှိုးရေကျ ဘုရားရှေ့မှာ ထိုင်ကြည့်သူကြည့်၊ ကုန်းကုန်းကွကွ ငုံ့ကြည့်သူကြည့်ဖြင့် ကလေးတွေရော လူငယ်လေးတွေပါ ပြုံနေလေ[illegible] ဟုတ်တယ်မဟုတ်ဘူးငြင်းဆိုသံသဲ့သဲ့ကိုပါ ကြားနေရတာမို့ ကျိတ်[illegible]လိုက်မိသည်။ ရူးစမ်းတတ်သည့်အရွယ်ကြောင့် မဟုတ်ပါလား။

ခေါင်းလောင်းထိုးသံ ရုတ်တရက်မြည်လာတာမို့ လန့်သွားရပါ၏။ [illegible]နှင့်နွေ့ဆွမ်းဆန်အသင်းဇရပ်မှထင်ပါရဲ့။ ဘကြီးတစ်ဦး၏ ဘုရားရှိခိုး[illegible]က အာပေါင်အာရင်းသန်သန်ဖြင့် နားထဲတစ်မျိုးကြားလို့ကောင်းသည့်[illegible]ယ်ပါလေ။ စနေထောင့်မှာ ဘုရားရေသပ္ပာယ်နေသည့်စုံတွဲထံမှ ကြည်[illegible]ကြည်နူးနူးလေးရယ်သံကို ကြားလိုက်ရတာမို့ ကြည့်လိုက်မိ၏။ ကြည့်ရ[illegible] အိမ်ထောင်ဦးထင်ပါရဲ့။ ရေစင်တာလေးကိုတောင် သဘောကျနေ[illegible]ကြတာကိုး။

ပန်းရနံ့တွေ အမွှေးတိုင်နံ့တွေကြောင့် ဝါ့ခေါင်းထဲ နောက်ကျိလာ[illegible]ပါ၏။ အနံ့စူးစူးတွေရဲ့ဒဏ်ကို ဝါသိပ်ကြာရှည်မခံနိုင်ပါချေ။ စက်လှေ[illegible]ဖြင့်ဆင်းသည့် စောင်းတန်းမှာ ကလေးတစ်အုပ်စု တက်လိုက်ဆင်း[illegible]ဖြင့် ဆော့နေကြပြန်လေ၏။

လူရှင်းနေသည့်နေရာမှာရပ်ရင်း အောက်ဘက်မြင်ကွင်းကို ငေး[illegible]ကြည့်နေမိ၏။ ဘုရားရိပ်၊ တရားရိပ်၊ ကျောင်းရိပ်က အအေးမြဆုံးဆို[illegible]နေပါရောလား။ ပူလောင်နေခဲ့သည့် ရင်တွင်းမှအပူတို့က အငွေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သက်သာအေးချမ်းသွားစေတာလေ။ ဒါကြောင့်လည်း လူကြီးတွေ အသက်ရလာတာနဲ့အမျှ တရားပိုရှာကြတာကိုး။

'ရေဘူးနဲ့ဖိနပ်မပါ နွေခါမှသိ' 'ဒါနနဲ့သီလမပါ သေခါမှသိ' ဆိုတဲ့စကားပုံက တကယ်မှန်နေတာပဲကိုး။ ဝါလည်း ဒါနဆိုတဲ့လှူတာမျိုးသာ အနည်းအပါးရှိပြီး သီလက မမြဲသေးပါလား။ ဝင်ငွေထွက်ငွေ မှန်ကန်အောင် စစ်ဆေးပြီး ငွေကို မှူးစုပဲစုဆိုပြီး စုဆောင်းနေမိတာ နေ့စဉ်နဲ့အမျှ ဖြစ်နေတာပါလေ။

ခိုးခိုးခစ်ခစ်ရယ်သံသဲ့သဲ့ကြောင့် ဝန်းကျင်ကို ငဲ့ကြည့်လိုက်မိပါ၏။ ဆယ်ကျော်သက်ချာတိတ်စုံတွဲက ဝါရှိနေတဲ့နေရာကို ရောက်နေတာကိုး။ ဆိတ်ငြိမ်တဲ့နေရာက ပျက်ချေလေပြီ။ ကလေးတွေကို အပြစ်မမြင်မိပေမယ့် မိဘတွေကိုယ်စား ရင်မောမိတာတော့ အမှန်ပါ။ ပညာရှာရမယ့်အရွယ်လေးတွေမှန်း သတိမထားမိကြပါလားနော်။

သွားသင့်ပြီယူဆပြီး နေရာမှထွက်လာခဲ့၏။ နာရီက နံနက် (၇) နာရီကိုညွှန်းနေပြီမို့ မေမေ ပုတီးစိပ်တာပြီးလောက်ပြီဟု ခန့်မှန်းမိပါသည်။ ခြေလှမ်းကိုမမြန်စေဘဲ လူတွေကြားမှ ခပ်မှန်မှန်လှမ်းလာခဲ့ပါ၏။ နေရောင်က အတော်လင်းနေလေပြီ။

မေမေရှိမည့်ဇရပ်ကိုရောက်စဉ် မေမေ့ကိုမတွေ့ရတာမို့ ရင်ထိတ်သွားရပါ၏။ ဝေ့ဝဲရှာလိုက်မိစဉ် မွေးနံထောင့်ဘုရားကို ရေသပ္ပယ်နေတာကို မြင်လိုက်ရပါ၏။ နေရောင်ထိုးနေပြီမို့ ဒီမှာပဲ ရပ်စောင့်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဇရပ်လှေကားကိုတက်ကာ အပေါ်ဆုံးအဆင့်မှာ အသာထိုင်ချလိုက်မိသည်။

မေမေ့ထံမှအကြည့်လွှဲကာ မျက်ဝန်းကိုရွှေ့စဉ် တစ်နေရာမှာ ရပ်





…ရလေသည်။ ဝါအရင်ဆုံးသတိထားမိသည်က ကချင်ပုဆိုးအကွက်…စိမ်းစိမ်း၊ အဲဒီတင်ပလ္လင်ခွေထိုင်လုံချည်ထက် ဘယ်လက်ပေါ် ညာလက်…ကာ လက်မထိပ်လေးတွေထိကာ တရားထိုင်နေပါသည့်လက်တစ်စုံ။

ဘုရားရေ! ယောက်ျားလေးဖြစ်ပြီး လက်တွေက ဤမျှအထိ သွယ်…လှပလွန်းနေတာပါလား။ ရှပ်အဖြူလက်ရှည်ကို လက်ဖျားအထိ ကြယ်…အစေ့တပ်ထားတာမို့ လက်ကောက်ဝတ်နေရာမှ လက်တစ်စုံကိုသာ…နေရတာပါလေ။ ဖြူနုလှပလွန်းပါသည့် လက်တို့ကိုကြည့်ရင်း စိတ်ထဲ…မနာလိုပင် ဖြစ်သွားမိတာ အမှန်ပါပဲ။ ယောက်ျားလေးဖြစ်ပြီး ဤမျှ…ထိ အသားဖြူဝင်းပြီး လှရသတဲ့လား။

ဝါ့စိတ်ဝင်စားမှုက ဤတွင် ရပ်မသွားခဲ့ပါလေ။ ဇရပ်တိုင်လုံးကို…ယ်ပြီး ထိုင်နေသည့်လူ၏မျက်နှာကို မြင်ချင်စိတ်ဖြစ်လာတာမို့ ထိုင်နေ…မှ ထရပ်ကာ လှေကားကိုဆင်းလိုက်ပါသည်။ အဲဒီနောက် မသိမသာ…ခြေလှမ်းလျှက် ထိုလူထိုင်နေရာကို မြင်နိုင်မည့်နေရာထိ ခြေကိုလှမ်းလိုက်…လေ၏။

အလို! အေးချမ်းလိုက်ပါဘိ။ မျက်လွှာချ မျက်စိစုံမှိတ်ထားသည့်…ငယ်လေး၏မျက်နှာကို မြင်လိုက်ရစဉ် ဝါ အသက်ရှူဖို့ပင် မေ့လျော့…ရတာပါလေ။ ခပ်တိုတိုညှပ်ထားပေမယ့် နဖူးထက်မှာ ဆံစအချို့…ရှိနေတာ၊ စိမ်းညို့တဲ့မျက်ခုံးထူများ။ မိန်းကလေးတွေနှယ် စင်းနေပါ…ည့် နှာတံ၊ ပိရိသေသပ်ညီညာပါသည့် မထူမပါးနှုတ်ခမ်းများ။

မပိုင်းဘဲ သွယ်ကျသွားသည့် မျက်နှာအောက်မှ လေးထောင့်မကျ…မသွယ်သည့်မေးရိုး။ ခန္ဓာကိုယ်နှင့်လိုက်ဖက်နေသည့်လည်တံ၊ မပိန်…ကိုယ်ခန္ဓာထက် ဝတ်ထားပါသည့် ကော်လံကတုံးရှပ်အဖြူနှင့် အင်



www.burmeseclassic.com

www.burmeseclassic.com



မတာန်ကို ကြည့်ကောင်းလွန်းနေပါသည့် လူတစ်ယောက်။

နှလုံးသားဆီမှ တစစ အခုန်မြန်လာသည့် အချက်ပေးသံကို ခံစ

လိုက်ရလေသည်။ ဘုရား! ငါတော့ တရားမှတ်နေတဲ့လူငယ်လေးကြော

ငေးငေးကြီးတော့မှာပါလားနော်။

❧❧❧

## အခန်း ( ၁၀ )

"ဘာပြောလိုက်တယ်"

နှားနှိုသောက်နေရင်းမှ ဖေဖေ မေးလိုက်သည့်မေးခွန်းကြောင့် ချက်

င်းပြန်မပြောနိုင်ပါချေ။ မေမေ့မျက်နှာထက်မှာပါ အံ့သြရိပ်ထင်နေတာ

ဝါ့အမူအရာမပျက်အောင် သတိထားလိုက်ရလေ၏။ ရှုးတယ်လို့ ထင်

မှာပါပဲ။ ရွှေတိဂုံစေတီမှာ တစ်ရက်လေး ကြုံလာရတဲ့အဖြစ်အပျက်

ကြောင့် 'ဝင်းဖန့်ဖန့်ဝါ'ရဲ့ ခပ်ကြောင်ကြောင်အတွေးက ဟာသဖြစ်နေ

ာ မဟုတ်ပါလား။

ဟုတ်ပါတယ်၊ အမှန်တကယ်လည်း ခုချိန်ထိ ဝါ သေသေချာချာ

သေးပါလေ။ သို့သော် ငါမြင်တွေ့ခဲ့ရသည့် လူငယ်လေးကို အာရုံထဲ

တဝဲလည်လည်မြင်နေရသည့်ပုံရိပ်ကို ဘယ်လိုမှဖျောက်လို့မရတာကို။

ခါလေး ကြုံကြိုက်ခွင့်ရခဲ့ပေမယ့် နောက်တစ်ကြိမ်ကြုံဖို့ဆိုတာ ဖြစ်

ိုမလား။



ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှူးပါ့. . . ဝင်းဖန့်ဖန့်ဝါ. . .။

"ဝါ. . . OFF ရက်တိုင်း မေမေ့ကို ဘုရားလိုက်ပို့ပေးမယ်လို့ပြော
လိုက်တာပါ ဖေဖေ"

"ကျားသားမိုးကြိုး! အနောက်အရပ်က နေထွက်တော့မယ်ထင်
ရဲ့ အစ်ကို"

"ဟုတ်ပါ့"

"တရားထိုင်တာလည်း မလုပ်နိုင်ပါဘဲ ဘာလို့ ဘုရားကိုထပ်သွား
ချင်ရတာလဲ"

"ဒီလိုပါပဲ"

"မဟုတ်သေးဘူး။ ငါ့သမီးလုပ်တဲ့အလုပ်တိုင်းမှာ ရည်ရွယ်ချက်
မပါဘဲ ဘာမှမလုပ်တတ်မှန်း ဖေဖေသိတယ်။ ထူးဆန်းလိုက်တာ"

ဖေဖေ့မှတ်ချက်က ဝါ့ရင်ကို မောစေလေ၏။ ဘယ်လိုများ လုပ်
ပါ့မလဲ။ ဝါက ကိုယ့်အတွက်ကို ကိုယ်ပဲဦးဆောင်ပြီး ရှင်သန်ချင်တဲ့ ဣတ္ထိ
တစ်ဦးပါလေ။ အချစ်ဆိုတာကို လုံးဝမျက်ကွယ်ပြုဖြစ်ခဲ့တာ ဒီအရွယ်
တိုင်ပါပဲ။ ကျောင်းတက်စဉ်တလျှောက်မှာ ဝါ့ကိုစိတ်ဝင်တစားရှိခဲ့သည့်
ပုရိသတိုင်းကို မျက်နှာတင်းတင်းနဲ့ ခပ်ပြတ်ပြတ် အားမနာစတမ်း ပြော
တတ်ခဲ့တဲ့ မိန်းမတစ်ယောက်ပါ။

ယောက်ျားယူတယ်ဆိုတာ တစ်ပါးသူကို မှီခိုအားကိုးချင်တဲ့ ပျော့
ဖတ်ဖတ်မိန်းမတွေရဲ့ ခပ်ညံ့ညံ့စိတ်ဓာတ်ကြောင့်ပါ။ လောကမှာ ယောက်ျား
ရယ် မိန်းမရယ်ဆိုပြီး ဘာများ ပိုင်းခြားခွဲပြစရာ လိုပါသလဲ။ လူဆိုတာ
ခေါင်းတစ်လုံး ကိုယ်တစ်ခု လက်နှစ်ဖက် ခြေနှစ်ဖက် ပါကြတာ မဟုတ်
ပါလား။ အတူတူပါပဲ။





ဒီခေတ်မှာ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းပြီး စီးပွားရှာ အလုပ်
လုပ်နေတာ မိန်းမတွေပါလေ။ ခွန်အားအရာမှာ သူတို့ယောက်ျားတွေက
မိန်းမတွေထက် သာကောင်းသာနိုင်ပေမယ့် ဉာဏ်စွမ်းမှာတော့ ကျွန်မ
တို့မိန်းမတွေထက် ဘယ်လိုမှမသာနိုင်ပါဘူး။

လူမှန်ရင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်မှာပဲ မတ်မတ်
ရပ်တည်တတ်ရမှာပါ။ အဲဒီလိုမှမဟုတ်ဘဲ သူတစ်ပါးကိုမှီခိုအားကိုးမိလိုက်
တာနဲ့ ကိုယ့်မှာရှိတဲ့ ဉာဏ်စွမ်းဉာဏ်စတွေ ယုတ်လျော့ကုန်ပြီး ဘာတစ်ခု
မှ သုံးမရတော့တဲ့ မီးဖိုချောင်က ခပ်တုံးတုံးဓားလို လူလည်း ခပ်တုံးတုံး
ခပ်နုံနုံဖြစ်သွားတော့မှာ အသေအချာလေ။

သို့သော်. . . ဝါ တစ်ယူသန် ယူဆသတ်မှတ်ထားသည့် ခံယူချက်
ကို အပြီးသတ်ချေဖျက်နိုင်မည့် တစ်စုံတစ်ရာရှိလာလိမ့်မည်ဟု လုံးဝ
ထင်မှတ်မထားမိခဲ့ပါ။ ထိုအရာကတော့ နှလုံးသားကိုလှုပ်ခတ်မှုများစွာ
ဖြစ်တည်စေခဲ့သည့် ချစ်ခြင်း၏ပဥ္စလက်ပါပဲ။ အချစ်က လူကို ဖန်ဆင်း
သတဲ့လား။

ရည်မှန်းချက်နဲ့ အသက်ရှင်ကြတာပါဆို။ အခုတော့ အချစ်ရှိမှ
အသက်ဆက်ရှင်ရတော့မှာလား။ လူကြောင့် အချစ်ဖြစ်တည်တာမျိုးမဟုတ်
ဘဲ ချစ်ခြင်းကြောင့် လူကမှ ရပ်တည်ခွင့်ရရမှာတဲ့။ ဘုရားရေ! ဝါ တစ်
သက်ပြီးတစ်ခါမှ မတွေးမိခဲ့တဲ့ တွေဝေမှုတွေက သွက်လက်ဖျတ်လတ်ခဲ့သည့်
ဝါ့နောက်ကို မှိုင်းမိစေသလို တိမ်ဖုံးနေသည့်လနှယ် မှောင်ရတယ်လို့။

"သမီး. . . ဝါ"

"ရှင်"

"ဘာတွေများ ဒီလောက်တောင် စဉ်းစားနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး မေမေ"

"အဲဒီလိုဖြစ်နေတာ ကျန်ခဲ့တဲ့တစ်ပတ်ကပဲ။ အစ်ကိုသမီးကိုကြည့် ရတာ ခုတလောမှာ စိတ်နဲ့လူ မကပ်သလိုဖြစ်နေတယ်"

"ဟုတ်လား သမီး"

ငြိမ်နေမိပါ၏။ ဝန်ခံသလိုများဖြစ်နေပြီလား။ အင်မတန် တိ ပြတ်သားပါတယ်ဆိုတဲ့ MD ဝင်းဖန့်ဖန့်ဝါရဲ့ တစ်နေ့တာလုပ်ဆောင်ချ တွေက ပုံမှန်မတည်ငြိမ်ဘဲ ကမောက်ကမ အလွဲလွဲအချော်ချော်တွေ ဖြ နေတာ ဘယ်သူ့ကြောင့်များလဲ။

"ခုတလော ဝါ စိတ်တအားရှုပ်နေလို့ပါ"

"အဲဒါကိုသိလို့ သမီးကို မေမေက ဘုရားသွားဖို့ခေါ်တာပေါ့"

မျက်လွှာကိုပင့်ကြည့်မိစဉ် ဖေဖေနှင့်အကြည့်ချင်းဆုံသွားရပါ မဝံ့မရဲစိတ်ဖြင့် အကြည့်ကိုလွှဲလိုက်မိပါသည်။ ဝါက ကိုယ့်ကိုယ်ကို ယုံကြည်စိတ်အပြည့်ရှိပြီး ကိုယ့်ကိုလာပြီးတွေ့တဲ့လူတိုင်းရဲ့ မျက်ဝန်းချ ဆုံကာ ကြည့်ရဲတဲ့သူပါ။ ဒီမျက်လုံးတွေကတစ်ဆင့် တစ်ဖက်လူရဲ့အတွ စိတ်ကို တိတိကျကျခန့်မှန်းနိုင်တာ မဟုတ်ပါလား။

"ဝင်းဖန့်ဖန့်ဝါ"

"ရှင်"

"သမီးရင်ထဲမှာ ဘယ်သူရှိနေပြီလဲ"

"ဟင်! "

ရင်ထဲထိတ်ကာ ခေါင်းထဲ ဒုန်းခနဲဆောင့်မြည်သွားသံက အကျ ကြီးပါပဲ။ ဘုရား! ဝါ့ရင်ထဲကို ဖေဖေ ဘယ်လိုများ မြင်သွားရပါသလဲ ရင်ထဲမှာ ပုံရိပ်ခပ်ဝါးဝါးလေး ထင်နေတဲ့လူငယ်လေးတစ်ယောက်ကို





တစ်ဦးတည်းသာ သိတာမဟုတ်ပါလား။ ဝါကလွဲပြီး ဘယ်သူက မြင်လို့ ရပါ့မလဲ။ ထူးဆန်းလေစွ။

"မှန်နေပြီလား သမီး"

"မဟုတ်ပါဘူး"

"သမီးရင်ထဲကို ဖေဖေလှမ်းမြင်လိုက်ရလို့ ဒီမေးခွန်းကိုမေးလိုက် တာပါ။ သမီးအရွယ်က စိတ်ကိုအလိုလိုက်ပြီး ဆုံးဖြတ်ရမှာမျိုးမဟုတ်တဲ့ အတွက် ဖေဖေတို့ စိတ်ပူစရာမလိုပါဘူး။ ဘာပဲဖြစ်ဖြစ် သမီးဘဝအတွက် ရွေးချယ်မယ့်လက်တွဲဖော်ကိုတော့ သမီးဆုံးဖြတ်ပြီးရင် ဖေဖေတို့ကို တိုင် ပင်ပါ"

အလို! ဆုံးဖြတ်ပြီးမှ တိုင်ပင်ပါတဲ့။ ဘယ်လိုကြီးလဲ၊ ဝါ့ကို သူနဲ့ သဘောတူတယ်လို့ ပြောထားတာ ဘာများကြာသေးလို့တုန်း။ ဒါနဲ့များ တောင် ရင်ထဲရောက်နေတဲ့သူကို ရွေးချယ်စေချင်သတဲ့လား။ ဘာသဘော များပါလိမ့်။

"မင်းမင်းတော့ မဟုတ်လောက်ဘူးထင်တယ်"

"အဲဒီလူကိုကြည့်မရပါဘူးဆိုနေမှပဲ၊ မေမေက ခဏခဏပြောနေ တယ်"

"အလိုတော်! မေမေတို့က အတင်းရိုက်ပေးစားနေတာမှ မဟုတ် တာ။ သေချာအောင် ဆုံပြီးညှိနှိုင်းဖို့ပဲ ပြောတာကို။ မအေကိုဆို အမြဲ အပြစ်မြင်တယ်"

"မဟုတ်ပါဘူး မေမေရယ်"

"ဖေဖေတို့က သမီးနဲ့ Level ညီမယ့်လူငယ်မျိုး ရှာတွေ့လို့ ကြည့် စေချင်တာပါ။ ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်းရပ်တည်ချင်နေတဲ့ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့စိတ်ကို နည်းနည်းယိမ်းယိုင်အောင် လုပ်နိုင်စွမ်းရှိတဲ့ အဲဒီသူစိမ်း
ကို ကျေးဇူးတင်မိတာတော့ အမှန်ပဲ''

အားပါး! ပညာတတ်ပီသပါပေ့ ဖေဖေရယ်။ စကားကို လိမ္မာပါးနပ်
စွာ သုံးပြသွားတာ မဟုတ်ပါလား။ ဝါတောင်မှ ဒီလောက်အထိ စကား
လှလှပပမသုံးတတ်ပါလေ။ ဝါ့စိတ်ကို ယိမ်းယိုင်အောင် လုပ်နိုင်စွမ်းရှိ
သူစိမ်းတဲ့။ ကာယကံရှင်ကဖြင့် ဝါ့ကို မျက်စိဖွင့်မကြည့် တစ်ကြိမ်တစ်
မှမမြင်ဖူးပါဘဲ ဝါ့ရဲ့တစ်ဖက်သတ်ခံစားချက်က ဤမျှအထိ ပြင်း
သိသာနေပြီလား။

ကိုယ့်ကိုယ်ကိုယ် တစ်ခါမှပြန်မဝေဖန်မိခဲ့တဲ့တလျှောက် ပြန်
သင်ဖို့လိုပြီပဲ။ 'ငါ'ဆိုတဲ့အတ္တကို လက်မှာမြဲမြဲဆွဲကိုင်ထားတဲ့ ဝါ့ကို စိ
ထားတွေ ပျော့ပြောင်းလာအောင် မည်သို့သော အကြောင်းကြောင့် ဤ
သောခံစားမှုကို ပြောင်းလဲစေတာပါလဲ။ စိတ်ကူးထက် လက်တွေ့ကို
ယုံကြည်လုပ်ကိုင်တတ်တဲ့ဝါ့ကို အတွေးတွေပျံ့နှံ့ တွေဝေအောင် နှော
ယှက်ရတယ်လို့။

''ဒါဖြင့် မေမေတို့သမီး အိမ်ထောင်ပြုဖို့ စဉ်းစားတတ်ပြီပေါ့လေ''

''ဝါမစဉ်းစားချင်သေးပါဘူး မေမေရယ်၊ အခုတောင်မှ အလုပ်ကို
နဲ့ စိတ်ရှုပ်နေရတာကို''

''မြသမီးက ခုထိ ဝန်မခံချင်သေးဘူး''

''ဝါက ဘာကိုဝန်ခံရမှာလဲ ဖေဖေရဲ့''

''ထားလိုက်ပါလေ၊ တစ်နေ့နေ့တော့ သမီးချစ်နေတဲ့လူငယ်ကို
ဖေတို့ရှေ့ကို ခေါ်လာမယ်ဆိုတာ ဖေဖေမျှော်လင့်ထားပြီးသားပါ''

''ရှင်!''





Direct ကိုပြောချေပြီ။ စိတ်ဝင်စားမှု ပါးပါးလေးဖြစ်နေတဲ့ရင်ကို
လှုပ်ခတ်ခြင်းတွေ တဟုန်ထိုးဖြစ်အောင် ပြောလိုက်ရတယ်လို့။ ဝါချစ်နေ
တဲ့ချစ်သူတဲ့၊ မချစ်မိသေးပါဘူး. . . အခုမှအစပျိုးရုံပဲရှိသေးတာပါလေ။
ရင်ဘတ်ထဲမှာ စတင်လှုပ်ရှားနေတဲ့ခံစားချက်ကို သိပ်နားမလည်သေးတာ
ဘယ်သူတွေများ သိနိုင်မှာတဲ့လဲ။

''မမှန်လို့လား. . . ဝါ''

''ဝါ ဒီနေ့ဒီအချိန်ထိ ဘယ်သူစိမ်းတစ်ယောက်ကိုမှ မချစ်မိသေး
ပါဘူး ဖေဖေ''

''သေချာလို့လား''

''သမီးသိထားဖို့က မေမေတို့အရွယ်ကိုရောက်ခဲ့တာ သမီးရဲ့အရွယ်
ကိုဖြတ်သန်းပြီးမှ ရောက်ခဲ့တာဆိုတာပဲ ဝါ''

ဝါ ဘာမှမပြောနိုင်တော့ပါလေ။ ကိုယ့်ကိုယ်ကိုယ် Control လုပ်
နိုင်တယ်လို့ တစ်ထစ်ချ ယုံကြည်စိတ်ချထားသမျှ မိဘတွေရှေ့မှာမှ အကုန်
ပေါ်တော့မှာပါလား။ ဝါက ကိုယ့်စိတ်ကို ဖုံးထားနိုင်တဲ့မိန်းမတစ်ယောက်
ပါ။ ကိုယ့်ခံစားချက်ကို ဘယ်သူမှမသိမမြင်ရလေအောင် မျိုသိပ်ထားနိုင်
ပါလျက်နဲ့ အခုတော့ လျော့ပါးကုန်လေပြီ။ ပေါ့ဆလွန်းလှချည်လား 'ဝင်း
နှင့်ဖန့်ဝါ'ရယ်။

''ဝါ အလုပ်သွားတော့မယ်''

''သမီးပြောလာမယ့်အချိန်ကို ဖေဖေတို့ စောင့်နေမယ်''

ထမင်းစားပွဲမှ ထထွက်လာခဲ့ပါ၏။ အဲဒီနေ့ညက တဒိတ်ဒိတ်ခုန်
ပေါက်နေသည့်ရင်ခုန်သံကို ငြိမ့်ငြိမ့်လေးခံစားပြီး တစ်ညလုံး အိပ်မပျော်
ခဲ့တာ ဝါ့ကိုယ်ဝါ အသိပါလေ၊ ကြည်နူးမိသလိုလို စိုးထိတ်စိတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်နဲ့ ကိုယ့်ကိုယ်ကိုယ် အသည်းယားနေမိတာလည်း အမှန်ပါပဲ။ တ
ကြိမ်တစ်ခါမှမဖြစ်ဖူးခဲ့တဲ့ ခံစားမှုတွေနဲ့ ဝါတစ်ယောက်တည်း ရှုးခဲ့မိတာ
ကိုး။'

တွေ့ချင်ပါသေးတယ် နောက်ထပ်တစ်ကြိမ်ပါ။ ပြီးတော့ နောက်
အကြိမ်ပေါင်းများစွာပေါ့။ သူ ဘယ်သူဘယ်ဝါ၊ အသက်ဘယ်လောက်
မိဘတွေ မိသားစုအပါအဝင် သူ့အလုပ်အကိုင်ကအစ အရာရာကို သိချ
နေတာပါလေ။ သူနေတဲ့နေရာ၊ သူရှိနေမည့်အခန်း။ ပြီးရင် သူ့နှလုံးသာ
ကို ပိုင်စိုးထားတဲ့မိန်းကလေးရှိမရှိကအစ သိချင်ပါရဲ့။

ကြည့်စမ်း! အဘယ်မျှ ရင်ခုန်ဖွယ်ကောင်းလိုက်ပါသလဲ။ ဒီလိုမျ
အတွေးကို စိုးမိုးချုပ်ကိုင်နိုင်စွမ်းရှိတာ ဘာများပါလိမ့်။ ဘုရားရေ! ဝ
တစ်ခါမှမတွေးထားတဲ့ အဲဒီအချစ်ဆိုတဲ့အကောင်လေးက ဘယ်တုန်း
များ ဝါ့ကိုယ်ထဲကို ရောက်နေရပါသလဲ။

"တီ!·တီ!"

ဟွန်းတီးပြီး လမ်းတောင်းသံကြောင့် အလယ်လမ်းမှာ မောင်းန
လျက်မှ ဘေးလမ်းကိုပြောင်းပေးလိုက်ရပါ၏။ ဒီအချိန်မှာက အားလ
လိုလို အလျင်လိုနေကြပါလျက် ဘယ်လိုဖြစ်ပြီး လောနေရတာပါလိမ့်
ဝါ့ကားဘေးမှ ဖြတ်မောင်းသွားသည့် ဆလွန်းက အနီရဲရဲလေးပါလေ
စိတ်ထဲမှ အလိုလိုပြုံးလိုက်မိပါ၏။ ကားလေးက နီရဲတာမှ စိုသ
ဘက်သို့ရောက်အောင် ဆေးမှုတ်ထားတာကိုး။ ကားပိုင်ရှင်၏စိတ်
အဘယ်မျှ ရဲရင့်မာထန်နေမှာပါလိမ့်။ အနီရင့်ရင့်အရောင်ကိုကြိုက်သ
လူတိုင်း သွေးဆူလွယ်ပြီး ဒေါသကြီးမှန်း ဝါအသိဆုံးပါလေ။

ဝါက စိတ်မြန်လက်မြန်ရှိပေမယ့် ဒေါသထွက်တာ မမြန်ပါ။ ဆေ





အေးတဲ့မိန်းမတစ်ယောက်ပါပဲ။ ချွင်းချက်တစ်ခုကဖြင့် သူဆိုတဲ့ မင်းခန့်သာတစ်ယောက်ကြောင့်သာ ဒေါသဖြစ်တတ်တာ မဟုတ်ပါလား။ Phone မြည်သံကြောင့် Blue tooth နားကျပ်ခလုတ်ကို နှိပ်လိုက်မိပါ၏။

"ဟယ်လို"

"ဝါလား. . . ကိုယ်ပါ"

ကြည့်စမ်း! စိတ်လေး ကြည်နေပါတယ်ဆိုမှ စောစောစီးစီး ဒင်းက ဖောက်လာပြန်ပြီ။ သူ့ချွန်တွန်းလုပ်လိုက်လို့ ကြီးကြီးဆီကနေ ဝါ့ဆီကို အမိန့်စာကျလာတာလေ။ "မင်းမင်းလိုအပ်တာမှန်သမျှ လုပ်ပေးလိုက်" တဲ့။ ဘယ်လောက်စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ဘေးနားမှာရှိလို့ကတော့ ဒင်းခေါင်းကို ခဲနဲ့ထုမိမှာ အသေအချာ။

"ဘာကိစ္စရှိပြန်ပြီလဲ၊ ရှင်ပြောထားတဲ့ပစ္စည်းတွေ ပို့ပြီးပြီမဟုတ်လား"

"ဝါကလည်းလေ၊ ကိုယ့်ကိုဆိုရင် အမြဲဒေါသသံနဲ့ချည်း စကားပြောရတယ်လို့"

"အဲဒါ ရှင့်ကြောင့်ပဲလေ၊ ရှင်ချွန်လိုက်လို့ ကျွန်မ ဘယ်လောက် အဆူခံရတယ်ထင်လဲ၊ ရှင်နဲ့တော့ ကျွန်မက ကမ္ဘာမကြေဘဲမှတ်"

"ဂျော်. . . နောက်ဆို ဒီလိုမဖြစ်စေချင်ရင် ဝါ့ဘက်က နည်းနည်းလောက် တစ်ထစ်လျှော့ပေးပေါ့။ ဒါဆို ကိုယ်က လူကြီးတွေအထိပြောဖို့မလိုဘဲ ကိုယ်နဲ့ဝါနှစ်ယောက်တည်း ပြေပြေလည်လည်ဖြစ်တော့မှာပေါ့"

"ကျစ်! လျှာမရှည်ပါနဲ့၊ လိုရင်းတိုရှင်းသာ ပြောပါရှင့်"

"အဲဒါက"

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ စောစောက ဝါ့ကားဘေး ဖြတ်မောင်းသွားသည့်ကားနီနီလေးက ဝါတို့ကုမ္ပဏီဝင်းထဲကနေ ထွက်သွားတာပါလေ။ ဘုရားရေ! ဘယ်သူ့ကိုများ ဝင်ပို့တာပါလိမ့်။ တခြားကားတွေထဲမှာ ထင်းခနဲမြင်သာနေသည့် ကားရောင်လေးကြောင့် သတိထားမိခဲ့တာပါ။ ဝင်းထဲသို့ ဝါ မရောက်မီ ကားနောက်မီးလေးကိုသာ တွေ့လိုက်ရတော့သည်။

❦❦❦



## အခန်း ( ၁၁ )

"Morning... ပါ မမ"

"Morning... မို့မို့"

မို့မို့ကိုပြန်နှုတ်ဆက်ပြီး ခုံမှာဝင်ထိုင်ချိန်အထိ မျက်မှောင်ကြုတ်တာ စဉ်းစားနေမိ၏။ နှင်းတော့ မဖြစ်လောက်ဘူး။ နှင်းစီးတဲ့ကားကိုလည်း ခါမြင်ဖူးတာမဟုတ်လား။ ဒီမှာက တစ်လှာစီယူပြီး အသေးစားကုမ္ပဏီနှံခန်းတွေ ဖွင့်ထားကြတာမို့ အတော်လေးများနေတာပါ။ ကြည့်ရတာတော့ မန်နေဂျာလောက်အဆင့်ကို လိုက်ပို့တဲ့လူပဲ ထင်ပါရဲ့။ MD တွေအားလုံးက ကိုယ့်ကားနဲ့ကိုယ် လာကြတာကိုး။

"မမ"

"အင်း"

"ဒီနေ့လုပ်ရမယ့် List ပါ"

"အေးအေး"



www.burmeseclassic.com

www.burmeseclassic.com



မှိုမှိုလာတင်ပေးလိုက်သည့်စာရွက်ကို စစ်ရန်ယူလိုက်ပြီး ခွက်ထဲမှ Pen ကိုလှမ်းယူလိုက်ပါသည်။ ဒီဘောပင်ဖြူတ်ကျတုန်းက ဝါ့ရုံးခန်းထဲကို သူရောက်လာတာကို ဖျတ်ခနဲ သတိရသွားမိလေ၏။

"မှိုမှို"

"ရှင်. . . မမ"

"နှင့်လူကြီးဆီ အခုထိ Decoration ပစ္စည်းတွေလေ၊ မပို့ရသေးဘူးလား"

"ဟိုလေ. . . အဲဒါက"

"ကျစ်! ဒါကြောင့် ဒင်း Phone ဆက်တာပေါ့၊ စိတ်ပျက်ပါ့ မှိုမှိုရယ်၊ သူနဲ့ငါ့ကြားမှာ ဘာရှိလဲဆိုတာ နင်သိရဲ့သားနဲ့"

"မဟုတ်ဘူး မမရဲ့"

"ဘာမဟုတ်တာလဲ"

"ဟိုတစ်နေ့ကတည်းက မှိုမှိုပြင်ထားတာ မမရဲ့"

"အဲဒီတော့"

"ကိုမင်းခန့်သာက မှိုဆီ Phone ဆက်ပြီး ပြောလိုက်လို့ပါ"

"ဘာ! "

"ပစ္စည်းတွေကို မမပဲ ကိုယ်တိုင်လာစီစဉ်ပေးမှာမို့ လာမပို့နဲ့တဲ့။ အဲဒါကြောင့်ပါ"

"တောက်! လုပ်လာပြန်ပြီ ဒင်းတော့"

တွေ့လား. . . ဒီလူတော့ ဝါ့ကို သွေးမတိုး တိုးအောင် လုပ်ကြံနေတာလေ။ ပြောတော့ဖြင့် နှုတ်ကအလွယ်လေးပါပဲ။ လူကြီးတွေကိုမပြောဘဲ ဝါနဲ့သူ့ပဲ ပြေပြေလည်လည်တဲ့။ အခုလို ဝါ့ကို သူ့အိမ်ကိုပြင်ဆင်ဖို့အတွက် အနီးအနားမှာခေါ်ခိုင်းတာက ဘာသဘောလဲ။ Company MD တစ်ယောက်ရဲ့အဆင့်ကို သိသိကြီးနဲ့ သူတမင်လုပ်နေမှန်း အသိသာကြီးမဟုတ်ပါလား။

စောစောက Phone ကိုပိတ်လိုက်တာမို့ ဆက်ရန်က ရှိဦးမှာပါပဲ။ တစ်ရက်တာ ကြည်နူးခဲ့တဲ့စိတ်ကလေးက ရင်ထဲမှာ သိမ်းဆည်းထားပြီး အပြင်မှာတော့ ပျက်ချေပြီ။ ဝါက စိတ်ကူးယဉ်တာထက် လက်တွေ့လုပ်တတ်တဲ့အကျင့်ပဲရှိတာမို့ အခုလိုမျိုးဖြစ်ရတာပဲလား မသိတော့ပါလေ။ လက်တွေ့ဆန်တဲ့ ဝင်းဖန့်ဖန့်ဝါရဲ့လက်တွေ့ဘဝက ဒီလိုပဲထင်ပါရဲ့။

"ဒေါက်! ဒေါက်! "

"ဟော! "

မှိုမှိုရဲ့အာမေဋိတ်သံကြောင့် စိတ်ထဲမှ အလိုလိုထင့်သွားရပါ၏။ ပြောနေတုန်း ရောက်လာပြန်ပြီထင်ပါရဲ့။ ဒင်းအိမ်ကိစ္စ မြန်မြန်ပြီးမှပဲ ဝါနဲ့သူ မျက်နှာချင်းဆိုင်စရာ မလိုတော့မှာလေ။ စိတ်လျှော့ ဝင်းဖန့်ဖန့်ဝါရေ။

"ဝါရှိတယ် မဟုတ်လား"

"ရှိပါတယ်ရှင့်"

တံခါးသွားဖွင့်ပေးသည့်မှိုမှိုကို သူက ခပ်တိုးတိုးမေးလိုက်ပြီးမှ ရုံးခန်းထဲဝင်လာပါ၏။ အလုပ်တောင် ကောင်းကောင်းမလုပ်ရသေးဘူး၊ ဒင်းက လာနှောင့်ယှက်ချေပြီ။ လက်မှတ်ထိုးပြီးသည့် File ကို တမင်အသံမြည်အောင် ပစ်ချလိုက်ပြီး မျက်စောင်းတစ်ချက်ကိုတော့ အသံတိတ်လှမ်းခဲလိုက်မိပါ၏။ ငါနော်. . . စကားမပြောချင်ဘူးဆိုနေမှပဲ။

"ဗုန်း! . . . "

"ဟ! ဒါက ဆန္ဒပြတာလား၊ ကိုယ့်ဆီလာတဲ့ Customer ကို"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းပို့လိုက်မယ်ဆို ပြီးရောပေါ့။ ဘာလို့ လူကိုယ်တိုင် လာရ တာလဲ"

"ဒီလိုပဲလေ၊ အသံလေးကြားရုံနဲ့ မတင်းတိမ်နိုင်လို့ ရုပ်လေးပါ မြင်ချင်လို့ပါ ဝါရဲ့"

ကြည့်! စလာပြန်ပါပြီ။ မို့မို့က ညှော်သည့်ဖို့ Coffee ဖျော်ရန် (မျက်နှာပြုံးစိစိဖြင့်) ရုံးခန်းထဲမှထွက်သွားလေ၏။ စတွေ့တုန်းကလို လေ သံမာနဲ့ပြောပြီး တစ်ယောက်တစ်ပေါက် စကားများတုန်းက ပြီးပြတ်ရော ပေါ့။ ဘာမှရှေ့ဆက်စရာမလိုတော့မှာကို။ အခုတော့ ဒင်းခြေရှည်ပြီး ရုံးခန်းကို ရောက်လာလို့ ဝါ့ကိုဝါမှန်းသိပြီး မျက်နှာအမူအရာကော လေသံ ပါ ပြောင်းကုန်တော့တာလေ။

'မင်းခန့်သာ'ဆိုတာ ရာထူးအဆင့်အတန်းခွဲခြားတတ်သူလား။ ဝ ဖန့်ဖန့်ဝါမှန်းမသိခင်က မျက်မှောင်ကြုတ်ပြီး လေသံမာနဲ့ ပြောခဲ့တဲ့မြ ကွင်းကို ခုထိ ဝါမြင်ယောင်နေတုန်းပါ။ အဲဒီတုန်းကဖြစ်ခဲ့တဲ့ဒေါသ တစ်မျိုး၊ အခုကတစ်မျိုး။ တတ်လည်းတတ်နိုင်ပါ့။

"ဒီမှာ . . . အရည်မရအဖတ်မရ အပိုစကားတွေ လာမပြောချင် နဲ့။ ရှင်မှာတဲ့ပစ္စည်းတွေ အခုပဲပို့ပေးမယ်"

"အဲဒီလိုမလုပ်နဲ့လေ၊ အိမ်အတွင်းပြင်ဆင်တာ ဝါကိုယ်တိုင် လု တာဆို"

"ဘာရယ်"

"အဲဒါကြောင့် အန်တီထားကို သေချာမေးပြီးမှ ကိုယ်လာခဲ့တာ မနက်က Phone နဲ့ပြောတုန်း ဝါက Phone ဝိတ်လိုက်တာကိုး။ ဘာ မပြောလိုက်ရဘူး"





ကောင်းပါလေ့။ Phone ဝိတ်လိုက်မိတဲ့ဝါကပဲ အပြစ်ဖြစ်ရပြန် တာလေ။ လည့်ပို့ မင်းခန့်သာ၊ စကားကိုဘယ်လိုပြောရင် ဘယ်လိုချော် ထိမ်မလဲဆိုတာ တွက်ချက်တတ်ပါ့။ ကြီးကြီးခေါ်ဝင်းစဉ်နဲ့ ဝါ့ကို တုပ်တုပ် မလှုပ်နိုင်အောင် ချည်နှောင်ချင်ပြန်ပါရောလား။

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

သူပြုံးတုံ့တုံ့ဖြစ်သွားလေ၏။ ဝါ့သဘောက တခိတ်ရှိ လူကြီးတွေ ဆွဲထည့်ပြီး ပြောကျင့်ရှိတဲ့သူ့ကို နှိပ်ကွပ်ပြချင်တာပါ။ ဒါကို သဘော ပေါက်လွဲရင်တော့ ခက်တော့မှာပဲ။ ဝါကလည်း စကားပြောရင် လောတတ် ကိုး။

"ကိုယ်ပြောထားတယ်လေ၊ ဝါ့ထက် သုံးနှစ်ကြီးပါတယ်လို့"

"အဲဒီရှင့်အသက်ကိုမှမထောက်၊ အားအားရှိ ကြီးကြီးကို သွား တည်နေတာ ကောင်းသလား။ လူဆိုတာ ကိုယ့်အားကိုယ်ကိုးရတယ် မင်းခန့်သာရဲ့"

"ကိုယ်သိတယ်လေ"

"ဒါဖြင့်"

"အန်တီထားကိုပြောတာက ပြောသင့်တယ်ယူဆလို့ပါ ဝါရဲ့။ ဒီလို ကိုယ့်ဘက်က အင်အားမတောင့်တင်းရင် မြိုင်ဘက်ကို ကိုယ်ဘယ်လို ခုခံထိုးနိုင်ပါ့မလဲ။ မဟုတ်ဘူးလား"

"ဘယ်လို"

"ဘုရားရေ! မြိုင်ဘက်တဲ့။ သူသုံးသွားတဲ့နာမ်စားက ဝါ့ကိုရင်ထိတ် ပါ၏။ ရင်ထဲမှာ တိတ်တဆိတ်ရှိနေပြီထင်ရတဲ့ သူစိမ်းတစ်ယောက် ကို သူသိတာ မြန်လှချည်လား။ ဝါတို့အိမ်ရဲ့အတွင်းရေးကိုစွဲ အထူး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဝါ့လျှို့ဝှက်ချက်ကို ဒီလိုလူ သူစိမ်းတစ်ယောက်ဆီ ဖွင့်မပြောသ ပါချေ။ ဖေဖေတို့ တဆိတ်လွန်လေပြီ။

"နေစမ်းပါဦး။ ရှင့်ပြိုင်ဘက်လို့ပြောရအောင် ရှင့်ကို ဘယ်သူ ကျွန်မအတွက် ပြိုင်ပွဲဝင်ခန့်ထားလို့လဲ"

"ဝန်ခံတယ်ပေါ့လေ"

"ဘာရယ်"

"အန်တီထားက သတိပေးလိုက်လို့ပါ ဝါရဲ့၊ အတိအကျပြော မျိုးမဟုတ်ပါဘူး။ ဝါနဲ့အနီးဆုံးမှာရှိချင်တဲ့ ကိုယ့်အတွက် နောက်ထပ် တစ်ယောက် ထပ်ရှိလာရင် အဲဒီလူဟာ ကိုယ့်အတွက်ပြိုင်ဘက်ပဲပေ

"ကျစ်!"

စကားဆက်ရန်ပြင်လိုက်စဉ် မှီမှီက ကော်ဖီလင်ဗန်းဖြင့် ရော လာတာမို့ ခဏစောင့်လိုက်ရပါ၏။ ရုံးခန်းထဲ ကိုယ်ရေးကိုယ်တာကိစ္စ ရတာ ရှက်စရာပါပဲ။ ဒီလိုသာ သူ တရျောင်းချောင်း ရုံးခန်းကိုဝင် နေရင် ဘေးဘီဝဲယာ ကုမ္ပဏီလူကြီးတွေ အကုန်လုံးမြင်ပြီး သူနဲ့ဝါ့ က အမြန်ဆုံးပျံ့တော့မှာလေ။ Satellite မလိုဘဲ အလိုလိုသတင်း တော့မှာပါလား။

"ဒါ ရုံးခန်းမှန်း ရှင်သိပါတယ်နော်"

"ဝါသာ ကိုယ်နဲ့ Phone ပြောခွင့်ပေးရင် အိမ်ကိုလာလည် ပေးရင် ဒီလိုမျိုး ရုံးခန်းထိ ကိုယ်လာစရာဘယ်လိုပါ့မလဲ"

ကြည့်စမ်း! အကွက်ရတာနဲ့ ထုတော့တာပါပဲ။ ဝါကိုက ညံ့ ထင်ပါရဲ့။ ဒီကိုမရောက်ရောက်အောင် အကြောင်းမရှိအကြောင်းရှ ပြီး ရောက်လာမှန်းသိလျက်နဲ့ ဝင်းဖန့်ဖန့်ဝါတို့ ခံရပြန်ပါရောလား။





စီးပွားရေးလောကကို ခြေချတာ သူက စောနေတာမို့ Senior နေတာပါလေ။ လူလည်ကျတတ်ပုံ မင်းခန့်သာ။

"အလုပ်ကိစ္စရှိနေလို့ ရှင့်ကို ဒီရုံးခန်းထဲ ဝင်ခွင့်ပြုလိုက်တာပါ င်းခန့်သာ။ ဒီထက်ပိုစရာ ဘာအကြောင်းမှမရှိတဲ့အတွက် ကျွန်မအိမ် ဲ ရှင်လာစရာမလိုပါဘူး"

"ကိုယ်နားလည်ပါတယ်၊ ကိုယ်ကလည်း ဝါ့ဆီကိုရောက်ဖို့ Power Weight တွေ မသုံးဘဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ Step by Step ှင်လာသူပါ။ တရားသဖြင့်ပေါ့လေ"

ဝါ မဲ့ပြုံးပြုံးလိုက်မိ၏။ အလာကြီးပါပဲ။ သူသုံးနေတဲ့လက်နက်က ံလောက်ကြီးမှန်း ဝါ မသိဘူးထင်နေသလား။ အိမ်အထိ ဝင်ထွက်ခွင့် တော့ သူ့ဘက်က ဇိတ်စာတစ်ခြမ်းပြည့်ဖို့ ရာခိုင်နှုန်းက (50)ကျော် မှာလေ။ ဝင်းဖန့်ဖန့်ဝါကို လျှော့မတွက်ပါနဲ့ မင်းခန့်သာ။

"ရှင့်မှာ အချိန်တွေ တော်တော်ပိုနေလို့လား"

သူတစ်ချက်ရယ်လိုက်လေ၏။ ဘာသဘောလဲ၊ လူကိုလှောင်သလို င်တော့ သူ့မျက်နှာကို တစ်ခုခုနဲ့ပေါက်ဖို့ ဝါက ဝန်မလေးပါချေ။ ကိုယ့်ကို ပါးပါးလေးလာထိရုံနဲ့ ခပ်ထူထူပြန်ပေးကျင့်ရှိတာ မဟုတ်

"ဘဝအတွက် ပြည့်စုံဖို့ ကွက်လပ်က ရှိနေလို့ပါ ဝါ။ အဲဒီအတွက် ကိုဖဲ့ယူတတ်ရမှာပေါ့။ No problem..."

"ရှင်အချိန်ဖြုန်းနိုင်ပေမယ့် ကျွန်မက မဖြုန်းနိုင်ဘူးရှင့်။ ကျွန်မ နဲ့ ဒီမနက်ပဲ Meeting ထိုင်ခဲ့တာ"

"အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့အတင်းရိုက်ပြီး ပေးစားမှာမဟုတ်ဘူးတဲ့၊ ကျွန်မစိတ်ကြိုက် ရွေးချယ်ခွင့်ပေးထားမှန်း ရှင်သိအောင်ပြောပါရဲ့ ဦးမင်းခန့်သာ"

"Thanks! ဝါ. . . ဝါ"

"ဘာ!"

"ဒီတစ်သက် အိမ်ထောင်မပြုဘူးဆိုပြီး ခါးခါးသည်းသည်း ပြောနေတဲ့ခံယူချက် ပြောင်းသွားရတဲ့အတွက်ပါ"

ကြည့်စမ်း! မေဖွေလေသံအတိုင်း ပြောပြန်တာပါလေ။ ဘယ်လော စိတ်တိုစရာကောင်းလိုက်သလဲ။ ဒင်းကတော့ ဝါမုန်းတီးလာအောင် သည်းတဲ့ခံစားချက်မျိုး လာပျိုးနေပြန်ပါရောလား။ စိတ်တိုလာပြန် နော်။

"သိပ်ပျော်မနေနဲ့၊ ကျွန်မရွေးချယ်မယ့်လူစာရင်းမှာ ရှင့်နာ မပါဘူး"

"စကားဆိုတာ အကုန်မှမပြောသင့်တာ"

"ရှင်ရောက်နေတာ တော်တော်ကြာနေပြီနော်"

"ကိုယ်ပြောပြီးပြီလေ၊ ကိုယ့်နောက်ကို ဝါလိုက်မှလို့"

"ဘာရှင့်"

အပိုင်ကြီးပြောချလိုက်တာမို့ ဆတ်ခနဲထရပ်ပြီးသား ဖြစ်သွ၏။ ဒီလောက်ပြောနေတာတောင်မှ ဝါ့ကို သူလျှော့တွက်လွန်းနေ လေ။ ဒင်းကိုတော့ တစ်လွှာချင်း အရေခွံသာ ဆုတ်ပစ်လိုက်ချင်

"မမ. . . ကြီးမေက Phone ကိုင်လိုက်ပါတဲ့"

"ကျစ်!"

သူ့မျက်နှာ ဝင်းခနဲဖြစ်သွားပြီး ခေါင်းငုံ့ပြုံးလိုက်တာမို့ ဝါ သိ





သည်။ တွေ့တယ်မဟုတ်လား။ ဒင်းသိပ်လည်ပါတယ်လို့။ နိုင်ရာအညှာ ကို မိမိရရကိုင်ထားမှတော့ ကြိုးဆွဲရုပ်လေး ဝါကဖြင့် ကြီးကြီးတို့လက် ထဲမှာ လိုသလို ကရတော့ဦးမှာလေ။

"ဟယ်လို"

"ဆောင့်ကြီးအောင့်ကြီး ထူးပြန်ပြီလား။ ဟိုကလေး ညည်းရုံးခန်း မှာလား မိဝါ"

"ဘယ်သူလဲ"

"မင်းမင်းကိုပြောတာလေ"

"ဟုတ်တယ်"

"အေး. . . သူ့အိမ်ကို Decroation ဆင်ပေးရမှာ စေတနာပါပါ သွားလုပ်ပေးလိုက်စမ်း။ ဘာများပင်ပန်းမှာမို့လို့လဲ။ ဟိုဟာညွှန် ဒီဟာ ညွှန်ဆိုပြီး ပါးစပ်နဲ့လက်ညှိုးပဲ သုံးရမှာကို ဈေးမဆစ်ချင်စမ်းနဲ့"

"ကြီးကြီး"

"လူကြီးက လုပ်ဆိုလုပ်မှပေါ့၊ ညည်း အတော်လက်ပေါက်ကပ်ပါ လား မိဝါ။ ဒီလောက်လေးလုပ်ရမှာကို ဒီလို"

"သိပြီ. . . သိပြီ. . . လုပ်ပေးရင် ပြီးရောမဟုတ်လား"

"ဟဲ့. . ."

ကြီးကြီးစကားမဆုံးခင် Phone ကို ခွပ်ခနဲပြန်ချကာ သူ့ကို စူး ခနဲကြည့်လိုက်မိပါ၏။ လုပ်ထားဦးပေါ့ မင်းခန့်သာ။ အလှည့်ကျရင် ဆိုတာမ်းတဲ့။ ရှင်နိုင်ခွင့်ရတုန်း နိုင်ပြထားပေါ့လေ။ ကျွန်မအလှည့်ရောက် တဲ့ရင်တော့ ရှင်လိုမ့်ခံရဖို့သာ ပြင်ထားပေတော့ မင်းခန့်သာရေ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

သူဆောက်နေသည့်ခြံသို့ နောက်ထပ်တစ်ကြိမ် ရောက်ရပြန်
ဒီကိုစွပြီးပြတ်မှပဲ ဒင်းနဲ့မျက်နှာမဆုံရတော့မှာလေ။ လူက စိတ်မ
တာမှန်ပေမယ့် အလုပ်ကို စေတနာအပြည့်ဖြင့် လုပ်တတ်တဲ့အကျ
ဝါ့မှာရှိပြီးသားမို့ ဘာပဲလုပ်လုပ် သေသေချာချာလုပ်တတ်လေ၏။

"ဒီနံရံထောင့်လေးမှာက ဟိုမီးဆိုင်းလေး တပ်လိုက်လေ၊ မ
ဘူး. . . အဲဒီ Steel ရောင်လေးကိုပြောတာ"

စက္ကူဘူးတွေထဲမှ အကုန်ထုတ်ပြီး သမံတလင်းထက် စီထား
Accessary ပစ္စည်းတို့ကို ဝါမျက်စိဖြင့် စိတ်ကြိုက်ရွေးကာ တပ်ဆ
နေပါ၏။ ဒီနေ့ ဝါဝတ်လာသည့် Shirt ဆန်ဆန် ချုပ်ထားသည့် Bl
က အဖြူဆွတ်ဆွတ်မို့ မပေရအောင် သတိထားနေရပါသည်။ ခါတို
ကိုယ်တိုင်ဝင်လုပ်တာမျိုးလည်း မလုပ်ဖြစ်ပါချေ။

ဝါကျောပေးထားသည့်တစ်ဖက်မှာ ပါကေးစခင်းနေပြီမို့ လု





င်က အတော်လေး နားညူနေပါသည်။ ထုသံရိုက်သံတို့ကိုပုံးအောင် အော်
ပြောနေရတာမို့ လည်ချောင်းပင် နာသလိုလိုဖြစ်လာလေ၏။ ကံကလည်း
ကောင်းတာကြ ပိုများနေသည့်နယ်လေ။

"ဝါ"

"ကျစ်! ဘာလဲ"

"ပင်ပန်းနေပြီလားလို့မေးတာ"

သူလှမ်းပေးနေသည့် အချိုရည်ဘူးကို ဝဲကြည့်ကာ ခေါင်းခါပြလိုက်
၏။ လည်ချောင်းနာလာရင် အဲဒီအချိုရည်တွေအအေးတွေကို ရှောင်ရ
ို။ မဟုတ်ရင်တော့ သိပ်မအောင်တဲ့ ဝါ့အသံ Power လေး ပျောက်
ားတော့မှာလေ။ သူတမင်တကာသက်သက် ဝါ့ကိုလုပ်ကြံလေသလား။

"ရေသန့်ဘူးပဲပေးပါ"

"ရေ"

"အင်း. . . ရေခဲစိမ်မထားတဲ့ ရိုးရိုးဘူးနော်"

"OK! ရစေရမယ်"

အလုပ်သမားတွေကိုမခိုင်းဘဲ သူကိုယ်တိုင်လုပ်ပေးတာမို့ ကောင်
းတွေမျက်နှာထက် ပြုံးချင်ချင်အရိပ်တို့ ပေါ်လွင်နေလေ၏။ ဝါက
ာ်နှာတည်နှင့်မို့ ဝါ့ရှေ့မှာ မရယ်ရဲကြပါချေ။ သူလုပ်ပုံက အတော်ကြီး
 သိသာလွန်းနေတာကိုး။ သိသာသိစေ မမြင်စေနဲ့တဲ့။ သူကဖြင့် ဝါ့
မှာ တကာစ်ကပ်ရှိနေပြီး တခြားနေရာကို စိမ်ကွပ်ကဲဖို့ သတိမရသည့်
ပ်ပါ။

"ဒီမှာရှုပြီ ဝါ"

"ပေး. . . ရှင်လုပ်စရာရှိတာ သွားလုပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမရှိတာ ဝါရဲ့၊ ဘာဖြစ်လို့လဲ"

"ကျစ်! ကျွန်မအလုပ်လုပ်တဲ့နား မရှိစေချင်လို့ပေါ့။ အထူအပါ နားမလည်ဘူး။ တကယ်ပါပဲ"

"ဝါဆင်နေတာ ကိုယ်မကြိုက်ရင် ကိုယ်ရှိနေမှ ပြင်လို့ရမှာ ဝါရဲ့"

တွေ့လား. . . စကားကိုကပ်သပ်ပြောနေပြန်ပါပြီ။ ဝါ့ဘာသာ လွတ်လွတ်လပ်လပ်လေး အလုပ်လုပ်မှ မြန်မြန်ပြီးမှာပေါ့။ သူတစ်ယော လုံး ဘေးမှာရပ်ပြီး အရိပ်တကြည့်ကြည့်လုပ်နေတာက ဝါ့အတွက် အနေ ခက်စေတာလေ။ ဒီလူနဲ့တော့ ခက်တော့တာပါပဲ။

"ရှင်လုပ်တတ်ရင်လည်း ကိုယ့်ဘာသာလုပ်ပါလား။ ဘာကြော ကျွန်မကိုခေါ်သေးလဲ"

"ရော်! ဒါက ဝါကျွမ်းကျင်တဲ့ပညာလေ၊ ကိုယ်က ဆရာဝင်လု နေတာမှမဟုတ်တာ ဝါရဲ့"

"ဟော! ဟော့! အဲဒါမတပ်နဲ့လေ၊ လိုက်မှမလိုက်ဖက်တာကို။ တို့အစ်မကို မေးဦးမှပေါ့။ စွတ်ဆက်လုပ်နေတာပဲ"

သူ့ကိုလှည့်ရန်တွေ့နေတာနဲ့ပဲ တစ်ဖက်ကို လွတ်ကန်ပြီလေ။ အော်လိုက်သည့်အတိုင်း မှန်နေတာပါ။ ပြတင်းပေါက်ကြီးတွေဘေးမှာ ဆိုင်းလုလုလေးတွေ ဆင်တူတပ်ဖို့ရှိတာကို အိပ်ခန်းထဲဆင်မယ့်ပစ္စည် မှားတပ်ရတယ်လို့။

"အဲဒါမဟုတ်ဘူး။ ဟိုဘူးအဝါထဲမှာ အကုန်ပါတယ်။ ဆင်တူ တပ်ရမှာ"

"ဒီဘူးလား အစ်မ"





"မဟုတ်ဘူး. . . ဟိုဘက်က ဘူး။ အဲဒါလည်း မဟုတ်သေးဘူး။ အေး. . . အဲဒါဟုတ်ပြီ"

"ဖြည်းဖြည်းလုပ်နော်၊ ကွဲလို့လည်းမရဘူး။ ပဲ့လို့လည်းမဖြစ်ဘူး"

"ဟုတ်ကဲ့ခင်ဗျ"

အကဲပိုရန်ကောဟု မျက်စောင်းခဲလိုက်မိ၏။ ပစ္စည်းတွေက ရှားပြီး မှာရတာလည်း ခက်ခဲတာကို။ ကောင်လေးတွေ သယ်ပြုကြတိုင်း ဝါ့ကို တိုက်မိမှာစိုးပြီး 'ဟိုဘက်ကသွား။ ဒီနားမလာနဲ့' ဆိုပြီး နှင်လွှတ်နေသည့် သူ့ဗွေးကို အလုပ်သမားတွေက အကုန်လှောင်ချင်နေလေပြီ။ ဝါက ကလေး မှမဟုတ်ဘဲ။ ဒီလောက်တော့ ရှောင်တတ်တာကိုများ ပိုကိုပိုလွန်းနေတာ ပါလေ။ စိတ်ရှုပ်ရပါ့။

"ဝါ"

"ကျစ်! ဘာလဲ၊ ခဏခဏခေါ်နေတာပဲ"

"ဗိုက်ဆာနေပြီလားလို့ မေးတာ"

"မဆာဘူး၊ ကျွန်မက ဒေါသထွက်ရင် ရေကလွဲပြီး ဘာမှမျိုချလို့ မရဘူးရှင့်"

"ဟင်! ဟုတ်လား။ ဘာကိုဒေါသဖြစ်ရပြန်တာလဲ"

"ရှင့်ကို. . . ရှင့်ကို သိပြီလား"

"ဝါကလည်းလေ၊ ကိုယ်က ဘာများ ဝါ့ကိုနှောင့်ယှက်နေလို့လဲ"

"ဒီနားမှာ မနေစေချင်လို့ပြောတာ ရှင်မှမသွားတာကို"

"ကိုယ် ဒီမှာမနေရင် ဝါ့မှာ အန္တရာယ်တစ်ခုခုဖြစ်လာတော့ ဘယ့် နှယ်လုပ်မလဲ"

ခွီးခနဲ ကျိတ်ရယ်သံတွေ ထွက်လာလေ၏။ ကောင်လေးတွေ ရယ်



www.burmeseclassic.com

www.burmeseclassic.com



တာကို မအောင့်နိုင်ကြတော့ဘူးထင်ပါရဲ့။ ခက်တာပဲ၊ ဒင်းကတော့ ဝါ မျက်လုံးပြူးပြူးပြီး သတိပေးတာကိုလည်း နားမလည်ပုံနှင့်လေ။ လုပ်ပုံကို က ကလေးဆန်ပါ့ မင်းခန့်သာရယ်။

"လူဆိုတာ သေမျိုးရှင့်၊ သေတစ်နေ့ မွေးတစ်နေ့မို့ သေနေ့စေ့ ရင် သေမှာပဲ။ ဘာများစိုးရိမ်စရာရှိလဲ"

"ဟာ. . . ဖွ! မပြောကောင်းတာတွေ မပြောရဘူးလေ၊ ဝါနဲ့တော့ ခက်တာပဲ"

"ကျွန်မက ခက်တာမဟုတ်ဘူး ခက်နေတာကမှ ရှင်"

"လုပ်ချလိုက်ပြန်ပြီ"

"ရှင် ဗိုက်ဆာနေပြီလား"

"ဟင့်အင်း"

"ဆာရင် သွားစားနှင့်၊ ရှင်ဆာနေလို့ ကျွန်မကိုမေးနေတာ မဟုတ် လား"

"အတူတူသွားစားမှာပေ့ါ"

ကိုတ်ရယ်သံတွေ ထပ်ထွက်လာပြန်၏။ ဒီသူဌေးတော့ အလုပ်သမား တွေကြားမှာ ဟာသဖြစ်နေချေပြီ။ ရှုံ့မဲ့ရသိက္ခာတွေတော့ ပွန်းပဲ့ကုန်တော့ မှာပါပဲ။ သူ့အစား ဝါကပင် မျက်နှာပူလာရသလိုနှယ်ပါလေ။ အလိုက်မသိ မောင်ဘဦးနဲ့တော့ ထိပ်တိုက်တွေ့နေရပြီပဲ။

"ဝမ်းချင်းဆုံတာမှတ်လို့၊ ကိုယ့်ဘာသာ သွားစားပါလား"

"ကိုယ်ပြောပြီးပြီလေ၊ ဝါနဲ့အတူစားမယ်လို့"

ကဲ! ဒီလောက် မျက်နှာအရိပ်အကဲပြနေတာလည်း မရပါလားနော်။ သူ့အကျီလက်မောင်းစကိုဆွဲလျက် အိမ်ပြင်သို့ခေါ်ထုတ်ခဲ့ရ၏။ ခေါ်တော့





လည်း ရှောရှောရှူရှူပါလာသားပါပဲ။ အရင်က အမိန့်တွေ အာဏာတွေ ဗုန်းဗောလအောသုံးတဲ့ မင်းခန့်သာတစ်ယောက် ဘယ်လိုများ ဖြစ်သွား ရတာပါလိမ့်။

"ဒီမှာ၊ ရှင်နည်းနည်းမှအလိုက်မသိပါလား"

"ဘာဖြစ်ရပြန်ပြီလဲ ဝါရယ်"

"ဘာဖြစ်ရမှာလဲ၊ ရှင့်လုပ်ပုံကို ရှင်ပြန်ကြည့်ဦး"

"ကိုယ်ဘာလုပ်လို့လဲ၊ ဝါဆွဲခေါ်လို့ ပါလာတာကို"

"ကျစ်! မခေါ်လို့ဖြစ်မလား။ ရှင်ပြောဆိုနေပုံက အလုပ်သမားတွေ ရယ်စရာဖြစ်နေပြီရှင့်။ သိရဲ့လား"

"ရယ်ပါစေပေ့ါ၊ ဂရုစိုက်စရာလား"

"ဘာ"

"ဟုတ်တယ်လေ၊ အားလုံးက ကိုယ်နဲ့ဝါ့အကြောင်းကို အကုန်သိ ထားကြတာပဲ။ ဘာများဖုံးထားစရာရှိလို့လဲ"

ကြည့်စမ်း! ပြောပုံကိုက အပြစ်ကင်းစင်သည့်နှယ်ပါလေ။ ဝါကပဲ ကဲကဲဆတ်ဆတ် အရှက်သည်းနေပုံပေါက်နေရတာကိုး။ စိတ်တိုတိုဖြင့် သူ့ရင် ဘတ်ကို ပိတ်ထုမိရာ အုန်းခနဲအသံပင် မြည်သွားလေ၏။ ဝါက စိတ်မြန် လက်မြန်ရှိသူမဟုတ်ပါလား။ စိတ်တိုတယ်နော်. . . စိတ်တိုတယ်။

"အဲဒီလိုမလုပ်နဲ့လေ"

"လုပ်မှာပဲ၊ ရှင်လုပ်ပုံက တော်တော်ကောင်းတာကိုး။ အမြင်ကပ် တယ်"

"ဝါလုပ်ပုံကမှ အထင်လွဲစရာနော်"

"အံမာ!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဒီမမက ငါတို့ Boss ကို သိမ်းနိုင်စားတာပဲလို့ စိတ်ထဲထင်ကုန်မှာပေါ့ ဝါရဲ့။ ကိုယ်က စေတနာနဲ့ပြောတာပါ"

ဝါ အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ထားတာကိုမြင်ပြီး သူက သဘောကျစွာ ရယ်လေတော့၏။ ဝါ့အဖြစ်က သူများအထင်လွဲမှာကိုလည်း စိုး၊ အမြင်မှားမှာကိုလည်း ကြောက်တဲ့ပုံဖြစ်နေရတာပါလေ။ ဒီပြဿနာ ရဲ့မြစ်ဖျားခံရာ ရေသောက်မြစ်က လူကြီးတွေက စတာမို့ လူကြီးတွေနဲ့သာ ရင်ဆိုင်ပြီး ဖြေရှင်းရတော့မှာပါပဲလား။

"မတွေးပါဘူး ဝါရယ်၊ နေ့လယ်တစ်နာရီပဲ ကျော်နေပြီ။ တစ်ခုခု သွားစားကြရအောင်ပါ"

"မစားချင်ပါဘူးဆိုမှ"

"အန်တီထားကို Phone လှမ်းဆက်ပြီး ပြောလိုက်ရမလား"

"ရှင်နော်"

"ဒါဖြင့် လာလေ"

"ကျွန်မအသားကို မထိနဲ့"

"ဝါ့မှာ အသားရောရှိလို့လား"

"ကြည့်စမ်း!"

"Sorry! ပျော်စေချင်လို့ စလိုက်တာပါ၊ စိတ်မဆိုးပါနဲ့။ ခုနက တော့ ကိုယ့်ကိုဆွဲခေါ်ပြီး"

"အင်္ကျီစကို ဆွဲတာပါ၊ ဘယ်မှာ အသားထိလို့လဲ"

"စောစောက ရင်ဘတ်ကို ထုလိုက်သေးတယ်လေ"

"ဦးမင်းခန့်သာ"

ဝါ ခြေစုံရပ်လိုက်တော့ သူက ပြုံးစိစိဖြင့် သူ့ကားရှေ့ခန်းတံခါး





ကို အဆင်သင့်ဖွင့်ပေးလိုက်လေ၏။ ဒီလိုတော့လည်း အလိုက်သိသားပါ လား။ တစ်သက်နဲ့တစ်ကိုယ် ဝါ့ကိုယ်ပိုင်ကားကိုပဲ မောင်းခဲ့ရတာမို့ အခုလို မျိုး Lady First Style က ရင်ထဲမှာ တစ်မျိုးလေး ဖြစ်သွားစေပါ၏။ ဦးမင်းခန့်သာ. . . ရှင့်ကိုယ်ရှင် အမှတ်ထပ်ပေးစေချင်လို့ ဤကဲ့သို့ပြုမူလေ သလား။

"Chinese, Japanese, Thai, French... ဘယ် Food စားချင်သလဲ"

"မြန်မာ"

'ဇော်! နေ့တိုင်းစားနေရတာကို အပြောင်းအလဲလေး တစ်ခါတလေ မစားချင်ဘူးလား"

"ကျွန်မက စားနေကျအစားအစာကို ပြောင်းပြီးမစားတတ်ဘူး။ သွားအကျင့်ဖြစ်နေပြီ"

"ဒါဖြင့် ဝါက တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲရှိတဲ့သူပေါ့လေ"

"လိုရာဆွဲမတွေးချင်စမ်းပါနဲ့၊ လူဆိုတာ ကိုယ့်ဗီဇနဲ့ကိုယ် လာကြ တာပဲကို"

သူက ဝါပြောတာကို နားလည်ပုံဖြင့် ဘာမှဆက်မပြောတော့ပါချေ။ နှစ်ဦးသား စကားဆက်မများချင်လို့ပါပဲ။ မြို့ထဲကိုပဲ ထွက်တာမို့ မြန်မာ ထမင်းဆိုင်ခပ်သန့်သန့်ရှေ့မှာ ကားကိုရပ်လိုက်ပါ၏။ ဆိုင်ထဲကိုဝင်လိုက် တော့ သီချင်းသံငြိမ့်ငြိမ့်လေးဖြင့် ဟင်းနံ့ခပ်မွှေးမွှေးတို့က ဆာလောင်ဖန သည့်အစာအိမ်ကို အသံပိုမြည်လာစေလေသည်။

"ဘာဟင်းနဲ့စားချင်လဲ. . . ဝါ"

သူက Menu ကိုလှမ်းပေးကာ ထောင့်ဆုံးစားပွဲမှာ ရွေးထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဆိုင်က လူသိပ်မများဘဲ အတော်လေးသန့်တာမို့ ဝ့်စိတ်ကြိုက် ပါလေ။ အရင်ဆုံး Coat နှစ်ဘူးမှာကာ ဟင်းရွေးရန်အတွက် Menu ကိုကြည့်လိုက်မိပါသည်။ သူဘာကြိုက်မလဲဆိုတာထက် ဝါက အစာရွေး သူမို့ ဝ့်စိတ်ကြိုက် ရွေးမှာရမှာလေ။

"ကြက်သားကြော်၊ မုစွန်ထုပ်၊ ငါးပတ်မွှေရယ်၊ ပြီးတော့ (၁၂)မျိုး ဟင်းချိုတစ်ပွဲ၊ အသုပ်ကော မှာလို့ရလား"

"ရပါတယ် အစ်မ"

"ဒါဖြင့် မြင်းခွာရွက်သုပ်တစ်ပွဲနဲ့ သရက်ချဉ်သုပ်တစ်ပွဲပါ ပေးပါ"

"ဟုတ်ကဲ့၊ အစ်ကိုဘာမှာဦးမလဲ"

"အင်း. . . ငါးဆုပ်ဟင်း၊ အမဲနှပ်၊ ကြက်အသည်းအမြစ်၊ အာလူး ကက်တလိပ်နဲ့ စွန်တန်ဟင်းချိုတစ်ပွဲပေးပါ။ ဝါ ဘာထပ်မှာဦးမလဲ"

"တော်ပြီ"

"လိုက်ပွဲပါ တစ်ခါတည်းချပေးပါ ညီ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဘာမှမဟုတ်ပေမယ့် ဝါတို့စားပွဲမှာ ပြည့်သွားပါ၏။ အကြိုက်မတူ တာမှန်ပေမယ့် အမဲနှပ်တစ်မျိုးကလွဲပြီး သူမှာစားတဲ့ဟင်းက ဝါနှစ်သက် တဲ့အစားအသောက်ပါပဲ။ ဆာနေတာကြောင့် ဗိုက်ထဲကို အတော်များများ ထည့်လိုက်မိတာ အမှန်ပါ။ ထမင်းစားပြီး အချိုတည်းရန် ကော်ဖီဆိုင် ဘက် သူမောင်းသည့်ကားပေါ်မှာ ငြိမ်လိုက်ခဲ့ပါ၏။

"ဟင်! "

မှန်ချပ်များအပြင်ဘက် Platform ထက် လျှောက်လာသည့်လူ ငယ်လေး။





လက်ထဲမှာ စာအုပ်တွေ ပွေ့ပိုက်ထားတာမို့ စာအုပ်ဆိုင် ဝင်ခဲ့သည် ပုံပါပဲ။ လူတွေကြားမှာ ဝင်းနေသည့်အသားရောင်နှင့် ထင်းနေသည့်လူ ငယ်လေးကို အံ့သြမင်သက်စွာဖြင့် ဝါ ငေးကြည့်နေမိပြန်တာလေ။

ဒုတိယအကြိမ်မြောက် တွေ့ခြင်းပါပဲ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"အတော်ခရီးပေါက်နေပြီ မဟုတ်လား"

သစ်သီးစိတ်ကို ခက်ရင်းဖြင့် လှမ်းယူလိုက်စဉ် ဖေဖေ မေးလိုက် လေ၏။ ဘာကိုလဲ၊ အကြောင်းမဲ့တော့ ဒီစကားမျိုး ထွက်မလာနိုင်ပါ သူ့အလုပ်ထဲ တရှောင်းရှောင်းရောက်တာကို ဖေဖေတို့ ဘယ်လိုမျ သိလိုက်ပြန်ပါလိမ့်။

"သူ့ကို ဝါစိတ်မကူးဘူးလို့ ပြောထားပြီးသားနော်"

"ဟော! အတွေးချော်ပြန်ပါရောလား။ ဖေဖေက သူ့တိုက်အိ အချောသတ်ပြီလား မေးတာပါသမီးရဲ့။ တစ်မျိုးမထင်ပါနဲ့"

ဝါ အနည်းငယ်မျက်နှာနွေးသွားရပါ၏။ အာရုံက မျက်လွှာချ လမ်းလျှောက်သွားပါသည့် လူငယ်လေးထံ ရောက်သွားရတာပါလေ။ တည် ငြိမ်နေပါသည့်မျက်နှာလေး။ မျက်လွှာကို ဖျတ်ခနဲဖွင့်ကာ ဘေးဘီကိုင်





ကြည့်တဲ ရှေ့တူရူတည့်တည့်ဆီသို့သာ တန်းတန်းဖြောင့်ဖြောင့် လျှောက် တာပါလေ။ အရပ်အမောင်းလည်းလှပါရဲ့၊ အထူးသဖြင့် ကတ္တီပါဖိနပ် ကြက်ရောင်လေး စီးထားသည့် သူ့ခြေထောက်ဖွေးဖွေးလေးတွေကို ဝါ သဘာအကျဆုံးပါပဲ။ ဒုက္ခရေ! ဝါတော့ ရူးလုလုဖြစ်နေပြီထင်ပါရဲ့။

"ဝါ"

"ဟင်"

"ဘာကိုစဉ်းစားနေပြန်တာလဲ၊ သမီးပုံစံက ဟိုတစ်ကြိမ်လို ပြန်ဖြစ် ပြန်ပြီနော်"

"မဟုတ်ပါဘူး"

"ဒီတစ်ပတ်ပိတ်ရက်ရော မေမေ့ကို ဘုရားလိုက်ပို့ဖြစ်ပါဦးမလား"

"ပို့မှာပါ မေမေရဲ့၊ ဝါ ကတိပေးထားတာပဲဟာ"

"အေး. . . အဲဒါတော့ သမီးကို မေမေသဘောကျတာ၊ သမီးက ပြောရင်ပြောထားတဲ့အတိုင်း လုပ်တတ်လို့"

မေမေက သံပုရာရည်ဖျော်ကာ ယူလာပေးလေ၏။ ညစ်ခန်းဆက် ပြီးရင် TV ကြည့်ရင်း ထိုင်ဖြစ်ကြတာပင်။ ဒီညနေ ထမင်းစားတာ နည်းနည်းစောသွားလေသည်။ စောစောပြီးတော့လည်း စောစော ရတာပေါ့လေ။ အိပ်လို့ကော ပျော်ပါ့မလားမသိ။ အဲဒီကောင်လေးနဲ့ တာရတိုင်း ဝါ အလိုလိုအိပ်မပျော်တာ ဝါ့ကိုယ်ဝါ အသိဆုံးမဟုတ်ပါ

"ဖေဖေမေးတာ မဖြေသေးဘူးနော်"

"ဖြေမှာပါ ဖေဖေရဲ့၊ ပြီးသလောက်ဖြစ်နေပါပြီ။ ဒီတစ်ပတ်ထဲ အိမ်မှာပဲ ပြင်ဆင်ပေးနေရတာနဲ့ ဝါ့မှာ အလုပ်ကြွေးတွေ ပုံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ထပ်တွေရောလား"

"ဟုတ်"

"အိမ်က တော်တော်လှတယ်ဆို"

"လှတာတော့ လှတယ်မေမေရဲ့၊ ဝရံတာထောင့်လေးတွေ ချိုး... တာရော၊ မြို့ထဲ View ကို အပေါ်စီးက ကြည့်ရတာကအစ ပြောစရာ... အောင်ကို လှတာ"

"သမီး သဘောကျလား"

"အာ. . . ဝါ့အိမ်မှမဟုတ်တာ မေမေရဲ့"

မေမေက ဝါပြောတာကို သဘောကျသလိုနှယ် ပြုံးလေ၏။ အဝ... အဲဒီအိမ်က မင်းခန့်သာ အိမ်ထောင်ပြုပြီးရင် နေမှာမို့ စိမ်ပြေနပ်... အချောသတ်နေတာမဟုတ်ပါလား။ ဝါသာ သဘောကျတယ်ဖြေမိရင် ... ကိုခေါင်းညိတ်လက်ခံသလို ဖြစ်သွားမှာပေါ့။ အလိုလေး! ခက်ပါ့။

"အိမ်ရှေ့မှာ အလှငါးမွေးဖို့ ရေကန်လေးနဲ့ ရေတံခွန်လေးရှိတ... ဆို"

"အင်း. . . ဟုတ်တယ်၊ ကန်ထဲကို ကျောက်တုံးလှလှလေး... ထည့်ခိုင်းထားသေးတယ်။ ညဘက်မီးထွန်းရင် မှိန်မှိန်လေးလင်းဖို့ မီးဆို... လေး ရွေးရဦးမှာ"

"အိမ်နောက်ဘက်က Tennis ကွင်းနဲ့ ရေကူးကန်ကိုရော ကြ... ပြီးပြီလား"

"ရှင်"

ဝါ အတော်လေး အံ့ဩသွားရပါ၏။ တိုက်ထဲနဲ့ရှေ့ပိုင်းမှာပင် အ... လုပ်နေရတာမို့ မီးဖိုခန်းတံခါးကိုဖွင့်ပြီး ခြံနောက်ဘက်ကို တစ်ကြိမ်...





...ကြည့်ဖြစ်ခဲ့ပါချေ။ ဘုရားရေ! မင်းခန့်သာကတော့ သူအိမ်ထောင်ပြုဖြစ်... ...င်နေဖို့ အစွမ်းကုန်စွမ်းဆောင်နိုင်တာပါပဲလား။ Hotel အများစုမှာသာ ...းနိုင်သည့် Design မျိုး ရအောင်ကို ခြံဝယ်ပြီး တည်ဆောက်နိုင်တာ ...လားနော်။

"သမီး ခုထိမမြင်သေးဘူးလား"

"ဟုတ်တယ်၊ ဝါ အနောက်ဘက် မရောက်ဖြစ်သေးဘူး"

"ငါ့သမီးက အတော်ညံ့သေးတာပဲ. . . ကိုယ်တာဝန်ယူထားတဲ့ ...ဆောက်အဦးကို သေချာလှည့်လာကြည့်မှပေါ့"

"မင်းမင်းလက်ထပ်မယ့် မိန်းကလေးကတော့ အတော်လေး ကံ... ...ကောင်းတာပဲ"

ဝါ မဲ့ပြုံးပြုံးလိုက်မိပါ၏။ အလုပ်အခြေအနေမေးသလိုနဲ့ မသိမသာ ...ဘက်ကို တွန်းပို့နေကြတာ မဟုတ်ပါလား။ ဒီစကားမျိုးကို မှိုမှိုထံမှ ...ည်း မကြာခဏ ကြားနေရတာပါလေ။ ဘယ်ဖြစ်ပါ့မလဲနော်။ တော်ကြာ ...မိဘတွေက ဝါ့ကို ဒီယုန်မြင်လို့ ဒီခြုံထွင်ပြီး သူတို့သားကို လက်သင့် ...လိုက်တာလို့ ထင်သွားရင် ဝါ့သိက္ခာတွေ မြေပေါ် ဘုတ်ခနဲ ပြုတ်ကျကုန် ...တော့မှာပဲ။

"ဝါ့ကို အထင်သေးမှာတော့ မခံနိုင်ပါဘူး"

"ဟယ်! ဘာကိုလဲ"

"ဟုတ်တယ်လေ၊ အစကတော့ ဘူးခံငြင်းနေပြီး သူ့ခြံကိုမြင်မှ ...ခေါင်းညိတ်ရင် ဝါ့ကိုဘယ်လိုမြင်မလဲ၊ ဝါက ကိုယ့်ခြေကိုယ့်လက်နဲ့ ရှာတဲ့ ...ကိုပဲ တန်ဖိုးထားမှန်း မေမေတို့သိပါတယ်"

"အေးပါ၊ အဲဒါကိုသိထားလို့လည်း သူတို့ဘက်က ဖေ...သမီးကို



www.burmeseclassic.com

www.burmeseclassic.com



အကင်းမကာစ်ရဲတာပေါ့။ ဝင်းဖန့်ဖန့်ဝါရဲ့မာနက ဒိတ်ဒိတ်ကြဲပဲဟာ''

''ဖေဖေနော်''

''မဟုတ်လို့လား''

''မဟုတ်တဲ့နေရာမှာတော့ ဝါ့နာမည် မကြီးချင်ပါဘူး''

ရယ်သံခပ်အုပ်အုပ် ထွက်လာပါ၏။ ဖိအားတွေ မပေးကြလို့ပဲ တော်

ပါသေးရဲ့။ ဒါမှမဟုတ် ဝါနဲ့သူ နေ့တိုင်းနီးပါး ဆုံနေလို့ပဲ ငြိမ်နေကြတာ

မျိုးပဲလား။ တွေ့ပါမြင်ပါများရင် အလိုလိုငြိတွယ်လာတတ်သတဲ့။ ကျောက်

တိုင်တောင် နွဲ့ပါများရင် နွဲ့လာတတ်တဲ့အမျိုးလို့ ယူဆထားကြတယ်ထင်

ပါရဲ့။ ခက်တာက ဝါက ကျောက်တိုင်မဟုတ်ဘဲ နှလုံးသားရှိတဲ့ လူသား

စင်စစ်ဖြစ်နေတာလေ။

''ဒီအချိန်ရောက်နေတာတောင်မှ သမီးသဘောကျစရာအချက်လေး

တစ်ချက်တောင် သူ့ဆီမှာ မတွေ့ဘူးလား''

စိတ်ထဲမှ ကျိတ်ပြုံးဖြစ်လေ၏။ ဝါသဘောကျစရာဖြစ်အောင် သူ

အမျိုးမျိုးဖန်တီးနေတာ မသိဘဲနေမလား။ အရင်လို လေသံမာမာနဲ့ မင်း

တစ်ခွန်း ငါတစ်ခွန်း ပြောတာမျိုးမဟုတ်တော့ဘဲ သူ့နှုတ်ဖျားက 'ဝါ'

တာကို မချတမ်း ရေရွတ်နေတာ မဟုတ်ပါလား။ သို့သော် ဝါ့နှလုံးသား

ကန့်ရေပြင်က မလှုပ်မယှက် ငြိမ်သက်နေတော့ အခက်သားလား။

အနီးနားမှာ ရှိနေပါရဲ့။ ငြင်းပယ်ဖို့ကလည်း အချက်အလက်

တွေ့ဖို့ ခက်ခဲပေမယ့် ဝါက ဘေးကိုမငဲ့ကွက်ဘဲ အဝေးကို လှမ်းမျှော်ကြ

နေမိတာပါလေ။ နာမည်လေးတောင်မသိ၊ အကြည့်ချင်းလည်း မဆုံ၊ အ

လေးချင်းတောင်မှ မဖလှယ်ဖူးတဲ့ အဲဒီသူစိမ်းတစ်ယောက်ကိုမှ ယိုင်

ချင်နေတဲ့စိတ်က အံ့ဩစရာပါပဲ။





မထင်မှတ်ဘဲ ခဏတာ ဖျတ်ခနဲတွေ့ခွင့်ရလိုက်တိုင်း ဝါ့ရင်ထဲမှာ စွန်ဆိတ်ကလေးတွေ ခုန်ပေါက်နေသည့်နှယ် တဖျတ်ဖျတ်ခုန်နေရတာ ဘာကြောင့်များပါလိမ့်။ ဆယ်ကျော်သက်အရွယ်လည်း မဟုတ်ပါဘဲ ဒီလို လှုပ်ခတ်ခြင်းတွေက ဝင်းဖန့်ဖန့်ဝါရဲ့အိပ်မက်တွေကို လှပစွာ ဖန်ဆင်းပေး သာတော့ ခက်သားပါလား။

စိတ်ကူးမယဉ်တတ်တဲ့ ဝင်းဖန့်ဖန့်ဝါကို စိတ်နှလုံးပျော့ပျောင်းလာ စေပြီး သိမ်မွေ့လှပတဲ့ အဆန်းတကျယ်အိပ်မက်တွေ ဖြစ်တည်စေခဲ့တာ အဘယ်ကဲ့သို့သော တန်ခိုးရှင်ကြောင့်ပါလဲ။ ကမ္ဘာကို အချိန်ဆိုတာနဲ့ တန်သတ်တည်ဆောက်ထားတာမှန်ရင် အဲဒီအချစ်ဆိုတဲ့အရာကိုရော ဘာ နဲ့ဖြစ်တည်စေရတာပါလိမ့်။

''တော်တော်မှ စဉ်းစားလိုက်ရလား''

''ဝါစဉ်းစားနေတာ၊ သူ့အကြောင်းမှမဟုတ်တာ ဖေဖေရဲ့''

''တယ်ဆန်းပါလား''

''ဝါ. . . သူ့ကိုအပြင်မှာ နှစ်ကြိမ်တွေ့ပြီးပြီ''

''ဘယ်သူလဲ''

''ဒါပေမဲ့ အိမ်မက်ထဲမှာတော့ အကြိမ်ကြိမ်တွေ့ဖူးနေတယ်''

''အိပ်မက်ထဲမှာ''

''ဟုတ်တယ်''

''သမီးက ဘယ်တုန်းက အိပ်မက်မက်ခဲ့ဖူးလို့လဲ''

''အဲဒါပြောတာပေါ့ ဖေဖေရဲ့၊ သူနဲ့ဆုံဖူးမှ ဝါ့မှာ အိပ်မက်တွေ ဘာကယ်ရှိလာတာ''

''မင်းမင်း မဟုတ်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒါဆို ဘယ်ကလူလဲ"

"မသိဘူးလေ"

"ဟောဗျာ! ငါ့သမီး အတော်အရူးထတာပါပဲလား။ နာမည်တော မသိတဲ့လူကို စိတ်ကူးယဉ်နေရတယ်လို့"

ဝါ တစ်ချက်ငိုင်သွားရပေ၏။ ဟုတ်ပါတယ်၊ ဝါ့အဖြစ်က ရှေ့ အရုပ်ရေးနေသလို စမ်းတဝါးဝါးနဲ့ ဖြစ်နေတာမဟုတ်ပါလား။ ကိုယ့်ကို ကိုယ် အလိုလိုနေရင်း သိမ်ငယ်လာသည့်နှယ် ခံစားလိုက်ရလေ၏။ အ တခေ I can do it! ဆိုပြီး လက်သီးကိုကျစ်ကျစ်ဆုပ် အံခဲထားလေ့ တဲ့ မိန်းမတစ်ယောက်အတွက် ဒါမျိုးမဖြစ်သင့်တာပါလေ။

အစစအရာရာ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ခြေပေါ်မတ်မတ် နိုင်ခဲ့တဲ့ ဝင်းဖန့်ဖန့်ဝါရဲ့အနာဂတ်မှာ တွေဝေတုံ့ဆိုင်းမှုမျိုးက တစ်ကြိ တစ်ခါမှ မရှိခဲ့ပါချေ။ အခုတော့ အိမ်ထောင်ပြုဖို့စဉ်းစားမိရုံနဲ့ အနှော အယှက်တွေက တစ်ဆင့်ပြီးတစ်ဆင့် ရောက်လာတော့တာလေ။ အရင်တ တစ်ကိုယ်တည်း စိတ်လွတ်လက်လွတ်နေခွင့်ပဲ ရှိပါရစေလား။

"ဝါ"

မေမေတို့က ဘာဆက်ပြောမှာပါလိမ့်ဆိုသည့်မေးခွန်းမျိုး ပေါ်လွ နေသည့်မျက်ဝန်းတို့ဖြင့် ဝါ့ကိုကြည့်နေကြပါ၏။ အတော့်ကို ခက်ခဲသည့ အခြေအနေမျိုးပါပဲ။ စီးပွားရေးကိစ္စမျိုးမှာ ဘယ်သူ့အကူအညီမှမလို အေးအေးလူလူဖြေရှင်းနိုင်ခဲ့ပါလျက် ဒီလိုနှလုံးသားရေးရာကိစ္စမျိုးမှ အကျပ်ရိုက်နေရတာ ဝါ့အဖို့ ရုက်စရာကြီးဖြစ်နေတာပါလေ။

မျက်နှာအနည်းငယ်မျှ ပူနွေးသွားရပါ၏။ ဝါ့တစ်သက် မျက်နှာသ





တည်တည် အေးစက်စက်အပြုံး ခပ်မာမာလေသံနဲ့ မာနကြီးသည့်မိန်း ကလေးအဖြစ် လက်မထောင်ခဲ့တာ အမှန်ပါ။ အခုတော့ မာသည်ဟုထင် ထားတဲ့နှလုံးသားက ထင်သလောက် မမာကျောနိုင်တာကို လက်တွေ့သိ လာရတာပါလေ။ အချစ်က မာနကိုချေချစေနိုင်တဲ့ လက်နက်ဆန်းတဲ့လား။

"ပြောလေ သမီးရဲ့"

"အမှန်ဆို တစ်ယောက်တည်းရပ်တည်သွားဖို့ ဆုံးဖြတ်ထားခဲ့တာ"

"အဲဒီတော့"

"ဝါ စိတ်မရှုပ်ချင်ဘူး မေမေ"

"ဘာယ်လို"

"နေ့တိုင်းကြုံတွေ့နေရတဲ့အခက်အခဲမှန်သမျှကို လွယ်လင့်တကူ မဟုတ်ရင်တောင်မှ အတတ်နိုင်ဆုံး ဖြေရှင်းနိုင်ခဲ့တာပါ။ ဒီလိုမျိုးရှုပ်ထွေး ရတဲ့စိတ်ခံစားမှုကို ဝါ မလိုချင်ဆုံးပဲ"

"သမီးအတွက် ဘာက စိတ်ရှုပ်စရာဖြစ်နေလို့လဲ"

"ဖြစ်တာပေါ့ ဖေဖေရယ်၊ အရင်ကဆို မိုးလင်းတာနဲ့ ဒီနေ့ ငါ့မှာ ဘာလုပ်စရာတွေရှိနေသလဲဆိုတဲ့အတွေးမျိုးနဲ့ အိပ်ရာကနိုးခဲ့ရတာ"

"ဒါဖြင့် အခုက"

"အခုဆို မိုးလင်းတာနဲ့ ဘယ်အချိန် ဝါ စိတ်ရှုပ်ရမလဲဆိုပြီး ရင် တထိတ်ထိတ်နဲ့ နိုးထလာရတာမျိုးဖြစ်နေလို့ပါ။ အထူးသဖြင့် ဖေဖေတို့ လိုလိုချင်ချင်ဖြစ်နေတဲ့ မင်းခန့်သာက ဝါ့ကိုစိတ်ရှုပ်အောင် အများဆုံး လုပ်နေတဲ့သူပဲ"

မေမေက ဘာမှမပြောပေမယ့် ဖေဖေကတော့ ဝါ့ကိုငုံ့ကြည့်ရင်း ပြုံးလိုက်လေ၏။ ဝါ့ပုံစံက ဖေဖေတို့ အထင်အမြင်သေးစရာများ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေပြီလား။ ဒီအရွယ်ရောက်ချိန်ထိ တစ်ကြိမ်တစ်ခါမှ မလှုပ်ခတ်ခဲ့ဖူး စိတ်အစုံက အံ့ဩထူးဆန်းစွာ အခုလိုဖြစ်လာရတယ်လို့။

"ဒါကတော့ သမီးဘက်က တစ်ဖက်သတ်အမြင်နဲ့ ကြည့်တာ သူ့နေရာကကြည့်ရင်လည်း သူမှန်နေတာပဲလေ။ လွတ်လပ်တဲ့မိန်းကလေ တစ်ယောက်ကို ဘယ်ယောက်ျားမဆို ကြိုးစားခွင့်ရှိပါတယ် ဝင်းဖန်ဖန်

"မှန်ပါတယ်၊ ဒါပေမဲ့ ဝါ့အတွက် အတော်လေးကို အနှောင့်အယှ ဖြစ်ရပါတယ် ဖေဖေ၊ သူ့ကြောင့် အလုပ်မှာ အလွဲလွဲအချော်ချော် ဖြစ်ရတာ အကြိမ်ကြိမ်ပဲ။ ဖေဖေတို့မျက်နှာကိုငဲ့ပြီး သူလိုသမျှ လိုက်ဖြ ပေးရလို့ အခုဆို ဝါ့မှာ အလုပ်ကြွေးတွေ ပုံနေပြီဖေဖေ။ ခါတိုင်း အ မှန်အိပ် အချိန်တန် နိုးတတ်တဲ့ဝါက နှိုးစက်မြည်တာတောင်မှ မနိုး နိုးချင်နဲ့ ကျိုးထရတာမျိုးဖြစ်လာတော့ မကောင်းတော့ဘူး"

"သမီးဖြစ်နေတာ မင်းမင်းကြောင့်မှဟုတ်ရဲ့လား။ မင်းမင်းမဟု တဲ့လူအတွက်နဲ့ဖြစ်ပြီး အဲဒီကလေးကိုတော့ ပုံမချသင့်ပါဘူး ဝါရယ်"

"အဲဒါတော့ ဖေဖေလည်း ထောက်ခံတယ်၊ မင်းမင်းလည်း ဘ လုပ်လုပ် သူ့သိက္ခာအကျခံပြီး လုပ်မှာမှမဟုတ်တာ။ သမီးကူညီရတ ဆိုတာကလည်း အတိုင်းအတာတစ်ခုတော့ ရှိတာပဲ ဝါ။ သူ့တိုက်သာ သွားရင် သမီးဆီလာချင်ပါတယ်ဆိုရင်တောင်မှ reason ကောင်းကော ရှိမှ လာလို့ရမှာလေ"

"ဟုတ်တယ် ဝါ၊ စိတ်ရှုပ်တယ်ဆိုဘိုင်း ဘယ်သူ့ဘယ်၏ကြော ဆိုတာထက် ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တတ်ဖို့လိုမယ်။ သမီးဘာသ ပြန်မေးကြည့်ပါဦး"

စကားပိုင်းက ဤတွင် အဆုံးသတ်လေ၏။ နောက်ဆုံးတော့ အမိ





တရားခံက ဝါကိုယ်တိုင်တဲ့လား။ မှန်ပါတယ်. . . ကိုယ့်စိတ်ကို ကိုယ်သာ လျှင် ပိုင်ဆိုင်ကြတာမဟုတ်ပါလား။ သို့ပါလျက် သူစိမ်းတစ်ယောက်ရဲ့ စိုးမိုးခြင်းကိုခံရပြီး သူများစိတ်နဲ့ ကိုယ့်ခန္ဓာကိုယ်မျိုးဖြစ်ရတာက ဘာ ကြောင့်ပါလဲ။ အချစ်ဆိုတာ ဒီလိုပဲ လူကို စိတ်ပြောင်းလဲအောင် ဖန်တီး နိုင်စွမ်းရှိသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ခေါင်းထဲမှာ ကြည့်ရဲ့လား"

ခေါင်းကိုသာ ညိတ်ပြလျက် ဖြေလိုက်မိ၏။ စကားများများ မပြောနိုင်တော့ပါလေ။ လူက ဖျားချင်ချင်ဖြစ်နေမှန်းသိပေမယ့် အလုပ်နားခိုင်းမှာကို ကြောက်တာမို့ ဒီတိုင်း ဆေးသောက်ပြီး ထွက်ခဲ့ရပါ၏။ ဒီနေ့ သူ့အိမ်ကိစ္စပြီးပြတ်ပြီမို့ တစ်ပူရှင်းမှာလေ။ ဖေဖေတို့ပြောသလို သူ့သတို့သမီးဖြစ်မယ့်မိန်းကလေးက ကံအတော်ကောင်းမှာကို ဝါလည်း သိနေပါသည်။

ကျွန်ုပ်ကို နောက်ကျမှရောက်မည်ဟု ကြိုပြောထားတာမို့ သူ့တိုက်ရှိရာဆီသို့သာ ဦးတည်မောင်းလိုက်မိပါ၏။ ကားကို လမ်းထဲချိုးချလိုက်ပြီး ခြံရှေ့ရောက်စဉ် ခြံတံခါးလှလှကြီးကို ထင်းခနဲမြင်လိုက်ရလေသည်။ မြက်ခင်းပြင်ကျယ်နှင့် ကွန်ကရစ်ခင်းထားသည့်လမ်းက ကွေ့ကွေ့လေးဖြစ်ကာ အစိမ်းနုရောင်သုတ်ထားသည့် ခေတ်မီတိုက်ကြီးကို လှပစွာမြင်နေရပါ၏။





တစ်ခြမ်းသာ ဖွင့်ထားသည့်တံခါးဘက်မှ ကားကို ခြံထဲမောင်းဝင်ခဲ့ပါသည်။ တိုက်ရှေ့မှာ ဘာကားမှရှိမနေတာကြောင့် သူရောက်မလာသေးမှန်း သိလိုက်ရလေ၏။ အလုပ်သမားအနည်းငယ်သာ ရောက်နေပြီး အချောသပ်အလုပ်တို့ကို လုပ်နေကြပါသည်။ ကားပေါ်မှ ဝါဆင်းလိုက်စဉ် သန့်ရှင်းရေးလုပ်နေသည့်ကောင်လေးက မြင်သွားပြီး အံ့သြသွားလေ၏။

"ဟာ. . . အစ်မ၊ သူဌေး မရောက်သေးဘူးခင်ဗျ"

"သိတယ်၊ ခဏပဲလာကြည့်တာ။ ဘာလိုဦးမလဲလို့လေ။ ပြီးရင် ပြန်မှာ"

"ဩော်. . . ကြည့်ပါ အစ်မ"

အိမ်ရှေ့မှဝင်လိုက်စဉ် အိမ်ထဲမှာ အတော်လေး သန့်ရှင်းနေမှန်း တွေ့ရလေသည်။ ပါကေးကြမ်းခင်းထားတာ၊ နံရံတွေကို ဆေးညိုညိုလေး သုတ်ထားတာ၊ ပြတင်းပေါင်တွေကိုကအစ ဆေးသုတ်ပြီးပြီမို့ အိမ်က နေချင့်စဖွယ် ကြည့်ကောင်းနေလေပြီ။ လှေကားကို Steel တိုင် Steel တန်းဖြင့် အခိုင်အမာတပ်ထားကာ၊ လှေကားထစ်ကျွန်းပြားများကအစ Polish အရောင် တောက်ပနေတာပါလေ။

နင်းတက်ရမှာ နှမြောသလိုဖြစ်နေပေမယ့် အပေါ်ထပ်ကိုပါ စစ်ကြည့်ချင်တာမို့ ခပ်မှန်မှန်နင်းတက်ခဲ့ပါ၏။ အလုပ်သမားတွေက ဟိုဟိုဒီဒီအချောသတ်အလုပ်တို့ကို လုပ်နေကြတုန်းပါပဲ။ နံရံတွေထက်မှ မီးဆိုင်းတွေ၊ မီးချောင်းလှလှလိမ်လိမ်လေးတွေ၊ အလှဆင်ပန်းဆွဲတွေကိုကအစ မော့ကြည့်ရင်း သဘောကျနေမိလေသည်။

ဝါရောင်းတဲ့ပစ္စည်းလေးတွေကြောင့် ဝယ်သူတွေဆောက်တဲ့တိုက်တိုင်း အိမ်တိုင်း သေသပ်လှပနေတာကို ကျေနပ်မိတာ အမှန်ပါ။ ခရိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိသည့်အပေါက်တိုင်းကို တံခါးတွေ ဖွင့်ထားတာမို့ တစ်ခန်းချင်းဝင် လိုက်ထွက်လိုက် လျှောက်ကြည့်နေမိသည်။ နေဝင်ဆည်းဆာကို မြင်နိုင်သည့် နောက်ဖေးဘက် ထုတ်ထားသည့်ဝရံ့တာကို ဝါရောက်သွားပါ၏။

"ဟယ်!"

အဟုတ်ပါပဲ။ Tennis ကွင်းနှင့်ကပ်လျက်မှာ Swimming Pool ပြာပြာက ရှင်းရှင်းလင်းလင်းကြီး မြင်နေရတာပါလေ။ တကယ့်ကို အနောက်တိုင်းဆန်ဆန် Hote မျိုး လုပ်ထားတာပါလား။ အိမ်တွင်း Accessary တွေချည်း လုပ်ပေးတာမို့ ဒီအနောက်ဘက်ကို တစ်ကြိမ်မှ မကြည့်ဖြစ်ခဲ့ပါချေ။

အောက်ထပ်ကိုပြန်ဆင်းခဲ့ပြီး မီးဖိုခန်းထဲ တစ်ချက်ဝင်ကြည့်ကာ နောက်ဖေးပေါက်ကိုဖွင့်၍ ထွက်လိုက်ပါ၏။ အေးခနဲတိုက်ခတ်လာသည့် နံနက်ခင်းလေပြည်က ရင်ကိုငြိမ်းချမ်းအေးမြသွားစေတာ အမှန်ပါ။ ရေကူးကန်ရဲ့ဘောင်ကို ကြွေပြားခင်းထားပုံကအစ သေသေသပ်သပ်ပါပဲ။ Tennis ကွင်းကိုလည်း သံဇကာ ကာရံထားတာမို့ မျဉ်းဖြူဖြူလေးတွေနဲ့ ကွင်းညိုလေးက ပန်းရနေတာပါလေ။

ညာဘက်မြင်သာအောင် လမ်းမီးတိုင်းကို သိပ်အမြင့်ကြီးမထားဘဲ ခပ်နိမ့်နိမ့်ထားသည့်မီးဆိုင်းတွေ၊ တိုင်ရဲ့အောက်ခြေမှာ ကျောက်စရစ်ခဲ လေးတွေ သေချာစီ၍ပုံထားတာ မျက်မြင်ပါပဲ။ ခြံထဲမှာပန်းပင်တွေကို အခုမှ စိုက်တန်တာစိုက်၊ အိုးနဲ့ယူလာတာယူပြီး နေရာချနေတုန်းမို့ မပြည့်စုံသေးတာတောင်မှ သူ့ခြံက ဤမျှလောက်နှင့်ပင် အတော်လေး လှပခန့်ငြားနေလေပေပြီ။

"ရှိ"





"အမေ့!"

"လန့်သွားလား. . . Sorry!"

ဘယ်အချိန်က အနားသို့ သူရောက်လာမှန်းပင် မသိလိုက်ပါ။ ငှဲ့ကြည့်မိဥ္စ်မှာ သူဝတ်လာသည့် မြင်းခွေးရောင် Sport shirt နှင့် Style Pants အဖြူက ဝါ့မျက်စိထဲမှာ အတော်နှစ်သက်သွားမိပါ၏။ သူ Colour match ဖြစ်အောင် ရွေးဝတ်တတ်သားပါလား။

"ဘယ်တုန်းက ရောက်နေတာလဲ"

"အင်း. . . စောစောလေးကပဲ၊ ဘာများလိုဦးမလဲ လာကြည့်တာပါ။ ခဏနေ ကုမ္ပဏီသွားတော့မှာ"

"ဝါ စိတ်တိုင်းမကျတာ ဘာများတွေ့သေးလဲ"

"ဟင့်အင်း"

ခေါင်းခါပြလိုက်ပါ၏။ ဘာလဲ. . . ဝါလာနေမယ့်အိမ်လို့သဘောထားမျိုးနဲ့ ဒီမေးခွန်းကိုမေးတာများလား။ နေဦး. . . အထအနကောက်ပြီး တွေးလို့မဖြစ်သေးပါလေ။ သူ့ပုံစံက တည်တည်ငြိမ်ငြိမ်နဲ့ မဟုတ်ပါလား။

"ဒါဖြင့် ကိုယ်နဲ့ဝါ နောက်ထပ်တွေ့ဖို့ မလွယ်တော့ဘူးပေါ့လေ"

တိတ်တိတ်နေလိုက်မိ၏။ သိပြီးသားကိုများ မေးနေရတယ်လို့၊ ကွန်တရစ်ကျောက်ပြားထက် ရပ်နေတာမို့ သူနှင့်ဝါက အတော်လေး နီးနေပါသည်။ ခြေလှမ်းကိုရွှေ့မိရင် ကျောက်စရစ်ခဲတွေကို နင်းမိမှာစိုးတာမို့ ငြိမ်နေရတာပင်။ တော်ကြာ မတော်တဆမျိုးနဲ့ ဇာတ်လမ်းတွေ ဆက်ချင်သလိုဖြစ်မှာကို ကြိုတင်ကာကွယ်ထားရမှာ မဟုတ်ပါလား။

"ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခတွေအတွက် ကိုယ့်ဘက်ကပဲ တောင်းပန်ပါတယ်။ ဝါ စိတ်မဆိုးဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"တကယ်တမ်းဝန်ခံရရင် ဝါ့ကိုမြင်မြင်ချင်း စိတ်ဝင်စားမိခဲ့တာပါ"

ဝါ့မျက်နှာ နွေးခနဲဖြစ်သွားရပါ၏။ ဒီစကားမျိုးကို အရင်က ကြားတာနဲ့ လူက တဆတ်ဆတ်တုန်လာပြီး ရင်ထဲမှာ ဒေါသတွေ ဆူပွက်လာတာပါ။ အခုတော့ ဝါ့ရင်တွင်းမှာ ပူလောင်ခြင်းတွေ ရှိမနေဘဲ အေးစက်စက်ခံစားချက်တွေမို့ အံ့ဩရပါပဲ။ သူက ဝါ့အခြေအနေကိုစောင့်ကြည့်ရင်း စကားကိုရှေ့ဆက်လိုက်လေ၏။

"မမိုမိုသန့်နဲ့ နာမည်မှားခေါ်မိကတည်းကပါ ဝါ။ အဲဒီတုန်းက ကိုယ့်ကို ဖေဖေတို့တွေ ဘာကိစ္စကိုမှ မဆွေးနွေးသေးပါဘူး"

ပြုံးချင်ချင်ဖြစ်သွားတာမို့ ဣန္ဒြေဆည်လိုက်ရပါ၏။ တကယ်လည်း ဝါနဲ့သူက အကျိတ်အခဲလေးတွေနဲ့ တာထွက်ခဲ့တာပဲကိုး။ အတော်အတန် ရင်းနှီးတာမျိုးရှိခဲ့တာမှန်ပေမယ့် ဝါ့ဘက်ကတော့ သူ့ကိုသာမန်မိတ်ဆွေ အဆင့်ထက် မပိုတာ သေချာပါ၏။ ဘာကြောင့်လဲဆိုတော့ သူနဲ့ ကား အတူစီးရတာမျိုး၊ မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းစားရတာမျိုး ကြုံခဲ့ရ တာတောင်မှ ဝါ့စိတ်ထဲ ရှက်ရွံ့တာမျိုး၊ သူ့ကိုမကြည့်ရဲဘဲ တစ်မျိုးကြီး တုန်လှုပ်တာမျိုး ရှိမှမရှိခဲ့တာကိုး။ သေချာပါတယ်. . . ရှင့်ကို ကျွန်မ စိတ်မဝင်စားတာ အမှန်ပဲ မင်းခန့်သာ။

"ကိုယ့်ကို ဘုဘောက်ကျပြီး ပြန်အော်တဲ့မိန်းကလေးမို့ မှတ်မှတ် ရရဖြစ်ခဲ့တာပါ။ နောက်မှ ဖေဖေတို့ပြောလို့ ဝါ့နာမည်ကိုစကြားဖူးခဲ့တာ နာမည်ဆန်းဆန်းလေးမို့ သတိထားမိရုံကလွဲပြီး ကိုယ် ဘာမှမဖြစ်ခဲ့ဘူး ဒါပေမဲ့ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချတာ၊ ပြတ်သားတာ အဲဒီရဲရင့်တဲ့စိတ်ဓာတ်ကို သဘောကျမိတာ အမှန်ပဲ"



". . ."

"ကုမ္ပဏီကို စရောက်တဲ့နေ့မှာမှ ကိုယ့်ဘဝရဲ့အပြောင်းအလဲတစ်ခုကို ကြုံခဲ့ရတာပဲ။ မိဘတွေကြောင့်မဟုတ်ဘဲ ဝါ့ကို ကိုယ့်ဘက်က တခြားနည်းလမ်းမျိုးနဲ့ ချဉ်းကပ်ချင်ခဲ့တာ ဘာကြောင့်လို့ ဝါထင်ပါသလဲ"

မဖြေမိပါချေ။ တဆိတ်ရှိ ကြီးကြီးတို့ ဖေဖေတို့ကတစ်ဆင့် သူ ဗိုလ်ကျကျ အနိုင်ပိုင်းခဲ့တာ မသိလို့လား။ ဝါက လူကြီးတွေ သဘောကျ ကြိုးကိုင်ချယ်လှယ်လို့ရတဲ့ ခပ်တုံးတုံးသမီးမျိုးမှမဟုတ်တာလေ။ ဒါကို အစကတည်းက သူသိနေသင့်ပါတယ်။

"ဝါ့ဘက်က ကိုယ့်ကိုခါထုတ်လေ၊ ဝါ့အနီးကို ပိုတိုးလာချင်တဲ့စိတ်က ထိန်းမရအောင် ဖြစ်ခဲ့ရပါတယ်"

"ဝါက. . ."

"ကိုယ့်စကားဆုံးအောင် ဆက်ပြောပါရစေလား. . . ဝါ"

ငြိမ်နေလိုက်ရပြန်ပါ၏။ အင်းပေါ့လေ၊ ဝါက အဝေးကွင်းကိုရောက်နေတာမို့ အိမ်ရှင်အသင်းကို အနည်းငယ်တော့ ဦးစားပေးရမှာပေါ့။ ဝါတို့ပွဲမှာက ဒိုင်ငါးဦးက အပြည့်ပါနေတာကိုး။ ဘက်လိုက်တဲ့ပွဲမှန်း သိနေပေမယ့် ဝါ့ဘက်ကတော့ ဉာဏ်နဲ့ကစားရင် နိုင်ကွက်ကိုမြင်ရမှာပဲကိုး။

"မိဘတွေကြောင့်မဟုတ်ဘဲ မင်းခန့်သာကို မင်းခန့်သာလို့ပဲ ခပ်နှိုးနှိုးမြင်ပြီး စဉ်းစားပေးစေချင်ပါတယ် ဝါ။ ကိုယ့်အရွယ်က အင်း. . . အချစ်ဆိုတာကို ထုတ်ပြောဖို့ နှုတ်ရှုံ့စေလို့ပါ"

"ဝါ နားလည်ပါတယ်"

သူစိတ်လှုပ်ရှားစွာဖြင့် လှည့်ကြည့်လေ၏။ ကန်ရေပြင်ပြာ[illegible]ကို ပဲ အာရုံထားပြီး ကြည့်နေမိသည့်ဝါက သူနှင့်မျက်လုံးချင်း[illegible]ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အချစ်မှာ အားနာတာမျိုးမရှိဘူး မဟုတ်လား မင်းခန့်သာ။ ရှင့်ကိုငြင်းဆန်ရမှာ အားနာစိတ်တစ်ခုအပြင် ဘာမှထူးထူးခြားခြားမဖြစ်လို့ပါပဲ။

"ရှင့်ကို ဝါလက်မခံနိုင်တာ ဝမ်းနည်းပါတယ် မင်းခန့်သာ"

"ဝါရယ်. . . ဒီလိုတော့ ပြတ်ပြတ်သားသားကြီး မပြောပါနဲ့လား"

"ဘဝဆိုတဲ့ခေါင်းစဉ်နဲ့ ရွေးရင်တော့ ကိုမင်းခန့်သာဟာ ငြင်းစရာတစ်ချက်မှမရှိတဲ့ အမျိုးသားတစ်ဦးပါပဲ"

"ဒါနဲ့"

"နှလုံးသားနဲ့ရွေးချင်လို့ပါ ကိုမင်းခန့်သာ"

"ဘာရယ်"

"ဝါ့နှလုံးသားက ရှင့်ကိုလက်သင့်မခံနိုင်လို့ပါပဲ။ ဟိုတလောကပဲ ဝါ့ကိုရှင်ပြောဖူးပါတယ်၊ ကြီးကြီးတို့ကတစ်ဆင့် သိခဲ့ရတဲ့အကြောင်းအရာတစ်ခုကြောင့်ပါ"

"ဒါဖြင့်. . . ဒါဖြင့်. . . ဝါ့ရင်ထဲမှာ"

"ဟုတ်ပါတယ်"

နှစ်ဦးသား တိတ်ဆိတ်ငြိမ်သက်သွားရပါ၏။ သေချာခြင်းတစ်ခုကို ဝါ့လက်ထဲမှာ မြဲမြဲစွာဆုပ်ကိုင်ထားလိုက်ပါပြီလေ။ ဘယ်အလုပ်ကိုမဆို မဆုတ်မနစ် ဖွဲ့နွဲ့ဆုံးဖြတ်လုပ်ဆောင်ကျင့်ရှိခဲ့တဲ့ ဝင်းဖန့်ဖန့်ဝါအတွက် ဒီတစ်ကြိမ်လည်း မမှားနိုင်ပါလေ။ ဝါက သူများတွေထက် ကိုယ့်ကိုယ်ကိုယ် အယုံကြည်ဆုံးမဟုတ်ပါလား။

"ကိုယ် တကယ်ကို ထင်မထားတာအမှန်ပါပဲ၊ လူကြီးတွေ စိုးရိမ်ပြီးပြောတယ်လို့ပဲ ထင်ထားတာ။ ဝါနဲ့ရင်းနှီးခွင့်ရဖို့ ဝါ့အနားမှာရှိခွင့်ရဖို့ ကိုယ့်မှာ ပြိုင်ဘက်တစ်ဦးဦးရှိနေမယ်လို့ ဘယ်လိုမှမတွေးမိဘူး"





"ပြိုင်ဘက်မဟုတ်ပါဘူး ကိုမင်းခန့်သာ"

"မှန်ပါတယ်၊ ကိုယ်က ဒီပွဲမှာ အနိုင်ကတ်နဲ့အထုတ်ခံရသူဖြစ်နေတာကိုး"

နှစ်သိမ့်ပြုံးတော့ ပြုံးဖြစ်ပါ၏။ ဝါ့ကိုကြည့်နေသည့်သူ့အကြည့်ကနုံးရှုံးတာမျိုးဖြစ်မနေတဲ့အတွက် အနည်းငယ်စိတ်သက်သာမှုတော့ ဖြစ်ရပါသည်။ မိတ်ဆွေတွေအဖြစ်နဲ့တော့ တွေ့ချင်ဦးမှာပဲကိုး။ ဝါနဲ့သူကသွားရေးလမ်းမှာ ယှဉ်လျှောက်နေကြတဲ့လူတွေမို့ပါလေ။

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့ မိတ်ဆွေတွေအဖြစ်နဲ့တော့ ဆက်ရှိနေချင်ပါတယ် ဝါ"

သူလက်ကမ်းပေးတာကို ဝါလက်ခံပြီး ဆွဲကိုင် နှုတ်ဆက်လိုက်မိပါ၏။ ခပ်နွေးနွေးလက်ဝါးတွေထဲမှာ အတော်အတန် ရင်းနှီးခင်မင်သည့်အဓိပ္ပာယ်တွေ အပြည့်အဝပါရှိနေပါရဲ့။ ဝမ်းနည်းရိပ် မပေါ်နိုင်အောင် ထိန်းချုပ်နိုင်စွမ်းရှိတဲ့သူ့ကို လေးစားမိတာ အမှန်ပါ။ ကောင်းသောခွဲခွာခြင်းလို့ ယူဆပါတယ် မင်းခန့်သာ။

"ဝါ ပြန်ပါဦးမယ်"

သူက ခေါင်းညိတ်လိုက်လေ၏။ သူ့ရှေ့မှ အသာထွက်လာခဲ့ပါ၏။ စိတ်ထဲမှတစ်ဆင့် မဖြတ်တော့ဘဲ တိုက်ဘေးမှ လျှောက်ခဲ့ပါသည်။ ဝါကားပေါ်တက်ချိန်ထိ အနောက်မှာ သူလိုက်မလာတာမို့ သက်ပြင်းကိုဖြတ်ရှိုက်လိုက်မိတော့၏။ ရှင့်ဘဝ ကျွန်မထက် အစစအရာရာ သာတဲ့အမျိုးသမီးမျိုးနဲ့ ထပ်ဆုံနိုင်ပါသေးတယ် မင်းခန့်သာရယ်။

ကားကို ကုမ္ပဏီဝင်းထဲ ကွေ့လိုက်စဉ် ဝါ့ရင်ထဲ ထိတ်သွားရပြန်ပါ၏။ အလို! ဟိုကားရဲရဲလေး ရှိနေတာပါလား။ ကား Parking မှာ ရပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ မဟုတ်တာမို့ ညွှံသည်ကားမှန်း သိလိုက်ပါသည်။ ကားပေါ် ဆင်းပြီး ထိုကားလေးရှေ့မှ လျှောက်ခဲ့စဉ် ရှေ့ခန်းမှာချိတ်ထားသည့် ဓေ တွင်းသားအရုပ် (လက်တစ်ဆုပ်စာ)လေးက လှမ်းပြောင်ပြလိုက်သလို ပါလေ။

ခြေလှမ်းကို ခပ်သုတ်သုတ်လှမ်းခဲ့မိပါ၏။ Lift ထဲဝင်စဉ် ခါတို ထက် အခုနမြင့်နေသည့်ရင်ခုန်သံတို့က ပရမ်းပတာပါပဲ။ ကုမ္ပဏီရုံး အထပ်မှာ ဝန်ထမ်းတွေ အလုပ်ရှုပ်နေကြတာကို သတိမထားနိုင်ဘဲ ခန်းတံခါးကိုသာ အမြန်တွန်းဖွင့်ဝင်လိုက်မိပါ၏။

"ဟင်!"

မှိုမှိုနှင့်အတူ ရယ်မောနေသည့်လူငယ်လေးက.ဝါရပ်နေသည့်တ ကို ဖျတ်ခနဲလှည့်ကြည့်လိုက်စဉ် ဝှါရင်ထဲ ဒိန်းခနဲခေါက့်မြည်သံက အကျ ကြီးပါပဲ။ ဘုရားရေ! ဟိုကောင်လေး. . . ဟိုကောင်လေးပါလား။

ဒီ Shirt အဖြူ။ ဒီယောပုဆိုး။ ဒီဆံပင်ခပ်တိုတိုတို့ကို ဝါ ခုချိန် အမှတ်ရနေတုန်းပါလေ။ မျက်ဝန်းနက်တို့ကအစ ပြုံးနေသည့်နှယ် အ တို့စိုလက်နေပြီး နှုတ်ခမ်းလေးမတွက ပြုံးနေရာမှ သွားဖြူတန်းလေး ပေါ်လာသည်အထိ ရယ်လိုက်ပုံက ငယ်နုသည့်လူငယ်လေးကို ချစ်စ ဖြစ်အောင် ပိုပြီးပံ့ပိုးလိုက်သည့်နှယ်ပါလေ။

❧❧❧

ကျွန်တော်က ဘဝကိုငြိမ်းချမ်းအေးဆေးစွာ ဖြတ် သန်းချင်သူပါ။ ဘယ်လိုအနှောင့်အယှက် အတားအဆီး မျိုးကိုမှ ရင်မဆိုင်ချင်ပါလေ။ စိတ်ရှုပ်စရာကြီးကို ခဏ လေးတောင်မှ မကြုံချင်တဲ့ ကျွန်တော့်လို လူငယ်လေးကို လောကကြီးက အဘယ်ကြောင့် အရှုပ်တောထဲ ခေါ်သွား ရတာပါလိမ့်...

မိဘစကားကို... မြေဝယ်မကျ နာခံတတ်သည့် အကျင့်က ငယ်စဉ်ကတည်းက အရိုးစွဲခဲ့သည့်လူငယ်တစ် ဦးပါ။ ဘဝလက်တွဲဖော်အဖြစ် တွဲဖက်ပေးသည့် "နွံသာ" ကိုလည်း မည်သို့သော ပြစ်ချက်၊ မည်သည့်ငြင်းဆိုချက် မှမရှိဘဲ လွယ်လင့်တကူ လက်သင့်ခံခဲ့တာပါလေ။

သို့သော်... ကျွန်တော်လျှောက်လှမ်းနေသည့်လမ်း ပေါ်မှာ ခလုတ်ကန်သင်းတွေ ရှိလာလိမ့်မည်ဟု ဘယ်ထင် ထားပါ့မလဲ။ "နွံသာ" လိုသိမ်မွေ့ နူးညံ့သည့်မိန်းကလေး နှင့် ကျွန်တော့်လို ခပ်အေးအေး စကားနည်းသည့်ကောင် လေးကို လူတိုင်းက လိုက်ဖက်သည့်စုံတွဲဟု ပြောကြတိုင်း ကျွန်တော် ကျေနပ်ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကျေနပ်မှုတွေကို ချေဖျက်ပျက်စီးစေမည့်နေ့ကို ကျွန်တော်ကြုံရလိမ့်မည်ဟု နည်းနည်းလေးမှ မထင်ခဲ့ပါချေ။ အင်မတန် မာနကြီးသော၊ ဒေါသထွက်လွယ်သော၊ အတ္တတွေဖြင့် ပြည့်နှက်နေသော၊ ကျွန်တော့်ထက် နှစ်နှစ်ခန့် အသက်ကြီးသည့် အမျိုးသမီးတစ်ဦးက ကျွန် တော့်ကို စိတ်ရောကိုယ်ပါ ရှုပ်ယှက်ခတ်သွားအောင် ပြုလုပ်နိုင်စွမ်း ရှိရတယ်လို့.....

အံ့ဩဘာ

## အခန်း ( ၁၅ )

"မမ လာပြီ"

"သူက"

"မို့ရဲ့ဝမ်းကွဲမောင်လေးလေ၊ ဟိုတလောတုန်းက မို့ ရုံးနောက်ကျ
န်းက လိုက်ပို့ပေးသေးတယ်။ အဲဒါ မငယ်ရဲ့ Boss "

"ဩော်"

ရုံးခန်းထဲဝင်လာသည့် သူဌေးမမကို ကျွန်တော် မတ်တပ်ရပ်ကာ
လိုက်မိပါ၏။ ကျွန်တော့်ကို တအံ့တဩဖြင့် မင်သက်စွာ ကြည့်နေသည့်
်ဝန်းအစုံက တလက်လက်တောက်ပနေသည့်နှယ်ပါ။ မျက်နှာသွယ်
ယ်နှင့် လိုက်ဖက်စွာ ညှပ်ထားသည့် ခပ်တိုတိုဆံပင်ပုံစံက အရွယ်ထက်
ိနုပျိုထင်နေပါ၏။ မျက်နှာထက်မှာ ဘာရယ်မသိ လိမ်းထားမှုန်းပင်
င်ရအောင် ကြည်ကြည်လေးဖြစ်နေသလို နှုတ်ခမ်းမှာလည်း မည်သည့်
ဆေးမှုရှိမနေဘဲ ပကတိနှုတ်ခမ်းအရောင်ပဲမို့ အလှမကြိုက်သည့် အမျိုး
မီးတစ်ဦးကို ပထမဦးဆုံး ကျွန်တော်မြင်ရခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ် မမ၊ မငယ်ကို မွေးနေ့လက်ဆော

လာပို့ရင်း ဝင်လာမိတာပါ"

"နာမည်က"

"အုံ့ညြဘာပါ မမ"

"အုံ့ညြဘာ. . . ဟုတ်လား"

"ဟုတ်ပါတယ်"

"အုံ့ညြဘာဆိုတော့ ညြဘာရေသန့်"

"ဟုတ်ကဲ့၊ ဖေဖေ့ကုမ္ပဏီပါခင်ဗျာ"

စားပွဲနောက်ရှိခုံမှာ ဝင်ထိုင်လိုက်ပြီး ပြုံးလိုက်သည့်အပြုံးတစ်

ကို ကျွန်တော် မှတ်မှတ်ရရမြင်လိုက်ပါ၏။ အလို! ထူးခြားဆန်းကြယ်

အပြုံးမျိုးပါလား။ နှစ်သက်ခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ ဝမ်းမြောက်

ခြင်း စသည့်အဓိပ္ပာယ်တို့ဖြင့် ပြည့်နှက်နေသည့်အပြုံးမျိုးကို တစ်စုတည်

ပျော်ဝင်နေတာလေ။ သူမ ဘာကိုများ ဒီလောက်သဘောကျရပါသနည်း

"ညှိသည်ကို တစ်ခုခုညှိခံမှပေါ့"

"ကိုအုံ့က ဘာမှမသောက်ဘူးဆိုလို့ပါ မမရဲ့"

"ကိုအုံ့"

တီးတိုးရေရွတ်ဟန် ပြုလေ၏။ ကျွန်တော့်နာမည်က အဖျားဆွ

ခေါ်ရခက်ခဲတဲ့နာမည်မျိုးပါ။ နောက်စာလုံးတွေက ဖေဖေ့နာမည်မို့ ကျ

တော်ပိုင်ဆိုင်သည့်အမည်က ဒီ 'အုံ့'တစ်လုံးပဲကိုး။ ဝမ်းကွဲမောင်နှမတေ

ရော မိဘတွေကပါ 'ကိုအုံ့'ဆိုပြီး ငယ်စဉ်ကတည်းက ခေါ်ဆိုခဲ့ကြတာ

လေ။

"ကျွန်တော်ပြန်ဦးမယ် မငယ်"





"အေးအေး"

"ပြန်လိုက်ပါဦးမယ် ခင်ဗျ"

"အောက်က ကားအနီလေးက ကိုအုံ့ကားလား"

"ဗျာ! ဩော်. . . ဟုတ်ပါတယ်မမ၊ ဘာဖြစ်လို့ပါလဲ"

"ဟင့်အင်း. . . 'မ' အဲဒီကားလေးကိုတွေ့တာ သုံးကြိမ်ရှိပြီ၊ သတိ

ထားမိလို့ပါ"

"ဩော်"

ကျွန်တော်လှည့်ထွက်စဉ် နောက်ကျောဘက်မှ စိုက်ကြည့်ခြင်း ခံ

ရယည့်နှယ် အေးခဲသည့်ခံစားချက်က ရင်ထဲမှာ ဖြစ်တည်သွားရပါ၏။

အတော်အကြည့်စူးသည့်အမျိုးသမီးပါပဲ။ တော်ရုံမိန်းကလေးမျိုးဆို ဒီလို

သုစိမ်းယောကျ်ားလေးနဲ့ မျက်လုံးချင်းဆုံပြီး ကြည့်ရဲဖို့မရဲကြပါလေ။ သူမ

အကြည့်ချင်း ခဏလေးဆုံရစဉ်မှာ ကျောထဲ စိမ့်ခနဲ ချမ်းသွားရတာ

ဘာကြောင့်ပါလဲ။

ရင်ထဲအထိ ရောက်လာသည့်နှယ် မျက်ဝန်းအကြည့်တို့က စူးရဲ

လွန်းလှတာပါလေ။ အဘယ်ကြောင့်နည်း။ တကယ်ဆို ပထမဦးဆုံးတွေ့

တဲ့အကြည့်က အုံ့ညြရုံထက် မပိုသင့်တာပါလေ။ သူမလိုရာထူးအဆင့်မျိုး

ကျွန်တော့်လို သာမန်လူငယ်လေးတစ်ယောက်ကို စိတ်ဝင်စားစရာ

အကြောင်းမရှိစရာမလိုပါချေ။ အခုတော့ ဟိုးအရင်ကတည်းက ရင်းနှီး

သလိုမျိုး နွေးထွေးသည့်အကြည့်တို့က ရင်ထဲထိတိုင် ပူနွေးစွာ စီးဆင်း

သွားရတာမဟုတ်ပါလား။

'မ'. . . တဲ့။ ကိုယ့်ကိုယ်ကိုယ် သုံးလိုက်တဲ့ နာမ်စားကလည်း အ

အဆန်းပါပဲ။ ကားအနီလေးတဲ့လား။ သူစီးနေတဲ့ကားကို အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ သိနေရတာပါလိမ့်။ ထူးဆန်းလေစွ။

ကားနီနီလေး ထွက်သွားတာကို စောင့်ကြည့်ပြီးမှ ခုံမှာပြန်ထိုင်လိုက်မိပါ၏။ မနက်က ငြိမ်ပါပြီဆိုတဲ့ရင်ခုန်သံက အခုတော့ ပရမ်းပတာနဲ့ ထိန်းမရနိုင်အောင်ကို ခုန်ပေါက်နေတော့တာပါလေ။ 'ကိုအံ့' 'အံ့သြဘာ'တဲ့။ အဘယ်မျှ ခန့်လိုက်တဲ့နာမည်နဲ့ကောင်လေးပါလဲ။

"မမ"

"ဟင်"

"ဘာဖြစ်လို့လဲဟင်"

မို့မို့လှမ်းမေးတာကို မဖြေသေးဘဲ မျက်စိကို စုံမှိတ်ထားလိုက်မိပါ၏။ ဝင်းဖန့်ဖန့်ဝါရဲ့အိပ်မက်တွေကို သက်ဝင်လှုပစေဖို့ ဖန်ဆင်းရှင်ရဲ့မြားက ညွှန်ပြပြီထင်ပါရဲ့။ စိတ်ကူးနဲ့လက်တွေ့ဆိုတာ တစ်ထပ်တည်းဖြစ်လေ့မရှိပေမယ့် ဝါ့ဘဝမှာတော့ တစ်ထပ်တည်းဖြစ်ပါရစေလား။

"မမ"

"မို့ကို 'မ'တစ်ခါပြောဖူးမယ်ထင်တယ်"

"ဘာလဲဟင်"

"သူနဲ့ပတ်သက်ပြီး ပြောကြတုန်းကလေ"

"သူ! ဩော်. . . ကိုမင်းခန့်သာကိုစွ"

"ဟုတ်တယ်"

စကားကိုမဆက်သေးဘဲ လက်ပေါ်မေးထောက်လျက် အာရုံက လွင့်သလိုဖြစ်သွားပါ၏။ တိုက်ဆိုင်မှုလေလား။ မေမေခေါ်လို့ မလိုက်ချင်ပါဘဲ





လိုက်ခဲ့ရတဲ့ဘုရားကို မထင်မှတ်ဘဲတွေ့ခဲ့ရတဲ့ လူငယ်လေးတစ်ဦး။ လမ်းမှာ ကားမောင်းရင်း လမ်းတောင်းပြီး ကျော်တက်လို့ မှတ်သားမိခဲ့တဲ့ ကားနီနီလေး။ သူနဲ့ကော်ဖီဆိုင်မှာ အတူထိုင်နေတုန်း လမ်းပေါ်မှာ ဖြတ်လျှောက်သွားတဲ့ကောင်လေး။ ဒီတစ်ခါပါနဲ့ဆို ဒီလူငယ်လေးနဲ့ဆုံရတာ သုံးကြိမ်သုံးခါရှိပြီပေါ့။

"အဲဒီတုန်းက မို့မို့မေးပေမယ့် 'မ'မပြောခဲ့ဘူး"

"ရှင်! "

"ကိုယ်ရေးကိုယ်တာကိစ္စမို့ တိုင်ပင်ရမှာ ရှက်မိလို့ပါ"

မို့မို့က File ပိုက်ထားရင်း စားပွဲရှေ့မှာရပ်လျက် ဝါ့ကို တအံ့တသြ ငေးကြည့်နေလေ၏။ ဟုတ်တယ်. . . ရှက်စရာကြီး။ တစ်သက်နဲ့တစ်ကိုယ် မာနတံခွန်ထူခဲ့တဲ့မိန်းမတစ်ယောက်က ကိုယ့်ကုမ္ပဏီက Assistance ရဲ့ Cousin တစ်ယောက်ကို တစ်ဖက်သတ် စိတ်ဝင်စားမိပါတယ်လို့ ဝန်ခံရမယ့်အဖြစ်မျိုးပေကိုး။ တကယ့်ကို ရှက်စရာကြီးပါပဲ ဝင်းဖန့်ဖန့်ဝါ။

"မမမှာ"

"ကိုအံ့နဲ့ 'မ'ဆုံတာ ဒါ တတိယအကြိမ်မြောက်ပဲ"

"ဟင်! "

"ပထမဦးဆုံးအကြိမ်က ရွှေတိဂုံစေတီမှာ 'မ'မေမေကို လပြည့်နေ့ ပုတီးစိပ်ချင်တယ်ဆိုတာနဲ့ လိုက်ပို့ပေးတုန်းကပေါ့"

ပြောနေတုန်းမှာပဲ သူ့မျက်နှာကို တရိပ်ရိပ်မြင်ယောင်လာရတာပါလေ။ အသံက မတိုးမကျယ်လေးနဲ့ စကားသံထွက်ရဲ့ ခပ်တိုးတိုးလေး ပြောကျင့်ရှိပုံပါပဲ။ ဝါကတောင်မှ မိန်းမတန်မဲ့ လေသံကို ခပ်မာမာပြော တတ်သေးတာပါလေ။ အဘယ်မျှ သိမ်မွေ့အေးချမ်းတဲ့လူငယ်လေးပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအကြိမ်က ကိုမင်းခန့်သာနဲ့ ထမင်းစားပြီး ကော်ဖီဆိုင် ထိုင်တုန်းက မြင်ခဲ့တာ။ သူက စာအုပ်ဆိုင်ဝင်ပြီး ပြန်လာပုံပဲ။ လက်ထဲ မှာ စာအုပ်တွေပိုက်ထားပြီး Platform ပေါ်က လျှောက်သွားတာလေ အခု 'မ'ရုံးခန်းမှာ ကြုံတာနဲ့ဆို သုံးကြိမ်မြောက်ပေါ့"

အကြည့်ကို မှိန့်မှိန့်ထံပို့မိစဉ် ဝါပြောတာကို နားစိုက်ထောင်ပြီး ဘာမှ မပြောပါချေ။ အတွင်းရေးဆိုတာ ဒါမျိုးကိုပြောတာများလား။ အိမ်မှာလူ ကြီးတွေကိုဖြင့် ဒီလိုရင်တွင်းစကားမျိုးတွေ ဘယ်ပြောရဲပါ့မလဲ။ ဒါမျိုးက ရွယ်တူချင်းသာ ဖလှယ်ကြတာမျိုးပါ။ ဝါ့မှာက ရွယ်တူသူငယ်ချင်းရှိပေ မယ့် မြို့ဘက်တွေပဲဖြစ်နေတာမို့ ဒီလိုနှလုံးသားကိစ္စတွေ ပြောပြဖလှယ် ဖို့ အခွင့်မှမရှိတာလေ။

"အဲဒီကားနီနီလေးကို သတိထားမိတာလည်း သုံးခါတိတိပဲ။ လမ် မှာ တစ်ခါ၊ ဒီကုမ္ပဏီဝင်းထဲကနေ ထွက်သွားတာကိုမြင်တာမို့ ဒီကို ဘယ် ကညွှသည်များ ဝင်ထွက်နေသလဲဆိုပြီး တွေးခဲ့ရတယ်။ ကိုအံ့က မို ရဲ့ဘယ်ဘက်က တော်တဲ့မောင်လေးလဲ"

"မေမေ့ဘက်ကပါ မမ၊ မေမေ့ညီမက မွေးတဲ့သား"

"တစ်ဦးတည်းသောသားပဲပေါ့"

"ဟုတ်ပါတယ်"

"ငယ်တော့ တော်တော်ငယ်မယ်ထင်တယ်"

"မို့ထက် တစ်လပဲ ငယ်တာပါမမရဲ့"

ဒါဖြင့် ဝါ့ထက်လည်း နှစ်နှစ်ကျော်ငယ်တာပေါ့။ အသက်ကွာ တာနဲ့ မိန်းကလေးဘက်က ကြီးနေရင် အငယ်ကိုမုန့်ပေးကြိုက်တယ် ပြီး ...းကဲ့ရဲ့ကြတော့မှာလေ။ ရှက်စရာကြီး. . . ဝါ့အဖြစ်က ယောကျ်





လေးဘက်က မစဘဲ မိန်းကလေးဘက်ကစပြီး စိတ်လှုပ်ရှားတဲ့အဖြစ် အပျက်ပေကို။ ကံကြမ္မာကဖြင့် ဝါ့ကိုမျက်စိလည်ရအောင် ကျီစားချေလေ ပြီ။

"သူ ဘာအလုပ်လုပ်သလဲ"

"Gardener ပါ"

"ဘယ်လို"

"သစ်ပင်ပန်းပင်လေးတွေကို စိုက်ပျိုးပြီး ပြန်ရောင်းပါတယ် မမ။ သိပ်အကြီးစားကြီးတော့ မဟုတ်ဘူး၊ သူရောင်းတဲ့အပင်မျိုးက ရှားပါးပြီး ဒီမှာရှာရခက်တာမျိုးလေ။ တစ်ပင်ကို သောင်းချီသိန်းချီရတယ်"

"ဪ"

"ရှင်းရှင်းပြောရရင် ကိုအံ့က စိတ်ရှုပ်မခံဘူးမမရဲ့။ အန်တီသက် လည်း ရွှေဆိုင်ဖွင့်ထားတယ်။ လေးလေးလည်း ကုမ္ပဏီထောင်ထားပါလျက် နဲ့ ဘယ်နေရာကိုမှ သူတာဝန်မယူဘူး။ ကိန်းဂဏန်းတွေကို မုန်းလို့တဲ့။ အဲဒါနဲ့ သူဝါသနာပါတဲ့ Gardening ကိုလုပ်ခွင့်ပေးလိုက်ရတာပဲ"

အေးအေးဆေးဆေးနေတတ်သူပေါ့လေ။ ဝါကိုယ်တိုင်လည်း နား အေးပါးအေးနေတတ်ပေမယ့် သွေးဆူလွယ်တဲ့လူမို့ အခက်အခဲတော့ ရှိ မှာပါ။ ဝါ့ကို သည်းညည်းခံနိုင်တဲ့လူက မင်းခန့်သာတစ်ဦးတည်းသာ ရှိ တာမဟုတ်လား။ အလို! ဘယ်လိုဖြစ်ပြီး အတွေးထဲကို ဒင်းက ရောက်လာ ပြန်တာပါလိမ့်နော်။ မရွေးချယ်ဘူးလို့ စိတ်က တစ်ထစ်ချဆုံးဖြတ်ပြီးရင် ပြန်ပြင်စရာမှ မလိုအပ်တာဘဲ။

တကယ်ဆို ဝါနဲ့ဘက်ညီတဲ့ မင်းခန့်သာလိုလူမျိုးကိုသာ ဘဝအဖော် မွန်အဖြစ် ရွေးသင့်တာပါ။ ဖေဖေတို့တွေလည်း ဒီအတိုင်း ဆုံးဖြတ်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ကြမှာပါပဲ။ ခက်တာက ဝါက ခေါင်းမာတဲ့မိန်းမဖြစ်နေတာကိုး။ လူဆိုတာ ပေးတာကိုမလိုချင်ဘဲ မရတာကိုမှလိုအပ်တဲ့ သဘာဝထဲမှာ ရှင်သန်ခွင့်ရနေတာပါလေ။

"အပင်စိုက်တယ်တဲ့လား"

"အဲဒါ သူ့စိတ်ကို ငြိမ်းချမ်းစေတယ်တဲ့။ ကိုအံ့က လူတွေကြားထဲ သိပ်သွားလေ့သွားထမရှိဘူး။ သူ့မွေးနေ့လိုမျိုးရက်မျိုးမှာ ဒါမှမဟုတ် အခါကြီးရက်ကြီးတွေမျိုးဆို ဘုရားတက် တရားထိုင်တာမျိုး လုပ်လေ့ရှိတယ်။ ပြီးရင် စာအုပ်ဆိုင်တွေဘက်လျှောက်ပြီး တစ်လစာဖတ်လို့ရမယ့် စာအုပ်တွေ စုပြုဝယ်တတ်တယ်လေ"

ဟုတ်တာပေါ့။ သူစာဖတ်လို့ လက်ထဲမှာ စာအုပ်တွေ တပွေ့တပိုက်နဲ့ လျှောက်သွားတာကို ဝါမြင်ခဲ့ရတာလေ။ လိုချင်တာရသွားတဲ့ကလေးတစ်ယောက်နှယ် မျက်ဝန်းတွေက တလက်လက်တောက်ပပြီး ညီညာသေသပ်လွန်းတဲ့နှုတ်ခမ်းတို့က ပြုံးယောင်ယောင်လေးဖြစ်နေတာကို ဝါကိုယ်တိုင်မြင်ခွင့်ရခဲ့တာမဟုတ်လား။

"သူ အဖြူတော်တော်ကြိုက်ပုံရတယ်နော်"

"ဟုတ်တယ်၊ သူ့ခြံထဲမှာ အလုပ်လုပ်ချိန်ကလွဲပြီး အမြဲတမ်း ရှပ်အဖြူဝတ်တယ်။ နွေရာသီကလွဲပြီး လက်ရှည်ပဲ အမြဲလိုလိုဝတ်ကျင့်ရှိတာပါ"

အဖြူရောင်ဆိုတာ မှန်မြတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ငြိမ်းချမ်းအေးမြခြင်းဟူသည့် အဓိပ္ပာယ်ကိုဆောင်ပါသည်။ ဝါကြိုက်တဲ့အရောင်က ခပ်မှုန်မှုန် ခပ်မှိုင်းမှိုင်းမျိုးမို့ ဆန့်ကျင်ဘက်ပါပဲ။ ဘယ်လိုဖြစ်ပြီး ကိုယ်နဲ့ သိပ် Match မဖြစ်တဲ့လူကိုမှ စိတ်နှလုံး ယိုင်နဲ့ခဲ့ရတာပါလိမ့် 'ဝင်း





ဖန့်ဖန့်ဝါ'ရယ်။

"ထူးဆန်းတာက ကားကိုကျတော့ ဘာလို့ အနီရဲရဲရွေးစီးရတာလဲ"

မို့မို့မျက်နှာထက် အပြုံးတစ်ခုပေါ်လာလေ၏။ အနီတောင်မှ ရဲရဲစိုတောက်နေသည့် Colour မျိုးမို့ ကားတန်းမှာ စီရပ်ထားရင်တောင် ထင်းခနဲထင်သာမြင်သာရှိတဲ့အရောင်မျိုးပါ။ အဖြူကြိုက်တဲ့လူက ဒီလို သွေးလိုအရောင်မျိုးကို ရွေးစရာမှမလိုအပ်တာဘဲ။

"အဲဒါ သူရွေးလို့ရတဲ့ Colour မျိုးမဟုတ်ဘူး မမရဲ့"

"ဘယ်လို"

"သူ့ကောင်မလေး ရွေးပေးတာ"

"ဘာရယ်"

ဘုရား! သူ့ကောင်မလေးတဲ့။ သူ့ကောင်မလေးတဲ့လား။ ဒါကို ဘာလို့ ဝါ မတွေးမိပါလိမ့်။ ဒီအရွယ်နဲ့ဒီအရွယ် ဘာညာဘာညာ ချစ်သူမျိုးတော့ ရှိနိုင်တာပဲ။ ဝါကသာ ရင်ခုန်ဖို့ မေ့လျော့နေခဲ့တဲ့မိန်းမတစ်ယောက်ဖြစ်ခဲ့တာ မဟုတ်ပါလား။ ချစ်သူပေါ့၊ ဟုတ်တယ်. . . ကောင်မလေးဆိုတော့ သူ့ချစ်သူပါပဲ။

"သူ့ချစ်သူ"

"မဟုတ်ဘူး မမရဲ့၊ အိမ်က စေ့စပ်ပေးထားတဲ့သူ။ နာမည်က 'မွေးနံ့သာ'တဲ့။ ငယ်ငယ်လှလှလေး။ မိဘတွေကလည်း အရမ်းချမ်းသာတယ်။ အဲဒီကားနီလေးကို သူတို့စေ့စပ်ပြီး သူ့မွေးနေ့တုန်းက နံ့သာဝယ်ပေးခဲ့တာ"

ဝါ့နားထဲမှာ လေတွေ တရဟောထွက်နေသည့်နှယ် ဘာမှမကြား



www.burmeseclassic.com

www.burmeseclassic.com



ရတော့ပါလေ။ ဝင့်လည်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာများလား။ ဝါ့ကိုချစ်လှပါချည်ရဲ့ဆိုတဲ့ မင်းခန့်သာကိုဖြင့် လှည့်မကြည့်ဘဲ ဥပေက္ခာပြုမိတဲ့ တန်ပြန်မှုတွေက ချက်ချင်းကြီးရောက်လာတာမျိုးပါလေ။ စေ့စပ်ပြီးသားလူတဲ့။ ဝါတော့. . . ဝါတော့. . . မင်းခန့်သာအပေါ် ပြုသမျှ တုံ့ပြန်ဒဏ်တွေ ရတော့မှာပါလား။



## အခန်း ( ၁၆ )

စိတ်ဓာတ်ကျတယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။ လူက ဘာမှမလုပ်ချင်မကိုင်ချင်သလို အိပ်ရာထက်မှာ ခွေပြီး ငြိမ်လိုက် လူးလှိမ့်လိုက်နဲ့ ဂဏှာမငြိမ်ဖြစ်နေရတာလေ။ ဒါကြောင့် တေးရေးဆရာတွေက 'ဆုပ်လည်း စူး၊ စားလည်း ရှူး'လို့ အမှန်းတင် ရေးဖွဲ့ကြတာဖြစ်မှာ။ မှန်လိုက်တာနော်။

OFF ရက်မို့ အိပ်ပါစေဆိုပြီး လာမနှိုးကြတာ ဖြစ်မှာပါပဲ။ သို့သော် ဘာအသံမှမကြားရဘဲ တိတ်ဆိတ်နေတာမို့ ဝါ့ကို တစ်ယောက်တည်း ဖြစ်ချင်ရာဖြစ် ပစ်ထားသည့်နှယ်ပါ။ အဲဒီလိုကြီးပဲလား။ အထီးကျန်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။

ပြိုင်ဘက်တဲ့။ မင်းခန့်သာ ရှုံးရှုံးရှဲရှဲဖြစ်တုန်းက ဘာမှမသတ်ဆိုင်သေးတဲ့ (ရင်းတောင်မှမရင်းနှီးသေးတဲ့) သူစိမ်းဘက်က လိုက်ပြီး ရန်စောင်မိခဲ့သေးတာလေ။ ရှုံးတာ. . . ရှုံးတာ။ နင်အတော်ရှုံးခဲ့တာပဲလား 'ဝင်းဖန့်ဖန့်ဝါ'။



www.burmeseclassic.com

"အမယ်လေး!"

Alum ပေးထားသည့်နာရီက ထမြည်တာမို့ လန့်သွားရပါ၏။ မဖြစ်သေးပါဘူး။ ဒီလိုချည်း အခန်းအောင်းပြီး နှုံးခွေနေရင် အပျင်းရောဂါ စွဲ ကပ်တော့မှာလေ။ ဝါက အိမ်ထဲအောင်းနေတတ်တဲ့မိန်းကလေးမှ မဟုတ် တာဘဲ။ အပြင်တော့ ထွက်မှပဲဖြစ်မှာလေ။

ကုတင်ထက်မှ မထချင်ထချင်ဖြင့် လူးလဲထရပ်ကာ Bathroom ထဲ ဝင်လိုက်ပါ၏။ အချိန်တွေဘာတွေ မစဉ်းစားဘဲ ရေကိုခေါင်းထက်မှ ရေပန်းဖြင့် လောင်းချိုးလိုက်မိလေသည်။ အပြင်ရောက်တော့ ရေမခြောက် တခြောက်ခေါင်းကို သုတ်လိုက်ပြီး ဗီရိုဖွင့်ကာ အဝတ်အစားရွေးရန် ကြည့် လိုက်ပါ၏။

အဖြူကြိုက်သတဲ့။ ဝါကဖြင့် အပေခံ အထိမခံတာမို့ အရေးတကြီး လိုအပ်မှသာ ဒီ Colour ကိုရွေးတာပါလေ။ ဘာလို့များ အကြိုက်က မတူရပါသလဲ။ အသက်ကွာဟတာနှင့် အမြင်မတူတတ်တာကို ဝါလည်း သိနေပါ၏။ သို့သော် မင်းခန့်သာနဲ့ဝါက အသက်သိပ်မကွာပေမယ့် အမြင် တူ အကြိုက်တူတာက အများကြီးမဟုတ်သော်ငြား အတော်လေးတော့ တူတတ်တာ အံ့ဩစရာပါလေ။

ဟော! အတွေးထဲကို သူက ဖျတ်ခနဲရောက်လာပြန်ရတယ်လို့။ ဝေ့ ပေါ့ပါးပါးနှင့် သိပ်မထင်းသည့် မီးခိုးရောင်ဝတ်စုံကိုပင် ရွေးဝတ်ကာ အောက်ထပ်သို့ဆင်းလာခဲ့ပါ၏။ အလို! တူးတူးဆန်းဆန်း အောက်ထပ် မှာ ဘယ်သူမှ ရှိမနေပါလား။

"မိနီ"

"ရှင်! မမ"





"မေမေတို့ရော"

နောက်ဖေးဘက်မှ အပြေးဝင်လာသည့်မိနီကို မေးလိုက်မိပါ၏။ နီလည်း ရှိနေတာမို့ မေမေ ဈေးသွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ် ပါလေ။ ဘယ်လိုလဲ. . . ဝါ့ကို နည်းနည်းမှအသံလေးတောင် မပြုဘဲ ဘယ်ကိုများ သွားကြတာပါလိမ့်နော်။

"ဦးဦးနဲ့အန်တီ ဘုရားသွားပါတယ် မမ"

"ဘာ!"

အလို! ဝါ အပျင်းထူနေတာနဲ့ပဲ ဒီအခွင့်အရေးလွတ်ပြန်ပြီ။ မဟုတ် သေးပါဘူး။ ဝါက ကုသိုလ်ယူဖို့ထက် အကုသိုလ်ရဖို့ဘက်ကို ယိုင်နေသလို ဖြစ်နေတာမဟုတ်ပါလား။ အို! ဒုက္ခရေ ဘယ်လိုဖြစ်ပြီး စိတ်နဲ့လူက သီး ခြားကမ္ဘာကိုရောက်သလိုဖြစ်နေရတာပါလိမ့်နော်။

"မမ မနက်စာစားဖို့"

"မစားတော့ဘူး"

"အန်တီက မမဖို့ ကြာဆံချက် ချက်ထားပေးတယ်"

"ပြန်လာမှစားတော့မယ်"

"အခု ဘယ်သွားမှာလဲဟင်"

မိနီကို ဘုကြည့်ကြည့်လိုက်မိပါ၏။ အခုမှ လူကို မျက်စိဒေါက် ထောက်ကြည့်ပြီး စစ်ဆေးနိုင်းထားရတယ်လို့။ ဝါက ကလေးမှမဟုတ်တော့ တာလေ။ ဘာဖြစ်လို့လဲ။ အလုပ်နားတဲ့ရက်မှာ ဘယ်ပဲသွားသွားပေါ့။ မိုး ချုပ်ခင် ပြန်ရောက်ဖို့က အဓိကမဟုတ်ပါလား။ စိတ်တိုလာပြီနော်။

"ဘယ်သွားသွား. . . နင့်အပူလား"

"မဟုတ်ပါဘူး။ အန်တီက မေးခိုင်းထားလို့ပါ မမရဲ့"

www.burmeseclassic.com



"မပြောနိုင်ဘူး။ ကားဦးတည်ရာသွားမှာကို၊ Phone ယူသွားတ ပဲ၊ သိချင်ရင် လှမ်းမေးလို့ပြောလိုက်"

"ဟုတ်ကဲ့"

မိနီကို ဘုကောလိုက်ပြီး ဂိုဒေါင်ထဲမှကားကို ထုတ်လိုက်ပါ၏။ ကျ ဆီနည်းနေပြန်ပြီကိုး။ အဲဒီလိုပါပဲ၊ ဝါ တစ်ခုခုအားစိုက်လိုက်တိုင်း အနေ အယှက်က ရှိစမြဲပါလေ။ သွေးအေးအေးလုပ်တတ်ပေမယ့် ဒေါသဖြစ်လ ရင် ဝုန်းဒိုင်းကြဲလုပ်ကျင့်ရှိတာကို ဆင်ခြင်နေရတဲ့လူကို လောကကြီး ဒီလိုမျိုးသင်ခန်းစာပေးနေတုန်းပါပဲ။

ဓာတ်ဆီဆိုင်ရှိသည့်နေရာသို့ ဦးတည်မှူ အရင်လုပ်လိုက်ရပါ ပြီးမှပဲ ရှေ့ဆက်မယ့်ကိစ္စကို ဖြည်းဖြည်းစဉ်းစားရုံပေါ့လေ။ အချိန်ကြာ မနှစ်သက်ပေမယ့် စောင့်ရတဲ့ကိစ္စမျိုးလည်း ရှိတတ်တာမို့ စိတ်ရှည်ရှ ထားရဦးမှာပဲ 'ဝင်းဖန့်ဖန့်ဝါ'။

ဆီဖြည့်ပြီးနောက် မြို့ထဲဘက်သို့ ထွက်လာခဲ့ပါ၏။ ဗိုက်ထဲ ဘ မရှိတာမို့ ဖြည့်ရမှာသိပေမယ့် ရင်ထဲမှာပါ ဟာတာတာကြီးဖြစ်နေသ စားချင်စိတ်ပါ မရှိတော့ပါချေ။ ဟိုဟိုဒီဒီလျှောက်မောင်းရင်း ရုပ်ရှ တန်းဘက် ရောက်ခဲ့လေ၏။ မြင်ကွင်းထဲမှာ စုံတွဲလေးတွေ လက်ချိတ် လျှောက်သွားနေကြတာကိုမြင်တော့ စိတ်ထဲ မနာလိုချင်သလိုလိုပါရ

နေရာလွတ်မှာ ကားကိုဝင်ရပ်လိုက်ပြီး ဆင်းလျှောက်ခဲ့ပါ၏။ ဖ ဖီသောက်ဖို့ စိတ်ကူးက 'အင်းဝစာပေတိုက်'ရှေ့မှာ ခြေလှမ်းတုံ့ခန့် သွားရလေသည်။ မေမေလည်း 'ဆရာတော် ဦးဇောတိကနှင့် မေတ္တာ (ရွှေပြည်သာ)'စာအုပ်တွေ့ရင် ဝယ်လာဖို့ မှာထားဖူးတာမို့ ကြုံတာနဲ့ ဝယ်ရန် ဆုံးဖြတ်ကာ ဆိုင်ထဲဝင်လိုက်ပါ၏။





မျက်လုံးကို ဝေ့ဝဲကြည့်ကာ ဘာသာရေးစာပေတန်းကို ရှာလိုက်ပါ မေမေ့ဖို့ဝယ်ပြီးရင် ဝါဖတ်ချင်သည့် ဆရာဖေမြင့်တို့ ဘာသာပြန်စာ အုပ်တို့တွေ ရှာသွားဦးမှပါပဲ။ ဒီလိုဆိုင်ကြီးမျိုးမှာမှ ကိုယ်လိုချင်တဲ့ စာ ကျ ကြီးပေကြီးတွေ ရှာလို့ရတာလေ။

စာအုပ်တွေကို စိမ်ပြေနပြေ ထိုင်ရွေးပြီးမှ မတ်တပ်ရပ်လိုက်ပါ၏။ ညမ်းမှာ လူရှင်းမရှင်းလှမ်းကြည့်မိစဉ် ကျွန်တော့်မြင်ကွင်းထဲသို့ အမျိုး ညမ်းတစ်ဦး ရောက်လာလေသည်။ ဒီမြင့်မားသည့်အရပ်အမောင်းနှင့် ခံ့ပင် ဝိုက သူမကိုမြင်တာနှင့် တန်းမြင်သိစေနိုင်တာပါလေ။

'ဝင်းဖန့်ဖန့်ဝါ' နာမည်မှာကိုက နေမင်း၏အရှိန်အဝါတွေ ထင်ဟပ် နေသလို ထင်းနေတာပါ။ ဒါဖြင့် လူကရော ဘာများကွာခြားလို့လဲ၊ တည် ငင်းနေသည့်မျက်နှာထက်မှာ အပြုံးဆိုတာ ရှားပါးလွန်းနေပြီး မာထန် ည့်အရိပ်တွေ ရောယှက်နေတာကိုက အဘယ်မျှ မာနကြီးသလဲဆိုတာ ထင်ဟပ်နေစေတာပါ။

နှုတ်ဆက်လိုက်ရမလား။ မဖြစ်သေးပါဘူး၊ လုပ်ငန်းရှင်တစ်ယောက် သိပ်အရောဝင်သလိုများ ဖြစ်သွားမလား။ အထူးသဖြင့် မိန်းကလေး တွကို စကားပြောလေ့မရှိတာကြောင့်ပါပဲ။ ခက်တာက ကျွန်တော့်ဝမ်းကွဲ ဆ်မဖြစ်တဲ့ မငယ်ရဲ့ Boss မို့ မမြင်ချင်ယောင်ဆောင်ဖို့လည်း မလွယ် လေ။

"ဟော!"

ရှုတ်တရက် အကြည့်ချင်းဆုံသွားရစဉ် သူမမျက်ဝန်းမှ ရှုတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အရောင်လက်သွားတာကို ကျွန်တော်မြင်လိုက်ရပါ၏။ ပြီးနောက် ပြုံးလို[...] ပါသည့် ရှားပါးအပြုံး။ ဘုရားရေ! ကျွန်တော့်ရင်ထဲ တစ်မျိုးကြီးဖြစ်သွ[...] ရတာ ဘာကြောင့်များပါလိမ့်။

“ကိုအံ့”

“မမ စာအုပ်လာဝယ်တာလား”

“ဟုတ်တယ်၊ ကိုအံ့ရော ရွေးပြီးပြီလား”

“ဟုတ်ကဲ့”

“တစ်ယောက်တည်းလား”

“ဟုတ်”

“ကားမတွေ့မိပါဘူး”

“ကျွန်တော် Taxi နဲ့လာတာမို့ပါ”

“သြော်”

‘တစ်ယောက်တည်းလား’ ဟူသည့်အမေးက အတော်လေး တာ[...] လွန်းပါ၏။ ‘နံ့သာ’ လက်ဆောင်ပေးထားသည့်ကားကို မောင်းတိုင်း [...] ထဲ မသိုးမသန့်ဖြစ်ရတာအမှန်ပါ။ ဒါကြောင့်မို့လည်း ကိစ္စအထွေအ[...] ရှိမှသာ သူမောင်းဖြစ်တာပါလေ။ မငယ်များ ကျွန်တော်စေ့စပ်ထား[...] ကို ပြောထားလေသလား။ အင်းပေါ့လေ. . . ဒါက အမှန်တရားပေပဲ[...]

“ရှင်းကြမယ်လေ”

“ဗျာ! သြော်. . . ဟုတ်ကဲ့”

ကောင်တာမှာ စာအုပ်တွေ စီထပ်ပြီး ငွေရှင်းစဉ် ဘာသာရေ[...] အုပ် တော်တော်များများရွေးထားတာမို့ ကျွန်တော် ပြုံးလိုက်မိပါ၏[...] ပွားရေးနဲ့ ငွေရှာတဲ့မိန်းကလေးက ဒီလိုစာအုပ်မျိုး ဖတ်တတ်ရတယ[...]





[...]င်မှထင်မထားတာလေ။

“မမေ မှာလိုက်လို့ပါ”

ကျွန်တော့်ရင်ထဲ ထိတ်သွားရပါ၏။ ဘုရားရေ! ဘယ်လိုဖြစ်ပြီးများ [...]တ်ထဲပြောတာကို သိသွားရတာပါလိမ့်။ အမှန်ဆို စိတ်တည်ငြိမ်အောင် [...]ျင့်နေသည့်ကျွန်တော်ကသာ သူမစိတ်ကိုမြင်သင့်တာ မဟုတ်ပါလား။ [...]တော့်ကိုကြောက်စရာပါလေ။ စတွေ့စဉ်ကတည်းက အဲဒီမျက်ဝန်းတစ် [...]ကို သတိထားမိခဲ့တာပါလေ။ လူတစ်ဖက်သားရဲ့ရင်ထဲကို ဖောက်တွင်း [...]င်ဘတ်သလို မဟုတ်ပါလား။

“ဘယ်သွားဖို့ရှိသေးလဲဟင်”

“မရှိပါဘူး မမရဲ့၊ ပြန်ရုံပါပဲ”

“ဘုရားတက်ဖြစ်သေးတယ်ပေါ့လေ”

“ခင်ဗျာ”

ကျွန်တော် အတော်အံ့သြရပါလား။ သူမက ကျွန်တော်လုပ်တတ် [...]အလုပ်တွေကို ဘယ်လိုများသိနေရတာပါလဲ။ မငယ်ကတော့ ကျွန်တော့် [...]ကြောင်းတွေကို ခရာစေ့တွင်းကျ အကုန်ပြောစရာမလိုပါဘူး။ သူစိမ်း [...]ယောက်ကို မောင်ဝမ်းကွဲရဲ့အကျင့်ဓလေ့စရိုက် အကုန်လျှို့ဝှက်ချက် [...] ပြောစရာမှမလိုမှန်း သိနေမှာပါလေ။ ဘယ်လိုများလဲ ‘မဝင်းဖန့်ဖန့် [...]ရယ်။

“ရွှေတိဂုံမှာပဲပေါ့လေ”

“ဟုတ်ကဲ့”

“အံ့သြနေလို့လား”

“အဟင်း. . . ဟုတ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



“ ‘မ’က မြင်ဖူးလို့လေ”

“ဘယ်လို”

“ဘုရားမှာ ကိုအံ့ တရားထိုင်နေတာကိုလေ။ မေမေ့ကို လိုက် တုန်းက တွေ့ဖူးတာ။ မို့မို့ပြောဖူးလား”

“ဟင်! ဘာကိုလဲ”

“ ‘မ’ရုံးခန်းမှာ ကိုအံ့နဲ့ဆုံတော့ ကိုအံ့ကို အပြင်မှာ ‘မ’တွေ့ တာ သုံးကြိမ်ရှိပြီလို့”

“ဗျာ”

အလို! ကျွန်တော်တော့ ဒီပုံစံနဲ့ Heart Attack ရတော့မှာပါ ဒီအမျိုးသမီးကတော့ ကျွန်တော့်ကို တစ်ချပြီးတစ်ချ အံ့ဩစရာတွေချည် ပေးနေတော့တာလေ။ အပြင်ကိုထွက်လာစဉ် မိုးတွေရွာနေတာမို့ ခြေလှ ကိုရပ်လိုက်မိပါ၏။ Taxi ငှားပြန်ရမှာမို့ မိုးရေတောထဲမှာ ရပ်ပြီးစော ရမှာကိုး။

“Coffee ဆိုင်မှာဖြစ်ဖြစ် ခဏစောင့်ရအောင်လေ”

အဖော်ခေါ်သည့်နှယ် သူမအပြောကြောင့် မိုးဖွဲဖွဲအောက်မှာ အ လျှောက်ခဲ့မိပါ၏။ အခုလိုမျိုးနှစ်ယောက် ယှဉ်တွဲသွားတာကို မထင်မှ ဘဲ ‘နံ့သာ’မြင်သွားရင် ပြဿနာဖြစ်နိုင်မလား။ ဘာပဲဖြစ်ဖြစ် ကျွန်တေ တို့နှစ်ဦးက ဘဝတစ်ခုကို ထက်ဝက်စီပိုင်ဆိုင်ခွင့်ရထားတာလေ။

“သတိရနေပြီလား”

“ခင်ဗျာ. . . ဘယ်သူ့ကိုများလဲ”

“ဪ. . . တချို့က ဒီလိုမျိုး မိုးဖွဲလေးတွေကျတဲ့အချိန်မှာ တ စုံတစ်ယောက်ကို သတိရတတ်ကြတယ်တဲ့။ သက်ဆိုင်သူရှိတဲ့အခါမျိုး





ပါ”

ကျွန်တော် ငြိမ်နေမိပါ၏။ ဟုတ်တယ်. . . နံ့သာနဲ့ကျွန်တော့်ကိစ္စ ကို သူမ သိထားပုံပါပဲ။ ဒါကြောင့်လည်း ဒီလိုမျိုးအဓိပ္ပာယ်သက်ရောက် တဲ့မေးခွန်းမျိုး စကားမျိုးတွေကို ပြောနိုင်တာလေ။ ဘယ်လိုလဲ၊ ဒီအရွယ် မျိုးရောက်နေတဲ့သူမမှာရော စေ့စပ်ထားတဲ့လူလည်း ရှိနိုင်မှာလေ။

အလို! ဘယ်လိုဖြစ်ပြီး ဒီအတွေးမျိုး ကျွန်တော် မတွေးမိပါလိမ့်။ ကျွန်တော် စိုးရိမ်မိသလိုမျိုး သူမထံမှာလည်း ရှိနိုင်မှာမဟုတ်ပါလား။

“Black ပဲ သောက်မယ်၊ မှာလိုက်မယ်နော်”

“ဟုတ်ကဲ့”

မိုးက အတော်ရွာလာလေ၏။ တော်တော်နဲ့ စဲမယ့်ပုံမပေါ်ပါချေ။ ပြဿနာပဲ၊ သူမနဲ့အချိန်ကြာကြာ ဒီဆိုင်ထဲ ထိုင်နေရမှာလား။ ဆိုင်က စုံတွဲတွေထိုင်ဖို့ ပြင်ထားသလို စားပွဲခုံနဲ့ထိုင်ခုံနှစ်ခုံကို မျက်နှာချင်းဆိုင် ချ ထားထားတာပါ။ ရိုးရိုးသားသားလူနှစ်ဦးအတွက် နေရ အနည်းငယ် ကျပ်ခဲနေရသလိုပါလေ။

“မမမှာရော သက်ဆိုင်သူရှိလား”

မျက်ဝန်းတို့ မှိုင်းခနဲဖြစ်သွားတာမို့ အားနာမိသွားရပါ၏။ နုတ်က ချော်မိသလိုဖြစ်သွားတာကို သူမနှင့်ကျွန်တော်က ဤမျှအထိ မေးရလောက် အောင် မရင်းနှီးကြတာ အမှန်ပါ။ ဆင်ခြင်သင့်တာပေါ့ ‘အံ့ဩဘာ’ရယ်။

“Sorry! ကျွန်တော် မမေးသင့်တာ မေးမိပြီထင်တယ်”

“ရပါတယ်၊ No! problem ”

ရုတ်တရက် ဆိုင်ထဲဝင်လာသည့် လူတစ်ယောက်က ခေါင်းထက် ကျလာသည့်ရေစက်တို့ကို လက်ဖြင့်ခါလိုက်လေ၏။ မျက်နှာချင်းဆိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ ကျွန်တော်ကြည့်နေမိစဉ် ထိုလူ၏ခုံလွတ်ရှာသလို မျက်လုံးတို့က ဝေ့ဝဲကြည့်လိုက်လေသည်။

ဝေ့ကြည့်လိုက်သည့်အကြည့်က ကျွန်တော်နှင့်ဆုံသွားပြီး ထိုလူ၏မျက်ခုံးတို့က အလိုလိုတွန့်ချိုးသွားတော့၏။ သေချာတာတစ်ခုကတော့ ဤလူကို ကျွန်တော်မသိပေမယ့် ကျွန်တော့်ရှေ့မှာရှိနေသည့် သူ့မကိုတော့ ကောင်းကောင်းကြီးသိနေပုံပါလော။



## အခန်း ( ၁၃ )

"ဝါ"

တွန့်ခနဲဖြစ်သွားသည့်ခန္ဓာကိုယ်ကြောင့် ရင်ဘတ်ကို လက်ဖြင့်အသာဖိကာ နောက်သို့လှည့်ကြည့်လိုက်မိ၏။ အလို! ဘယ်လိုဖြစ်ပြီး ဒီအချိန်ဒီနေရာကို သူရောက်လာရတာပါလိမ့်။ မိုးရေတွေစိုနေလျက် အံ့သြသည့်မျက်နှာဖြင့် အနီးသို့ရောက်လာသည်က မင်းခန့်သာရယ်လေ။

"ကိုမင်းခန့်သာ"

"သူက ဘယ်သူလဲ"

"ဩော်. . . ကိုအံ့၊ ကိုအံ့က မို့မို့ Cousin လေ"

"ဟုတ်လား"

မျက်နှာထက် စိုးရိမ်မှု လျော့ပါးသွားသည့်နှယ်ပါ။ တစ်ဖက်ဝိုင်းမှခုံကိုဆွဲလျက် သူထိုင်ချလိုက်တာကို မတားမြစ်မိပါချေ။ ကိုအံ့မျက်နှာထက် တစ်မျိုးလေးဖြစ်သွားတာကိုတော့ ခန့်မှန်းမိလိုက်ပါသည်။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး လူနှစ်ယောက်ကို တော့တော့ဆိုင်ဆိုင်ဆုံစေရပါသလဲ။

"ဝါတို့ ဘယ်မှာဆုံခဲ့ကြတာလဲ"

"စာအုပ်ဆိုင်မှာပါ"

နှစ်ယောက်သား ပြိုင်တူဖြေမိကြလေ၏။ သူက ဝါနှင့်ရင်းနှီးပြီးသားမို့ ကိစ္စမရှိပါ။ ခပ်စိမ်းစိမ်းဖြစ်သည့်ကိုအံ့အတွက် နေရခက်သလိုဖြစ်နေတာကြောင့် အားနာသမှုဖြစ်ရလေ၏။ မင်းခန့်သာကတော့ ဘာမှမဖြစ်သည့်နှယ် ခပ်အေးအေးပါလေ။

" 'မ'မိတ်ဆွေလေ၊ ကိုမင်းခန့်သာတဲ့။ Construction လုပ်တယ်"

"ဟုတ်ကဲ့"

"အံ့သြဘာတဲ့ ကိုမင်းခန့်သာ၊ Private Gardener ပါ"

"သြော်. . . တွေ့ရတာ ဝမ်းသာပါတယ် ညီ"

လက်ကမ်းပေးတာကို ကျွန်တော် အလိုက်သင့် ပြန်ဆွဲ နှုတ်ဆက်လိုက်ရပါ၏။ ဘုရားရေ! ကျွန်တော် Gardenning လုပ်တာကိုပါ သူမသိနေတာပါလား။ ရှေ့မှာရှိနေသည့်လူက ကျွန်တော့်ကိုအကဲခတ်နေမှန်းသိနေတာမို့ နေရတာ ကျဉ်းကြပ်နေရသလိုပါလေ။

"ဝါနဲ့ရင်းနှီးတာ တော်တော်ကြာပြီလား"

"ဗျာ"

"ကိုမင်းခန့်သာ"

သူ့ကို ဝါ တားလိုက်ရပါ၏။ မေးခွန်းထဲမှာ သံသယဝင်စရာတွေပါနေပြီကိုး။ ဝါ့ပတ်ဝန်းကျင်မှာ သူစိမ်းယောက်ျားတွေရှိပေမယ့် ဒီလိုနှစ်ယောက်တွဲ ထိုင်နေတာက ကိုအံ့တစ်ဦးတည်းသာ ရှိနေတာကို မျက်မြင်





ဖြစ်နေရတာလေ။ ပြဿနာပဲ. . . ဝါပြောဖူးတဲ့လူတစ်ယောက်အကြောင်းတွေးပြီး ပြောလိုက်ရင်တော့ အရှုက်ကွဲတော့မှာပဲ။

"ဘာဖြစ်လို့လဲ ဝါရဲ့"

"ဘယ်သွားစရာရှိသေးလို့လဲ မေးမလို့ပါ။ ဝါတို့က မိုးစဲတာနဲ့ ပြန်တော့မှာ"

"ကိုယ်က ဝါတို့အတွက် အနှောင့်အယှက်ဖြစ်နေလို့လား"

"အဲဒီလိုမဟုတ်ရပါဘူး"

"ဝါ့ကိုပွင့်ပွင့်လင်းလင်းပဲပြောတတ်တယ်လို့ပဲ ကိုယ်ထင်ထားတာ။ အခုလို မပွင့်မလင်းပုံစံက လူကြီးတွေမသိအောင် တစ်ခုခုခိုးလုပ်ချင်နေတဲ့ကလေးလို ဖြစ်နေသလိုပဲ။ ဘယ်လိုလဲ. . . ဝါရယ်"

သူမမျက်နှာ ကွက်ခနဲပျက်သွားလေ၏။ ဒီလူပြောသလိုပဲ ဖြစ်နေပြီလား။ ကျွန်တော်လည်း သူမအပေါ် ဤသို့ပင် မြင်ထားတာပါ။ တကယ်ပဲ ဤလူပြောသလိုမျိုး သူမမှာ လျှို့ဝှက်ချက်တို့ ရှိနေတာများလား။ အခုချက်ချင်း ထထွက်ဖို့ကလည်း မငယ်ရဲ့ Boss မမအပေါ် ရိုင်းရာကျမှာစိုးပြီး ငုံ့ကွက်စရာက ရှိနေပြီကိုး။

နှုတ်ခမ်းပါးလေးကို အသာကိုက်လျက် ငြိမ်ကျသွားပုံက အရုပ်နှယ်လေ၊ ဘာတွေများ အလျှင်အမြန်တွေးတောစဉ်းစားနေတာပါလိမ့်။ သူမကို စမြင်ကတည်းက ဒိုးဒိုးဒေါက်ဒေါက်နဲ့ ခပ်မာမာ ခပ်ပြတ်ပြတ်ပြောကျင့်ရှိတတ်တာကိုး။ အခုတော့ အရင်နဲ့မတူအောင်ကို ငြိမ်သက်နေပုံကိုက တခြားမိန်းကလေးတစ်ဦးနှယ် ဖြစ်နေသလိုပါလေ။

မှာထားသည့် Coffee တွေက အေးလုလုဖြစ်နေပြီမို့ ဘာလဲရဲ မှန်းမသိသည့်ကျွန်တော်က တစ်ငုံမျှ ယူငုံသောက်လိုက်မိ၏။ သူမကြည့်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကိုရော ဟိုလူ့ကိုပါ ကြည့်မနေဘဲ စားပွဲကိုသာ ခပ်ငေးငေး ကြည့်နေတာပါလား။ ဘာများဖြစ်လို့ပါလဲ။

"ဝါ"

"ကျေးဇူးပြုပြီး"

ဝါ စကားဆက်မရတော့ပါလေ။ ရင်ထဲစိုးထိတ်နေရတဲ့အချိန်က ဒီနေ့မှရောက်ရတယ်လို့။ သူနဲ့ဘာမှမသက်ဆိုင်ချင်တဲ့ဝါက ကိုအံ့ကိုမှ တစ်ဖက်သတ်စိတ်ဝင်စားမိခဲ့တဲ့ ရင်က သိစိတ်ကို မနည်းကြီးကို ချုံးနှိမ်ထား ရတာ ဝါ့ကိုယ်ဝါသာ အသိဆုံးမဟုတ်ပါလား။ ဒါကိုမှ မဆင်မခြင်နဲ့ သူ့နှုတ်က မထွက်စေချင်တာ အမှန်ပါလေ။

ယောက်ျားလေးမို့ စိတ်နုတတ်တဲ့သူမဟုတ်သော်ငြား ချစ်ခြင်း၏ သဝန်တိုမှုက မင်းခန့်သာကိုသာ အားပေးသမှုပြုခဲ့ရင် မလိုလားအပ်တဲ့ ပြဿနာမျိုးဖြစ်လာတတ်တာလေ။ လူ့စိတ်ဆိုတာကလည်း ခက်သားလား။ အသက်ကြီးကြီးငယ်ငယ် အရွယ်မရွေး အရောင်အမျိုးမျိုး ဆိုးပေးတတ်ပါရဲ့။

"ကိုယ် ဝါနဲ့စကားဆက်ပြောချင်သေးတယ်"

"နောက်မှပဲ"

"နောက်မှဆိုတာ အခုထက် ဘယ်ပိုသေချာမှာလဲ ဝါရဲ့"

"မမတို့ စကားပြောမယ်ဆို နေခဲ့လေ"

"အို! မဟုတ်တာ၊ ကိုအံ့ကို လိုက်ပို့ပေးမယ်လို့ 'မ' ကတိပေးထား တာကို"

"နေပါစေ မမ၊ ကျွန်တော် Taxi နဲ့ပဲ ပြန်လိုက်ပါ့မယ်"

'မရဘူးနော်၊ မပြန်နဲ့ဦး"





ထရန်ပြင်လိုက်သည့် ကျွန်တော့်လက်မောင်းကို လှမ်းဆုပ်ကိုင်လိုက် တာမို့ ရင်ထိတ်သွားရပါ၏။ ခုက သုံးခုံဖြစ်နေတာမို့ မျက်နှာချင်းဆိုင်ထိုင် တာမျိုးမဟုတ်တော့ဘဲ အတော်နီးသလိုဖြစ်နေတာပါလေ။ ဟိုလူ၏အကြည့် နူးက ကျွန်တော့်ထံသို့ ရောက်လာလေသည်။

မသွားစေချင်သူရှိသလို မနေစေချင်သလိုလည်း ရှိနေတာကိုး။ သူမ တို့နှစ်ဦး ဘယ်လိုပတ်သက်မှုမှန်းမသိပေမယ့် ဒီလူ့မျက်ဝန်းထဲမှာတော့ ကျွန် တော့်အပေါ် မနှစ်မြို့သည့်သဘောမျိုး အထင်းသားမြင်နေရတာပါ။ ပြီး တော့ သူမကိုတော့ ကျွန်တော့်အပေါ်ကြည့်သည့်အကြည့်မျိုးရဲ့ ဆန့်ကျင် ဘက်သဘော နူးနူးညံ့ညံ့လေး ကြည့်တတ်တာလေ။

"ရှင့်ကို ကျွန်မ စကားအကုန်ပြောခဲ့ပြီးပြီ ကိုမင်းခန့်သာ"

"အဲဒါ ဝါ့ဘက်ကလေ၊ ကိုယ့်ဘက်က ကုန်မှမကုန်သေးတာ"

"Phone ဆက်ပြီး. . . "

"ဝါရော ကိုယ်ပါ အလုပ်ကိုယ်စီနဲ့ ရှုပ်နေကြတာ ဒီလိုအေးအေး ဆေးဆေးမျိုး ဘယ်မှာဆုံနိုင်လို့လဲ၊ ပြီးတော့ ကိုယ် Phone ခေါ်တိုင်း ဝါ့ Phone ကို ဝါ့ Assistance ချည်းကိုင်နေတာ ဘယ်လိုလုပ်ရမလဲ"

"အလုပ်ကိစ္စတိုင်း မှီမှီပဲပြောတာ ထုံးစံပဲဟာ"

"ကိုယ့် Phone call က အလုပ်ချည်းပဲမှမဟုတ်တာ ဝါရဲ့"

"ကိုမင်းခန့်သာ"

"ဘာလဲ၊ ဒီချာတိတ်ရှိနေလို့ အဲဒါမျိုးပြောလို့မရဘူးလို့ ဆိုလိုချင် တာလား. . . ဝါ"

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

သူမလက်ဖျားတွေ တဆတ်ဆတ်တုန်လာပြီမို့ ဒေါသဖြစ်လာပြီမှန်း



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိလိုက်ပါ၏။ ချာတိတ်လို့ပြောလိုက်သံထဲမှာ ခပ်နှိမ်နှိမ်လေသံမျိုး ပါနေသည့်နှယ်ပါ။ ကိုယ်ပိုင်ကားတောင် မစီးနိုင်ဘဲ Boss မမရဲ့ကားကို လိုက်ကပ်စီးမယ့်ကောင်လေးလို့များ အထင်သေးလေသလား။ တိုက်ဆိုင်မှုဆိုတာမျိုးက ရုတ်တရက်ကြုံလာရတတ်တာ မှန်နေတာပါလေ။

"ဖြိုင်ဘက်ဆိုတာ ဘက်ညီမှ ဖြိုင်ဘက်လို့သတ်မှတ်ရတာမျိုးပါ"

"ကိုမင်းခန့်သာ"

"ဝါသဘောကျနေတယ်ဆိုတဲ့ကောင်က"

"ဟာ! မမ"

လက်က အတော်မြန်လွန်းပါ၏။ ရှေ့မှာရှိနေသည့် Coffee ခွက်ထဲမှ Coffee တို့က သူ့မျက်နှာနှင့်အင်္ကျီတို့ကို စိုစွတ်သွားလေပြီ။ အေးနေတာမို့ တော်ပါသေးရဲ့။ သူက ဒီလိုဖြစ်မယ်မှန်းထင်မထားသဖြင့် အံ့သြသွားပုံပါလေ။ သူမကဖြင့် ဒေါသမျက်နှာဖြင့် ရဲရဲနီနေချေပြီ။

"ကိုယ်"

"ရှင်လွန်သွားပြီ"

"ကိုယ်လွန်တာလား။ ဝါက လွန်တာလားလို့ သေချာပြန်ဆန်းစစ်ပါဦး"

"ပြန်ကြစို့ ကိုအံ့"

"ဒီတိုင်းပြန်တော့မှာလား"

"ပြန်မှာပေါ့၊ ရှင့်အလွန်မို့ ရှင်ခံရတာပဲ။ ကျွန်မက ကိုယ့်ကိုလာဝိရင် ငြိမ်နေတတ်တဲ့မိန်းမမဟုတ်မှန်း ရှင်သိပါတယ် ကိုမင်းခန့်သာ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"မင်းက ဘာများလွန်လို့ တောင်းပန်ရတာလဲ ကိုအံ့ရဲ့၊ လာ"





"မဟုတ်ဘူးလေ"

"သွားမယ်ဆိုနေမှ"

ကျွန်တော့်လက်မောင်းကို တင်းတင်းဆုပ်ကိုင်လျက် ခေါ်နေပြီမို့ ဘာဓုပ်ထုပ်နှစ်ထုပ်ကို အမြန်ကောက်ကိုင်လျက် လိုက်ခဲ့ရတော့၏။ စိတ်မြန်လက်မြန်ပါပဲလားနော်။ အနောက်မှာ ဘာတွေဖြစ်ကျန်ခဲ့သလဲဆိုတာကို နည်းနည်းလေးမှ လှည့်မကြည့်တော့ပါလား။

မီးခိုးရောင်ကားလေးကို သော့ဖွင့်ဝင်ထိုင်ချိန်အထိ ဘာစကားမှ မပြောဘဲ မျက်နှာကြီးတည်နေသည့်သူမကို တစ်ချက်ကြည့်ကာ ငြိမ်နေမိပါ၏။ ခဏတာလေးဖြစ်ပျက်သွားသည့်ကိစ္စက ကျွန်တော့်ဦးနှောက်ကို နောက်ကျိသွားစေတာအမှန်ပါ။ သူမတို့နှစ်ဦး၏ အဖုအထစ်က ကျွန်တော်ဖြစ်နေမှာကိုတော့ မလိုလားပါချေ။

"တောက်! "

"ဖြည်းဖြည်းနော် မမ၊ ကားတွေကြပ်နေတာ"

"ငါသိပါတယ်"

"လန့်သွားတာပဲ"

"ဘာကိုလဲ"

"ခုနက အစ်ကို့ကို မမလုပ်လိုက်တာလေ"

"လုပ်မိမှာပေါ့၊ ပြောနေပုံက ထောင့်မှမကျိုးတာ။ ပြောရင်းက ဒေါသဖြစ်လာပြန်ပြီ. . . ကျစ်"

"ကျွန်တော်ကတော့ အဲဒီအစ်ကိုလွန်တယ် မထင်မိဘူး"

"ဩော. . . ငါက လွန်တယ်ပေါ့လေ၊ ဟုတ်လား။ ရှင့်ကို ချာတိတ်ဆိုပြီး ခပ်နှိမ်နှိမ်ပြောတာလည်း ကျေနပ်တယ်ပေါ့လေ။ ဒင်းက ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝင်လေဟပ်နေလဲမသိ။ ကြီးကြီးကျယ်ကျယ်နဲ့''

သူမဒေါသက ကျွန်တော့်ဘက်ကိုပါ ဝေ့လာတာမို့ ပြုံးလိုက်မိပါ၏။ ဒီဘာမဟုတ်တာလောက်လေးကို အထအနကောက်ပြီး နာတတ်တာ အုံ့ ဩစရာကြီး မဟုတ်ပါလား။ နာမည်မခေါ်ချင်လို့ ဒီလိုသုံးလိုက်တာမှန်း ကျွန်တော်နားလည်ပေးနိုင်ပေမယ့် သူမကိုဖြင့် နားမလည်တော့ပါလေ။

မိုးက ခပ်ဖွဲဖွဲရွာနေစဲပါပဲ။ ဘယ်မှာရပ်ပေးရမလဲ၊ ဘယ်ကိုပို့ပေး ရမလဲလို့ တစ်ခွန်းမှမမေးဘဲ မောင်းချင်ရာမောင်းလာသည့် သူမခေါ်ရာ နောက်သို့ ငြိမ်ကာလိုက်ခဲ့ရပါ၏။ ကမ္ဘာ့အဆုံးထိများ မောင်းဖို့စိတ်ကူး ထားလေသလား။

''တောက်! နည်းနည်းမှမကျေနပ်ဘူး''

''စိတ်ကိုလျှော့ပါဗျာ''

''မလျှော့နိုင်ပါဘူး။ ကျုပ်က ရှင့်လိုမျိုး ကိုယ့်စိတ်ကိုထိန်းပြီး အေး အေးဆေးဆေးနေတတ်တဲ့လူမှ မဟုတ်တာ''

''မမ ဒေါသဖြစ်ပြီး မောင်းနေတာက အကြောင်းမဟုတ်ဘူးဗျ။ ကျွန်တော်ဆင်းရမယ့်နေရာကို လွန်တော့မယ်''

''ဟုတ်သားပဲ၊ ဘယ်မှာရပ်ပေးရမလဲဟင်''

''လမ်းထိပ်မှာပဲ ရပ်ပေးလေ၊ ကျွန်တော် လမ်းလျှောက်ပြီး ဝင် သွားမယ်''

''ဘာဖြစ်ပါ့မလဲ၊ စိုကုန်မှာပေါ့။ အိမ်အထိ လိုက်ပို့ပေးပါ့မယ်''

''အားနာလို့ပါ''

''မလိုပါဘူးရှင်''

စောစောကဒေါသတွေ ဘယ်ထွက်ပြေးပြီမသိ၊ စကားပြောပုံက နူး ညံ့သွားတာပါလေ။ ကျွန်တော်ညွှန်ပြလိုက်သည့်လမ်းထဲသို့ ကားမရှင်းသေး တာမို့ ကွေ့ရန်အချက်ပြကာ ခဏစောင့်နေရပါသည်။ ကားမောင်းပုံက ဖြင့် ကျွန်တော့်ထက်ပိုပြီး အတော်ကျွမ်းကျွမ်းကျင်ကျင်ပါပဲ။ ခက်တာက စိတ်မြန်လွန်းပြီး ဒေါသထွက်လွယ်သည့်သူမစိတ်ကို လန့်မိတာပါလေ။

ကားကိုလမ်းထဲသို့ချိုးဝင်ကာ လမ်းကြားထဲ ဆက်ဝင်ခဲ့ပါ၏။ ကျွန် တော်နေသည့်တိုက်ဖြူလေးရှေ့အထိရောက်အောင် ဝင်လိုက်တာမို့ မတား ဖြစ်တော့ပါလေ။ ပေါ်တီကိုအောက်မှာ ရပ်ပေးလိုက်တာမို့ ဆင်းရန်ပြင် လိုက်ရလေသည်။ သူမက ကားပေါ်မှလိုက်ဆင်းမလာဘဲ မျက်ဝန်းကို ဝေ့ဝဲရှာဖွေကြည့်နေလေ၏။

''အပင်စိုက်တယ်ဆို၊ ဘယ်မှာလဲ''

''ဟော်. . . အဲဒါ ဟိုးဘက်ကခြံကျယ်မှာ မမရဲ့။ လိုက်ကြည့်ချင် လို့လား''

''ဟင့်အင်း''

''မိုးရွာနေလို့လား။ ဘာဖြစ်လို့လဲ''

'' 'မ'က ပန်းမကြိုက်ဘူး ကိုအံ့ရဲ့၊ သွားပြီနော်''

''ဟုတ်ကဲ့. . . ကျေးဇူးပါ မမ''

အပြုံးတစ်ခုနှင့် ခေါင်းတစ်ညိတ်သာ မြင်လိုက်ရပြီး ကားလေးက ခြံထဲမှထွက်သွားလေတော့၏။ အကျီဖြူကို မိုးစိုလာတာမို့ ချက်ချင်းလျှော် မှာလေ။ အိမ်ထဲသို့ဝင်ကာ ရေချိုးတာကို အရင်ဆုံးလုပ်လိုက်ရတော့ သည်။ မှန်ကြည့်ကာ ရေသုတ်ရင်း စဉ်းစားနေမိပါ၏။

'ဝါသဘောကျနေတဲ့ကောင်'တဲ့။ ဘုရားရေ! အခုမှပဲ ဒီစကားကို ကျွန်တော် သဘောပေါက်မိတာလေ။







www.burmeseclassic.com

www.burmeseclassic.com



အလို! ဒါဖြင့်. . . ဒါဖြင့်. . . 'ဝင်းဖန့်ဖန့်ဝါ' ဆိုတဲ့ BOSS မမက ကျွန်တော့်ကို စိတ်ဝင်စားနေတဲ့သဘောပေါ့။ မဖြစ်နိုင်တာ။ ဒါကြောင့် ရှက်စိတ်နဲ့မွန်ပြီး သူဒေါသဖြစ်ရတာကိုး။

စာအုပ်ထုပ်ထဲမှ စာအုပ်တွေကို ထုတ်လိုက်စဉ် ကျွန်တော် ပြုံးလိုက်မိတော့၏။ သူမနှင့် နောက်တစ်ကြိမ်ဆုံရဦးမှာပါလား။



## အခန်း ( ၁၈ )

စောစောစီးစီးရောက်ချလာသည့် ကြီးကြီးကြောင့် စိတ်ရှုပ်သွားရ ီး မျက်နှာကို သုန်မှုန်ထားလိုက်မိပါသည်။ ဒီအရွယ်အထိ အဆူခံရတဲ့ င့်က မကျွတ်သေးပါလားနော်။ ဒင်းနဲ့ နည်းနည်းလေး ပြဿနာဖြစ်တာ လူကြီးတွေက ဝါ့ကို ဖိဟောက် ဆူပြီး ပြောကြတာမဟုတ်လား။

"ဝါက တစ်ထွာပြရုံနဲ့ တစ်လံလောက် ကြိုမြင်တတ်တာကိုး"

"ဟိုက တိတိကျကျ ဘာမှမစွပ်စွဲရသေးပါဘဲ ညည်း လုပ်လိုက် တာဆို"

"သူပြောပုံက အဲဒီလိုဖြစ်နေတာကိုး ကြီးကြီးရဲ့"

"အဲဒါနဲ့ပဲ ကော်ဖီနဲ့ပက်လိုက်ရလား။ ခမျာ ဘယ်လောက်ရှက်သွား မလဲ။ ကိုယ်ချင်းစာစိတ်ကိုမရှိဘူး"

"သူသာ ဝါတို့ပိုင်း ဝင်မထိုင်ရင် ဒီလိုကိစ္စမျိုးဖြစ်လာစရာမှ မရှိ ဘူး။ ဟိုကောင်လေးကို ဝါ ဘယ်လောက် မျက်နှာပူ အားနာရမလဲ ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီး စဉ်းစားကြည့်ပေါ့။ သူကမှ စာနာစိတ် တကယ်မရှိတာ''

ကြီးကြီးက မျက်ထောင့်နီဖြင့် ဝါ့ကိုစိုက်ကြည့်လိုက်လေ၏။ သိနေတယ်လေ။ ဒီလူနဲ့ပတ်သက်ရင် ဝါ့ဘက်က အနာချည်းပဲဆိုတာကို။ Lady First ဆိုတဲ့ထုံးစံက သူ့ထံမှာမှ မရှိတာလေ။ ဝန်တိုစိတ်ကလည်း ကြီးပါ။ ဝါ့လက်တွဲဖော်နေရာကို သူမရနိုင်တာကို သိသိကြီးနဲ့ ဝါနဲ့ကိုအံ့ကြားဝင်ခလောက်ဆန်သွားတာလေ။

ငါနော်. . . နောက်တစ်ခါ ဒင်းကို Coffee နဲ့မပက်ဘဲ တစ်ခုခုကောက်ပေါက်ဦးမယ်။ ဒါမှ ဒင်းမှတ်လောက်သားလောက်ရှိမှာ။ သူနဲ့ကိုကို ပြီးပြီးပြတ်ပြတ်ပြောပြီးတာကိုတောင်မှ ဇာတ်လမ်းကို ရှေ့ဆက်ချင်ပြီး မပြီးသေးသည့်ပန်းချီကားနှယ် ဆက်ဆွဲချင်နေရတယ်လို့။

''ဟိုက လူကြီးလူကောင်းပေသ မိဝါရဲ့''

''လူကြီးလူကောင်းဆို Gentleman ပုံစံပြောပါလား။ ကလေးကလားမျိုးလုပ်ပြီးတော့''

''သူများသားသမီးကို နှိပ်ကွပ်ပြန်ပြီ နင့်အကောင်က ဘယ်လောက်များ မြင့်မြတ်နေလို့လဲ''

''ကြီးကြီး''

''ဘာကြီးကြီးလဲ၊ ငယ်ငယ်ကတည်းက လူကြီးစိတ် လူကြီးအတွေးနဲ့ ဒီနေ့အထိ မတ်မတ်ရပ်တည်နိုင်အောင် စိတ်ဓာတ်တည်ကြည်တဲ့ 'ဝင်းဖန့်ဖန့်ဝါ' ဘယ်ရောက်သွားပြီလဲ။ ဘာမဟုတ်တာလေးနဲ့ ယိုင်လဲရသလားရှူး၍''

ဝါ့မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ဒီလိုကြီး ဒဲ့သဘောမျိုးပြောရတယ်လို့၊ ဘာမဟုတ်တာလေးတဲ့လား။ ပြောတော့ဖြင့် ဝါ့ကို အိမ်ထောင်





ပြုစေချင်တာဆို။ ဒါဆိုလည်း ဝါနှစ်သက်သဘောကျတဲ့လူနဲ့သာ ရွေးချယ်သက်ဆက်ပါရစေလား။ အဲဒီလိုမှမဟုတ်ရင် စိတ်ဆင်းရဲစွာနဲ့ ဘဝကိုတစ်ဆုံးတိုင် ဖြတ်သန်းဖို့ အင်အားယုတ်လျော့ကုန်မှာလေ။

ပြောတော့ဖြင့် လွယ်လိုက်ကြတာ။ ဝါက ဆယ်ကျော်သက်စိတ်မျိုးနဲ့ ကိုအံ့အပေါ် ယိုင်လဲမိတာမျိုးမှမဟုတ်တာလေ။ တကယ့်ကို တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ဖူးခဲ့တဲ့ ရင်ခုန်မှုမျိုးနဲ့ စိတ်လှုပ်ရှားတာကို 'အချစ်'လို့ အမည်နာမ မတပ်ရင် ဘာကိုရည်ညွှန်းပြလို့ ရပါ့မလဲ။ မြင်သာမြင် မကြင်ဆိုသည့်နှယ် သက်ဆိုင်သူရှိနေတဲ့ပှုငယ်လေးကို ဝါ့ဘက်ရောက်အောင် ဆွဲခေါ်ဖို့ ယောင်လို့တောင်မှ မတွေးရဲတာအမှန်ပါ။ ဒါကိုတောင်မှ ဒင်းက စေဖော်ပြီး နှောင့်ယှက်တာမျိုး ဖြစ်သင့်ပါရဲ့လား။

''ဝါ ဘာလုပ်မိလို့လဲ၊ မှိုမှိုမောင်လေးနဲ့ကြုံလို့ Coffee ဆိုင်ဝင်ပြီး စကားပြောတာ အပြစ်လား။ မဟုတ်တာလုပ်တတ်တဲ့အရွယ်မှ မဟုတ်တာကို''

''အေး. . . အဲဒီလို မဟုတ်တာလုပ်လိုက်မှာစိုးလို့ ကြိုပြော ကြိုတားနေရတာပေါ့။ မိဘတွေကလည်း ကလေးကိုသေချာကြပ်မတ် မပြောကြဘူး။ အိမ်ထောင်ပြုရင် ပြီးရောသဘော လွှတ်ထားကြတာပဲကြည့်၊ နောက်ကြာ မဟုတ်မဟပ်တွေ ဖြစ်ကုန်မှ ကိုယ်ကျိုးနည်းကုန်မှာ''

''အဲဒီလိုမပြောပါနဲ့ ကြီးကြီးရယ်''

''ပြောတော့ဖြင့် မဟုတ်ဘူးဆိုပြီး ဘူးခါနေ။ ပြီးတော့ ဘာမှဖုံးလို့ရဘူး မိဝါ။ ညည်းပုံစံကိုမြင်ရုံနဲ့ ဒီလောက်သိသာနေတာ မင်းမင်းက မသိဘဲနေမလား။ တော်းမှမဟုတ်တာ''

မျက်ရည်ပင် ဝဲလာမိပါ၏။ သူမသိဘဲနေမလားတဲ့။ ဒါဖြင့်ကိုအံ့



www.burmeseclassic.com

www.burmeseclassic.com



ကရော၊ သူပြောလိုက်တဲ့စကားကို အရိပ်အမြွက်လောက်ပဲ နားလည်ရင် တောင်မှ သိနိုင်တာလေ။ သေပါရော ဝါရယ်၊ ကိုယ့်ရင်ထဲက လျှို့ဝှက် ချက်ကို ကာယကံရှင်ပဲ သိရမှာမဟုတ်လား။ အခုတော့ သက်ဆိုင်သူပါ သိနေရင် အရှက်က လုံးလုံးကွဲချေလေပြီ။

မျက်နှာပူလိုက်တာ။ နောက်ထပ်တစ်ကြိမ် သူ့ကို မည်သို့ မျက်နှာ ချင်းဆိုင်ရဲတော့မှာလဲ။ မာနကြီးတစ်ခွဲသားနဲ့ မျက်နှာဝင့်ပြီးနေတတ်တဲ့ မိန်းမတစ်ယောက်အတွက် ဒီကိစ္စက ရှက်ဖွယ်အတိဖြစ်ရတာပါလေ။ ကို အံ့ရယ်. . . 'မ'တို့နှစ်ယောက်က ဒီဘဝမှာ ရေစက်ဆုံစရာအခွင့်မှ မရှိ တာဘဲ။ ဆိုင်သူရှိနေတဲ့ကောင်လေးကို တစ်ဖက်သတ် စိတ်ဝင်စားမိတဲ့ ရူးနှမ်းနှမ်းအလုပ်က အဓိပ္ပာယ်မှမရှိတာလေ။

"ပြန်တောင်းပန်လိုက်ဦး၊ ဒီကောင်လေးလည်း တစ်ဒုက္ခ. . . သူ့ အပေါ် ဆိုးမှန်းသိသိကြီးနဲ့ သည်းခံပေးနိုင်တာ အံ့ပါရဲ့"

လာပြန်ပြီ၊ တောင်းပန်ဖို့တဲ့။ တဆိတ်ရှိ ဒင်းကိုပဲ အသာက်ငယ်တဲ့ ဝါကပဲ အမြဲတောင်းပန်ရတာက စိတ်တိုရတာမဟုတ်ပါလား။ ဝါ့စိတ်က လာခွပြီး ဒေါသဖြစ်အောင်လုပ်တဲ့တရားခံကမှ သူပါလေ။ နေနှင့်ဦးပေ မင်းခန့်သာ။ တစ်ကွေ့ကွေ့တော့ ရှင်နဲ့ကျွန်မ ဆုံရဦးမှာပါပဲ။ မဆုံချင်လို့ ခပ်ခွာခွာနေတဲ့ကျွန်မကိုမှ မထိတထိလာစရင် ဘာပြန်ရမလဲဆိုတာ စောင့် ကြည့်ပေဦးတော့။

ဘယ်တော့မဆို ကိုယ်ပဲသိ ကိုယ်ပဲတတ်ဆိုပြီး လူတွင်ကျယ်လုပ် တတ်တဲ့ ရှင့်အကျင့်ကို ရိုက်ချိုးပြမယ် မင်းခန့်သာ။ စီးပွားရေးမှာ ရှင်က ဝါ့ထက် သာကောင်းသာနိုင်ပေမယ့် ဉာဏ်များတဲ့ဦးနှောက်က ဝါတို့လို မိန်းမတွေမှာပဲ ရှိတာပါ။ ဝါက ကိုယ့်ကိုပခုံးယှဉ်တိုက်တတ်တဲ့လူမျိုးကို





ဘယ်တော့မှ လွယ်လွယ်နဲ့အလျှော့ပေးတတ်တာမှ မဟုတ်တာလေ။

"ဟဲ့. . . ပြောတာ ကြားရဲ့လား"

"ဟုတ်"

"ပြောလိုက်ရင် ခေါင်းကညိတ်ပြတာပဲ။ ပြီးရင် ဆန့်ကျင်ဘက်ပဲ အမြဲလုပ်ပြရော။ ဘယ်လိုခေါင်းမာတဲ့ဟာလေးမှန်း မသိ။ ဘယ်သူနဲ့တူ မှန်းကို မသိတော့ပါဘူး"

'ကြီးကြီးနဲ့ တူတာလေ'ဟုပြောမိမှာကို နှုတ်ခမ်းစေ့စေ့ ပိတ်ထား ပါ၏။ မေမေက ရိပ်မိတာမို့ ကြီးကြီးအနောက်မှာရပ်ပြီး ဝါ့ကို မျက်မှောင် ကြုတ်ပြလေသည်။ ဆွေမျိုးထဲမှာ ရှိသေလေးစားခံရတဲ့လူကြီးဆိုလို့ ကြီး ကြီး ဒေါ်ထားထားနွယ်တစ်ဦးသာ ရှိတာကိုး။ ဝါလည်း သိသိကြီးဖြစ်ပါ လျက် ဒီကြီးဒေါ်ကိုပဲ ခံပြောပြီး လုပ်ချင်တာ လုပ်လေ့ရှိတာ မဟုတ်ပါ လား။

"ကိုယ့်စိတ်ကို ငြိမ်အောင်ကျင့်၊ ဘယ့်နှယ်တော်! အထက်တန်း တုန်းကရော၊ Y.I.T တက်တုန်းကပါ မကြုပ်မတ် မထိန်းချုပ်ရပါဘဲ ခုမှပြောနေရတယ်"

"ဝါက ဘာလုပ်နေလို့လဲ"

"တယ်! ငါလုပ်လိုက်ရ၊ ညည်းခေါင်းထဲရောက်နေတဲ့ကိစ္စကိုပြော တာ၊ ဦးနှောက်သုံးတတ်အောင် လေ့ကျင့်ပေးတာကို မဟုတ်တဲ့နေရာကျ သုံးဖို့မစဉ်းစားဘူး"

"ကြီးကြီးကလည်းလေ"

"အထွန့်မတက်နဲ့၊ ညည်းအရွယ်က နှလုံးသားကို ဦးစားပေးရတဲ့ အရွယ်မှမဟုတ်တာ။ Use your brain 'ဝင်းဖန့်ဖန့်ဝါ'။ ပုစ္ဆာဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရှူးကြောင်ကြောင်လျှောက်မလုပ်ချင်စမ်းနဲ့။ တွေးတောချင့်ချိန်ပါ၊ ဆင်
ခြင်သုံးသပ်ပါ၊ တိတိကျကျဆုံးဖြတ်ပါ. . . ဒါပဲ''

''ဝါ သွားလို့ရပြီလား''

''ကွဲ''

အမိန့်ရသည်နှင့် ခုံမှထထွက်လာခဲ့၏။ ကိုယ့်ကိုယ်ကိုယ် လူကြီး
ဖြစ်ပြီဆိုပြီး ရင်ကော့ခေါင်းမော့ပြီး စီးပွားရေးလုပ်ငန်းကုမ္ပဏီထောင်က
လုပ်နေတဲ့မိန်းမက မိဘနှစ်ပါးနဲ့ ကြီးဒေါ်ရှေ့မှာ ခုချိန်ထိ ကလေးဘ
ပဲရှိနေတာပါလေ။ ဘယ်တော့ ရင့်ကျက်မှာလဲတဲ့။ ဒီအရွယ်ရောက်နေတ
တောင်မှ ဝါက မရင့်ကျက်သေးဘူးပေါ့လေ။

အိမ်ထောင်ပြုဖို့ ရည်ရွယ်တာတောင်မှ ကိုယ့်အတွေး ကိုယ့်စိတ်
ကူး ကိုယ့်ရင်ခုန်သံချစ်ခြင်းတွေနဲ့ ရွေးချယ်ခွင့်မရှိဘူးလား။ တစ်သက်
တာ ပျော်ရွှင်ဖို့အတွက်ဆိုရင် ကိုယ်ချစ်တဲ့ချစ်သူကိုသာ လက်တွဲခေါ်ပြီ
ကမ္ဘာမိုးမြေတစ်ဆုံး ပျော်ရမှာပါလေ။

'အုံ့သြဘာ'. . .'မ'တို့နှစ်ယောက်က ဒီဘဝမှာ ပေါင်းဖက်ဖို့ ငါ
မပါဘူးလားကွယ်။

ကားကို Parking မှာ ရပ်လိုက်ပြီး ကုမ္ပဏီထဲ ဝင်ခဲ့ပါ၏။ L
နေရာနှစ်ခုစလုံးမှာ လူတွေပြုံနေလေသည်။ စောစောလာတာတောင်
လူကျပ်ရပြန်တယ်လို့။ ခြေလှမ်းကို ခပ်ဖြည်းဖြည်းလှမ်းလိုက်စဉ် ဝါ့ပခုံး
ကို ဖျတ်ခနဲရိုက်လိုက်သဖြင့် လှည့်ကြည့်လိုက်မိ၏။

''ဩော်. . . နှင်း''

''ဘယ်လိုလဲ မိဝါ၊ တစ်ယောက်တည်းလား''

ကုမ္ပဏီလာတာကို ဒီလိုမေးစရာလား။ နှင်းမျက်နှာက ဝါ့ကို မဝ





သလိုအပြုံးနဲ့ ကြည့်နေတာမို့ လူက အလိုလိုသတိအနေအထား ဖြစ်သွား
ရပါ၏။ ပြိုင်ဘက်လို့ မသတ်မှတ်ပေမယ့် သူမက အမြဲတမ်းလိုလို ဝါ့ကို
ပခုံးယှဉ်တိုက်တတ်တာလေ။

''ဟင်းဟင်း. . . လူတွေက တကယ်ရယ်ရတယ်နော်၊ ကိုယ်မနိုင်
တဲ့ဇာတ်မျိုးကို ဘာလို့ ကပြချင်မှန်းကို မသိတော့ပါဘူး''

''ဘာကိုဆိုလိုတာလဲ''

''နင့်ဘာသာ တွေးကြည့်ပေါ့၊ Engage လုပ်ပြီးပြီဆိုပြီး ငါ့ကိုရှိုး
ရဲတာ အံ့ပါရဲ့။ ဟိုက အခု နင့်ကိုခေါက်သွားပြီမဟုတ်လား''

''ဘာရယ်''

ကြည့်စမ်း! ဘလိုင်းကြီးကို ဖွဲ့လိုက်တာလေ။ နည်းနည်းပါးပါးတောင်
ဣန္ဒြေမဆည်နိုင်တာပါလား။ 'လူဆိုတာ ကိုယ်မပိုင်ဆိုင်တဲ့ဘဝကိုပဲ စိတ်
ရောကိုယ်ပါ လိုချင်မက်မောတတ်ကြပါတယ်'ဆိုပေမယ့် နှင်းနဲ့ဝါက ပြည့်
ပြည့်စုံစုံဘဝမျိုး တန်းတူရထားကြတာပါ။ ဒါကိုတောင်မှ ဘာကြောင့်များ
ဝါ့ဘဝကို နှောင့်ယှက်ချင်ရပါသလဲ။ တစ်ဖက်သား နစ်နာဆုံးရှုံးမှုရှိမှ
နေသာထိုင်သာ စားဝင်ပါသလား နှင်းစပယ်။

''မင်းခန့်သာကိုပြောတာလေ၊ ဘာလဲ. . . မေ့ချင်ယောင်ဆောင်
လိုက်တာများလား''

''သူ့ဘာသာ လျှာရှည်ပြီး ပြောတာကိုများ အတည်ယူရလား နှင်း
ရာ''

''ဘယ်လို. . . နင်တို့ Engage မလုပ်ဖြစ်တာလား''

''အေး''

''ဒါနဲ့များ သူ့ Fiancee လေးဘာလေးနဲ့ လူကိုပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဂေါက်နေလို့ နေမှာပေါ့"

"နှင်ကလည်း"

စကားဆက်မပြောချင်တာမို့ နှုတ်ဆိတ်နေလိုက်မိ၏။ အတော်ဝမ်းသာနေပုံပါပဲ။ ဝါ့ကို ဒိတ်ဒိတ်ကျဲသတို့သားမျိုးနဲ့ ဖူးစာဆုံပြီဆိုပြီး တိတ်တဆိတ် မနာလိုဖြစ်နေတာ အသိသာကြီးပါလေ။ လူလည်းရှင်းပြီမို့ Lift ထဲဝင်လိုက်ကြစဉ် တံခါးအပိတ်မှာ အပြင်မှ လက်တစ်ဖက်ဝင်ကာ တားလိုက်တာမို့ လန့်သွားရပါ၏။ ဘယ်သူများပါလိမ့်။

"Sorry!... မမကိုလှမ်းခေါ်တာ မကြားဘူးဗျာ၊ မောလိုက်တာ"

"ကိုအံ့"

နှင်းစံပယ်က ဝါနှင့်ကောင်လေးကို ပြူးပြဲကြည့်နေပြန်၏။ ကိုစွတစ်ခုပြီးတာတောင်မှ နောက်ထပ်တစ်ခု ထပ်တွေ့ရပြန်တာကိုး။ ခပ်ယဉ်ယဉ် ရိုးရိုးဝတ်ထားသည့်ကောင်လေး၏အပြုံးက နံနက်ခင်းနေရောင်ခြည်လေးလို နွေးထွေးလွန်းပါဘိ။

မျက်လုံးနှင့်ပင် ဘာကိစ္စလဲဟုမေးမိစဉ် ကောင်လေးက လက်ထဲမှအထုပ်ကို မြှောက်ပြလိုက်လေ၏။ ဝါရော ချာတိတ်ပါ ပြိုင်တူပြုံးလိုက်မိတော့တာပါလေ။

"အဲဒါ 'မ'အမှား မဟုတ်ဘူးနော်"

"ဟုတ်ပါတယ်၊ ကျွန်တော် နမော်နမဲ့ ယူသွားမိတာပါ"

"သူက ဘယ်သူလဲ"

"ဗျာ"

"5th Floor ရောက်နေပြီ နှင်းစံပယ်"

နှင်းစံပယ်က နှာခေါင်းရှုံ့ပြကာ Lift ထဲမှထွက်လေ၏။ စပ်စုချင်





သေးသည့်မျက်လုံးတို့က အထင်းသားပါလေ။ ကိုယ့်ဘာသာ လက်တွဲဖော်မရှာဘဲ ဝါ့ဘေးမှာ သူစိမ်းယောက်ျားလေးတွေ ရှိလာတိုင်း ဘယ်သူဘယ်ဝါသိချင်စိတ်က ကလေးဆန်စွာ ရှိနေတာအမှန်ပါ။

"Morning... မမ၊ ဟောတော်! စောစောစီးစီး ဘာလာလုပ်ပြန်တာလဲ"

"မငယ်ဆီ လာတာမှမဟုတ်တာ"

"ဒါဆို ဘယ်သူ့ဆီလာတာလဲ"

"မမဆီ"

"မို့မို့ရေ၊ Coffee နဲ့မုန့်တစ်ခုခု စီစဉ်ပေးပါဦး။ Please!"

"ဟုတ်. . . မမ"

ရုံးခန်းထဲရှိရုံမှာ ထိုင်ခိုင်းကာ မှန်ချပ်တွေကိုကွယ်ထားသည့် လိုက်ကာတို့ကို ဖွင့်လိုက်ပါ၏။ မနက်နေရောင်က ရုံးခန်းဆီ ဖြာကျလာလေသည်။ Aircon ကို အနေတော်သာ ပေးထားတာမို့ ထပ်မမြှင့်တော့ပါချေ။ ကိုအံ့က စာအုပ်ထုပ်ကို စားပွဲထက်တင်ကာ ဝါရပ်နေသည့်ဘေးမှာ လာရပ်လိုက်လေ၏။

"မမရုံးခန်းက ကား Parking ကိုမြင်နေရတာကိုး"

"စာအုပ်ထုပ်ကို မို့မို့နဲ့ 'မ'ပေးလိုက်မယ်"

"ကျွန်တော့်ကို နောက်ထပ်မလာစေချင်တာလား"

". . ."

"ဘာကြောင့်လဲ"

ဝါ ဘာစကားမှမပြောဘဲ ငြိမ်နေမိ၏။ အကြောင်းပြချက်တွေ မပေးပါရစေနဲ့လား။ မဖြစ်သင့်ဘူးဆိုပြီး ကန့်ကွက်ကြတဲ့အုပ်စုနဲ့ ဟစ်ကြွေးကာကမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ရပ်နေရရှာတဲ့သူက 'ဝါ'တစ်ဦးသာ ရှိနေတာပါလေ။

အားပေးဖော်မရှိ၊ တိုင်ပင်ဖော် နတ္ထိ၊ ကူမယ့်သူ ဗလာ၊ လေဟာ နယ်ထဲ လွင့်နေတဲ့ သစ်ရွက်ဝါကလေးတစ်ရွက်လို ဘဝမျိုးနဲ့ တူနေတာ မဟုတ်ပါလား။

'မ'တို့ကံက ဒီလောက်ပဲ ပါတယ်ထင်ပါရဲ့ 'အံ့ဩဘာ'ရယ်။

✿✿✿



**အခန်း ( ၁၉ )**

"မမတို့ ပြဿနာဖြစ်ကြလားဟင်"

ရုံးဆင်းခါနီး အလုပ်တွေ လက်စသတ်ချိန်မှာမှ မို့မို့ ဖွင့်မေးလေ ...  အလိုက်သိပုံ။ တစ်နေကုန် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးပြီး ဝါ့ ...ကြ်နာရိပ်မျက်နှာကဲကိုသာ အလိုက်သင့်ကြည့်နေတာ မဟုတ်ပါလား။ ...မောင်ဖြစ်သူကို ခပ်တည်တည်ဆက်ဆံလိုက်တာကိုပဲ စိတ်မကောင်းဖြစ် ...နေသလား မသိပါချေ။

"ဘာကိုလဲ မို့မို့"

"ဟိုလေ. . . ကိုအံ့ကြောင့် မမနဲ့ ကိုမင်းခန့်သာ ပြဿနာဖြစ်ကြ ...သလားလို့ပါ"

"ကိုအံ့ ပြောတာလား"

"ဟင့်အင်း. . . မဟုတ်ပါဘူး၊ ကိုအံ့က တော်ရုံတန်ရုံ အပိုစကား ...ပြောတတ်ဘူး မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့။ ယောက်ျားဆိုတာ ဆိုခဲစေမြဲစေမျိုး ရှိရတာလေ။ ကျေးဇူးတင်ပါတယ် ကိုအံ့ရယ်။ 'မ'ကြောင့် ကြားထဲက နေရကြပ်စေတဲ့ အဖြစ်အပျက်ကို သူစိမ်းတွေမသိအောင် နှုတ်လုံပေးတဲ့အကွက်ပါ။ ဘယ်လောက် လိမ္မာပါးနပ်လိုက်တဲ့လူငယ်လေးပါလဲ။

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ အိမ်မှာ ပြဿနာဖြစ်ခဲ့တာမို့ ရင်ဖွင့်စရာရှိပေမယ့် ဝါ့ရဲ့အပူကို သူများကိုမကူးစေချင်တာပါလေ။ 'အတွင်းမီး အပြင်မရောက်စေနဲ့'လို့ ဆိုရိုးရှိတာမဟုတ်ပါလား။ ရင်အပူ ငြိမ်းစေမယ့်အရာဆိုတာ မရှိတော့ပြီလား။

အထူးသဖြင့် မို့မို့နဲ့ ဆွေမျိုးတော်စပ်နေတဲ့ ချာတိတ်လေးကို ယိုင်လဲချင်နေမိတဲ့ ဝါ့စိတ်ကို မတ်မတ်ပြန်ရပ်တည်နိုင်ဖို့ ကြိုးစားရဦးမှာလေ။ အဘယ်မျှ ရှက်ဖွယ်ကောင်းလိုက်ပါသလဲ။ သူ့မှာ သက်ဆိုင်သူရှိနေပါလျက် ဝါ့ဘက်က တစ်ဖက်သတ် ခံစားချက်တွေဖြစ်ခဲ့မိရတာကို။ ရှက်စရာကြီးပါလား 'ဝင်းဖန့်ဖန့်ဝါ'။

''မမ''

''ဟင်''

''ဘာဖြစ်လို့လဲဟင်''

''ဟင်း. . . တကယ်ဆို 'မ'မပြောချင်ဘူး မို့မို့ရဲ့။ ဘာပဲဖြစ်ဖြစ် မင်းခန့်သာနဲ့ကိစ္စကို မို့မို့က သိနေပြီးသားမို့. . . ဒီထက် ပိုသိလို့လည်း အကြောင်းမဟုတ်တော့ပါဘူးလေ''

လက်မှတ်ထိုးပြီးသွားသည့် File ကို ကမ်းပေးလိုက်စဉ် မို့မို့သည် က လှမ်းယူကာ ရင်ခွင်မှာ ပိုက်ထားလိုက်လေ၏။ ညနေခင်း နေဝင်ဆည်းဆာရောင်က ပုစွန်ဆီရောင်အဖြစ် တိမ်တို့ကို တောက်ပ သက်ဝင်စေသော





ပါသည်။ ဝါ့ရင်ထဲမှာဖြင့် မွန်မွန်မှိုင်းမှိုင်းဖြစ်နေဆဲပါပဲ။

အချစ်က ဘဝကိုတည်ဆောက်စေတာလား။ ဒါမှမဟုတ် ဘဝကပဲ အချစ်တစ်ခုကို ဖန်တီးစေလေသလား။ ဝါ နားမလည်နိုင်တော့ပါလေ။ ဘဝကိုလက်တွေ့ခန်းသဖွယ် တည်ထောင်နိုင်ခဲ့တဲ့ဝါ့အတွက် အဲဒီစိတ်ကူးယဉ်စရာချစ်ခြင်းက အိပ်မက်သက်သက်ပဲဖြစ်နေမယ်ထင်ပါရဲ့။ အိပ်မက်ဆိုတာ အမှန်တကယ်ရှိတာမှ မဟုတ်တာလေ။

ငါသိတယ်. . . ငါမြင်တယ်. . . ငါလုပ်နိုင်တယ်ဆိုပြီး လက်သီးကျစ်ကျစ်ဆုပ်ကာ၊ ခြေလှမ်းကို ရဲရဲကြီးနင်းတက်ခဲ့သမျှ ဘာအခက်အခဲ ဘာအဖုအထစ်မှ ရှိမနေခဲ့တာ အမှန်ပါ။ ဒုက္ခဆိုတာ ဘာလဲလို့ အရုပ်ရေးပြရမလို ဝါ့အတွက် မထင်ရှားခဲ့ပါလေ။ အခုတော့ဖြင့် ဝါမကျွမ်းကျင်တဲ့ ဘာသာရပ်ကို အလိုလိုယူမိလျက်သား ဖြစ်နေပါရောလား။ ခက်ခဲ့ပါ့ 'ဝင်းဖန့်ဖန့်ဝါ'ရယ်။

''မနက်တုန်းက ကိုအံ့ကို အားနာလိုက်တာ''

''မို့လည်း သိပါတယ်၊ သူမျက်နှာမကောင်းတာကို''

''နှင်ရာတော့ မရောက်ပါဘူးနော်၊ မို့မို့နဲ့လည်း အိမ်သိပ်မဝေးဘူးဆိုလို့ စိစဉ်လိုက်မိတာ''

''ဘာကိုလဲ မမ''

''ဟိုနေ့ OFF ရက်က မြို့ထဲမှာ ကိုအံ့နဲ့ဆုံခဲ့တာလေ''

''ဩော်''

''အဲဒါ စာအုပ်ဆိုင်ဝင်ရွေးကြပြီး ကော်ဖီဝင်သောက်ကြတာ''

စကားကို ခဏရပ်လိုက်ပါ၏။ ဆက်တော့ ပြောရမှာပဲ။ စေ့စေ့မပြောရင် တစ်ဖက်သား နားမလည်ဖြစ်မှာကိုး။ ပြောလက်စနဲ့ အကုန်



www.burmeseclassic.com

www.burmeseclassic.com



သာပြောပေတော့ 'ဝင်းဖန့်ဖန့်ဝါ'။ တကယ်တမ်း အချစ်မှာ သိက္ခာကို ထည့်မတွက်ရတာမျိုးလည်း ရှိနေတာပါလား။ မျက်နှာပူမိပေမယ့် မိန်းမချင်းမို့ ဝါ့ခံစားချက်ကို မို့မို့ စာနာနိုင်လိမ့်မည်ဟု ယုံကြည်မိ...ပါလေ။

"ကျေးဇူးပြုပြီး 'မ'ကို အစ်မတစ်ယောက်လိုသဘောထားပြီး နားထောင်ပေးပါလား မို့မို့"

"ရှင်!"

"မိန်းမချင်း ရင်ဖွင့်တယ်လို့ယူဆပြီးတော့ပဲဖြစ်ဖြစ်လေ။ 'မ'တို့ကြားမှာ တခြားဘာအကန့်မှမရှိဘဲနဲ့ပေါ့"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ် မမရဲ့"

"အမှန်တော့. . . အမှန်တော့"

မျက်ရည်က အလိုလိုရစ်ဝဲလာမိ၏။ အငိုမလွယ်တတ်ပါ။ အသည်းကလည်း ခပ်မာမာပါပဲ။ နှလုံးသားက အေးစက်စက်နဲ့ မိန်းမတစ်ယောက်ပါ။ လေသံကလည်း မာဆတ်ဆတ်နဲ့ပါပဲ။ ဒီလိုခပ်မာမာနဲ့ မာနကြီးတဲ့ မိန်းမတစ်ယောက်က အခုတော့ နှင့်ခနဲခံစားမိရုံနဲ့ ရင်ထဲမှာ အောင့်သက်ပြီး မျက်ရည်က အလိုလိုရစ်ဝဲလာတတ်တာလေ။ မည်သို့သော တန်ခိုးရှင်ကများ 'ဝင်းဖန့်ဖန့်ဝါ'ရဲ့စိတ်နှလုံးကို အရည်ပျော်ကျလာစေအောင် ဖန်တီးနိုင်တာပါလိမ့်။

"ကိုအံ့ကို 'မ'စိတ်ဝင်စားခဲ့မိတာ"

"ရှင်!"

"မို့မို့ အံ့ဩမယ်ဆိုတာ 'မ'သိပါတယ်။ 'မ'တောင် ကာယကံရှင်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အံ့ဩခဲ့မိသေးတာပဲ။ တဆိတ်! ကျေးဇူးပြုပြီး ဒီကိစ္စကို ကိုအံ့ မသိပါစေနဲ့။ 'မ'မေတ္တာရပ်ခံတာပါ"





"ဟုတ်ကဲ့၊ မို့ နားလည်ပါတယ် မမ"

"အချစ်ဆိုတာ အဲဒီလိုပဲ လူကိုစိတ်ကစားတတ်သလားဟင်"

မို့မို့သန့် ပြန်မဖြေပါချေ။ ဘာများတွေးနေမိမှာပါလိမ့်။ မောင်ဖြစ်သူနဲ့ပတ်သက်ပြီး အလုပ်နေရာကို စိတ်ပူနေမလား။ ကိစ္စမရှိပါ။ ဝါက အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်တဲ့ MD မှန်း နှစ်ကြာ လက်တွဲတဲ့ Assistance က သိပြီးသားပါလေ။

"ကိုအံ့မှာ. . ."

" 'မ'သိတယ်လေ၊ ကိုအံ့မှာ Engage လုပ်ထားတဲ့သူရှိမှန်း"

"ဟုတ်သားပဲ"

" 'မ'ကိုယ်'မ'လည်း ရှက်မိပါတယ်၊ ကိုယ့်ထက်ငယ်တဲ့ လူငယ်လေးအပေါ်မှာမှ စိတ်အရောင်ဆိုးမိရတယ်လို့"

"ကိုအံ့ ရိပ်မိနေသလား"

"မပြောတတ်ဘူးလေ၊ အဲဒီနေ့က ကော်ဖီဆိုင်မှာ သူနဲ့ပါခဲ့ပုံခဲ့တာ"

"သူ. . ."

"မင်းခန့်သာလေ"

"ဟောတော်"

ဝါ ခပ်မဲ့မဲ့ပြုံးဖြစ်လေ၏။ တောင်းပန်စကားအကြွေး တင်နေရပါသား။ ရှင်နဲ့ရေစက်က မကုန်သေးပါလား မင်းခန့်သာ။ အလုပ်ကိစ္စမျိုးနဲ့မဟုတ်တောင်မှ ပတ်သက်မှုတွေက ရှိနေဦးမှာကိုး။ ဆက်ရန်ရှိသေးသည့်ဆိုင်းဘုတ်ကို ဆက်ချိတ်ထားရဦးမယ် ထင်ပါရဲ့။

"အဲဒီမှာ သူက 'မ'စိတ်ဝင်စားနေတဲ့လူဆိုပြီး ကိုအံ့ကို ဒေါ်သာနဲ့ပြောတာနဲ့ 'မ'လည်းစိတ်ဆိုးပြီး ကော်ဖီနဲ့ကောက်ပက်မိရော



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! ဘာဆက်ဖြစ်ကြရောလဲ"

"ဟင့်အင်း. . . ဘာမှဆက်မဖြစ်ဘူး။ 'မ'လည်း ကိုအုံ့ကိုခေါ် ဆိုင်ထဲက ထွက်ခဲ့တာ"

"ကိုအုံ့ ကားပါလာလား"

"မပါဘူး။ 'မ'ပဲ သူ့အိမ်ကို လိုက်ပို့ခဲ့တာလေ"

မို့မို့ မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်ပြုလေ၏။ မပြီးဘူးလာ သူကတော့ လူကြီးတွေကိုအသိပေးပြီး တိုင်ခဲ့တာလေ။ ကိုအုံ့ကတော့ မနက်လာတာ အေးအေးဆေးဆေးပုံပါပဲ။ ဝါ့ကြောင့် ပြဿနာတော့ ကြီးကျယ်ကျယ်မဖြစ်လောက်ဘူး ထင်ပါရဲ့။

"ဒါကြောင့်ဖြစ်မယ်ထင်တယ်"

"ဘာလဲ"

"မွေးနဲ့ကိုအုံ့တို့ စကားများကြတယ်တဲ့ မမရဲ့"

"ဘယ်လို"

ရင်ထဲ ဒိန်းခနဲမြည်လေ၏။ ဘုရားရေ! အိမ်ရှေ့ထိ ပို့ဖြစ်တာ မိုးရွာနေတဲ့အကြောင်းပြချက်နဲ့ ပေးလိုက်ရတာပဲလေ။ ဘာကိုဘယ်လို ပြီး နှစ်ယောက်သား စကားများတဲ့အထိ ဖြစ်ကြပါသလဲ။ ဝါ့အတွက် ဤလူငယ်လေး စိတ်ညစ်မှာကိုတော့ မဖြစ်စေချင်ပါလေ။

"မို့လည်း ပထမတော့ မသိဘူး၊ ကိုအုံ့မှာ မွေးအပြင် နောက် ယောက်ရှိသလိုလိုကြားလို့ မေမေတောင်မှ ခေါ်ဆူသေးတယ်"

"သူ ဘာ. . . ဘာပြောသေးလဲ"

"ဘာမှကိုမပြောတာ၊ ထုံးစံအတိုင်း လူကြီးပြောရင် ငြိမ်နားထော နေတာပဲ။ မမလို့လည်းမပြောဘူး။ ဒီကောင်လေးကတော့လေ ခက်တာ





" 'မ'က မိုးစိုမှာစိုးတာနဲ့ ခြံထဲအထိ လိုက်ပို့ခဲ့မိတာ။ အိမ်ထဲခေါ် တာတောင် ကားပေါ်က မဆင်းခဲ့ပါဘူး။ နေပါဦး. . . အဲဒီကောင်မလေး က ဘယ်မှာနေလို့ 'မ'ကားကို မြင်သွားရတာလဲ"

"ကိုအုံ့တို့ရှေ့ခြံမှာ နေတာလေ"

သေစမ်း! ဒါကြောင့် မြင်လိုက်တာကိုး။ ကားပေါ်က မဆင်းတာ တောင်မှ ဝါ့ကို ဘယ်သူဘယ်ဝါမှန်း သိနိုင်လို့လား။ နည်းနည်းပါးပါးမေး ပြီးမှ ချင့်ချိန်ယုံသင့်တာပေါ့။ အလို! ကိုအုံ့နဲ့ဝါက တစ်ရက်တည်းဆုံခဲ့ရ ပြီး ပြဿနာ တစ်ချိန်တည်းဖြစ်ရတယ်လို့။ တိုက်ဆိုင်လိုက်တာနော်။

"ကောင်မလေးက ကျောင်းနေတုန်းလား"

"ဟုတ်တယ်၊ ဆေးကျောင်းသူ"

သက်ပြင်းကို မှုတ်ထုတ်လိုက်မိ၏။ ဆေးကျောင်းသူလှလှလေးနဲ့ လက်ထပ်ရမယ့် သတို့သားလေးကိုမှ စိတ်ဝင်စားခဲ့ရတယ်လို့ 'ဝင်းဖန့်ဖန့် ဒါ'ရယ်။ သူတို့နှစ်ဦးရဲ့ အနာဂတ်လမ်းကြောင်းမှာ ပိတ်ပြီး ဖျက်ချင်ရ တယ်လို့။ မသိလို့ပါကွယ်. . . မသိစိတ်တစ်ခုနဲ့ပဲ မြင်မြင်ချင်း ရင်ခုန်မိခဲ့ ရတာပါ။ သို့သော် အဲဒီရင်ခုန်ခြင်းရဲ့နောက်မှာ ပိုင်ဆိုင်ချင်တဲ့လောဘ တော့ မပါခဲ့ပါဘူးလေ။

တကယ်ပါကွယ်။ ခဏတာ ရူးသွပ်မိရိုးမှန်ပေမယ့် ရူးမိုက်တဲ့အလုပ် မျိုးကို 'မ'လိုမိန်းမမျိုးက လုပ်ဝံ့ပါ့မလား။ သိက္ခာတွေ ကိုယ်ကျင့်တရား တွေ ဂုဏ်တွေ မျိုးရိုးတွေ အဲဒါတွေရဲ့နောက်ကွယ်မှာ ရှိနေမယ့် ရှက်ရွံ့ အားလုံးကို ဥပေက္ခာပြုရဲတဲ့အထိ 'မ'မမိုက်ရဲပါဘူးကွယ်။

"ကျောင်းပြီးတာနဲ့ လက်ထပ်ကြမှာပေါ့"

". . ."



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ စာအုပ်ထုပ် မှားပါသွားတာကို 'မ' မနက်ဖြန်ယူခဲ့မ... မို့မို့ပဲ သူ့အိမ်ကို သွားပို့ပေးပါနော်"

"ဟုတ်ကဲ့"

"အခု 'မ'ပြောတာတွေကို အကုန်နမ့်လိုက်ပါ။ သူ့ကိုပြန်မပြေ... ဘူးလို့ 'မ'ကို ကတိပေးနိုင်တယ်မဟုတ်လားဟင်"

"ဟုတ်ကဲ့၊ စိတ်ချပါ မမ"

"ဒါဆိုလည်း ရုံးဆင်းကြတာပေါ့"

စားပွဲထက်မှ စာအုပ်ထုပ်လေးကို ငေးကြည့်မိလေ၏။ ဘာ... ပြောဖို့ ရောက်လာပါသလဲ။ မို့မို့နဲ့တစ်ဆင့်ပေးလိုက်ရင် ရပါလျက် ... ခန်းကို သူတမင်ရောက်လာတာလေ။ ကျွတ်! စိတ်မြန်တဲ့အကျင့်ကို တ... နိုင်သလောက် ပြင်ရဦးမှာပါလား။ သူတစ်ပါးပြောတာကို နားထော... မှ ကိုယ်ဘာပြန်ပြောရမလဲဆိုတာကို သိနေပါလျက်နဲ့ အခုလိုဖြစ်ရ... လို့။

စိတ်ခုသွားလေမလား။ မျက်နှာကိုတောင် စေ့စေ့မကြည့်မိဘဲ... သလိုဖြစ်သွားရတာကို။ အားနာလိုက်တာ။ ရှေ့မကြည့်နောက်မ... လုပ်မိလိုက်တာထက် မျက်နှာချင်းရဲရဲမဆိုင်ရဲလို့ပါ။ တစ်ဖက်သားရဲ... ကို ထွင်းဖောက်မြင်နိုင်စွမ်းအတတ်ပညာကို ကျွမ်းကျင်တတ်မြော... လျက် ကိုယ့်ရင်ထဲက လျှို့ဝှက်ချက်ကိုဖြင့် မမြင်စေချင်တာ အမှန်ပါ...

နားလည်ပေးနိုင်ပါ့မလား။ ဘဝကို ခပ်အေးအေးနဲ့ ငြိမ်းငြိမ်း... ချမ်း ဖြတ်သန်းချင်တဲ့လူငယ်လေးကို အနှောင့်အယှက်ပေးသလိုဖြစ်... ရတာ စိတ်မကောင်းဖြစ်မိပါတယ်။ 'မ'ကိုခွင့်လွှတ်ပါကွယ်။ မဆိုင်... ခပ်ဝေးဝေးကသာ မြင်ပါရစေ။ မထင်မှတ်တဲ့နေရာမှာ အမှတ်တမဲ့...





...တောင်မှ တမင်တကာမခေါ်ဘဲ တိတ်တိတ်လေး ငေးကြည့်ရုံထက် ...အောင် အတတ်နိုင်ဆုံး စောင့်ထိန်းနေပါ့မယ်။

Phone သံမြည်လာတာမို့ ကားသော့ဖွင့်နေရင်းမှ ကြည့်လိုက်မိ... တစ်ခါမှမမြင်ဖူးသည့်နံပါတ်ကြောင့် စိတ်ထဲ တစ်မျိုးဖြစ်သွားရပါသည်။ ...ယ်သူများ ဆက်တာပါလိမ့်။ အံ့ဩဘာက မနက်ကပဲ တွေ့ခဲ့ပြီးပြီမို့ ...ဆက်သွယ်နိုင်ပါလေ။

"ဟယ်လို"

"မဝင်းဖန့်ဖန့်ဝါပါလား"

"ဟုတ်ပါတယ်"

"ကျွန်မ မွေးနံ့သာပါ"

"ဘယ်လို"

ကားကို Break အုပ်လိုက်မိလေ၏။ ဝင်းထဲမှ ထွက်ခါစမို့ တော်...သေးရဲ့။ အလို! မြန်လိုက်တာနော်။ ဘယ်ကနေ ဘယ်လို ဖို့ Phone ...ပါတ်ကိုသိသွားရတာပါလဲ။ ထူးဆန်းလေစွ။

"ဘာကိစ္စ..."

"ခဏလောက် စကားပြောချင်လို့ တွေ့ပါရစေ"

"ဟိုလေ"

"ရုံးမှာရော အိမ်မှာပါ မတွေ့ချင်လို့ပါ"

" 'မ'မှာ ဘာပြောစရာမှ မရှိဘူး"

"ကျွန်မမှာ ရှိနေပါတယ်"

"ကောင်းပြီလေ၊ ဒါဖြင့်လည်း တစ်ဆိုင်ဆိုင်မှာတွေ့ဖို့ ချိန်း...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မနက်ဖြန်နေ့လယ် (၂)နာရီလောက် လာပေးပါ။ နာရီဝက်လောက်ဆို အချိန်လောက်ပါတယ်"

"OK!,.. လေ"

"ကျေးဇူးပါပဲ"

ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးပါပဲ။ သူ စကားပြောချင်တာကို Phone ဆက်ပြီး ခွင့်တောင်းရတယ်လို့။ ဝါတောင်မှ ဒေါ်သထွက်ပြီး မင်းခန့်သာဆီကို ချက်ချင်းသွား။ ဘယ်သူတွေပဲရှိရှိ ဒေါ်သတကြီးနဲ့ အော်မိတတ်တာလေ။ မဆင်မခြင်လုပ်တတ်တာတွေ များနေပါရောလား။

ဆင်ခြင်ပါ 'ဝင်းဖန့်ဖန့်ဝါ'၊ ကိုယ့်ထက် အများကြီးငယ်တဲ့ မိန်းကလေးကတောင် သိမ်မွေ့မှုတွေရှိနေရင် ဝါ့လိုရင့်ကျက်တဲ့အမျိုးသမီးက ပိုပြီးယဉ်ကျေးသိမ်မွေ့သင့်တာပေါ့နော်။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားစွာနေမိခဲ့သမျှ အမှားတွေချည်း ဖြစ်နေပြီလား။ အားငယ်နေချင်ပါရောလား ဝါရယ်။

❀❀❀

အခန်း ( ၂၀ )

မျက်စိနှင့်ကြည့်ပေမယ့် ရင်ထဲအေးမည့်အဖြူရောင်ဝတ်စုံကိုပဲ ရွေးချယ် ဝတ်လိုက်ပါ၏။ ဝိတ်ရက်မဟုတ်ပေမယ့် စိတ်မပါတာမို့ ဒီနေ့ကို ကုမ္ပဏီသွားဖြစ်ပေ။ အခုမှ စာမေးပွဲဖြေမည့်ကလေးလို စိတ်လှုပ်ရှား ရင်တုန်နေရတာ အမှန်ပါပဲ။ ရန်သူပြိုင်ဘက်မဟုတ်သော်ငြား အေးငြိမ်းပြေလည်သည့်နည်းလမ်းနှင့် ဖြေရှင်းနိုင်အောင် ဆုတောင်းလိုက်မိပါသည်။

အစစအရာရာ ပြေလည်ပါစေသား. . .

ကားကို ချိန်းထားသည့်ကော်ဖီဆိုင်ရှိရာဆီသို့ ခပ်မှန်မှန်မောင်းလာပါ၏။ ဒီနေ့မှ မိုးသားကင်းစင်ပြီး ကောင်းကင်က ပြာလဲ့တောက်ပနေတာပါလေ။ ခေါင်းထဲမှာတော့ မကြည်လင်ပါဘဲ ရှုပ်ထွေးနေအောင်ကျိုးနေတာပဲ။ တွေ့ကြစို့တဲ့။ တွေ့လိုက်ရုံပါပဲ။ ဝါကသာ ဒေါ်သတကြီးရှိတတ်တာ။ ဟိုချာတိတ်မကတော့ ခပ်အေးအေး Style မျိုးပဲဖြစ်မယ်ထင်ပါရဲ့။

ဆိုင်ရှေ့မလှမ်းမကမ်းမှာ ကားကို Platform ဘေး ရပ်ရသူ





www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်၏။ လက်မှနာရီကိုကြည့်တော့ အချိန်အတော်စောနေလေသည်။ စိတ်လောနေတာကြောင့်များလား မသိပါ။ ဆိုင်မှန်တံခါးကို တွန်းဖွင့်ဝင်ကာ အထဲဝေ့ဝဲကြည့်မိစဉ် 'မွှေးနံ့သာ' ဟုထင်ရမည့်အရွယ် မိန်းကလေး မျိုးတစ်ဦးမှ ရှိမနေပါလေ။ အပြင်ကိုလှမ်းမြင်နိုင်မည့်ခုံကို တမင်ရွေးကာ ထိုင်လိုက်မိ၏။

"Black... တစ်ခွက်ပေးပါ"

Waiteress လေးကို ကော်ဖီမှာကာ ခြေချိတ်ထိုင်နေလိုက်ပါသည်။ နည်းနည်းတော့ အောက်နေမလားပဲ။ ဝါ့လိုလုပ်ငန်းရှင်တစ်ဦးက ဒီလိုကျောင်းသူတစ်ဦး ချိန်းတဲ့နေရာကို လာတွေ့ဖို့လိုပါသလား။ ကုမ္ပဏီရော အိမ်ကိုပါ မလာချင်လို့ အခုလိုသီးသန့်တွေ့ချင်တာ ဝါ့သိက္ခာကို ထည့်တွက်ပေးတတ်လို့ပေါ့။ ဟုတ်တာပဲ၊ ဝါ့အတွက် သူမ အများကြီး တွေးပေးတတ်တာပါလားနော်။

ကားအဖြူလေးတစ်စီး ရပ်သွားပြီး ကားပေါ်မှ မိုးပြာရောင် One set နှင့် မိန်းကလေးတစ်ဦး ဆင်းလာလေ၏။ ကျောလယ်ခန့်ဆံနွယ်တို့ကို တစ်ဝက်စည်းနှောင်ထားတာမို့ ခပ်စင်းစင်းလေးဖြစ်နေလေသည်။ ဘဲဥပုံခပ်သွယ်သွယ်မျက်နှာလှလှလေးထက်မှာ မျက်မှန်ကြည်ကြည်လေး တပ်ထားပေမယ့် ကြည့်ရမဆိုးဘဲ ချစ်စရာဖွယ်ဟန်လေးပင် ဖြစ်နေတာပါလေ။ ဖိနပ်ကို အပါးလည်းမဟုတ် သိပ်လည်းမမြင့်သည့် အနေတော် ဒေါက်မျိုး စီးထားတာမို့ မြင့်မားသည့်အရပ်အမောင်းကို ပံ့ပိုးထားသည့်နှယ်ပါ။ ဒါ 'မွှေးနံ့သာ' ပဲဖြစ်မည်ထင်ပါရဲ့။

"မဝင်းဖန့်ဖန့်ဝါ ဟုတ်ပါသလား"

"ဟုတ်တယ်"

"ထိုင်မယ်နော်"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ခုံမှာ ခပ်စောင်းစောင်းထိုင်လိုက်ဟန်က Style ကျလှသည့် Model တစ်ဦးလို သေသပ်လှပပါရဲ့။ မျက်နှာထက်မှာ မာနရိပ်တို့ရှိမနေဘဲ အပြုံးမရှိသော်ငြား တည်တည်တံ့တံ့ဟန်ကို အပြည့်မြင်နေရလေ၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ပြည့်တာက ဝါနဲ့အတူတူဖြစ်မည်ထင်ပါရဲ့။ သူမက ကော်ဖီတစ်ခွက်မှာတာကို အရင်လုပ်လိုက်ပြီး ဝါ့ကိုတစ်ချက်မျှပြုံးပြလေသည်။ တစ်ခါဆို တစ်ခါပါပဲ။

"ကျွန်မ မွှေးနံ့သာပါ"

"သိတယ်၊ ဘာများပြောချင်လို့လဲ"

" 'ကို' နဲ့. . . ကျစ်! ကိုအံ့ဩဘာနဲ့ ဘယ်လောက်အထိ ရင်းနှီးပါသလဲ"

"သူ့ကိုမေးကြည့်ရင် သိမှာပေါ့ မွှေးနံ့သာ"

"သူက စကားနည်းတဲ့လူမို့ ဘာဆိုဘာမှ မပြောလို့ ခက်နေတာပါ မဝင်းဖန့်ဖန့်ဝါ"

ဝါ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိပါ၏။ စေ့စပ်ပြီးတာတောင်မှ လူကိုရော စိတ်ကိုပါ မပိုင်ဆိုင်သေးတဲ့ပုံတွဲပါပဲလား။ ဘဝတစ်ခုကို တစ်ဝက်စီပိုင်ထားခွင့်ရနေတာတောင်မှ သက်ဆိုင်သူကို စိတ်မချနိုင်ဘဲ ဝါ့လိုသူစိမ်းကို လာ View သလိုမျိုး ပြောနေရတယ်လို့။ အံ့ဩစရာကြီးပါပဲလား။

"မင်းတို့စေ့စပ်ထားတာ ဘယ်လောက်ကြာပြီလဲ"

"အင်း. . . ခြောက်လလောက်ရှိပြီ"

"ဒါတောင်မှ ကိုအံ့ရဲ့စိတ်ကို မင်းမဖတ်တတ်သေးဘူးလား မွှေးနံ့သာ"







www.burmeseclassic.com

www.burmeseclassic.com



"ကိုအံ့"

သူမက ခပ်ဖွဖွရေရွတ်လိုက်လေ၏။ ခေါ်ရိုးခေါ်စဉ်ပြောမိတာကို အံ့သြနေသလိုပါပဲ။ ရှေ့ကိုဆက်တိုးဖို့လည်း မရှိ၊ နောက်ပြန်ဆုတ်ဖို့လည်း စိတ်မကူးဘဲ တစ်နေရာတည်းရပ်နေတဲ့ဝါ့ကို လာတွေ့ရဲတဲ့သတ္တိကတော့ မခေဘူးဘဲ။

"ဟုတ်တယ်၊ တို့က သူ့အစ်မခေါ်တဲ့အတိုင်း ခပ်ရိုးရိုးပဲ ခေါ်တာပါ။ သူ့အစ်မဝမ်းကွဲက တို့ရဲ့ Assistance မို့ ကုမ္ပဏီကို သူ နှစ်ခါသုံးခါ လာဖူးတယ်။ အပြင်မှာ တော့တော့ဆိုင်ဆိုင်တွေ့ဖူးတဲ့ရက်က မိုးရွာနေတာက တစ်ကြောင်း၊ ပြီးတော့ သူ့မှာ ကားမပါတာက တစ်ကြောင်းမို့ အိမ်အထိ ပြန်လိုက်ပို့ပေးခဲ့တယ်။ အဲဒီနေ့မှာပဲ တို့ကို မင်းမြင်ဖူးလိုက်တာပါ"

သူမ ခဏမျှ တွေသွားလေ၏။ အကြောင်းပြချက်ဆိုတာထက် တည်ကြည်တဲ့လူငယ်လေးရဲ့ အေးချမ်းတဲ့ဘာဝကို အနှောင့်အယှက်မဖြစ်စေချင်လို့ပါလေ။ ဒါကို ဒီချာတိတ်မလေး သဘောပေါက်နားလည်သင့်တာမဟုတ်လား။

"အကြောင်းပြချက်မျိုးလား မဝင်းဖန့်ဖန့်ဝါ"

"မဟုတ်ဘူး။ သူ့သိက္ခာကို သိစေချင်တာပါ မွှေးနံ့သာ။ ဒါနဲ့ တို့ Phone နံပါတ်ကို ဘယ်ကရလဲ သိပါရစေ"

"အဲဒါက ကျွန်မ ကိုကိုကြီးဆီက ရတာပါ"

"ကိုကိုကြီး"

"ဟုတ်ကဲ့၊ ကိုမင်းခန့်သာက ကျွန်မနဲ့ မောင်နှမဝမ်းကွဲတော်ပါတယ်"





ဝါ့မျက်နှာ တင်းသွားရပါ၏။ ကြုံမှကြုံတတ်ပါလေ့။ ဘယ်လိုဖြစ်ပြီး မင်းခန့်သာနဲ့မှ ဆက်နွယ်နေရပြန်တာပါလိမ့်။ ဒါဖြင့် ဤမိန်းကလေးက သူကနေတစ်ဆင့် ဝါ့အကြောင်းတွေကို သိနေပြီး လာတွေ့ရဲတာပေါ့။ ရှင်အတော်လျှလည်ကျတာပါပဲလား မင်းခန့်သာ။

ဝါနဲ့ကိုအံ့ကို ပြဿနာဖြစ်အောင် လုပ်သွားတဲ့အပြင် ညီမဖြစ်သူကိုပါ တို့မီးရှို့မီးလုပ်ရတယ်လို့။ ရှင်ဘယ်လိုလူပါလဲ။ ဝါက ယောကျ်ားမှန်ရင် ဆိုခဲစေမြဲစေ ယောကျ်ားမျိုးကိုပဲ သဘောကျတတ်မှန်း ရှင်သိသိကြီးနဲ့ လုပ်ရဲပ့ါ မင်းခန့်သာရယ်။

"ဒါဖြင့် မင်းခန့်သာပြောသမျှယုံပြီး တို့ကိုလာတွေ့တာပေါ့လေ"

"မဟုတ်ပါဘူး။ ကျွန်မက သူများပြောသမျှ အလွယ်တကူ မယုံတတ်ဘူး မဝင်းဖန့်ဖန့်ဝါ"

"အဲဒီတော့"

"ကို့ကြောင့် လာတွေ့ရတာပါ"

"တို့ပြောပြီးပြီလေ၊ ဘာများထပ်ရှိသေးလို့လဲ"

"ရှိသေးတယ် . . . ရှိနေသေးလို့ပါ"

ခပ်နွေးနွေးသာရှိတော့သည့်ကော်ဖီကို ကုန်အောင်သောက်လိုက်မိပါ၏။ မောင်နှမနှစ်ယောက်ရဲ့အင်အားနဲ့ တိုက်ရဲတယ်ပေ့ါလေ။ ရှင့်မှာ နောက်ထပ်စစ်ကူတွေ ဘယ်လောက်ကျန်နေဦးမှာလဲ။ အားနည်းတဲ့ဘက်ကို တစ်ချက်လှောက် ငဲ့ကွက်ဖို့ဆန္ဒက ပါးပါးလေးတောင် ရှိမနေဘူးတဲ့လား။

"ကိုနဲ့ကျွန်မက နှစ်ဖက်မိဘသဘောတူပြီး စေ့စပ်ထားကြတဲ့သူတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ပြီးပြီးသားကိစ္စတစ်ခုကို ပြေပြေလည်လည် ဖြောင့်ဖြောင့်ဖြူးဖြူး နဲ့ အဆုံးသတ်ချင်ပါတယ်"

"တို့က ဘာများလုပ်မိလို့လဲ"

"ကိုနဲ့ကျွန်မကြားမှာ အတားအဆီးဖြစ်နေလို့ပါ"

"ဘာရယ်"

အရှိက်ကို ထိလေ၏။ တိတိပပကြီး ပြောချလိုက်တာပါလား။ 'ဖုံ့သြဘာ'က ဝါ့ရဲ့ရင်ဘတ်ထဲမှာ ရှိနေတဲ့ခံစားချက်ကို သေချာတောင်မှ မသိသေးတာလေ။ မင်းခန့်သာရဲ့စကားကြောင့် ညီမဖြစ်သူက ဝါ့ကို စွပ်စွဲချေပြီပဲ။ စိတ်ထားဖြူစင်တဲ့မိန်းကလေးလို့ မြင်မိတဲ့စိတ်က ချက်ချင်း ပျောက်ချေပြီကော 'မွေးနံ့သာ'။

"ဝန်ခံတယ်မဟုတ်လား မဝင်းဖန့်ဖန့်ဝါ"

"ဝန်ခံရမယ်... ဟုတ်လား။ ဝန်ခံတယ်ဆိုတာ အမှားလုပ်ထားတဲ့သူ၊ အပြစ်လုပ်ထားတဲ့သူကမှ ပြောစရာရှိတာပါ"

"ရှင်လည်း မဟာအမှားကြီးလုပ်ထားတာပဲ မဝင်းဖန့်ဖန့်ဝါ"

"ဘာ"

"နံပါတ်(၁)က စေ့စပ်ထားတဲ့ သူစိမ်းနှစ်ဦးကြားကို ဝင်နှောင့်ယှက်တဲ့အပြစ်၊ နံပါတ်(၂)က ရှင့်ကို သည်းခံစောင့်ဆိုင်းနေတဲ့ ယောကျ်ားတစ်ဦးကို ကြိုးရှည်ရှည်နဲ့ လှန်ထားတဲ့အပြစ်၊ နံပါတ်(၃)ကတော့ ရှင့်ကို စိတ်မဝင်စားတဲ့လူတစ်ယောက်ကို သွေးခေါင်ဖြားယောင်းချင်တဲ့အပြစ်ပဲ။ မှန်တယ်မှတ်လား"

ဝါ ဟက်ဟက်ပက်ပက်ရယ်ချလိုက်မိတော့၏။ အတော့်ကို ရယ်





စရာကောင်းတဲ့ အကြောင်းအရာတွေပါပဲ။ ကိုယ်က မလုပ်မိဖို့ ဆင်ခြင်နေမိပါလျက် မလုပ်လုပ်ဖြစ်အောင် လာတွန်းပို့နေပါရောလား။ အချစ်ဆိုတာ ဝန်တိုခြင်းလို့ အဓိပ္ပာယ်သက်ရောက်ပေမယ့် မဆိုင်သူကို ရန်စတာကဖြင့် အမှန်မဟုတ်ပါပေ။

"တို့က တို့အလုပ်နဲ့တို့တောင် အချိန်မအားတဲ့သူပါ မွေးနံ့သာ။ မင်းပြောနေတာ အတော် Foul နေပြီ။ မင်းအစ်ကိုကို တို့ဘက်က ဘယ်တုန်းကမှ လက်မခံခဲ့ဘူး။ လူကြီးတွေစီမံတဲ့အတိုင်း ခေါင်းညိတ်ရအောင် မနေ့တစ်နေ့ကမှ မွေးလာတဲ့ကလေးမှ မဟုတ်တာပဲ မွေးနံ့သာ"

သူမမျက်နှာ ကွက်ခနဲပျက်သွားလေ၏။ 'ဝင်းဖန့်ဖန့်ဝါ'ဆိုတာ ရေမြွေမဟုတ်ဘူး 'မွေးနံ့သာ'၊ အဆိပ်ရှိတဲ့မြွေပွေးပါ။ ကိုယ့်ကိုလာထိတဲ့ ဘယ်သံကိုရှိကိုမဆို မိမိရရ ပြန်တုံ့ပြန်တတ်တာကို မင်းကြားပြီး မစုံစမ်းခဲ့ပါလား။ ငယ်ပါသေးတယ် မွေးနံ့သာ။

"ဘာပဲဖြစ်ဖြစ် ကိုကို ကျွန်မ မပေးနိုင်ဘူး။ ကျွန်မဘက်က အလျှော့လုံးဝမပေးနိုင်တာအမှန်ပဲ။ အဲဒါကို ရှင်သိထားပါ"

"တို့ကလည်း တောင်းယန်နေတာမှ မဟုတ်တာ မွေးနံ့သာ။ အချစ်နဲ့စစ်မှာ အကုန်တရားတာချည်းပါပဲ"

"ရှင်... ရှင်"

"ဝန်တိုတယ်ဆိုတာ သူ့နေရာနဲ့သူပဲ ကောင်းပါတယ်။ နေရာတကာတော့ မနာလိုစိတ်မထားပါနဲ့"

"ကျွန်မဘဝမှာ လိုချင်တာကို ရခဲ့တာချည်းပဲ မဝင်းဖန့်ဖန့်ဝါ။ ရှင့်ဝဏ်သိက္ခာကိုတောင်မှ ထည့်မတွက်ဘူးလား။ အေးမှာရှိနေပါလျက်နဲ့ အဝေးကလူကို လှမ်းဆွဲရတာ အံ့သြပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရှူးရှူးရှဲရှဲဖြစ်လာသည့်မိန်းကလေးကြောင့် ပြုံးချင်လာသည့်စိတ်ကို မနည်းထိန်းချုပ်ထားလိုက်ရပါ၏။ နှမျောမိတာအမှန်ပါ 'အုံ့ညှိဘာ'၏ မင်းလိုအေးဆေးတဲ့လူငယ်လေးနဲ့ ပညာတော်ပြီး သိမ်မွေ့တဲ့ မွှေးနံ့သာကို လိုက်ဖက်ညီတဲ့စုံတွဲလို့ သတ်မှတ်မိတာကို မှားမှန်းသိလိုက်ရလို့ပါပဲ။

လောကမှာ အထင်နဲ့အမြင်ပါ လွဲချော်တာမျိုး ရှိနေတာပါလား။ ပြင်ပပုံသဏ္ဍာန်နဲ့ သူမကိုမြင်မိသမျှ တက်တက်စင်အောင် လွဲတော့တာပါလေ။ ချစ်ခြင်းက အမှားဘက်ကိုများ တွန်းပို့တတ်လေသလားကွယ်။ ကိုယ့်ကို မင်းရဲ့ချစ်သူက အခုလိုလာပြီး စော်ကားမော်ကားပြောနေတာကို မင်းသိပါရဲ့လား။

"Plan ကိုမရှိတာ မွှေးနံ့သာရဲ့၊ မင်းက တို့ဘာသာ ရပ်နေတာကို နောက်ကနေ တွန်းလိုက်တာကိုး"

"ဘာ! ရှင်. . . ရှင်"

"လူဆိုတာ ရှေ့ကနေ မလုပ်နဲ့လို့ လာတားရင် ပိုပြီးလုပ်ချင်ကြတယ် မွှေးနံ့သာ။ ဘာတဲ့. . . ဘဝမှာ လိုချင်တာမှန်သမျှ ရခဲ့တာချည်းပဲဟုတ်လား။ မောင်နှမပီသပါပေ့။ မင်းနဲ့မင်းအစ်ကို မင်းခနံ့သာတို့ ပိုင်ခဲ့တယ်ဆိုတဲ့အရာတွေအားလုံးက သက်မဲ့ပစ္စည်းတွေပဲ ဖြစ်ကောင်းဖြစ်လိမ့်မယ် မွှေးနံ့သာ။ သက်ရှိလူတွေကိုတော့ မပိုင်ဆိုင်လောက်ပါဘူး။ အထူးသဖြင့် မင်းတို့ လိုချင်လှချည်ဆိုတဲ့ သက်ရှိနှလုံးသားမျိုးကိုပေါ့"

သူမနှုတ်ခမ်းပါးလေးတွေ တဆတ်ဆတ်တုန်လာသလို လက်ဖျားတွေပါ တုန်နေမှန်း သိသာလွန်းပါ၏။ ဒေါသတွေဖြစ်နေပြီလား။ ပြောစရာစကားလုံး ရှာမတွေ့လို့ပဲလား မွှေးနံ့သာ။ လောကမှာ ဘယ်နေရာမဆို Experience ဆိုတဲ့အတွေ့အကြုံက အသက်အရွယ်အရ ကွာခြားတတ်





တာပါလေ။

ဒီတော့လည်း ဝါရင့်တဲ့လူကဲ အနိုင်ရစမြဲပါ မွှေးနံ့သာ။ ရှုက်ဖို့လည်းကောင်းပါရဲ့။ ယောကျ်ားတစ်ယောက်ကို ပြိုင်လုရတဲ့အဖြစ်အပျက်က ဝါ့ရာဇဝင်မှာ ဒီတစ်ကြိမ်သာ ရှိခဲ့ဖူးတာကိုး။

"ဝဋ်ဆိုတာ လည်တတ်ပါတယ် မဝင်းဖန့်ဖန့်ဝါ။ ရှင် မကြောက်ဘူးလား"

"တို့က သူများလက်ထဲကပစ္စည်းကိုလုယူဖို့ ရည်ရွယ်တာမှမဟုတ်ဘဲ။ ရှင်းရှင်းပြောရရင် မင်းတွေ့မယ်ဆိုကတည်းက ပြေရာပြေကြောင်းပြောပြီး နောက်ဆုတ်ဖို့စဉ်းစားခဲ့တာပါ။ မင်းပြောသလို ဝဋ်ဆိုတာရှိခဲ့ရင်လည်း ခံရရုံပဲပေါ့ မွှေးနံ့သာ"

"မဝင်းဖန့်ဖန့်ဝါ"

"သူ့နှလုံးသားနဲ့ ကိုယ့်နှလုံးသားကိုပေးပြီး လဲနိုင် ပိုင်ဆိုင်နိုင်တဲ့သူတွေကမှ ပျော်စရာကောင်းနိုင်မှာပေါ့လေ။ ဒါကို မင်းလည်းသိမှာပါ"

"ရှင့်စိတ်ဓာတ် အတော် အောက်တန်းကျမှန်း အခုမှသိရတော့တယ်"

"စိတ်မကောင်းပါဘူး။ တို့က တို့ကိုလာထိရင် Responds ချက်ချင်းပြန်လုပ်တတ်တဲ့အကျင့်က အရိုးထဲစွဲနေလို့ပါ မွှေးနံ့သာ။ မင်းနဲ့တို့ တစ်ယောက်တစ်ခွန်းပြောနေတာထက် ကာယကံရှင်ဖြစ်တဲ့ အုံ့ညှိဘာရဲ့ ရွေးချယ်မှုက ပိုပြီးအဓိကကျမှန်း မင်းသိမှာပါ။ သူ့နှလုံးသားက စစ်မှန်တဲ့ချစ်ခြင်းနဲ့ ရွေးချယ်တဲ့သူကိုပဲ လက်သင့်ခံကြရအောင်ပါ"

သူမ ထရပ်လိုက်လေ၏။ စိတ်လှုပ်ရှားမှုများစွာဖြစ်နေတာ ဝါ့ရင်ထဲမှာ ခြောင်းဆန်နေပေမယ့် ဣန္ဒြေရရ ဆက်ထိုင်နေတုန်းပါ။ ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာစကားကုန်ပြီမို့ ဝါတို့စကားဝိုင်း သိမ်းသင့်ချေပြီ။

"မွေးနံ့သာ"

ဆတ်ခနဲလှည့်ကြည့်လေ၏။ အနိုင်အရှုံးသေချာမသိပေမယ့် ဝါ့စိတ်က ကသိကအောင့်ဖြစ်ရင် မထိန်းချုပ်တတ်တာမို့ ရှင်းပစ်ချင်သေးတာလေ။

"ဝဠ်ဖြစ်နေရင်တောင်မှ တို့က အဲဒီဝဠ်လှလှလေးကို လိုချင်ပါသေးတယ်ဆိုတာ မင်းသိအောင် ပြောလိုက်ချင်တာပါ"

"တောက်!"

✿✿✿



## အခန်း ၊ ၂၁ ၊

ခြိတဲ ဆင်းထိုင်နေမိ၏။ တစ်ညလုံး အိပ်မရနိုင်ဘဲ မျက်ရည်တွေတွေ ကျခဲ့ရတာမို့ မျက်နှာတစ်ခုလုံး ရောင်နေပြီး မျက်လုံးတွေ မို့နေမည်မှန်း သိနေပါသည်။ ကြီးကြီးကိုပါခေါ်ကာ မိဘတွေနှင့် Meeting လုပ်ခဲ့ပြီးပါပြီ။ နောက်ဆုံးတိုက်ပွဲဝင်ခြင်းပါပဲ။

"ဝါ့ကိုချစ်ရင်၊ သနားရင်. . . ဝါ အိမ်ထောင်ပြုမယ့်ကိစ္စကို ဆက်မလုပ်ချင်ကြပါနဲ့။ မင်းခန့်သာကိုလက်ထပ်ဖို့ ဝါ လုံးဝမစဉ်းစားတာကို သိကြပါ။ ဝါချစ်တဲ့သူကိုမှ လက်ဆက်ခွင့်မရှိရင် ဒီတစ်သက် တစ်ယောက်တည်းပဲ နေသွားပါရစေ"

စကားအကုန်ပြောလိုက်ခြင်းပါပဲ။ ကံကြမ္မာက ဝါ့ကို အတော်လေးကျိုစယ်ဝံ့ပါရဲ့။ သူနဲ့မွေးနံ့သာကို ဘယ်လိုဖြစ်ပြီး ဆွေမျိုးတော်အောင်များလုပ်ပေးလိုက်ရတာပါလိမ့်နော်။ သည်းခံခွင့်လွှတ်ပေးနိုင်တဲ့သူတဲ့လား။ ဒါးကို ဝါ အမှတ်တွေ အများကြီးပေးခဲ့ပါတယ် မင်းခန့်သာ၊ တကယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီအထင်ကြီးလေးစားခြင်းတွေကို ရှင်ကိုယ်တိုင် ရှု လုပ်ရပ်တွေနဲ့ ရိုက်ချိုးပြသွားတာပါ။ လူဆိုတာ ကိုယ့်ဘဝမှာ ကိုယ် တဲ့လမ်း၊ ကိုယ်ရေးတဲ့အရုပ်ကောက်ကြောင်းအတိုင်း ဆက်လျှောက်ရှားရ မျိုးပါ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သွေးနားထင်ရောက်နေတာ အတိုင်းအတာတစ်ခုအထိပဲ ရှိရပါတယ် မင်းခန့်သာ။

အထူးသဖြင့် ဘာမဆို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ရှင့်လိုလူအတွက် အခ အခဲဆိုတာ မရှိသလောက်ဖြစ်ပေမယ့် အခုက အသက်ရှိနေတဲ့ နှလုံးသား ရေးရာကိစ္စပါ။ အချစ်ဆိုတဲ့ နူးညံ့သိမ်မွေ့ခြင်းအဓိပ္ပာယ်ကို ရှင်သိမှသိ ရဲ့လား။ ဝါလည်း အစက လုံးဝမသိခဲ့တာ အမှန်ပါလေ။

ချစ်တတ်လာမှ သိခဲ့ရတာပါ။ အချစ်ဆိုတာ တကယ်တော့ ပျော့ ရွှင်ခြင်းနဲ့ ဝမ်းနည်းမှုနှစ်ခုကို ကျောကပ်ထားတဲ့အရာတစ်ခုပါပဲ။ သူ လူတွေကို ရယ်စေပြုံးစေနိုင်သလို မျက်ရည်တွေကိုလည်း ဖန်တီးပေး တာကိုး။ ဝမ်းသာပီတိဖြစ်ရတဲ့ရင်ခွင်ကို နာကျင်ခြင်းတွေဖိသိပ်ပြီး ခက်စေအောင်ကို တမင်ကြီး ရောဂါရစေတာလေ။

ဟုတ်တယ်. . . ဝါချစ်တတ်တဲ့နှလုံးသားက ဝါ့ရင်ကို နာကျင် တာ အမှန်ပါပဲ။ မနက်တိုင်း နှိုးစက်မြည်သံနဲ့ နိုးထကျင့်ရှိခဲ့တဲ့ဝါ့ဘဝ အိပ်မက်ဆိုတာမျိုးမှ မရှိခဲ့တာလေ။ အခုတော့ဖြင့် စိတ်ကူးယဉ်အိပ်မ တွေနဲ့ ဝါမွေ့လျော်တတ်နေချေပြီ။ ပျော်ရွှင်တဲ့အိပ်မက်က နိုးထလာ ဆိုးရွားပြင်းထန်တဲ့အဖြစ်မျိုးနဲ့ ကြုံရတတ်သတဲ့။ ဒါဖြင့်လည်း အဲဒီအဖြ အပျက်ကို မကြုံရလေအောင် မနိုးသောအိပ်စက်ခြင်းမျိုးနဲ့သာ တစ်သက် တာအတွက် အိပ်မောကျသွားချင်ပါရဲ့။ မရှင်သန်ချင်တဲ့အသက်ကို မ ချင်တော့တာပါလေ။





အချစ်ကြောင့် စွန့်ဝံ့တဲ့သူရဲကောင်းတွေ များစွာရှိတာကို မယုံတဲ့ ပြုံးခဲ့မိတာကို အားအားနာကြီးနာမိခဲ့ရတာပါ။ နှလုံးသားကိုဦးညွှတ်ပြီး အရှုံးပေးခဲ့တဲ့တိုက်ပွဲတွေလည်း ရှိကောင်းရှိနေမှာပါလေ။ အချစ်က လူတွေကို ရူးသွပ်စေသတဲ့။

ဟုတ်ပါတယ်. . . အရင်က ‘ဝင်းဖန့်ဖန့်ဝါ’ဆိုတာ အနာဂတ်ထက် ပစ္စုပ္ပန်ကိုသာ အလေးထားပြီး လန်းဆန်းတက်ကြွခဲ့တာ အမှန်ပါ။ အတွေ့ များစွာနဲ့ မှောင်ပိန်းနေခဲ့တဲ့ဘဝထဲကို အလင်းပြပြလေးနဲ့ ဝင်လာတဲ့အရာ က ချစ်ခြင်းတဲ့လား။ ‘မ’တော့ ရှုံးနေပြီ ‘အုံ့သြဘာ’။

မြက်ခင်းထက်က ခုံတန်းမှာထိုင်နေရင်း ညနေစောင်းနေမှန်း သိ နေပေမယ့် မထဖြစ်သေး။ အိမ်ထဲမဝင်ချင်သေးတာမို့ ဆက်ထိုင်နေမိ၏။ မြက်ပင်လေးတွေကိုငေးပြီး ကြည့်နေမိစဉ် လေအဝေ့မှာ ကြွေကျလာသည့် စကားပွင့်ဖြူဖြူလေးတွေကို တွေ့ရလေသည်။ အဲဒီနောက်မှာမှ ကတ္တီပါ ဖိနပ်အနက်လေး စီးထားသည့်ခြေဖမိုးဖြူဖြူတစ်ခု။

ထိုခြေထောက်ထက်မှာ ရှပ်တိုက်ဝတ်ထားပါသည့် မင်းကြီးကြိုက် လုံချည်အနက်ရောင်လေး။ ရင်ထဲဒိတ်ခနဲမြည်လာသလို မျက်လွှာကို ပင့် ကြည့်လိုက်မိပါ၏။ ဘုရား! ဝါတော့ အိပ်မက်ထဲမှာပါမက အပြင်မှာတောင် သူ့ကိုမြင်တတ်နေပြီလား။ စိတ်ထင်သည့်အတိုင်း အပြင်မှာမြင်တာကို ထင်ယောင်ထင်မှားဖြစ်သည့်စိတ်ဝေဒနာဟု အမည်နာမတပ်ကြမည် ထင် ပါရဲ့။

“ကျွန်တော်ပါ”

“အို! ကိုအုံ့”

“ဟုတ်ပါတယ် မမ၊ အုံ့သြဘာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ပြီး"

"မိုးတွေရွာလာတောင်မှ ဒီအတိုင်းဆက်ထိုင်နေဦးမှာလား"

ဟုတ်သားပဲ။ မိုးဖွဲတွေကျလာတာကိုတောင်မှပဲ သတိမထားမိသ
ခုံတန်းဖြူဖြူမှာပဲ ဆက်ထိုင်နေမိပါရောလား။ အားယူ၍ ရပ်လိုက်မိ
ခြေထောက်တွေ ထုံကျဉ်နေတာမို့ မတ်မတ်မရပ်နိုင်ပါချေ။

"ပြန်ထိုင်နေလိုက်ပါ မမ"

"မွေးနံ့သာနဲ့ 'မ'. . . ."

"ကျွန်တော် သိပြီးပါပြီ"

ဝါ့မျက်နှာ နွေးခနဲဖြစ်သွားရပါ၏။ မိန်းမသားနှစ်ဦးရဲ့လျှို့ဝှက်
ကို ကာယကံရှင်ကို ဖွင့်ပြောစရာမှမလိုအပ်တာဘဲ။ မင်းတကယ်ပဲ
ညြဘာ'ကို အကုန်တမင်ပြောလိုက်လေသလား 'မွေးနံ့သာ'။ အမှန်တက
မှာ ကိုယ်က ရှုံးနိမ့်ခဲ့ရတဲ့သူပါ။

ကိုယ်ပေးချင်ပေမယ့် ပေးခွင့်မရှိ၊ ကိုယ်ပြန်ရချင်ပေမယ့် အ
ရယ်မှမရှိခဲ့တာလေ။ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးလို့ ဆိုကြပေမ
မင်းကမှ သူ့ဘဝထက်ဝက်ကို ပိုင်ဆိုင်ခွင့်ရထားတဲ့သူပါ။ ဒါကိုတော
အနိုင်ရလိုစိတ်နဲ့ ကိုယ့်ကို လာစိမ်ခေါ်ရတယ်လို့။

"နံ့သာနဲ့ မမလူကို မောင်နှမဝမ်းကွဲတော်စပ်မှန်းသိတာ မ
သေးဘူး"

ကျစ်! တို့လူမဟုတ်ဘူးလေ ကိုအံ့ရယ်။ မင်းစကားလုံးသုံးတာ
နေပြီ။ 'မ'နဲ့သူက အတိုင်းအတာတစ်ခုအထိ ရင်းနှီးခဲ့တာ မှန်ပေမ
အသည်းကိုပုံအပ်တဲ့အထိ ရှိခဲ့တာမှမဟုတ်တာ။ ဒါကို တို့လူဆိုပြီး သ
မှတ်လို့မှ မရတာဘဲ။





ဘယ်လိုလဲ. . . 'မ'ကြောင့် 'မ'နောင့်ယှက်လို့ မင်းတို့နှစ်ယောက်
ငွဲ့ပကွဖြစ်ရတယ်ဆိုပြီး 'မ'ကိုရန်လာတွေ့လေသလား။ ဟုတ်ပါတယ်၊
'မ'က မနေတတ်မထိုင်တတ်နဲ့ လူကြီးလိုမနေဖြစ်ဘဲ လူငယ်တွေကြားမှာ
အရှုပ်ထုပ်ဖြစ်ခဲ့ရတာပါ။ အပြစ်ရှိမှန်းသိထားပါလျက် မေးလိုက်ချင်ပါရဲ့၊
ချစ်တာအပြစ်လားကွယ်။

ဘာလို့များ 'မ'နဲ့အရင်ဆုံး မတွေ့ခဲ့ရတာလဲ။ 'မ'နဲ့ဘာကြောင့်
ချစ်ကြိုးသွယ်ခွင့်မရှိခဲ့ရတာလဲ။ 'မ'နဲ့ဘာအတွက်ကြောင့် အတူမွေးဖွား
ခြင်း ရှင်သန်ခြင်းမျိုး မရခဲ့ရတာပါလိမ့်။ ဒီတစ်ကြိမ်မှာဖြင့် လောကကြီး
ကို မတရားဘူးလို့ အော်ဟစ်စွပ်စွဲလိုက်ချင်တာကို မင်းသိပ့်မလား။

"မမကို နံ့သာတွေ့ပြီး မချေမင်ပြောတာမျိုးဖြစ်ခဲ့ရင် နံ့သာကိုယ်
ား ကျွန်တော်ကပဲ တောင်းပန်ပါရစေ"

မျက်ရည်ရစ်ဝိုင်းလာတာကို သူမမြင်အောင် ထိန်းပြုံနိ၏။ ချစ်သူ
ကို အမျက်မထွက်မိစေဖို့ ရှေ့က မားမားရပ် ကာကွယ်ပေးသတဲ့။ ကြည်နူး
ယ်ကောင်းလိုက်ပါဘိ။ 'မ'မှာဖြင့် ဒီလိုမျိုး ချစ်သူက တစ်ယောက် တစ်
ထောင်မှ ရှိခွင့်မရတာ ဘာကြောင့်များပါလဲကွယ်။

" 'မ'လည်း လွန်ခဲ့တာပါပဲ"

သူက ဝါ့ဘေးမှာ ဝင်မထိုင်ဘဲ ရှေ့မှာပင် ရပ်မြဲရပ်နေလေ၏။
ယ်လောက်တောင်များ ပြောစရာရှိနေလို့ အိမ်အထိ ရောက်လာရတာ
ါလိမ့်။ တကယ်ဆို မိုမိုဆီကနေ Phone နံပါတ်တောင်းပြီး ဆက်ရုံနဲ့
သုံလောက်နိုင်တာပါလေ။ အခုတော့ ဝမ်းနည်းနာကျင်နေတဲ့မျက်နှာကို
မြင်စေချင်တဲ့ 'ဝင်းဖန့်ဖန့်ဝါ'ရဲ့ရှေ့ကိုမှ ရောက်လာရတယ်လို့။

"အချစ်ဆိုတာကို မမ ဘယ်လိုမြင်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ထင်မှတ်မထားသည့်မေးခွန်းက လူကိုဆွံ့အ တွေဝေစေလေ၏။ မျက်ခုံးကြည့်မိစဉ် ဝါ့ကိုငုံ့ကြည့်နေသည့်သူနှင့် အကြည့်ချင်းဆုံသွားရပါသည်။ စူးထိတ်သည့်ရင်ခုန်သံကို သူကြားသွားမှာစိုးပြီး အကြည့်ကို အမြန်လွှဲလိုက်ရပါ၏။ 'မ'ချစ်မိတာကို သိတယ်လို့ပြောချင်တာများလား။

" 'မ'. . . 'မ'. . . မသိဘူး"

"ဟုတ်တယ်၊ အဲဒါကို အမိပွာယ်မဖော်နိုင်လို့ ကျွန်တော် ဒုက္ခရောက်ရတာ"

"ဘယ်လို"

"အရှင်းဆုံးပြောရရင် ကျွန်တော်က ဘဝကို ရိုးရိုးရှင်းရှင်းနဲ့ အေးအေးချမ်းချမ်းဖြတ်သန်းချင်တဲ့သူပါ။ နှံ့သာနဲ့စေ့စပ်ပေးတဲ့ မိဘတွေကိုလည်း အပြစ်မမြင်မိပါဘူး။ ဒီမိန်းကလေးနဲ့ဆိုရင်တော့ ဘဝကိုအခက်အခဲ အတားအဆီးမရှိ လျှောက်လှမ်းနိုင်မယ်ထင်ပါရဲ့ဆိုပြီး ခေါင်းညိတ်ခဲ့မိတာ"

"..."

"တကယ့်ကို ဘာဆိုဘာမှ မစဉ်းစားဖြစ်ဘဲ ကျွန်တော် နေတတ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုမျိုး ကမောက်ကမအဖြစ်အပျက်တွေ မဖြစ်ခင်အထိဘဲ ရှိခဲ့တာပါ"

"ကိုအံ့. . . 'မ'ကလေ"

"ကျွန်တော်တို့ စေ့စပ်ထားတာ ပျက်သွားပြီ"

"ဘာ!"

အလို. . . လုံးဝထင်မထားတဲ့ကိစ္စပါပဲ။ အပိုင်လိုချင်တာဆို၊ ဘယ်နည်းနဲ့မှ လက်လွှတ်မှာမဟုတ်ဘူးဆို။ လိုချင်တာမှန်သမျှ ရခဲ့တာချည်းဆိုပြီး အခုတော့ဖြင့် ဤလူငယ်လေးကို ဘယ်လိုဖြစ်ပြီး ဖြတ်တောက်လိုက်ရပါသလဲ။ ဘုရားရေ! ဝါ့မှာ အပြစ်တွေ မိုးလောက်ကြီး ရှိကုန်ပါရောလား။

" 'မ'တောင်းပန်ပါတယ်၊ အဲဒီလောက်ထိဖြစ်ဖို့ မရည်ရွယ်ပါဘူး။ ငြိမ်နေတဲ့'မ'စိတ်ကို လာဆွသလိုမျိုး ဖြစ်သွားတာနဲ့ မခံနိုင်လို့"

"ကျွန်တော်နားလည်ပါတယ် မမ"

နားလည်သတဲ့။ ဘာကိုနားလည်တာများလဲ။ ဝါ့ခံစားချက်ကို နားလည်ပေးတာများလား။ သို့တည်းမဟုတ် သူတို့စေ့စပ်ကြောင်းလမ်းခြင်းပျက်သိမ်းတဲ့ကိစ္စဖြစ်သွားတာကိုပဲ ကြိုသိနေလို့ကိုပဲ ရည်ရွယ်ပြီး ပြောလေသလား။ ခေါင်းထဲထူပူပြီး ဘာကိုမှ ဝါ နားမလည်နိုင်တော့ပါလေ။

"နှံ့သာနဲ့ပတ်သက်ပြီး မသိမမြင်ခဲ့တာမှန်သမျှကို အခုမှ ကျွန်တော် သိခဲ့ရတာပါ"

"ဘာကိုလဲ"

"ခုနပြောတဲ့အချစ်ဆိုတဲ့အရာကိုလေ"

"ဘာရယ်"

"ဟုတ်တယ်၊ အချစ်မှာ အချိန်အခါလိုတယ်၊ ပြီးတော့ ကံကြမ္မာလည်းလိုတယ်"

"ဘယ်လို"

"ပထမတော့ တစ်ချိန်ချိန်မှာ နှံ့သာကို ကျွန်တော်ချစ်မှာပဲ လို့ယုံကြည်ပြီး လွယ်တွေးထားမိတာလေ။ ဒါပေမယ့် အချိန်အခါမကျခဲ့ဘူးထင်ပါရဲ့၊ ပြီးတော့ ကံကြမ္မာက အပြောင်းအလဲမြန်တတ်မှန်းလည်း မသိခဲ့ဘူး။ တည်







www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့ကတိ၊ အင်း. . . ကျွန်တော်က မိဘစကားကိုပဲ အမြဲနားထောင်ခဲ့တာမို့ ခေါင်းညိတ်ခဲ့မိတာပါ။ အဲဒီကတိကိုလည်း တစ်သက်တာအတွက် တည်နိုင်အောင် ကြိုးစားခဲ့တာလေ"

"ကိုအံ့တို့ကိစ္စ ပျက်သွားတာ သူ့ကြောင့်လား။ ဒါမှမဟုတ် ကိုအံ့ပဲ ဖျက်လိုက်တာလား"

"ကျွန်တော် ဖျက်လိုက်တာ"

"ဟင်! "

သူက တရုတ်စကားပင်ကို မော့ကြည့်ကာ ငြိမ်သက်သွားလေ၏။ နှမျောနေမလား။ နှမျောရှာမှာပေါ့။ ဒီလိုချောကျောင်းသူလှလှလေးကို ဘယ်သူက အလွယ်တကူ လက်လွှတ်ချင်ပါ့မလဲ။ ဒီလောက်ရူးမိုက်တဲ့လုပ်ရပ်မျိုးကို ဘာကြောင့်များ လုပ်မိလိုက်တာပါလဲ 'အံ့ညွှာ'။

"နောက်ကျပြီးမှ ဆုံတွေ့ရရင် လွဲချော်မှုတွေဖြစ်တတ်တယ်ဆိုတာ မှန်လိုက်တာနော်"

"ဘာကိုဆိုလိုတာလဲဟင်"

"အဲဒီအချစ်ဆိုတာကို ပြောတာလေ"

"ကိုအံ့"

"ကျွန်တော်မသိလိုက်တဲ့အချိန်မှာပဲ အများကြီးပြောင်းလဲသွားတာ မမရဲ့။ အံ့ညွှစရာကြီး"

နုတ်ခမ်းများပါမက မျက်လုံးတို့ပါ ပြုံးနေမုန်း သိသာလွန်းပါ၏။ ဆံပင်တို့က အရင်လို သေသပ်မနေဘဲ အနည်းငယ်ပွယောင်းနေသည့်နယ်ပါ။ ရုပ်အဖြူနုံ့ပုဆိုးကိုတော့ သေသေသပ်သပ် ဝတ်ဆင်တတ်တုန်းပါပဲ။ စိတ်လှုပ်ရှားသည့်နှယ် လက်နှစ်ဖက်ကို တင်းတင်းဆုပ်ထားပုံက





မရည်ရွယ်ဘဲ လုပ်နေမိသလိုပါလေ။

ဘုရားရေ! ဒီလိုပန်းရောင်သန်းနေသည့်မျက်နှာ၊ ကြည်လင်တောက်ပသည့်မျက်လုံး၊ တုန်လှုပ် စိတ်လှုပ်ရှားသည့် ဟန်ပန်အမူအရာတို့ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါဘဲ သူ့ထံမှာ တွေ့နေရတာပါလား။

'အံ့ညွှာ'. . . အချစ်ဆိုတာကို ဘယ်သူ့ဆီမှာများ မင်းတွေ့ခဲ့တာပါလဲ။ ထူးဆန်းလေစွ။

"နှံ့သာဆီကနေ တစ်ခါမှမခံစားခဲ့ရဖူးတဲ့ ခံစားမှုမျိုးကို နှံ့သာမဟုတ်တဲ့ တခြားတစ်ယောက်ဆီကနေ ရလိမ့်မယ်လို့ ဘယ်လိုမှ မထင်ထားခဲ့တာ"

ဆတ်ခနဲ လှည့်ကြည့်လိုက်တာမို့ သူ့ကိုငေးကြည့်နေသည့်ဝါ့ကို တည့်တည့်ကြီးမိသွားလေ၏။ ဘုရားရေ! ရင်ထဲ ဒိန်းခနဲဖြစ်သွားတာမို့ ယောင်ယမ်း မတ်တပ်ရပ်လိုက်မိလေသည်။ သူက ဝါ စိတ်လှုပ်ရှားသွားတာကို မြင်လိုက်သဖြင့် တစ်ချက်မျှပြုံးလိုက်လေ၏။ ဝါတော့ အငိုက်မိချေပြီ။

"မမ ယုံပါ့မလား"

"ဘာကို. . . ဘာကိုလဲ"

"ရှက်ဖို့လည်း ကောင်းပါတယ်၊ အခုပဲ စေ့စပ်ကြောင်းလမ်းခြင်းဖျက်ခဲ့တဲ့ယောကျ်ားတစ်ယောက်ရဲ့နှုတ်ကနေ ဒီလိုစကားမျိုး မထွက်သင့်ဘူးလေ။ ဖြစ်ကိုမဖြစ်သင့်တာပါ"

"ကိုအံ့"

"ကျွန်တော်တို့ ရင်ဆိုင်ရမယ့်အကြောင်းတွေ အများ[illegible]
လာဦးမှာပါ။ ဒါပေမဲ့ အဲဒီအခက်အခဲတွေကို အနိုင်ယူနိုင်မယ်လို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နှစ်ယောက်အားနဲ့သာရင်ဆိုင်ရင် ဘယ်အရာမျိုးကိုမဆို အလွယ်တကူ ဖြတ်သန်းနိုင်မှာပါ”

ဝါ ခပ်ငေးငေးကြည့်နေမိပါ၏။ ကျွန်တော်တို့တဲ့။ ဘယ်သူ့ကိုရည်ရွယ်ပါသလဲ။ ဝါက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်သူပါ။ ဝေ့လည်ကြောင်ပတ်နဲ့ ဝေ့ဝိုက်တဲ့စကားမျိုးကို ဘာတစ်လုံးမှ နားမလည်နိုင်ပါလေ။ ရှင်းရှင်းပြောပါလား ‘အံ့သြဘာ’။

“အချိန်အတိုင်းအတာတစ်ခုကို စောင့်ပြီးမှ တွေ့ကြရအောင်နော်”

“ကိုအံ့”

“အဲဒီအချိန်ဆို မမရော ကျွန်တော်ပါ ရင်ထဲမှာခံစားနေရတဲ့ နာကျင်မှုတွေ တော်တော်လေး သက်သာနေမယ်လို့ ထင်ပါတယ်။ ဟုတ်ရဲ့လား”

“ကိုအံ့. . . ‘မ’. . . ‘မ’. . . ”

“ကျွန်တော် မမကိုချစ်တယ်”

“ဘယ်လို”

“မထင်မှတ်ဘဲ ချစ်မိသွားတာ။ ကျွန်တော့်ကိုယ် ကျွန်တော်တောင် မသိလိုက်ဘူး။ မမဆီကနေ ဘယ်လိုကြောင့်များ ရောင်ပြန်တွေ ရောက်လာပြီး ချုပ်ကိုင်ထားနိုင်ပါလိမ့်”

လက်များကို လာဆုပ်ကိုင်လိုက်လေ၏။ ဝါ့ရဲ့အေးစက်စက်လက်တို့က သူ့လက်နွေးနွေးတို့၏အထိအတွေ့ကြောင့် နွေးထွေးသွားရသလိုပါလေ။ အံ့သြဖွယ်ကောင်းလေစွ။ သူပြောသလို အတူတူပါပဲ။ ဘယ်လိုမှ မမျှော်မှန်းထားတဲ့အခြေအနေက ရုတ်တရက် အပြောင်းအလဲနဲ့ မြူနိုင်းကြီးရောက်လာတာလေ။





‘အံ့သြဘာ’. . . ‘မ’ကို ကယောင်ချောက်ခြားအိပ်မက်တွေထဲ ပစ်မထားခဲ့ပါနဲ့။ အဓိပ္ပာယ်ရှိတဲ့နံနက်ခင်းကိုရောက်ဖို့ လှပသက်ဝင်တဲ့အိပ်မက်တွေဖန်ဆင်းပြီးမှ နိုးထခွင့်ရပါရစေ။ မင်းဖန်ဆင်းတဲ့နှလုံးသားကို ရှင်သန်ခွင့် တကယ်ပဲ ပေးနိုင်မှာတဲ့လား။

“ကျွန်တော်တို့အတွက် အဓိပ္ပာယ်ရှိတဲ့ မနက်ဖြန်တွေ အများကြီး ရှိနေမယ်မဟုတ်လား”

ဝါခေါင်းညိတ်ပြလိုက်မိ၏။ သူက ဝါနှင့်အတူတူ လိုက်ပြုံးလေသည်။ ဘယ်လောက်သိမ်မွေ့လိုက်တဲ့လူငယ်လေးပါလဲ။ နှစ်ယောက်သား တိတ်တိတ်ပပ ဖွင့်ပြောအဖြေမပေးပါဘဲ အလိုလိုသိနေသည့်နှယ်ပါ။

အဓိပ္ပာယ်ရှိတဲ့ မနက်ဖြန်ပေါင်းများစွာမှာ ဝါ့ချစ်သူနဲ့ လက်ချင်းတွဲပြီး ဘဝခရီးကိုဖြတ်သန်းနိုင်လိမ့်မယ်လို့ ချစ်ခြင်းများစွာနဲ့ ယုံကြည်ထားနိုင်ပါတယ်လေ။ ဩော်. . . ‘အံ့သြဘာ’ရယ်။ ။

ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

2nd June 2014
PM 12:30

# စာရေးသူရေးနေသောစာအုပ်

## မိုးနှင့်အတူ....

ဇူလိုင် ၂၀၁၄ တွင် ထွက်မည်...

**မမသဒ္ဒါဖောင်**
မပြောဓိကာဝါ

**ကြယ်စင်မှူးဝေ**
ပင်လယ်များရဲ့ ဆုံမှတ်

**မယ်ခိုင်**
လျှို့ဝှက်စွာ ပွင့်သောပန်း

**မိုးစက်ပွင့်**
မင်း မှ မင်း

**အလင်းသစ်**
တို့ချစ်တာကို ယုံပေးပါ

**ခေတ်ပျိုဖြူ**
အရိပ်မိုးခွင့်မရှိတဲ့ သစ်ပင်

ရွှေပဒေသာစာပေ

BURMESE CLASSIC
www.burmeseclassic.com